www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



စာမူခွင့်ပြုချက် - ၅၀၀၉၄၉၀၆၀၇

မျက်နှာဖုံးခွင့်ပြုချက် - ၄၀၁၀၅၂၀၆၀၇

အကြိမ် - ပထမအကြိမ်

၂၀၀၇-ခုနှစ်၊ ဧပြီလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀/-

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြဲ-၀၃၇၆၉)

ရွှေသမင်စာပေ

၃၇၊ ၄၄-လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ - ဒေါ်မြင့်မြင့်ကြူ (မြဲ-၀၈၁၀၈)

မိုးကောင်းကင်အော့(ဖ်)ဆက်

၁၂၀၊ ၃၈-လမ်းအောက်၊

ကျောက်တံတားမြို့နယ်။

BURMESE CLASSIC .com



## စာရေးသူ၏ ရေးသားထုတ်ဝေပြီးစာအုပ်များ

၁။ စကြဝဠာပါလသံသေတား
၂။ ကျောက်စိမ်းနက်ဝက်ပါ
၃။ လောဘပင်လယ်မှ ပုလဲနက်ရန်စွယ်
၄။ မဟူရာကောရီ
၅။ နှင်းတလိုက်နှင့် တိမ်တိုက်ကမှောင်
၆။ ကျားသစ်နက်မာယာ
၇။ ယောက်ျားတို့နေရာ
၈။ ကမ္ဘီလရန်စွယ်
၉။ နဂါးခံတွင်း ကျားခံတွင်း
၁၀။ နှင်းတောင်သခင်မ
၁၁။ နဂါးဝိညာဉ်ကျိန်စာ
၁၂။ ပျဉ်ဒရယ်ရွှေသိုက်နှင့်ဂမ္ဘီရဝတ္ထုများ
၁၃။ သံယောဇဉ်ရန်ငြိုး
၁၄။ မာလာ့အဆိပ်ကျွန်း
၁၅။ ဂမုန်းနက်ချစ်သူ
၁၆။ ရှမ်ဗဲလားနှင့် မရဏကမ္ဘာ
၁၇။ ရတနာဒီပတောင်မှ မရဏကျိန်စာ
၁၈။ မျောက်တစ်ရာမြေမှ ဝနေဇောင့်ရန်စွယ်
၁၉။ စကြဝဠာပါလ သံသေတား (ဒုကြိမ်)
၂၀။ မရဏဂယက် -



www.burmeseclassic.com

www.burmeseclassic.com



# ကြိုစကား

၂၁။ မာယာကေရီ
၂၂။ မြိုင်နန်းဝက်ဘာ
၂၃။ နဂါးနက်ကျော့ကွင်း
၂၄။ အတွင်းဒီပါစခန်းမှ ကံ့ကော်တစ်ထောင်လမ်း
၂၅။ လိပ်ပြာဝိညာဉ်အကျဉ်းသား
၂၆။ ရှမ်းဗဲလားမှ သစ္စာပါလအမွေ
၂၇။ ကန္တာရနှင်းဆီနက်
၂၈။ ကမ္ဘီရကျောက်ပျံနီ
၂၉။ ကညင်ကိုးပင် စင်ကိုးစင်
၃၀။ မနောမယနှင့် မကွရာရန်စွယ်
၃၁။ သိင်္ဂါပါလ သံယောဇဉ်
၃၂။ နဝဂ်ရွှေစင်
၃၃။ မနုဗိဝရှာပုံတော်
၃၄။ ဝက်န္တ ဒေဝီ
၃၅။ ပုလဲဝိညာဉ်နှင့် ကံကြမ္မာကလဲ့စား
၃၆။ ပါးကွက်ရန်စွယ်နှင့် ဂမ္ဘီရသန်းကြယ်စဉ္ဆုများ
၃၇။ မိုးမခဝက်ပါ
၃၈။ မဟူရာရန်စွယ်
၃၉။ သလင်းကျောက်နန်းတော်
၄၀။ နှင်းဖြူတောင်တန်း လွမ်းသက်သေ
၄၁။ ကြယ်နဂါးနဲ့ ရွှေသားလိုဏ်ဂူ
၄၂။ ဇီဝစိုးကျိန်စာ





၄၃။ နဂါးတစ်ထောင်ဂူ
၄၄။ ဂမုန်းနက်ရန်စွယ်
၄၅။ မြနှင်းဖြူ မြသင်းကြူ မြဝင်းသူ
၄၆။ နဒီလှိုင်းဝိညာဉ်
၄၇။ မောရမြိုင်မှ သောဠသဝက်ပါ
၄၈။ နဂါးမွက်အိုင်လမ်း
၄၉။ မရဏာကြိုဂံ
၅၀။ ရှမ်ဘဲလားသို့ မဟာဂန္ဓာရီ
၅၁။ တဇ္ဇေကျွန်း
၅၂။ မာန်စွယ်ဖွေးဖွေး
၅၃။ စရဏာလိုဏ်ဂူ
၅၄။ ကြိုပဗ္ဗတ မြိုင်သောလာ
၅၅။ သစ္စာပါလီလပါး
၅၆။ **အရိုးတောင်ကျိန်စာ** (ယခုလထုတ်)

## ဆက်လက်ထွက်ရှိမည့် စာအုပ်များ

၅၇။ ပျဉ်ဒရယ်မြနဒီ
၅၈။ ကျောက်စိမ်းဝိညာဉ်
၅၉။ တစ်ကျွန်းစံသရဖီ
၆၀။ မနုသာနွယ်ရှင်တော
၆၁။ မဟူရာပုလဲနက်



www.burmeseclassic.com

www.burmeseclassic.com



## ပါဝင်သောအခန်းများ

အခန်း (၁) အရိုးတောင်သဲလွန်စ
အခန်း (၂) ဦးထွန်းဖေ၏အကြံအစည်
အခန်း (၃) အရိုးတောင်ကစောင့်မည့်သူ
အခန်း (၄) ကျိန်စာတိုက်ထားသည့်နေရာ
အခန်း (၅) သံယောဇဉ်နယ်ကလူ
အခန်း (၆) အရိုးတောင်၏လျှို့ဝှက်ချက်များ
အခန်း (၇) တော၏မာယာ
အခန်း (၈) အာဃာတရန်ငြိုး
အခန်း (၉) ဒေါက်တာမင်းထင်ကျော်အတွက် သဲလွန်စ
အခန်း (၁၀) မညီမျှသော ညီမျှခြင်း
အခန်း (၁၁) ရတနာသတ္တုရှာရန် ခရီးထွက်ကြလေပြီ
အခန်း (၁၂) လျှို့ဝှက်သောရင်ခုန်သံ
အခန်း (၁၃) အင်ကြင်းမြောင်မှ ဝလေ့ဆန်းများ
အခန်း (၁၄) ရွေးချယ်ကြေးပေးရမည့်သူ
အခန်း (၁၅) ခေါင်းတွင်းမိုးနှင့်တူသော နောင်တ
အခန်း (၁၆) တွင်းနက်ထဲမှအန္တရာယ်
အခန်း (၁၇) ရင်အပူကို ဘယ်သူသိနိုင်ပ
အခန်း (၁၈) သိဒ္ဓိပေါက်အောင် ရေသောက်နည်း
အခန်း (၁၉) အရိုးတောင်ကျိန်စာ
အခန်း (၂၀) မေတ္တာဆုံကြတဲ့ပွဲ





## ဒသမနလက်ဆောင်

လေသည် ထုထည်ပမာဏ မမြင်ရသော်လည်း အရာအားလုံးကို လဲပြိုပစ်နိုင်စွမ်း ရှိသည်။ ရေသည် နူးညံ့ ပျော့ပျောင်းဟန် ရှိသော်လည်း ဓာတ်ဆင်းထက် အဆမျှားစွာ မာကျောလှသော ကျောက်ဆောင် ကျောက်တုံးများကို တိုက်စားပစ်နိုင်သည်။ မိန်းမတစ်ယောက်၏ မျက်ရည်သည်လည်း အရာအားလုံးကို ချေဖျက်နိုင်စွမ်း ရှိပေသည်။

ကြေးထဲမှာ ရွှေအနည်းငယ် ရောနှော်လျှင် ကြေး၏ တန်ဖိုး မြင့်တက်သွားသော်လည်း ရွှေထဲသို့ ကြေးအနည်းငယ် ရောလိုက်ရုံနှင့် ရွှေ၏တန်ဖိုး ကျဆင်းသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သဘာဝတရားသည် အလင်းနှင့် အမှောင်ကို မျှမျှ တတ ပေးလေ့ရှိသလို အဆိုးနှင့် အကောင်းကိုလည်း မျှမျှတတ ပေးလေ့ရှိပါသည်။

အလှည့်ကျ ရောက်ရှိလာမည်ဖြစ်သော သဘာဝ တရားအတွက် ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း များကို လည်း မလွဲမသွေ လက်ခံရပါသည်။

လူဆင်းရဲသော်လည်း စိတ်မဆင်းရဲပါစေနှင့်။
လူချမ်းသာသော်လည်း စိတ်မချမ်းသာအောင် မလုပ် ပါနှင့်။
စိတ်ချမ်းသာမှု ရှိနေသမျှ လူ့ဘဝသည် နေပျော်လာ ပါလိမ့်မည်။

ကာစ်(စ)မီလို အမှုကြိုက်သော ပန်းကို ရေခဲတောင် ပေါ်မှာ စိုက်လျှင် အမြစ်ပုပ်၍ သေသွားနိုင်သလို... အအေးကြိုက်သော နှင်းပန်းကို သဲကန္တာရထဲမှာ ချစိုက်လျှင် အမြစ်လောင်၍ သေနိုင်ပါသည်။
ဒီလိုပါပဲ...





သင် ဘယ်နေရာမှာနေပြီး ဘယ်အလုပ်ကို လုပ်သင့် သည်ဟု ရွေးချယ်မှု မမှန်ကန်မချင်း ချမ်းသာခြင်းကို ရလိမ့်မည် မဟုတ်ပေ။

မိန်းကလေး တစ်ယောက်အနေနဲ့ မိမိအား အလျှော့ ပေး၍ အလိုလိုက် အကြိုက်ဆောင်နေသောသူအား သတိထားပါ။ သူသည် တစ်ချိန်ကျရင် မိမိသဘောကို ဥပေက္ခာပြု၍ သူ့အလုပ်ကို သူ ဆက်လုပ်မည့်သူ ဖြစ်၏။

အတွေးသည် သမုဒ္ဒရာထဲ မျောနေသည့်လှေတစ်စင်း နှင့် တူ၏။
ရေစီးရဲ့ သယ်ရာ လေပင့်ရာနောက်သို့ မျောပါနေ တတ်ပေ၏။
၎င်းလှေကို "ဦးတည်ချက်" ဟူသော တက်မ တစ်ပေးလိုက်မှ လိုရာ ခရီးပန်းတိုင်သို့ ရောက်နိုင် ပေသည်။

အချစ်ဟူသည် လူတစ်ယောက်၏ ခံနိုင်ရည်ရှိမှု မရှိ မှုကို စမ်းသပ် စစ်ဆေးသော နှလုံးသား သာမိုမီတာတစ်ချပင် ဖြစ်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှင့် လမ်းခွဲရသည့်အခါ စိတ်ဓာတ် ပျော့ညံ့သူများက မိမိကိုယ်ကို သတ်သေချင်လောက်အောင် ဖြစ်ကြ သော်လည်း အတွေးအခေါ်ရှိပြီး တည်ငြိမ်မှုရှိသူတစ်ယောက် ကတော့ ဘာကြောင့် ထိုကဲ့သို့ ဖြစ်ရသည်ကို အဖြေရှာပြီး ထွက်ပေါက်ရအောင် ကြိုးစားပေလိမ့်မည်။

လူတစ်ယောက် လိမ်ညာဝံ့ခြင်းမှာ ထိုသို့ ညာနေစဉ် သူ့မျက်နှာကို သူ မမြင်ရ၍သာ ဖြစ်သည်။ အကယ်၍သာ သူ့မျက်နှာကိုသာ သူ မြင်ခွင့်ရပါလျှင် ဆက်ညာဝံ့မည် မဟုတ်ပေ။





အခန်း (၁)

## အရိုးတောင်သဲလွန်စ

လွန်ခဲ့သော နှစ်ပေါင်းများစွာက ရွှေတိဂုံစေတီတော်ကြီး၏ မြောက်ဘက်တစ်ကြောတွင် လူနေအိမ်ခြေ မရှိလှဘဲ သစ်ပင်ကြီးငယ်များ ထူထပ်စွာပေါက်ရောက်လျက် တောင်ကုန်းတောင်တန်းများသာ ရှိပေသည်။

ထိုအချိန်က ဗဟန်း ရေတာရှည် လမ်းဟောင်းနှင့် စေတီတော်ကြီး၏ အရှေ့ဘက်မုခ် အဝင်လမ်းတစ်လျှောက်မှာသာ လူနေစည်ကားခဲ့ပေသည်။

ရေတာရှည် လမ်းဟောင်းဘက်ပိုက်တွင် ဘုရားပန်းနှင့် ဖယောင်းတိုင်, အမွှေးတိုင် ရောင်းသော ဈေးဆိုင်များနှင့်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရွှေဆိုင်းရောင်းသူများ၊ ဘုရားဆင်းတုတော်နှင့် ဘိုးတော်ရုပ်၊ မယ်တော်ရုပ်၊ နတ်ရုပ်များ ထုလုပ်ရောင်းချသည့် ပန်းပုဆိုင်ႆ ရှိကြသည်။

အရှေ့ဘက်မုခ် အဝင်လမ်းတစ်လျှောက်မှာတော့ ဘေးဖက်တစ်ချက်၌ ဘုန်းတော်ကြီးကျောင်းများရှိပြီး ၎င်းဝင်းပရိဝုဏ်များ အရှေ့ဘက် လမ်းဘေးတစ်ဖက်တစ်ချက်တော့ ထမင်းဆိုင်များ၊ ပန်း၊ ဖယောင်းတိုင်, အမွှေးတိုင်ရောင်းသော ဆိုင်များ၊ ရွှေဆိုင်းရောင်းသောဆိုင်နှင့် ဘုရားဆင်းတုတော် ထုလုပ်သည့် ပန်းပုဆိုင်များ ရှိကြသည်။

လမ်းအတွင်းသို့ ဝင်လာလျှင် နောက်ဘက်မှ ဘုန်းတော်ကြီးကျောင်းများကို မမြင်ရဘဲ ရှေ့မှ ပိတ်၍ ဆောက်ထားသော ဈေးဆိုင်များကိုသာ မြင်ရလေသည်။

ထိုထမင်းဆိုင်များက ခရီးဝေးမှ ဘုရားဖူးလာသူများကို ထမင်းလည်းရောင်း၊ ညအိပ်ညဉ့်နေ ဧည့်သည်လက်ခံရာ တည်းခိုဆောင်များလည်း ဖြစ်ကြသည်။

ရေအရှည်လမ်းပေါင်းမှ လင့်လမ်းဘက်သို့ ရောက်သောအခါ ဈေးဆိုင်များရော လူနေအိမ်ခြေပါ မရှိသောကြောင့် စည်ကားမှု မရှိလှပေ။ ထိုဘက်တွင် တောင်ကုန်း၊ တောင်မြင့်များသာရှိပြီး သစ်ပင်ကြီးငယ်တို့က နေပြောက်မထိုးအောင် ပေါက်ရောက်လျက် ရှိနေကြသည်။

ထိုဘက်တွင် ရွှေတိဂုံစေတီတော်ကြီးရှိရာ ကုန်းတော်ပေါ်သို့ တက်သော အုတ်လှေကားများတော့ ရှိသည်။





ထိုးလမ်းတစ်နေရာတွင် နတ်ရေတွင်းဟု သတ်မှတ်ထားသော ရေတွင်းပေါင်းတစ်တွင်း ရှိသဖြင့် ထိုရေတွင်းမှ ရေကို တကူးတက လာရောက်ယူကြသူ အချို့တော့ ရှိပေသည်။ လင့်လမ်းမှ မြောက်ဘက်သို့ ထွက်သွားလျှင် ဘောင်ဒရီလမ်းသို့ ရောက်နိုင်သည်။

ဘောင်ဒရီလမ်းဘက်မှာတော့ မိုးညှင်းတောရ မင်းကွန်းတောရ အစရှိသော တောရကြီးများရှိပြီး ၎င်းပတ်ဝန်းကျင်တစ်ပိုက်မှာတော့ နို့စားနွား မွေးသော ကုလားခြံများနှင့် ရာသီထွက်သီးနှံ စိုက်ပျိုးသော စိုက်ခင်းများရှိကြပေသည်။

ဘောင်ဒရီလမ်း၏ တောင်ဘက် တစ်ကြောမှာတော့ သီးသန့်နေထိုင်ကြသူများ၏ ခြံကျယ် ဝင်းကျယ်ကြီးများရှိကြသည်။ ဘောင်ဒရီလမ်းပေါ် မိုးညှင်းတောရ အရှေ့ဘက်တွင် ခြံဝ၌ ကြေးပြားတစ်ချပ် ချိတ်ဆွဲထားပြီး ထိုကြေးပြားပေါ်တွင် "ကျောက်စိမ်းဂေဟာ" ဟူသော အမည်ကို ရေးသားထားပေသည်။

ကျောက်စိမ်းဂေဟာ ဟူသော အမည်နှင့်လိုက်အောင်ပင် ခြံဝင်းအလယ်တွင် အစိမ်းနုရောင်များ သုတ်ထားသော တိုက်ကြီးတစ်လုံး ရှိလေသည်။

တိုက်မှာ နှစ်ထပ်တိုက်ဖြစ်ပြီး ရှေးခေတ် ပုံစံအတိုင်းဆောက်လုပ်ထားခြင်း ဖြစ်သည်။

ကျောက်စိမ်းဂေဟာ တိုက်ကြီး၏ ပိုင်ရှင်မှာ ဦးထွန်းခဲဆိုသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ငင်းမှာ အသက်ငါးဆယ်ကျော် အရွယ်ခန့်ရှိပြီး ယခင်က ကျောက်တူးဖော်ခြင်းလုပ်ငန်း လုပ်ရာမှ ကျောက်စိမ်းအောင်မြင်ခဲ့သောကြောင့် ယခုကဲ့သို့ ချမ်းသာကြွယ်ဝခဲ့ခြင်း ဖြစ်သည်။

ထိုကဲ့သို့ ချမ်းသာခဲ့သောကြောင့် ၎င်း၏ တိုက်အမည်ကိုပင် ကျောက်စိမ်းဂေဟာဟု အမည်ပေးထားခဲ့ခြင်း ဖြစ်၏။

ယခုအခါမှာတော့ ဦးထွန်းဖုံမှာ ယခင်ကလောက် စီးပွားရေး အခြေအနေ မကောင်းတော့ပေ။

အသက်အရွယ် ရလာခဲ့ပြီဖြစ်သဖြင့် တောထဲ တောင်ထဲအထိ မသွားရောက်နိုင်သောကြောင့် လုပ်ငန်းများကို တပည့်များနှင့် လွှဲထားခဲ့ရာမှ ကြာလာတော့ အရှုံးပေါ်ပြီး ရပ်ဆိုင်းခဲ့ရသည်မှာ အတော်ကြာခဲ့ပေပြီ။

ထိုအချိန်မှစ၍ ရှိသမျှ ပစ္စည်းများကို ထုခွဲရောင်းချစားသောက်ခဲ့ရသဖြင့် ယခုဆိုလျှင် ဂုဏ်သရေရှိ လူတန်းစားအသိုင်းအဝိုင်းပင်အဖြစ် ဟန်ပြလောက်သာ နေနိုင်တော့ပြီး အတွင်းပစ္စည်း အတော်များများမှာ မရှိတော့ပေ။

၎င်းမှာ ဇနီး ဒေါ်ခင်မေနှင့် သမီး နှစ်ယောက်ရှိသည်။ အကြီးမ မြသင်းကြူက အသက်(၂၂)နှစ်ခန့်ရှိပြီး အငယ်မ မြနှင်းဖြူက အသက်(၂၀)ဝန်းကျင် အရွယ်ရှိပြီး အကြီးမ မြသင်းကြူက ရိုးရိုးအေးအေး နေတတ်ပြီး အငယ်မ မြနှင်းဖြူက သွက်သွက်လက်လက်နှင့် မဟုတ်မခံ ဇတ်ဇတ်ကြိမ်းကလေးဖြစ်သည်။





မြသင်းကြူ တက္ကသိုလ်က ဘွဲ့ရပြီးကတည်းက မည်သည့် အလုပ်ကိုမှ မလုပ်ဘဲ အိမ်မှာ နေလေသည်။

မြနှင်းဖြူကတော့ ဆေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသူတစ်ယောက်ဖြစ်သည်။

ညီမနှစ်ယောက်မှာ တစ်အူထုံ့ဆင်း ညီအစ်မအရင်းဖြစ်သော်လည်း စိတ်သဘောထားချင်း မတူကြသလို ချောမော လှပပုံချင်းလည်း မတူကြပေ။

မြသင်းကြူက ရိုးရိုးအေးအေး နေသူမို့ သူမအလှက တည်ငြိမ်အေးချမ်းမှု ရှိသလို မြနှင်းဖြူကတော့ ဆေးကျောင်းသူတစ်ယောက်မို့ ခေတ်မီ သွက်လက်သူ ဖြစ်သည့်အားလျော်စွာ သူမ၏ အလှကလည်း ပေါ်လွင်မှု ရှိလေသည်။

သို့သော်... မြသင်းကြူမှာ တက္ကသိုလ် တက်စဉ်ကတည်းက ချစ်သူ ရှိခဲ့ပေသည်။

သူမ၏ ချစ်သူမှာ ဘူမိဗေဒ ကျောင်းသားတစ်ယောက်ဖြစ်ပြီး ဘွဲ့ရပြီးနောက် ဘူမိဗေဒ ဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ရရန် ကြိုးစားနေသူ ဖြစ်သည်။

သူမ၏ ချစ်သူအမည်မှာ မင်းထင်ကျော်ဖြစ်ပြီး သာမန်လူတန်းစားဘဝဖြင့် ကြီးပြင်းခဲ့ရသူ ဖြစ်သည်။

၎င်း၏ဖခင် ဦးထွန်းဖုံမှာ ဂုဏ်ပကာသနနှင့် ချမ်းသာကြွယ်ဝခြင်းကို မက်မောသူပီပီ သမီးဖြစ်သူ၏ ချစ်သူ မင်းထင်ကျော်အား နှစ်သက် သဘောကျခြင်းတော့ မရှိပေ။

သို့သော်လည်း...



www.burmeseclassic.com

www.burmeseclassic.com



ဘူမိဗေဒကျောင်းသား ဖြစ်သည်ကတစ်ကြောင်း၊ မြေအောက်မှ အဖိုးတန် ရတနာ သတ္တုကြောများကို ရှာဖွေလေ့လာရန် လွန်စွာဝါသနာပါသူ တစ်ယောက် ဖြစ်သည်က တစ်ကြောင်းကြောင့် သမီးဖြစ်သူနှင့် အဆက်အသွယ် ပြုနေခြင်းကို ပြင်းပြင်းထန်ထန် ကန့်ကွက်ခြင်းမပြုဘဲ ကြိုးရှည်ရှည်နှင့် ထားခဲ့လေသည်။ တစ်နေ့ကျလျှင် မင်းထင်ကျော်ဆိုသော လူရွယ်သည် သူ့အတွက် အထောက်အကူ ရလာလိမ့်မည်ဟု မျှော်လင့်ထားလေသည်။

ဦးထွန်းဖံသည် အရွယ်ကောင်းစဉ်က သတ္တုရှာဖွေရေးလုပ်ငန်းများကို ကိုယ်တိုင်ကိုယ်ကျ လုပ်ကိုင်ခဲ့သောကြောင့် အကျိုးအမြတ် ရရှိခဲ့သော်လည်း ယခုအခါမှာတော့ ကျန်းမာရေးအရရော အသက်အရွယ် အရပါ တောတောင်များထဲသို့ ကိုယ်တိုင်ကိုယ်ကျ မသွားနိုင်သောကြောင့် စိတ်ထဲမှာ အားမလိုအားမရ ဖြစ်နေမိသည်။

ဦးထွန်းဖံသည် လူကိုယ်တိုင် မသွားနိုင်စေကာမူ စိတ်ချရသော တပည့်များကိုတော့ ရတနာကြောများ၊ သတ္တုကြောများရှိသည့် နေရာကိုတော့ လွှတ်၍ စုံစမ်းခိုင်းနေဆဲပင်ရှိသေး၏။

ယခုလပိုင်းအတွင်းမှာ စစ်တောင်းမြစ်၏ မြောက်ဘက်ဖျား၊ ဆင်ခေါ်မြစ် အထက်ပိုင်းတွင် အဖိုးတန် သတ္တုကြောတစ်ခု၏ သတင်းကို ကြားရသောကြောင့် ၎င်း၏ ယုံကြည်စိတ်ချရသောတပည့်များကို စေလွှတ်လိုက်သည်။ ၎င်းအဖွဲ့ကို





ဦးထွန်းဖံ၏ လက်စွဲတော် တပည့်ကြီး ဦးဘဟန်က ဦးဆောင်ပြီး သိန်းလှနှင့် အောင်မြတို့လည်း လိုက်သွားကြသည်။

တစ်နေ့သောအခါ ထိုနယ်ဘက်တွင် နေထိုင်သည့် ဦးထွန်းဖံ တပည့်တစ်ဦး ရောက်လာပြီး စိတ်ဝင်စားဖွယ်ကောင်းသော သတင်းတစ်ခုကို လာပြောသည်။

"ဆရာကြီးကို သတင်းထူးတစ်ခု ပေးစရာရှိလို့ပါ"

"ဘယ်လိုသတင်းလဲကွ"

"ပေါင်းလောင်းမြစ်ဖျားဘက်မှာ သတ္တုကြောတစ်ကြောရှိတယ်လို့ ကျွန်တော်တို့ သတင်းကြားခဲ့ရတယ် ဆရာကြီး"

"ဟေ... ဘယ်လိုတဲ့လဲ၊ သေသေချာချာ ပြောပြစမ်းပါဦးကွ"

စောစောပိုင်းက မိမိခိုင်းစေခဲ့သော တပည့်ဟောင်းများ ရောက်လာပြီး အကူအညီကောင်းလိမ့်မည် အထင်နှင့် စိတ်ပျက်လက်ပျက် ဖြစ်နေသော ဦးထွန်းဖံ၏ အမူအရာမှာ တစ်မုဟုတ်ချင်း ရွှင်လန်းတက်ကြွမှုများ ဖြစ်လာတော့သည်။

"ပေါင်းလောင်း ချောင်းဖျားဘက်၊ တောလည်းနက်တယ်၊ တောင်တွေကလည်း သိပ်မရှိဘူး။ တောနက်ထဲမှာ နေကြတဲ့ ကရင်လူမျိုးတွေနေတဲ့ ရွာအချို့လောက်ပဲ ရှိတယ်"

"အေးပါ... အဲဒါက အရေးမကြီးပါဘူး၊ ရတနာသတ္တုကြော အကြောင်းကို ပြောစမ်းပါ၊ ဘယ်နေရာမှာ တွေ့ကြတာလဲ၊ ဘယ်လို တွေ့ကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါမယ်"ဆရာကြီးရဲ့၊ ပေါင်းဖလောင်းချောင်းဖျားဘက်မှာ အရိုးတောင်လို့ခေါ်တဲ့ ကရင်လူမျိုးတွေ အလေးအမြတ်ထားတဲ့ တောင်တစ်လုံးရှိတယ်၊ အဲဒီတောင် တစ်ကြောမှာ အဖိုးတန်တဲ့ ရတနာသတ္တုကြောကြီး ရှိတယ်လို့ သိခဲ့ရတယ်၊ အဲဒီဘက်ကို မျက်စိလည်ပြီး ရောက်သွားတဲ့ လူတစ်ယောက်ဆီမှာတောင် အဲဒီဘက်က ရလာတဲ့ ငွေတုံးတစ်တုံး ရှိသေးတယ်"

"ဟော့... ဒီသတင်း အမှန်ပဲလားဟ"

"ကျွန်တော့်မျက်စိနဲ့ကို မြင်တွေ့ခဲ့ရတာပါ ဆရာကြီး။ ဒါကြောင့် ခရီးစရိတ် အကုန်အကျခံပြီး ဆရာကြီးဆီကို တကူးတက လာသတင်းပေးတာပေါ့ဗျာ"

"အေးပါကွာ... ငါ့ကို အခုလို တကူးတက လာပြီး သတင်းပေးတဲ့အတွက် ကျေးဇူးလည်း တင်ပါတယ်၊ ဒီအတွက် မင်းတို့ မနစ်နာရအောင် ငါက စီစဉ်ပေးပါမယ်၊ ဒီကိုလာလို့ ကုန်ကျတဲ့ ခရီးစရိတ်အပြင် ဘောက်ဆူးအဖြစ် အပိုငွေပါ ထပ်ပေးလိုက်ပါ့မယ်၊ ဒီလိုဆိုရင် ကျေနပ်ကြရဲ့လား"

"ကျေနပ်ပါတယ် ဆရာကြီး"

ထိုသို့ပြောပြီး ထိုလူ ပြန်သွားသည်နှင့် ဦးထွန်းဖံသည် ရင်းအတွက် ယုံကြည် စိတ်ချရသော ဦးဘဟန်တို့အဖွဲ့ကို ခေါ်ကာ တာဝန်ပေးလေသည်။

"ကိုဘဟန် အရှေ့ရိုးမ မြောက်ဖျားမှာရှိတဲ့ ပေါင်းလောင်းချောင်းဖျားဘက်က အရိုးတောင်ကို တွေ့အောင်ရှာပေတော့၊





တကယ်လို့ အဲဒီတောင်ကိုတွေ့ရင် သူတို့လာပြီး သတင်းပေးတဲ့အတိုင်း ရတနာသတ္တုကြော ဘယ်နေရာမှာ ရှိတယ်ဆိုတာ ရအောင် စုံစမ်းခဲ့ပေတော့ဗျို့"

ဟု မှာကြားကာ လက်နက်နှင့် စားနပ်ရိက္ခာများ အလုံအလောက်ပေးကာ စေလွှတ်လိုက်ရာ ယခုအခါ ဦးဘဟန်တို့ ထွက်သွားတာ တစ်လကျော်ပြီဖြစ်သော်လည်း သတင်း အစ,အန,မျှပင် မကြားရသေးသောကြောင့် ဦးထွန်းဖံ တစ်ယောက် စိတ်မူပန်လျက် ရှိနေတော့သည်။

သို့ကြောင့်...

စီးကရက်တစ်လိပ်ကို တွင်တွင်ဖွာရင်း ခြံဝင်းထဲမှာ တစ်ယောက်တည်း ခေါက်တုံ့ခေါက်ပြန် လျှောက်နေရင်း စိတ်ထဲမှာလည်း မကျေမနပ် ဖြစ်နေလေတော့သည်။

ထိုအချိန်မှာပင် ဘောင်ဒရီလမ်း (ယခု ဓမ္မစေတီလမ်း) အတိုင်း လန်ချားတစ်စီး မောင်းလာပြီး ဦးထွန်းဖံ နေထိုင်သော ကျောက်စိမ်းနက်ခြံရှေ့ရောက်တော့ လူတစ်ယောက် ဆင်းလာပြီး ခြံဝင်းထဲ ဝင်လာလေသည်။

ဝင်လာစ,က ဘယ်သူဘယ်ဝါမှန်း မသိရသော်လည်း အနီးရောက်တော့မှ သူ နှိုင်းလိုက်သော ဦးဘဟန်ဖြစ်မှန်း သိရလေတော့သည်။

"ဟင်...ကိုဘဟန်... ခင်ဗျားပြန်လာပြီလား။ ခင်ဗျား ဗျာ ဘယ်လိုကြောင့် ဒီလောက်တောင် ရုပ်ပျက် ဆင်းပျက် ဖြစ်လာတာလဲ၊ ရုပ်တရက်ဆိုတော့ ကျုပ်တောင် မမှတ်မိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေသည်။

သူပြောလိုက်သည့် အတိုင်းပင်...

ဦးဘဟန်ဆိုသော လူမှာ သွားစဉ်ကလို မဟုတ်တော့ဘဲ အရိုးပေါ် အရေတင် အခြေအနေမျိုးဖြင့် ဦးထွန်းဖံ ရှိရာသို့ မရောက် ရောက်အောင် အတော်ကြီး ကြိုးစားပြီး ပြန်လာခဲ့ရဟန် ရှိလေသည်။

"ကျုပ်တို့အဖြစ်ကတော့ ပြောမပြချင်အောင်ကို ဆိုးခဲ့ပါတယ် ဆရာကြီးရယ်၊ ကျုပ်တောင်မှ ဆရာကြီးကို အကျိုးအကြောင်း ပြောပြချင်လို့ မရောက် ရောက်အောင် အတော်ကလေး ကြိုးစားပြန်ခဲ့ရတယ်"

ဟု လွန်စွာ အားနည်းလှသော လေသံမျိုးဖြင့် ပြောပြလေသည်။

"ကျန်တဲ့ လူနှစ်ယောက်ကရော... သူတို့က ဘယ်မှာကျန်နေခဲ့ကြသလဲ"

"နှစ်ယောက်စလုံး ရိုးမတောထဲမှာ ပစ်ခဲ့ရပြီ၊ တစ်ယောက်က တောကောင်ကိုက်ခံရလို့ သေတယ်၊ နောက်တစ်ယောက်က ထိသေ အဆိပ်လူးမြားထိလို့ သေတယ်၊ ကျုပ်တာတော့ ငှက်ဖျားပိုးထိလို့ မသေရုံကျန်တော့တာပါဲ၊ ဒါတောင် တောထဲမှာ တွေ့တဲ့ ကရင်လူမျိုးတစ်ယောက်က သူ့တဲကို ခေါ်သွားပြီး ကုပေးလိုက်လို့ ဒီလောက်အခြေအနေထိ ပြန်ကောင်းလာတာပါ"

ဟု တုန်ယင်နေသော အသံဖြင့် ပြောပြလေသည်။





"စိတ်မကောင်းစရာပဲဗျာ၊ ဒါထက် ကျုပ် စုံစမ်းခိုင်းလိုက်တဲ့ ကိစ္စကရော အခြေအနေ ဘာသိခဲ့ရသလဲ ကိုဘဟန်"

ဦးထွန်းဖံက လူနှစ်ယောက် သေဆုံးခဲ့ရသော ကိစ္စအတွက် ဒီလောက် အရေးတယူ မရှိလှဘဲ ၎င်းသိချင်သော ကိစ္စအကြောင်းကိုသာ အလောတကြီး မေးနေလေသည်။

ထိုအခါ ဦးဘဟန်က ၎င်းလွယ်အိတ်ဟောင်းအတွင်းမှ အထုပ်တစ်ထုပ်ကို ယူပြီး ဦးထွန်းဖံအား လှမ်းပေးလိုက်သည်။

ဦးထွန်းဖံက လှမ်းယူပြီး အဝတ်စ,ကို ဖြေကြည့်လိုက်သောအခါ အတွင်း၌ ရေညှိများ အထပ်ထပ် တက်နေသည့် အတုံးတစ်တုံးကို တွေ့ရလေသည်။ ဦးထွန်းဖံက ဝမ်းသာအားရပင် ခါးကြား၌ ချိတ်ဆွဲထားသော သော့တွဲ၌ပါသည့် မောင်းချတားဖြင့် ခြစ်ကြည့်လိုက် သောအခါ ဝင်းလက် တောက်ပြောင်လှသည့် ငွေတုံး တစ်တုံးဖြစ်မှန်း သိရလေတော့သည်။

"ဟင်... ဒါ... ဒါ... ငွေတုံးပဲ၊ ခင်ဗျား ဘယ်လိုရလာတာလဲ ကိုဘဟန်"

"ကျုပ် ရှာတွေ့တဲ့ ပစ္စည်း မဟုတ်ပါဘူး၊ ကျုပ်ကို တောထဲမှာ တွေ့ပြီး ဆေးကုပေးလိုက်တဲ့ ကရင်ကြီးက ပေးလိုက်တာပါ"

"သူက ဘယ်နေရာကနေ ဘယ်လို ရခဲ့ရတာတဲ့လဲ ခင်ဗျား မေးမကြည့်ခဲ့ဘူးလား"

"မေးကြည့်ခဲ့ပါတယ်၊ ပျဉ်းမနားကနေ အရှေ့ဘက် ခုနစ်မိုင်ကွာလောက်မှာရှိတဲ့ ပေါင်းလောင်းမြစ်ရဲ့ အရှေ့ဘက်



www.burmeseclassic.com

www.burmeseclassic.com



အခြမ်းမှာ တောင်တစ်လုံးက ရတာလို့ ပြောတယ်၊ အဲဒီတောင်က သူတို့ ကရင်လူမျိုးတွေ အလေးအမြတ်ထားတဲ့ အရိုးတောင်ဟောင်းတစ်ခု ဖြစ်နိုင်တယ်လို့ ပြောတယ်၊ အဲဒီတောင်ခြေ တစ်ဝိုက်မှာ အဲဒီလို သတ္တုအတုံးတွေ အများရှိတယ်လို့ ပြောပြလိုက်တယ်"

"ဟင်... ဟန်ကျတာပဲ၊ ခင်ဗျား အဲဒီကရင်ကြီးနေတဲ့ နေရာကို မှတ်မိတယ်မဟုတ်လား ကိုဘဟန်"

"အခုနေ ပြန်သွားရင်တော့ မှတ်မိနိုင်ပါသေးတယ်၊ ဒါပေမယ့် ကျုပ်ကတော့ ဒီရောဂါကြီးနဲ့ ဘယ်လိုမှ ပြန်မလိုက်နိုင်တော့ပါဘူးဗျာ"

ဟု ဦးဘဟန်က အလွန်အားနည်းသော လေသံဖြင့် ပြောလိုက်သည်။

"ဒီလိုလည်း မလုပ်နဲ့လေဗျာ၊ ခင်ဗျား နေကောင်းအောင် ကျွန်တော်က ကုပေးမှာပေါ့၊ နေကောင်းမှ အဲဒီနေရာကို တစ်ခေါက်ပြန်သွားကြတာပေါ့၊ မကောင်းဘူးလား"

ဟု ပြောဆိုကာ ဦးဘဟန်ကို ငွေအနည်းငယ်ပေးပြီး ပြန်လွှတ်လိုက်လေသည်။

ဦးထွန်းဖံ စိတ်ထဲမှာတော့ အကယ်၍သာ ငွေတုံးငွေခဲများ တောင်လိုပုံနေသော သဘာဝ သတ္တုရတနာသိုက်ကြီးကို ရှာဖွေတွေ့ခဲ့ပါက သူ့ဘဝ တစ်သက်တာအတွက် အပြောင်းလဲကြီး ပြောင်းလဲတော့မည်ကို တွေးပြီး ဝမ်းသာမဆုံးနိုင်အောင် ဖြစ်နေတော့သည်။





သို့သော်လည်း...

အခြေအနေက သူ မျှော်လင့်သလို ဖြစ်မလာခဲ့ပါပေ။

ဦးဘဟန်သည် ရန်ကုန်ပြန်ရောက်လာပြီး ၎င်းတွင် စွဲကပ်ပါလာသော ငှက်ဖျားရောဂါကို ဆေးမြီးတိုများနှင့် ကုသရင်းမှပင် တဖြည်းဖြည်း လုံးပါး ပါးကာ သေဆုံးသွားလေတော့သည်။

ဦးဘဟန် သေဆုံးသွားသောအခါ ဦးထွန်းဖံအဖို့မှာ ထီပေါက်ပြီးကာမှ ထီလက်မှတ် ပျောက်သွားသူကဲ့သို့ ဖြစ်သွားလေတော့သည်။

ထိုငွေတုံး ငွေခဲများ ရှိရာနေရာကို အကြမ်းဖျဉ်းမျှသာ သိလိုက်ရပြီး အသေးစိတ်ကိုတော့ မသိခဲ့ရပေ။ သို့ကြောင့်...

အကယ်၍ ထိုနေရာသို့ သွားမည်ဆိုလျှင် လမ်းပြမပါဘဲ၊ ကျွမ်းကျင်သူမပါဘဲနဲ့တော့ ဘယ်နည်းနှင့်မှ ရောက်နိုင်မည် မဟုတ်ပေ။ သို့သော်လည်း ဦးထွန်းဖံလို လူစားမျိုးကတော့ ဘယ်အရာကိုမှ လွယ်လွယ်နှင့် အလျှော့ပေးတတ်သော လူစားမျိုး မဟုတ်ပေ။

တစ်နည်းနှင့် မဟန်လျှင် နောက်တစ်နည်းနှင့် ကြံမည့်သူ ဖြစ်သောကြောင့် ထိုအကြောင်းကိုသာ ခေါင်းထဲမှာ အမြဲတွေးနေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၂ )

## ဦးထွန်းဖံ၏ အကြွေအစည်

ဗကာယ်တော့ ဘူမိဗေဒ ကျောင်းသားဘဝသာရှိသေးပြီး ဝင်ငွေရအောင် မရှာနိုင်သေးသော မင်းထင်ကျော် ဘဝနှင့် သူဌေးသမီး မြသင်းကြူတို့ အချစ်ရေးကတော့ ထိမ်မယောင်နှင့် နက်၊ လွယ်မယောင်နှင့် ခက်သော အခြေအနေမျိုးပင် ဖြစ်၏။

မိခင်ဖြစ်သူ ဒေါ်ခင်မေကတော့ သမီးဖြစ်သူ မြသင်းကြူနှင့် မင်းထင်ကျော်တို့၏ အချစ်ရေးကို ဝင်ရောက် ဟန့်တားခြင်း မပြုသော်လည်း ငွေနှင့် ဂုဏ်ပကာသနကို မက်မောလှသော ဦးထွန်းဖံကတော့ ကြည်ဖြူ နှစ်သက်ခြင်း မရှိလှပေ။





ထိုအချိန်က မြနှင်းဖြူမှာ ဆေးကျောင်းသူ ဘဝဖြင့် ကျောင်းမှာသာ အချိန်ကုန်နေသောကြောင့် အစ်မဖြစ်သူ မြသင်းကြူ၏ ချစ်သူကို တစ်ကြိမ်တစ်ခါမှ တွေ့ဖူး မြင်ဖူးခြင်း မရှိပေ။

ထိုအချိန်က ဦးထွန်းဖံတို့ အိမ်သို့ အဝင် အထွက် များနေသူ တစ်ဦးကတော့ ရှိသည်။

၎င်းမှာ ဦးထွန်းဖံ၏မိတ်ဆွေ ပွဲစားကြီး ဦးသာဉာဏ်၏သား မောင်မောင်ဇော်ပင် ဖြစ်၏။

ဦးသာဉာဏ်တို့က ကြည့်မြင်တိုင်ဘက်မှာ နေကြပြီး မောင်မောင်ဇော်ကတော့ ၎င်း၏ ဘောက်စ်ဝွန်းကားကလေးနှင့် ဦးထွန်းဖံအိမ်သို့ မကြာခဏ ရောက်လာလေ့ ရှိသည်။

မောင်မောင်ဇော်သည် တက္ကသိုလ်မှ ဘွဲ့ရပြီးကတည်းက ကျောက်အရောင်းအဝယ် ပွဲစားအလုပ်ကို လုပ်နေရာမှ ဦးထွန်းဖံနှင့် ဆက်စပ်မှုရှိသွားကြခြင်း ဖြစ်သည်။

ကျောက်နှင့် ပတ်သက်လာလျှင် မောင်မောင်ဇော်က ကျွမ်းကျင်သဖြင့် အရောင်းအဝယ် ကိစ္စများတွင် ဦးထွန်းဖံက အားကိုးသမှုနှင့် တိုင်ပင်ရာမှ ခင်မင်ရင်းနှီးမှုရကာ အိမ်သို့ အဝင် အထွက် များလာခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ရင်းနှီးမှုကို အခွင့်ကောင်းယူကာ မောင်မောင်ဇော်က မြသင်းကြူနှင့် နီးစပ်အောင် ကြိုးစည်လေတော့သည်။ မောင်မောင်ဇော်မှာ ခေတ်ပညာ တတ်သည်တစ်ကြောင်း၊ မိဘမျိုးရိုးစဉ်ဆက်ကတည်းက ပွဲစားလော



www.burmeseclassic.com

www.burmeseclassic.com



ကျင်လည်ခဲ့ရသဖြင့် လူရည်လည်သည်က တစ်ကြောင်းကြောင့် အကင်းပါးသူတစ်ယောက် ဖြစ်သည်။

အသီးလိုချင် အပင်ချိုင် ဆိုသော စကားလို မြသင်းကြူကို မျက်စိကျနေသော မောင်မောင်ဇော်သည် ဖခင်ဖြစ်သူ ဦးထွန်းဖေ သဘောကျလောက်အောင် လုပ်ကိုင်ပြကာ ရင်းနှီးမှု ရအောင် ယူခဲ့လေသည်။

မြသင်းကြူကတော့ မောင်မောင်ဇော် အကြံအစည်ကို ရိပ်မိသဖြင့် မနှစ်မြို့သော်လည်း မိဘသဘောကို မလွန်ဆန်ဝံ့သောကြောင့် မချစ်သော်လည်း အောင့်ကာနမ်း ဆိုသလို သည်းခံ၍ ဆက်ဆံနေရလေသည်။

ထိုအခြေအနေကို ရိပ်မိသော မြနှင်းဖြူကပင်...

"မမ အခုတလော မောင်မောင်ဇော် ဆိုတဲ့လူက အိမ်ကို အလာအသွား အတော်များတယ်နော်၊ မမ ကိုများ ချိတ်နေသလား မသိဘူး"

ဟု မေးသည်။

"ဟုတ်မယ် မထင်ပါဘူး ညီမလေးရယ်၊ ဖေဖေနဲ့က လုပ်ငန်းချင်းတူလို့ လာနေတာ ဖြစ်ပါလိမ့်မယ်"

ဟု စကားကို ဖြေပြောသော်လည်း မြနှင်းဖြူက လက်မခံပေ။

"မမကလည်း အဲဒါကြောင့် အပျိုကြီး ဖြစ်နေတာ၊ ယောကျ်ားတစ်ယောက်ရဲ့ အမူအရာကို ကြည့်ရုံနဲ့ အကဲမခတ်တတ်သေးဘူး။ စီးပွားရေးအတွက် လာတဲ့လူက အချိန်အခါနဲ့





လာမှာပေါ့၊ အခု အဲဒီလူက အိမ်ကို ချောင်းပေါက်မတတ် လာနေတာ မမ မရိပ်မိသေးဘူးလား"

"မဖြစ်နိုင်ပါဘူးကွယ်၊ သူ ဘယ်လိုပဲ လာလာပေါ့၊ ကိုယ့်သဘောပါမှ ဖြစ်မှာပါ"

"မမက လျှော့တွက်ထားတာကိုး။ တော်ကြာ မိဘတွေကို အပိုင်ကပ်ပြီးတော့မှ စီစဉ်လိုက်ရင် မမ ဘယ်လိုလုပ်မလဲဟင်"

"ဒီလိုတော့ အဖြစ်မခံပါဘူးကွယ်၊ တကယ်လို့ ဖေဖေတို့က မမ သဘောမတူဘဲ ဖွတ်စီစဉ်ရင် မမရဲ့ ချစ်သူနောက်ကို တစ်ခါတည်း လိုက်သွားမှာပေါ့"

"ဟင်... မမမှာ ချစ်သူရှိနေတယ် ဟုတ်လား"

မြသင်းကြူက အသာပြုံး၍ ခေါင်းညိတ်ပြသည်။

"သူက ဘယ်မှာလဲဟင်"

"သူက မမနဲ့ တက္ကသိုလ်မှာတွေ့ကတည်းက ချစ်သူတွေဖြစ်ခဲ့ကြတာ၊ သူ့နာမည်က ကိုခင်ထင်ကျော်တဲ့ သူက ဘူမိဗေဒ ဘာသာရပ်နဲ့ ဒေါက်တာဘွဲ့ရဖို့ ကြိုးစားနေတဲ့သူပဲ"

"ဒါကတော့ ဟုတ်ပါပြီ၊ သူက အိမ်ကို တစ်ခါမှ လာတာ မတွေ့ရဘူး။ ရန်ကုန်မှာနေတာရော ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် သူက ဒေါက်တာဘွဲ့အတွက် စာတမ်းတင်ဖို့ တောတောင်တွေထဲ သွားလာနေတဲ့အချိန်က များတယ်၊ အိမ်ကိုတော့ တစ်ခါတစ်ရံမှပဲ လာတတ်တယ်"

"ဒါကြောင့် ညီမလေးနဲ့ တစ်ခါမှ မဆုံဖြစ်သေးတာကိုး၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ မမ အနေနဲ့ မောင်မောင်ဇော်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ လူလည်ကိုတော့ သတိ ဝီရိယထားပြီး ဆက်ဆံရင် မမှားဘူးလို့ ညီမလေး ထင်တယ်"

ဟု မြနှင်းဖြူက စေတနာဖြင့် သတိပေးရှာသည်။

"စိတ်ချပါ ညီမလေးရယ်၊ မမ သတိထားနေပါ့မယ်"

ထိုသို့ သတိထားနေပါ့မယ်ဟု ပြောထားသည့်ကြားမှ ပင် မောင်မောင်ဇော်၏ စကားကွင်းက မလွတ်နိုင်အောင် ဖြစ်နေတော့သည်။

"ဟောဒါ ဒီတစ်ပတ် ကျောက်တစ်လုံး အရောင်းအဝယ် ဖြစ်တဲ့ကိစ္စက ပွဲခ မြိုးမြိုးမြက်မြက်ကလေး ရလိုက်လို့ မြလေးအတွက် ဝယ်လာတဲ့ လက်ဆောင်ပစ္စည်းတွေလေ၊ ဖွင့်ကြည့်ပါဦး မြလေးရဲ့"

ဟု ပြောဆိုကာ ပါကင်ထုပ်ထားသော ဘူးတစ်ဘူးကို အတင်းပေးလေသည်။

"ကျွန်မ မယူပါရစေနဲ့ ကိုမောင်မောင်ဇော်၊ ကျွန်မက အဲဒီလို သူစိမ်းယောကျ်ားလေးတွေပေးတဲ့ လက်ဆောင်မျိုးကို ယူလေ့မရှိလို့ပါ"

ဟု ချိုချိုသာသာနှင့်ပင် ငြင်းပယ်လေသည်။

"မြလေးကလည်း အခုထိ ကိုယ့်ကို သူစိမ်းတစ်ယောက်လို သဘောထားနေတုန်းပဲလား"

"ရှင် ဘယ်လိုစကားမျိုး ပြောတာလဲ ကိုမောင်မောင်ဇော်၊ ကျွန်မက ရှင့်ကို ဒီလိုမဆက်ဆံလို့ ဘယ်လို ဆက်ဆံရဦးမှာလဲ၊ ရှင်ပေးတဲ့ပစ္စည်းကိုလည်း ကျွန်မ မလိုချင်ဘူး၊





ရှင့်ကိုလည်း ဒီထက်ပိုပြီး မဆက်ဆံနိုင်ဘူး၊ အဲဒါ ကျွန်မရဲ့ သဘောထားပဲ"

ဟု ပြောဆိုကာ အခန်းထဲ ဝင်သွားလေတော့သည်။

ထိုအခါ မောင်မောင်ဇော်က မဲ့ပြုံးတစ်ချက် ပြုံးလိုက်ကာ...

"နေနှင့်ဦးပေါ့ မြသင်းကြူရယ်၊ မောင်မောင်ဇော် ဆိုတဲ့ လူက ကိုယ်လိုချင်တာကို မရ,ရအောင် ယူတတ်တယ် ဆိုတာကို မင်းမှ မသိသေးဘဲကိုး၊ တစ်နေ့ကျရင် မင်းဟာ ငါ့ရဲ့ ခြေဖဝါးအောက်မှာ ပြားပြားဝပ်နေစေရမယ်ဟေ့"

ဟု အံကိုကြိတ်ကာ ကြိမ်းဝါးလိုက်လေသည်။

နောက်ပိုင်းရက်များလည်း မောင်မောင်ဇော်မှာ ဟန် မပျက်ပင် အိမ်သို့ အဝင် အထွက် ပြုလုပ်မြဲ ပြုလုပ်နေလေ သည်။ တစ်နေ့တော့ ဦးထွန်းဖေက ပြောသည်။

"မောင်ဇော် ဦးမှာ အကြံအစည် တစ်ခုရှိတယ်၊ အဲဒါ မင်းနဲ့ တိုင်ပင်ချင်တယ်"

"ဘယ်လို အကြံအစည်မျိုးလဲ ဦး၊ ကျွန်တော့်ကို သွေးရင်းသားရင်းလို သဘောထားပြီး ပွင့်ပွင့်လင်းလင်း တိုင်ပင်နိုင်ပါတယ်"

"ဒီလိုကွယ်... အခုတလော ဦး ပွဲပေါက်တစ်ခု တွေ့ထားတယ်၊ ဒါပေမယ့် ဒီကိစ္စက ဦးတစ်ယောက်တည်းနဲ့ တော့ လုပ်လို့နိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် မင်းနဲ့ တိုင်ပင် ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ပွပေါက်မျိုးလဲ ဦး။ ပြောပါဦး"

စောစောက ငွေရေးကြေးရေး ကိစ္စမျိုး အကူအညီ တောင်းလာလိမ့်မည် ထင်သဖြင့် စိတ်ထဲမှာ အနည်းငယ် ထင့်သွားသော မောင်မောင်ဖော်၏ အမူအရာမှာ ယခုတော့လည်း သားကောင်ကို တွေ့လိုက်ရသော အမဲလိုက်ခွေးတစ်ကောင်ကဲ့သို့ တက်ကြွမှု ဖြစ်လာလေသည်။

"ဒီလိုကွယ့်... တလောက ရိုးမထဲမှာနေတဲ့ လူတစ်ယောက် ရောက်လာပြီး ရတနာသတ္တုကြွေရှိတဲ့ နေရာကို သတင်းပေးသွားတယ်၊ ဒါကြောင့် ဟုတ်,မဟုတ်သေချာအောင် ဦးရဲ့ တပည့်သုံးယောက်ကို လွှတ်ပြီး စုံစမ်းခိုင်းလိုက်တယ်"

"အဲဒီတော့ အခြေအနေ ဘယ်လိုထူးလာသလဲ ဦး"

"ပထမ သတင်းပေးထားတဲ့အတိုင်း သူတို့ အဲဒီနေရာကို ရောက်ခဲ့ကြတယ်၊ သတ္တုရတနာတွေကိုလည်း တွေ့ခဲ့ကြတယ်၊ ဒီမှာ နမူနာ ယူလာတာ ကြည့်ပါဦး"

ဟု ပြောဆိုကာ ဦးဘဟန် ယူလာသော ငွေတုံးကို ထုတ်ပြလိုက်လေရာ မောင်မောင်ဖော်က အသေအချာ ကြည့်ရှုပြီးနောက် ဝမ်းသာအားရ ပြောလိုက်သည်။

"ဒါ ငွေစင် အစစ်ပဲ၊ ဒါမျိုးတွေသာ များများရလိုက်ရင်တော့ ကျွန်တော်တို့တစ်သက် စားလို့မကုန်တော့ဘူး"

"များတာကတော့ တောင်ပုံ ရာပုံကို ရှိနေတာတဲ့၊ ဒါကြောင့် မင်းနဲ့ တိုင်ပင်ကြည့်တာပါ၊ ရန်ကုန်မှာတင် ပွဲစားအလုပ် လုပ်နေလို့ကတော့ ပွဲခ,ရရုံအပြင် တခြား ချမ်းသာဖို့





အကြောင်းမရှိနိုင်ဘူး။ အဲဒီလို ကိုယ်တိုင်ကိုယ်ကျ စွန့်စွန့်စားစားသွားမှ အကျိုးအမြတ် များများရမှာ မဟုတ်ဘူးလား"

"သွားတာကတော့ ဟုတ်ပါပြီ၊ နေရာက ဘယ်မှာလဲ"

"ရှမ်းရိုးမလို့ခေါ်တဲ့ အရှေ့ရိုးမ မြောက်ဖျားဘက်မှာရှိတဲ့ ပေါင်းလောင်းချောင်း အထက်ပိုင်းမှာလို့ ပြောတယ်"

ထိုစကား ကြားသောအခါ မောင်မောင်ဖော်မှာ အနည်းငယ် တွန့်သွားလေသည်။

"အဲဒီဘက်တွေက လူသူ အရောက်အပေါက်နည်းတဲ့ တောနက်ကြီးတွေပဲရှိတယ်လို့ ကြားဖူးတယ်၊ လမ်းပြမပါဘဲနဲ့တော့ သွားလို့ဖြစ်မှာ မဟုတ်ဘူး။ တကယ်လို့ သွားဖြစ်ရင်တောင် ပထမသွားတဲ့ လူသုံးယောက်ကို ခေါ်သွားမှ အဆင်ပြေမယ် ထင်တယ်"

"အဲဒီသုံးယောက်စလုံးက မရှိကြတော့ဘူးကွယ့်"

"ဟင်.... ဘယ်ရောက်သွားပြီလဲ"

"နှစ်ယောက်က တောထဲမှာ သေကျန်ခဲ့ကြတယ်၊ တစ်ယောက်ကတော့ ဒီကို ပြန်ရောက်ပြီးမှ ငှက်ဖျားရောဂါကြောင့် ဆုံးသွားခဲ့တယ်"

ထိုစကားကြောင့် စောစောက အားပေါင်အားရင်း သန့်သန့်ဖြင့် ပြောနေသော မောင်မောင်ဖော်မှာ ငြိမ်ကျသွားလေတော့သည်။

"လမ်းပြမပါဘဲနဲ့ ကျွန်တော်တို့ချည်း သွားလို့တော့ မဖြစ်နိုင်ဘူး ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် မဖြစ်ရမှာလဲကွယ်၊ ဒီလိုပဲ မေးမြန်းပြီး သွားရင် ရောက်ရမှာပေါ့"

"ဒီလိုလုပ်ပါလား။ ကျွန်တော်က ဘူမိဗေဒနဲ့ ဘွဲ့ယူထားတာ မဟုတ်တော့ နယ်မြေဒေသန္တရ အကြောင်းတွေကို သိပ်နားမလည်လှဘူး၊ ခရီးအတွက် ကုန်ကျမယ့် စရိတ်တွေအတွက် ကျွန်တော် အားလုံးတာဝန်ယူပေးနိုင်ပါတယ်၊ ဘူမိဗေဒ ဘာသာရပ်ကို ကျွမ်းကျင်တဲ့၊ ခရီးလမ်းပန်း အခြေအနေတွေကို ကျွမ်းကျင်တဲ့ လူတစ်ယောက်ကို အရင်လွှတ်ကြည့်ရင် မကောင်းပေဘူးလား။ သူ သွားလို့ သေချာပြီဆိုတော့မှ ကျွန်တော်တို့ လိုက်သွားရင် ပိုမကောင်းပေဘူးလား"

ဟု အကြံပေးလိုက်ရာ ဦးထွန်းဖံက စီးကရက်တစ်လိပ်ကို မီးညှိဖွာသောက်နေရင်း မောင်မောင်ဇော်ပေးသော အကြံအစည်ကို စဉ်းစားနေလေသည်။

သူ့ အသိမိတ်ဆွေထဲမှာတော့ ဘူမိဗေဒဘာသာ ကျွမ်းကျွမ်းကျင်ကျင်နှင့် တတ်မြောက်သူ မရှိသလောက်ပင်။

အတန်ကြာမှ သမီးဖြစ်သူ မြသင်းကြူထံ လာသော မင်းထင်ကျော်ကို သတိရသွားလေသည်။

"ဒီအကြံလည်း မဆိုးလှပါဘူး။ အခြေအနေ ကောင်းတော့မှ တို့လိုက်သွားရင် အချိန်မကုန်တော့ဘူးပေါ့၊ အဲဒီလိုဆိုရင် တစ်ယောက်တော့ ရှိတယ်၊ တို့အလုပ်က သူနဲ့ အကိုက်ဆုံးပဲ"

"ဘယ်သူလဲ ဦး"





"သမီးအကြီး မြသင်းကြူရဲ့မိတ်ဆွေ မင်းထင်ကျော်ဆိုတဲ့ သူငယ်တစ်ယောက်တော့ ရှိတယ်၊ သူက ဘူမိဗေဒ ပညာရပ်နဲ့ ဒေါက်တာဘွဲ့ယူဖို့ တောထဲ တောင်ထဲ လျှောက်သွားနေတဲ့ လူတစ်ယောက်လို့တော့ သိရတယ်"

"မင်းထင်ကျော်... မင်းထင်ကျော်"

မောင်မောင်ဇော်က မေးစေ့ကို လက်နှင့်ပွတ်ရင်း ထိုနာမည်ကို ခပ်တိုးတိုး ရေရွတ်နေလေသည်။

မင်းထင်ကျော် ဆိုသော အမည်ကို မြသင်းကြူနှင့် ပတ်သက်ပြီး ကြားဖူးသော်လည်း လူချင်းတော့ တစ်ခါမှ ဆုံခဲ့ဖူးခြင်း မရှိပေ။ မင်းထင်ကျော်ကို အရှေ့ရိုးမဘက်သို့ စေလွှတ်ခြင်းအားဖြင့် လတ်တလော အခြေအနေအရ သူ့အတွက် ပြိုင်ဘက်တစ်ယောက် လျော့သွားပေမည်။

အကယ်၍ မသေမပျောက် ပြန်ရောက်လာလျှင်လည်း သူတို့အတွက် အကျိုးမယုတ်နိုင်ပေ။ သို့ကြောင့်...

"ဒီအစီအစဉ် ကောင်းတယ် ဦး၊ သူ ပြန်လာလို့ အခြေအနေ ကောင်းတယ်ဆိုတော့မှ ကျွန်တော်တို့က လိုက်သွားကြတာပေါ့၊ သူ့ကို တောထဲ တောင်ထဲ လွှတ်ထားတော့ မြသင်းကြူအတွက်လည်း တစ်ဖက်က စိတ်အေးရတာပေါ့"

ဟု အကြံပေးသဖြင့် ဦးထွန်းဖံကလည်း ထိုအကြံအစည် အတိုင်း ပြုလုပ်ရန် ဆုံးဖြတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃ )

# အရိုးတောင်က စောင့်မည့်သူ

မင်းထင်ကျော်သည် အသက်(၂၅)နှစ် အရွယ်ဝန်းကျင်ခန့်ရှိပြီး အရပ်မြင့်မြင့်နှင့် ယောကျ်ားပီသသော ရုပ်ရည်ပိုင်ရှင် ရှိသူတစ်ဦး ဖြစ်သည်။

အရိုပ်အောက်မှာ အေးအေးချမ်းချမ်း နေရခြင်းထက် နေပူမရှောင် မိုးရွာမရှောင် တောထဲ တောင်ထဲကို သွားလာနေသူ ဖြစ်သဖြင့် အသားအရည်က အဖြူရောင်မှ အညိုရောင်သမ်းလျက်ရှိသည်။

နှဖူးကျယ်ကျယ်၊ မျက်လုံးမျက်ခုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်နှင့် ယောကျ်ားပီသသည့် ရုပ်ရည်ရှိသော သူ့ကို





တက္ကသိုလ်နယ်မြေမှ မိန်းကလေး အတော်များများက စိတ်ဝင်စားမှု ရှိကြသော်လည်း သူကတော့ ပညာရပ်နှင့် သက်ဆိုင်သော အလုပ်ကိုသာ အာရုံရှိပြီး ကျန်တာကိုတော့ စိတ်ဝင်စားမှု မရှိလှပေ။

ထိုအထဲမှာမှ တက္ကသိုလ်တက်နေစဉ် မြသင်းကြူနှင့် ဆုံတွေ့ခဲ့ကြပြီး နားလည်မှုရှိသူချင်းမို့ ချစ်သူဘဝသို့ ရောက်ခဲ့ကြလေသည်။ ချစ်သူဘဝ ရောက်ခဲ့ကြသော်လည်း အခြေအနေချင်းက မတူကြသဖြင့် နှစ်ဦးသား နီးစပ်ဖို့အရေးကို မစဉ်းစားဝံ့သော အခြေအနေပင် ဖြစ်သည်။

"မြရယ်... မြနဲ့ကိုယ်နဲ့ နီးကြဖို့အရေးက တွေးကြည့်ရင်တောင် မလွယ်လှသေးဘူးနော်"

"ဒါကတော့ ကိုကျော်ရယ်၊ အခြေအနေဆိုတာ ဒီလိုချည်းပဲ တစ်သမတ်တည်းနေမှာမှ မဟုတ်တာ၊ တစ်နေ့ကျရင် မြတို့ မျှော်လင့်ထားတဲ့ ဘဝမျိုးကို ရောက်ရမှာပါ၊ ဒီလောက်လည်း စိတ်ပျက် အားလျော့မနေပါနဲ့"

"ကိုယ်က ဖြစ်ခင်က အားလျော့တာ မဟုတ်ပါဘူး။ ဒါပေမယ့် အခြေအနေဆိုတာ ကိုယ်ဖြစ်စေချင်သလို ဖြစ်လာတာမဟုတ်တော့ တစ်နေ့ကျရင် မြကို ကိုယ် လက်လွှတ်ပေးလိုက်ရမှာကို စိုးရိမ်နေမိတယ်"

"ဒီအတွက်တော့ ဘာမှ စိတ်မပူနဲ့၊ အခြေအနေတွေဘယ်လိုပဲပြောင်းပြောင်း မြ ကတော့ ကိုကျော်အပေါ်မှာ ဘယ်တော့မှ 'သစ္စာမဖောက်ပါဘူးလို့ ကတိပေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီစကားကြားရတာ ကိုယ်ဝမ်းသာပါတယ်၊ တစ်နေ့ကျရင် မြန်နဲ့အတူ နေရအောင် ကြိုးစားပြီး တင့်တောင့်တင့်တယ် ထားနိုင်အောင် ကိုယ် ကြိုးစားပါ့မယ်"

"ကြိုးစားတာက အသာထားလိုက်ဦး၊ အခုလောလောဆယ် ဖေဖေနဲ့ အရင်လိုက်တွေ့လိုက်ဦး"

"ကိုယ်က တွေ့ရမှာလား"

မင်းထင်ကျော်က တအံ့တသြ မေးလိုက်လေသည်။

"ဟုတ်တယ်၊ ဖေဖေက ကိုကျော်ကို သူနဲ့လာတွေ့ဖို့ မှာလိုက်လို့ မြ လာခေါ်တာ"

"အံ့သြစရာပဲ... ကေန္တ ကိုယ့်ကို ကောင်းကောင်း လက်ချာပေးပြီး စာမေးပွဲစစ်တော့မယ်နဲ့ တူပါရဲ့"

ဟု ပြောဆိုကာ လိုက်လာခဲ့လေသည်။

ကျောက်စိမ်းနက်ဂေဟာသို့ ရောက်သောအခါ ဦးထွန်းဖေက သူ့စာဖတ်ခန်းထဲသို့ ခေါ်သွားပြီး စကားပြောကြသည်။

"မောင်မင်းထင်ကျော်က ဘူမိဗေဒ ဘာသာရပ်နဲ့ ပတ်သက်ပြီး စာတမ်းတစ်ခုတင်ဖို့ ပြင်ဆင်နေတယ်လို့ သတင်းကြားတယ်၊ သမီးကလည်း မောင်ရဲ့ပညာကို အပတ်တကုတ် ကြိုးစားတဲ့အကြောင်းကို ပြောပြပါတယ်"

"ဟုတ်ကဲ့"

"ဒီလိုရှိပါတယ် မောင်မင်းထင်ကျော်ရဲ့၊ လောကမှာ ပညာတတ်တစ်ယောက် ဖြစ်ရုံသက်သက်နဲ့တော့ လူတန်းစေ့





အောင်မနေနိုင်ဘူး၊ ဒီတော့ ပညာလည်းရှာ၊ တစ်ဖက်ကလည်း ဥစ္စာရအောင်လည်း ကြိုးစားသင့်တာပေါ့၊ မဟုတ်ဘူးလား"

ဦးထွန်းဖေက အရောင်းအဝယ်သမားပီပီ သူလိုချင်သောနေရာသို့ရောက်အောင် ကျုံးသွင်းသကဲ့သို့ သိုင်းဝိုင်း၍ ပြောလာသည်။

"ဟုတ်ပါတယ်"

"ဦးတို့က စီးပွားရေးသမားတွေဆိုတော့ နေရာတကာမှာ ညီမျှခြင်း ဖြစ်အောင်တော့ ညှိပေးနိုင်ပါတယ်၊ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ မောင်မင်းထင်ကျော်နဲ့ ဦးရဲ့သမီးနဲ့ လူငယ်ချင်း မေတ္တာမျှနေတယ်ဆိုတာ သမီး ပြောပြလို့ ဦးလည်း သိတန်သလောက် သိထားပြီးပါပြီ"

မင်းထင်ကျော်က ဦးခေါင်းကိုသာ ငုံ့ထားလေသည်။

"ဒီတော့ ဦးသမီးနဲ့ ပတ်သက်ပြီး မောင်မင်းထင်ကျော် အနေနဲ့ ဘယ်လို အစီအစဉ်တွေများ လုပ်ထားပြီလဲလို့ သိချင်တာနဲ့ အခုလို ပွင့်ပွင့်လင်းလင်း မေးရတာပါ"

ဦးထွန်းဖေက မင်းထင်ကျော်ကို စဉ်းစားဖို့ အခွင့်အရေးပေးသည့်အနေနှင့် စီးကရက်တစ်လိပ်ကို မီးညှိ၍ အေးအေးဆေးဆေး သောက်နေလေသည်။

မင်းထင်ကျော်က အတန်ကြာအောင် စဉ်းစားနေပြီးမှ

"အခုလောလောဆယ် ကျွန်တော့်ရဲ့ ပညာရေးက မပြီးသေးတော့ စီးပွားရေးဘက်ကို မလှည့်နိုင်သေးပါဘူး ဦး"



www.burmeseclassic.com

www.burmeseclassic.com



"အေး… ဒီလိုပွင့်ပွင့်လင်းလင်း သိရတော့ ပိုကောင်းတာပေါ့ကွယ်၊ အခု မောင်မင်းထင်ကျော်ကို ခေါ်ရတဲ့ကိစ္စက တခြားတော့ မဟုတ်ပါဘူး၊ မောင်ရဲ့ ရည်ရွယ်ချက်တွေ အမြန်ဆုံး အကောင်အထည်ပေါ်ဖို့အတွက် ဦးက အလုပ်တစ်ခု အပ်ချင်လို့ပါ"

"ဘယ်လိုအလုပ်မျိုးလဲ ဦး"

ထိုအခါ ဦးထွန်းဖေက အံဆွဲတစ်ခုထဲမှာ သိမ်းထားသော ဦးဘဟန် ယူလာသော ငွေတုံးကို ယူပြီး မင်းထင်ကျော် လက်ထဲသို့ ထည့်ပေးလိုက်သည်။

"ဒီအတုံးကို မောင်မင်းထင်ကျော် တဆိတ်လောက် စစ်ဆေးကြည့်ပါဦး"

ဟု ပြောလိုက်သောအခါ မင်းထင်ကျော်က ၎င်း လွယ်အိတ်ထဲမှာ ပါလာသော သံမဏိတူလေးကို ထုတ်ပြီး ထုကြည့်သည်။ ပဲ့ထွက်လာသော အပိုင်းအစ,ကလေးများကို နမ်းကြည့်သည်။ လျှာဖြင့် တို့ကြည့်သည်။

"ဒါ ငွေစင်တုံး အစစ်ပါပဲ၊ ဒါနဲ့ ကျွန်တော့်ကို အလုပ်အပ်မယ့်ကိစ္စက ဘယ်လိုများ ပတ်သက်နေတယ် ဆိုတာ တဆိတ်လောက် ပြောပြပါ ဦး"

"ပြောပြရမှာပေါ့ကွယ်… ဒီအကြောင်းကို ပြောပြချင်လို့ မောင်မင်းထင်ကျော်ကို အခေါ်လွှတ်ရတာပါပဲ၊ ဒီလိုကွယ့်…"

ဟု အစ,ချီကာ ထိုငွေတုံးကို ရရှိခဲ့ပုံ အကြောင်းကို ပြောပြလေသည်။ စကားဆုံးသောအခါ မင်းထင်ကျော်က…





"ဒီလိုဖြင့် ဦး ကျွန်တော့်ကို ခိုင်းချင်တဲ့ အလုပ်က အဲဒီနေရာကို ကျွန်တော်ကိုယ်တိုင် အရောက်သွားပြီး လေ့လာစေချင်တဲ့ သဘောပဲ မဟုတ်လား"

ဟု ပွင့်ပွင့်လင်းလင်းပင် မေးလိုက်လေသည်။

"မှန်ပါတယ်… ဦးသဘောကတော့ ဒီအစဉ်အစဉ်ကို တခြားသူကိုလည်း မခိုင်းချင်တာနဲ့ မောင့်ကိုပဲ အကူအညီတောင်းတဲ့အနေနဲ့ ခေါ်ပြောတာပါ၊ ဒီအလုပ်မျိုးက တခြားလူတွေနဲ့လည်း အဆင်ပြေမှာမဟုတ်ဘူး။ မောင့်လို ဘူမိဗေဒ ပညာရပ်ကို နှံ့စပ်ကျွမ်းကျင်မှ ဖြစ်မှာဆိုတော့၊ နောက်ပြီး တကယ်လို့ ဦးခိုင်းတဲ့ ကိစ္စအတွက် အောင်မြင်ခဲ့ရင် မောင်ရဲ့ ရည်ရွယ်ချက်လည်း ပြည့်မယ်၊ ဦးတို့အနေနဲ့လည်း အဆင်ပြေမှာမို့ပါ"

ဟု အေးအေးဆေးဆေး ပြောပြလေသည်။

မင်းထင်ကျော်မှာ ထိုအစီအစဉ်ကို ကြား,က စိတ်ထဲမှာ တစ်မျိုးဖြစ်သွားမိသော်လည်း စွန့်စွန့်စားစား ခရီးမျိုးဖြစ်သဖြင့် စိတ်ဝင်စားမှုတော့ ဖြစ်မိလေသည်။

ဘူမိဗေဒ ပညာရပ်အတွက်လည်း အထောက်အကူရနိုင်သော ခရီးစဉ်တစ်ခု ဖြစ်နိုင်ကောင်းသည် ဟုလည်း တွေးလိုက်မိသည်။

စာကြည့်ခန်း အပြင်ဘက်အခန်းပေါက် တစ်နေရာမှ အခြေအနေကို အကဲခတ်နေသော မြသင်းကြူခမှာလည်း မင်းထင်ကျော်အနေနှင့် တစ်စုံတစ်ရာ ဆန့်ကျင်မှု တစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



ဖြူလိုက်မှာကို စိုးရိမ်သောက ရောက်နေသည့် အမှုအရာကို တွေ့ရသဖြင့် စိတ်ထဲမှာ သနားသွားမိသည်။

သို့ကြောင့်...

ဦးထွန်းဖဲ ပြောသော အစီအစဉ်ကို လက်ခံပြီး ခရီး ထွက်ရန် သဘောတူလိုက်လေသည်။

မင်းထင်ကျော်သည် ခရီးထွက်ခါနီးသောအခါ မြသင်း ကြူနှင့် တွေ့ဆုံပြီး အစစ အရာရာ စိတ်ချစေရန်နှင့် ခရီး ထွက်ရာမှ ပြန်လာလျှင် အမြန်ဆုံး လက်ထပ်နိုင်ရန် စီစဉ် မည်ဖြစ်ကြောင်း ပြောကြားကာ ခရီးထွက်သွားလေတော့သည်။

မင်းထင်ကျော် ခရီးထွက်သွားကာစ၌က မြသင်းကြူ အနေနှင့် လွမ်းဆွတ်သလိုလို၊ စိတ်မကောင်းသလိုလို ဖြစ်မိ သော်လည်း ခရီးထွက်ရာမှ ပြန်ရောက်လာလျှင် နှစ်ကိုယ်တူ နီးစပ်ရမည့်အရေးကို တွေးမိသောအခါ စိတ်ထဲမှာ ပျော်ရွှင် သလိုလို ဝမ်းသာသလိုလို ခံစားရပြန်လေသည်။

ဒါပေမယ့် သူမ၏ ပျော်ရွှင်မှုများမှာ တစ်ဒင်္ဂသာ ဖြစ်ပေတော့သည်။

မင်းထင်ကျော် မရှိတော့သည့် ရက်များမှာ မောင်မောင် ဇော်မှာ အိမ်သို့ ခါတိုင်းထက်ပင် အဝင် အထွက် ပိုများလာ ပြီး ဦးထွန်းဖဲနှင့်လည်း ယခင်ကထက် ပို၍ အရောတဝင် ရှိလာသည်ကို သတိပြုမိလေသည်။ သို့သော်လည်း...

သူမ့အနေဖြင့် မောင်မောင်ဇော်၏ စက်ကွင်းမှ လွတ် နိုင်သမျှ လွတ်အောင် ရှောင်ရှား နေထိုင်ရင်းနှင့်ပင် တစ်နေ့





တော့ သူမဘဝအတွက် ကံဆိုးမိုးမှောင်ကျသော အချိန်သို့ ရောက်တော့သည်။

အခြားမဟုတ်ပေ...

မောင်မောင်ဇော်က သူ့မိဘများကိုပါ ခေါ်လာပြီး လူကြီးချင်း စေ့စပ်ကြောင်းလမ်းကြခြင်းပင် ဖြစ်တော့သည်။

ထိုအကြောင်းကို သိလိုက်သည်နှင့် မြသင်းကြူမှာ ဆောက်တည်ရာ မရလောက်အောင် ဖြစ်သွားလေတော့ သည်။

"ဖေဖေတို့ မတရားဘူး။ ဒီကိစ္စမျိုးစီစဉ်ရင် သမီးကို တော့အသိပေးသင့်တာပေါ့၊ တိုင်ပင်သင့်တာပေါ့ အခုတော့..."

"ဒါကတော့ သမီးရယ်... မိဘဆိုတာ ကိုယ့်သားသမီး ကို ရွှေပေါ်မြတင် တင့်တောင့်တင့်တယ် နေတာကိုပဲ မြင်ချင်တာပေါ့၊ ဘဝအာမခံချက်မရှိတဲ့ အခြေအနေမှဲ့ ဘဝနဲ့ နေတာကို ဘယ်မိဘကမှ မြင်ချင်ကြမှာမဟုတ်ဘူး။ မိဘတွေ ဆိုတာ သားသမီးတွေအတွက် အသက် ရှင်နေကြသူတွေပါ ကွယ်"

ဟု ပြောပြလေသည်။

မြသင်းကြူ အတွက်ကတော့ တကယ့်ကို အကျဉ်း အကြပ် အခြေအနေမျိုး ဖြစ်သည်။

ယခုလို အခြေအနေမျိုးမှာ သူမချစ်သူ မင်းထင်ကျော် တစ်ယောက်သာ အနားမှာ ရှိပါက ဘာပဲဖြစ်ဖြစ် ချစ်သူ နောက်သို့ စွန့်စားကာ လိုက်သွားဖြစ်ပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ မင်းထင်ကျော်ကလည်း ပြန်မရောက်လာသေး။ ထွက်သွားတာ တစ်လကျော်ကျော် နှစ်လနီးနီး ရှိပြီဖြစ်သော်လည်း သတင်းအစ,အနမျှပင် မကြားရပေ။

နောက်ဆုံးတော့ မျှော်လင့်ချက် မရှိတော့သော ဘဝအခြေအနေမျိုးဖြင့် ဦးထွန်းဖေ စီမံသည့်အတိုင်း လက်ခံလိုက်ရတော့သည်။

စေ့စပ်ပွဲပြီး၍ မင်္ဂလာပွဲကျင်းပရန် ရက်ပိုင်းသာလိုတော့မှ မင်းထင်ကျော် တစ်ယောက် ပြန်ရောက်လာသည်။

သူသည် အတော့်ကို မကျန်းမမာ ဖြစ်လာဟန်ဖြင့် လူရုပ်ပင် မပေါ်တော့ပေ။ မင်းထင်ကျော်ကို မြင်သောအခါ ဦးထွန်းဖေက ဟန်မပျက်ပင်...

"ဘယ်လိုလည်း မောင်မင်းထင်ကျော်၊ ဦး ခိုင်းလိုက်တဲ့ ကိစ္စ အခြေအနေ ဘယ်လိုရှိသလဲ"

ဟု မေးလိုက်သည်။

ထိုအခါ မင်းထင်ကျော်က...

"ကျွန်တော့်ဆီက အခြေအနေကို မပြောခင် ဦးတို့ အခြေအနေကိုလည်း အရင်ပြောပါဦး"

ဟု ခပ်တည်တည်နှင့် ပြန်မေးလိုက်သည်။

"ဘာကိုလဲကွယ့်"

"မြသင်းကြူရဲ့ အခြေအနေကို မေးတာပါ"

"ဩော်... ဒါလား၊ ဒါက ဘာများမေးတာလဲလို့ကွာ၊ ငါ့သမီး မြသင်းကြူကို ဂုဏ်သရေရှိ အသိုင်းအဝိုင်းထဲက





ပါပဲ၊ မောင်မောင်ဇော်ဆိုတဲ့ လူငယ်တစ်ယောက်နဲ့ လက်ထပ်ပေးဖို့ ရက်တောင်သတ်မှတ်ပြီး ဖိတ်စာတောင် ကမ်းဖို့ ပြင်နေကြပြီလေ၊ မင်းသူငယ်ချင်းရဲ့ မင်္ဂလာဆောင်ကျရင် လာခဲ့ဦးပေါ့"

ဟု ခပ်ပေါ့ပေါ့ အမူအရာနှင့် ပြောလိုက်ရာ မင်းထင်ကျော်က မေးရိုးကြီးများ ထောင်ထ,လာသည့်အထိ အံကို တင်းတင်းကြိတ်ကာ မလှမ်းမကမ်းတွင် မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ငိုနေသော မြသင်းကြူရှေ့သို့ လျှောက်သွားသည်။

"ဒီမှာ မြ... ဒီကိစ္စက မင်းသဘောတူလို့ စီစဉ်ကြတာလား၊ သူတို့သဘောနဲ့ စီစဉ်ကြတာလား ပြောပါဦး၊ တကယ်လို့ မင်းသဘောမပါဘဲ စီစဉ်တာဆိုရင် ဒီအစီအစဉ်ကို ဖျက်ပြီး အခု ကိုယ့်နောက်ကို လိုက်ခဲ့ပါ"

ဟု ပြောလိုက်ရာ အားလုံးမှာ အလန့်တကြား ဖြစ်သွားကြလေသည်။

"ဟေ့... သူငယ်၊ မင်း ဘယ်လိုစကားမျိုး ပြောတာလဲ၊ ငါ့အိမ်ပေါ်တက်ပြီး ငါ့သမီးကို ပိုင်စိုးပိုင်နင်း ပြောဝံ့သတဲ့လား၊ အခုချက်ချင်း ပုလိပ်ကိုခေါ်ပြီး ပိုင်နက် ကျူးလွန်မှုနဲ့ အမှုအပ်လိုက်ရမလား"

ဟု ဦးထွန်းဖေက လှမ်းပြောလိုက်သည်။

သို့သော်လည်း မင်းထင်ကျော်က ဂရုမစိုက်ပေ။

"မြ...ပြောပါ၊ ဒီကိစ္စကို မင်း သဘောတူ လက်ခံလို့



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်တာဆိုရင် ကိုယ် အခုချက်ချင်း အိမ်ပေါ်က ဆင်းသွားပါ့မယ်၊ ဒါမှမဟုတ် မင်းသဘောမပါဘဲ ဖွတ်စီစဉ်တာဆိုရင် ကိုယ် အားလုံးကို ရင်ဆိုင်ဝံ့တယ်"

"မြဘဝနဲ့ မြပဲ ရှိပါစေတော့ ကိုကျော်ရယ်၊ ကိုကျော် ပြန်ပါတော့၊ မြကိုသာ မေ့လိုက်ပါတော့"

ဟု ငိုရှိုက်သံဖြင့် ပြန်ပြောလိုက်သည်။

"ကောင်းပြီလေ... ဒီလို ပြတ်ပြတ်သားသား သိရတော့လည်း ငါ့အတွက်ပိုကောင်းတာပေါ့၊ သစ္စာမရှိတဲ့ မိန်းမတစ်ယောက်အတွက်နဲ့ ကြာရှည် ဒုက္ခ မခံရတော့ဘူးပေါ့"

"ပြောပါ ကိုကျော်ရယ်၊ ကြိုက်သလိုသာ ပြောပါတော့"

"မင်း သိထားဖို့ ငါဟာ မိန်းမတစ်ယောက်ရဲ့ ရှေ့မှာ ဒူးထောက်မယ့် လူလည်း မဟုတ်ဘူး၊ မျက်ရည်ကျမယ့် လူလည်း မဟုတ်ဘူး။ ဒါပေမယ့် မေတ္တာတရားကို စော်ကားတဲ့ လူဟာ တစ်နေ့ကျရင် မေတ္တာတရားရဲ့ ဒဏ်ခတ်ခြင်းကို ခံရမယ်ဆိုတာ မြဲမြဲမှတ်ထားပါ"

ဟု ပြောဆိုပြီး ဦးထွန်းဖေဘက်သို့ လှည့်လိုက်သည်။

"ကျွန်တော့်ရဲ့ ဘဝမှာ ခင်ဗျားလောက် ပရိယာယ်များတဲ့လူ၊ ကတိဖျက်တဲ့လူမျိုး တစ်ခါမှ မတွေ့ခဲ့သေးဘူး၊ ဒါပေမယ့် ရှိပါစေတော့...

ခင်ဗျားသိအောင် ပြောပြခဲ့မယ်၊ ခင်ဗျား သိပ်လိုချင်တဲ့ ရတနာတွေကို ကျုပ်ဘဝနဲ့ ရင်းပြီး ရှာလာခဲ့တာ တွေ့လာခဲ့ပြီ"





"ဟင်..."

မင်းထင်ကျော်က ရင်းအိတ်ထဲမှ ထည့်ယူလာသော ငွေတုံးငွေခဲ၊ ရွှေတုံး ရွှေခဲများကို ထုတ်ပြလိုက်သည်။

"ဟာ... ရွှေခဲ, ငွေခဲတွေပါလား၊ ဒီအတိုင်းဆိုရင် ကိုဘဟန်တို့ တွေ့ခဲ့တဲ့ ငွေတုံးတွေဟာ တကယ် ရှိတာပေါ့ ဟုတ်လား"

ဦးထွန်းဖေက လက်ရှိ အခြေအနေကိုပင် မေ့လျော့သွားပြီး မင်းထင်ကျော်လက်ထဲမှ ရွှေတုံး, ငွေတုံးများကို အငမ်းမရ ကြည့်ကာ မေးလိုက်သည်။

"ဟုတ်တယ်... ဒီလို ရွှေခဲ, ငွေခဲတွေဟာ ကျုပ် ရှာတွေ့ခဲ့တဲ့ အရိုးတောင်တစ်ဝိုက်မှာ လော်လီကားနဲ့ တင်ယူရင်တောင် မကုန်နိုင်ဘူး၊ ဒါပေမယ့် ခင်ဗျားတို့သိအောင် တစ်ခါတည်းပြောပြခဲ့မယ်၊ အဲဒီနေရာကို လမ်းသိတဲ့လူ မပါဘဲသွားရင်တော့ အားလုံး ပြန်လမ်းမရှိနိုင်ဘူး။ အဲဒီနေရာကို ကျုပ် တစ်ယောက်ပဲ သိတယ်၊ ခင်ဗျားတို့ ကျုပ်နဲ့တွေ့ချင်ရင် အရိုးတောင်ကို လိုက်လာခဲ့ကြ၊ ကျုပ် အရိုးတောင်က စောင့်နေမယ်"

ဟု ပြောဆိုကာ မင်းထင်ကျော်က ဦးထွန်းဖေတို့ရှေ့မှ ချာခနဲ လှည့်ထွက်သွားလေတော့သည်။

ထိုအချိန်မှာပင် ခြံဝမှာ ကားတစ်စီး မောင်းဝင်လာကာ ကားပေါ်မှာ မြနှင်းဖြူ ပါလာလေသည်။ မြနှင်းဖြူက မင်းထင်ကျော်ကို တစ်ချက်ကြည့်လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူကြည့်ရတာ တစ်မျိုးပဲ"

ဟု စိတ်ထဲမှ မှတ်ချက် ချလိုက်လေသည်။

သူမ ထင်သည့်အတိုင်းပင် တိုက်ထဲ ရောက်ကာမှ စုံစမ်းကြည့်လိုက်သောအခါ စောစောက ထွက်သွားသူမှာ အစ်မဖြစ်သူ မြသင်းကြူ၏ချစ်သူ ဘူမိဗေဒ ကျောင်းသား မင်းထင်ကျော်ဖြစ်မှန်း သိရသော်လည်း သူမအနေနှင့် ကောင်းစွာ မမှတ်မိတော့ပေ။





## အခန်း ( ၄ )

# ကျိန်စာတိုက်ထားသည့် နေရာ

အချိန် မည်မျှကြာအောင် အာရုံထဲမှာ နစ်မြောနေခဲ့သည် မသိပေ။ သစ်ပင်ပေါ်မှ ရှုးရှူးဝါးဝါး အော်လိုက်သံကြောင့် အတွေးစ ပြတ်သွားလေသည်။

ထိုအဖြစ်အပျက်များက လွန်ခဲ့သော ငါးနှစ်ခန့်က ဖြစ်ခဲ့ပြီးသော်လည်း သူ့ရင်ထဲမှာတော့ ပူနွေးနေဆဲပင်။

မနေ့တစ်နေ့ကမှ ဖြစ်ပျက်ခဲ့သလို အသည်းထဲမှာ တစစ်စစ် နာကျင်နေဆဲပင်။

ထိုအချိန်က လူတစ်စု၏လှည့်ဖြားမှုကြောင့် ဘဝနာခဲ့ရသော သူ့ဘဝသည် ယခုတော့ အတန်အသင့် တည်ငြိမ်မှု ရခဲ့ပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က သာမန်ဘူမိဗေဒကျောင်းသား မင်းထင်ကျော်ဘဝမှ ယခုတော့ ဒေါက်တာမင်းထင်ကျော်ဘဝသို့ ရောက်ခဲ့လေပြီ။ သတ္တုကြောများရှိသည့် နေရာများကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကာ လေ့လာမှုပြုနိုင်သော ဘဝသို့ ရောက်နေခဲ့ပေပြီ။

ယခုလည်း အဖော်နှစ်ယောက်နှင့် ပေါင်းလောင်းချောင်းဖျားဘက်မှ ပြန်လာကြရာ လမ်းတစ်နေရာတွင် ခေတ္တဝင်နားကြရင်း လွန်ခဲ့သော ငါးနှစ်ခန့်က အကြောင်းများကို ပြန်လည် တွေးတောနေခြင်း ဖြစ်သည်။

ယခုတော့ ဒေါက်တာမင်းထင်ကျော်သည် ရန်ကုန်သို့ မပြန်ဖြစ်တော့ဘဲ တောင်တန်းများပေါ်မှာ လှည့်လည်နေထိုင်ရင်း မိမိ ဝါသနာပါသော အလုပ်များကို ဖောက်ချ လုပ်ကိုင်လျက် ဘဝဟောင်းကို ဖာက်မြှုပ်ထားလျက် ရှိနေတော့သည်။

သူတို့ရောက်နေသော တောင်ကြောမှာ အထိကရ ရှိလှသော တောင်ကြောရှည် ဖြစ်သည်။

တောင်ထိပ်ဇုပေါ်မှ လှမ်းမျှော်ကြည့်လိုက်လျှင် မြစ်တစ်စင်းကို လှမ်းမြင်ရလေသည်။

တောင်ထိပ်ပေါ်မှ လှမ်းကြည့်သောအခါ မြွေလိမ် မြွေကောက် စီးဆင်းနေသော မြစ်ရေပြင်ကိုပင် တွေ့နိုင်ပေသည်။

ထိုမြစ်သည် မြန်မာနိုင်ငံ မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းနေသော မြစ်ကြီးလေးစင်းတွင် တစ်စင်းပါဝင်သော စစ်တောင်းမြစ်၏ မြစ်ဖျားခံရာ ဆင်သေမြစ်ပင် ဖြစ်သည်။





ဆင်သေမြစ် ဟူသော အမည်မှာ ဒေသအခေါ်အဝေါ်ဖြစ်ပြီး အချို့ကလည်း ပေါင်းလောင်းချောင်းဖျား ဟုလည်း ခေါ်ကြသည်။

ဆင်သေမြစ်၊ ပေါင်းလောင်းချောင်းဟု ဒေသအခေါ်အဝေါ် ရှိသော်လည်း ရေနီကျော်လာပြီး ပဲခူးတိုင်းနှင့် မွန်ပြည်နယ်ဘက်သို့ ရောက်သောအခါ စစ်တောင်းမြစ်ဟု လူသိများပေသည်။

စစ်တောင်းမြစ်၊ စစ်တောင်းတံတား စသည်တို့ နယ်ချဲ့တော်လှန်ရေး စစ်ပွဲကာလအတွင်းက နာမည်ကျော် ထင်ရှားခဲ့သော နေရာများပင် ဖြစ်သည်။

သို့ကြောင့်...

ဆင်သေမြစ်၏ အရှေ့ဘက်ခြမ်းရှိ အထိကရ တောင်ကြောကြီးကို ရှမ်းရိုးမ၊ အရှေ့ရိုးမဟု နာမည်နှစ်မျိုးဖြင့် ခေါ်ဝေါ်ကြသလို ထိုတောင်တန်းကြီးများကပင် ပျဉ်းမနားနယ်နှင့် ရှမ်းပြည်နယ်ကို မဟာရံတံတိုင်းသဖွယ် ပိုင်းခြားထားလေတော့သည်။

ပင်လောင်း၊ ဖဲခုံ၊ မိုးဗြဲ နယ်မြေတို့ အကြားဝယ် ထီးထီးမားမားဖြင့် ခံ့တားထားသော တောင်ကြောကြီးများ ရှိကြပေသည်။

အရှေ့ရိုးမ၏ တောင်ကြော တောင်လွှားတို့၌ကား တောင်ပေါ်နေ ကရင်လူမျိုးတို့၏ နေထိုင်ကြသော နေရာများနှင့် တောင်ပေါ်စိုက်ခင်းများ ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်တန်းကြီးများ ပေါ်မှာတော့ စိမ်းလန်းသော သစ်တောကြီးများက ဖုံးလွှမ်းထားကြလေ၏။

ကျွန်း၊ ပျဉ်းကတိုး၊ ကညင်၊ အင်ပင်၊ မျောက်ချော့ပင်၊ ကနစိုပင်ကဲ့သို့ အဖိုးတန် အပင်ကြီးများက နေပြောက်မထိုးအောင် ရှိနေကြသကဲ့သို့ ရွှေဝါး၊ ဝါးဆိုး၊ တင်းဝါး၊ ကြက်သောင်းဝါး၊ သိုက်ဝါး၊ မျှင်ဝါး စသော ဝါးတောများကလည်း သူ့နေရာနှင့်သူ သူ့အကွက်နှင့်သူ ပေါက်ရောက်လျက် ရှိနေကြသည်။ ထို့ပြင် သစ်တောများထဲမှာ အဖိုးတန် သစ်ခွပန်းမျိုးစုံနှင့် ဂမုန်းမျိုးနွယ်တို့ကလည်း ပေါလှပေသည်။

တောနက်သလို တောပျော် တိရစ္ဆာန်များ ဖြစ်သော ဆင်၊ ကျား၊ ကျားသစ်၊ မြွေ၊ ကြွ အစရှိသော တောနေ တိရစ္ဆာန်တို့ကိုလည်း နေရာအနှံ့ တွေ့နိုင်ကြပေသည်။

ဒေါက်တာမင်းထင်ကျော်သည် သက္ကလပ်ဦးထုပ် ကာကီရောင်အင်္ကျီ၊ ဘောင်းဘီတို့ကို ဝတ်ထားပြီး တောစီးဖိနပ်ကို စီးထားသည်။

တောထဲမှာ နှစ်အတန်ငယ်ကြာသည်အထိ လှည့်လည်နေထိုင်သောကြောင့် အသားမှာ အညိုရောင် သမ်းနေပြီး မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး အချို့ရှိကာ အနည်းငယ်ရင့်ကျက်သော အမူအရာမျိုး ရှိလေသည်။

သူ့မှာ အမဲပစ်သေနတ်တစ်လက်၊ မှန်ပြောင်း၊ ရေဘူး၊ ဓား၊ ကျည်ဆန်အိတ်၊ ရိက္ခာ၊ ဆေးဝါးနှင့် တိုလီမိုလီ ထည့်ထားသော ကျောပိုးအိတ်တို့ ပါလာသည်။





သူ့နောက်မှ အဖော်လိုက်လာသူ နှစ်ယောက်အနက် တစ်ယောက်မှာ ဦးမွန်ထော်ဖြစ်ပြီး အသက်ငါးဆယ်ကျော် အရွယ်ရှိ ကရင်အမျိုးသားကြီးတစ်ဦး ဖြစ်သည်။

၎င်းဆီမှာတော့ ဒူးလေး၊ အဆိပ်လူးမြားဘူး၊ ဓား၊ လှံတို့နှင့် ပစ္စည်းထည့်ထားသော ပလိုင်းတစ်လုံး ပါသည်။

နောက်တစ်ယောက် အသက် နှစ်ဆယ်ကျော်မျှသာ ရှိသေးသော ကရင်အမျိုးသား လူငယ်တစ်ဦး ဖြစ်သည်။

၎င်းက ခမောက် ဆောင်းထားပြီး အင်္ကျီလက်တိုနှင့် ဘောင်းဘီရှည်ကို ဝတ်ဆင်ထားသည်။

ခြေထောက်မှာတော့ မော်တော်ကားတာရာကို လှီးပြီး ဖိနပ်ပြုလုပ်ထားသော ခြေသိုင်းဖိနပ်ကို စီးထားသည်။

သူ့ဆီမှာတော့ ၁၂ ဘို့ နှစ်လုံးပြူး သေနတ်တစ်လက် အပြင် ကျောတွင် သစ်သားအိမ်ဖြင့် ထည့်ကာ သိုင်းလွယ်ထားသော ဓားရှည်တစ်လက် ပါသေးသည်။

ပစ္စည်းများကိုတော့ လွယ်အိတ်တစ်လုံးထဲမှာ စုထည့်ကာ စလွယ်သိုင်း လွယ်ထားလေသည်။

ဦးမွန်ထော်နှင့် စောထီးတို့မှာ ဒေါက်တာမင်းထင်ကျော်နှင့် အတူနေကြပြီး သွားလေရာ အတူ လိုက်ပါကြသူများ ဖြစ်သည်။

သူတို့သုံးယောက်ဆီမှာ လွယ်အိတ်တစ်လုံးဖြင့်ထည့် ယူလာသော လေးလံသော ပစ္စည်းများလည်း ပါလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအိတ်ကိုတော့ ဦးမွန်ထော်နှင့် စောထီးတို့ တစ်ယောက် တစ်လှည့်စီ သယ်ယူလာခြင်းဖြစ်၏။

သူတို့သုံးယောက် ပေါင်းလောင်း ချောင်းဖျားဘက်သို့ တက်ကာ သတ္တုရှာရာမှ ပြန်လာကြခြင်း ဖြစ်၏။

ရှေ့ဆုံးမှ သေနတ်ထမ်းကာ လျှောက်နေသော ဒေါက်တာ မင်းထင်ကျော်သည် အင်တိုင်းတောများ ရှိရာ တောင်ကြောတစ်ခုအပေါ် တက်သွားလေသည်။

ထိုနေရာသည် "သုံးမြေဆုံ" နေရာပင်ဖြစ်၏။

အဘယ်ကြောင့် သုံးမြေဆုံ နေရာဟု ခေါ်ခဲ့ကြသည်ကို မသိကြသော်လည်း ထိုနေရာသည် တောကောင်ကြီးများ အလွန်ပေါသော နေရာပင် ဖြစ်သည်။

တောင်ထိပ်ပေါ်သို့ ရောက်သောအခါ ဒေါက်တာ မင်းထင်ကျော်က ရပ်လိုက်သဖြင့် နောက်မှ လိုက်လာသူ နှစ်ယောက်ကပါ ရပ်လိုက်ကြသည်။

"တို့ ဒီနေရာမှာ ခဏနားကြရအောင်၊ ဒီသုံးမြေဆုံ နေရာက လှမ်းကြည့်ရင် အရိုးတောင်ကို မြင်ရတယ်ဆိုတာ သေသေချာချာ ကြည့်ကြရအောင်"

ဟု ပြောလိုက်လေသည်။

"ဟုတ်ကဲ့... ဒီသုံးမြေဆုံ တောင်ကြောထိပ်ပေါ်က လှမ်းကြည့်ရင် အရိုးတောင်ကို သေသေချာချာ မြင်နိုင်ပါတယ်၊ ဒါ့ထက် ဆရာ့ဆီမှာ အဘထော် ကောက်ပေးတဲ့ ကျောက်တုံး တွေ ပါလာတယ်နော်"





စောထီးက အထုပ်အပိုးတွေချရင်း မေးလိုက်ရာ ဒေါက်တာမင်းထင်ကျော်က မျက်နှာပေါ်မှ ချွေးသီးချွေးပေါက်များကို လက်ကိုင်ပဝါဖြင့် သုတ်ရင်း...

"ပါ,ပါတယ်ကွယ်၊ ငါလိုချင်တဲ့ ကျောက်တုံးကျောက်ခဲ နမူနာတွေ ဟိုအိတ်ထဲမှာ အားလုံး စုထည့်ယူလာပါတယ်၊ တစ်နေရာစီက ရတာတွေကို မရောရလေအောင် တစ်ထုပ်စီ ခွဲထုပ်ထားသေးတယ်"

သုံးယောက်သား ပါလာသော အထုပ်များကို တစ်နေရာတွင် စုပုံချထားခဲ့ပြီး အမြင့်ဆုံး တောင်ကုန်းထိပ်ဘက်သို့ တက်ခဲ့ကြသည်။ သုံးမြေဆုံ တောင်ထိပ်ဘက်တွင် ထူးခြားသော နေရာ တစ်နေရာ ရှိသည်။

ထိုနေရာမှာ မြေပြင်မှ သဘာဝအလျောက် ထိုးတက်လာသော ကျောက်ပြားကြီးတစ်ချပ်သည် အပေါ်ရောက်သောအခါ အပြားလိုက်ကြီး အောက်ဘက်သို့ ကိုင်းကျနေရာ အောက်ဘက်၌ လူလေးငါးယောက်ခန့် မိုးခိုနေနိုင်လောက်အောင် ကျယ်ဝန်းမှုရှိသည်။

ထိုနေရာအောက်မှာ သဘာဝလေကလေး တဖြူးဖြူးနှင့် အပန်းဖြေချင်စရာ ကောင်းသောနေရာ ဖြစ်သည်။

ထိုနေရာ ရောက်သောအခါ သုံးယောက်သား ဝင်ရောက်နားကြပြီး မိမိတို့တွင် ပါလာသော အစားအသောက်များနှင့် ကွမ်း၊ ဆေး၊ လက်ဖက်များကို စားသောက်ကြရင်း စကားပြောနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စောထီးက ဦးမွန်ထော်ထံမှ ကွမ်းတစ်ယာ တောင်း၍ ဝါးနေရင်းမှပင်...

"အဘထော်... ဆရာ့ကို အရိုးတောင်ရှိတဲ့ နေရာကို ပြပြီး အဲဒီအကြောင်း ပြောပြလိုက်ပါဦး၊ ဆရာက ကျုပ်တို့ နယ်ကို ရောက်နေခဲ့တာ နှစ်အတော်ကြာပြီ၊ ဒါပေမယ့် ကျုပ်တို့ ကရင်လူမျိုးတွေရဲ့ စည်းကမ်းကြောင့် အရိုးတောင်ကိုတော့ တစ်ခေါက်မှ မရောက်သေးဘူး မဟုတ်လား"

ဟု ပြောလိုက်သည်။ ဒေါက်တာမင်းထင်ကျော် ထိုနယ်ဘက်သို့ ရောက်နေခဲ့သည်မှာ ငါးနှစ်ခန့်ရှိခဲ့ပြီမို့ သူ မရောက်ဘူး မသွားဘူးသောနေရာ မရှိသလောက် ရှိနေပေပြီ။

သူနှင့်အတူ လာရောက် နေထိုင်ကြသော စောထီးနှင့် ဦးမွန်ထော်တို့ကလည်း ထိုမြေမှာမွေး၊ ထိုနေရာမှာ ကြီးပြင်းခဲ့ကြသူများမို့ ထိုနယ်မြေတစ်ဝိုက်နှင့် ပတ်သက်လာလျှင် အပ်ချထားရင်တောင် တွေ့အောင် ရှာနိုင်သူများမို့ ခက်ခဲပြီး လူသူ အရောက်အပေါက်နည်းသော နေရာများကိုပင် လိုက်ပို့ပေးခဲ့ကြသည်။

ဒါပေမယ့် ဒေါက်တာမင်းထင်ကျော်မှာ အရိုးတောင်ကိုတော့ တစ်ကြိမ်တစ်ခါမှ မရောက်ဖြစ်သေးပေ။

အဘယ့်ကြောင့်ဆိုသော်...

အရိုးတောင်ဟူသည် ကရင်လူမျိုးတို့ အလေးအမြတ်ထားသော နေရာဖြစ်သောကြောင့် လူစိမ်းများ သွားရောက်ခွင့် မရှိပေ။





စောထီးစကားကြောင့် ဦးမွန်ထော်က သောက်လက်စ ဝါးမြစ်ဆုံ ဆေးတံကြီးကို တဒေါက်ဒေါက် ခေါက်နေရင်းမှ သူတို့ရောက်နေသော နေရာမှ တောင်ဘက်ယွန်းယွန်းဘက်သို့ လက်ညှိုးထိုးပြလေသည်။

"ဆရာလေး... ကျုပ်ပြတဲ့ တောင်ကို ကြည့်လိုက်စမ်းပါ၊ သေသေချာချာ ကြည့်ရင် လူတစ်ယောက် ပက်လက်လှန်ပြီး အိပ်နေတာနဲ့ မတူပေဘူးလား"

ဟု ပြသဖြင့် ဒေါက်တာမင်းထင်ကျော်က လှမ်းကြည့်လိုက်သောအခါ ဦးမွန်ထော် ပြောသည့်အတိုင်းပင် လူတစ်ယောက် ပက်လက်လှန် အိပ်နေသည်နှင့် လွန်စွာတူလှသော တောင်တစ်တောင်ကို လှမ်းမြင်ရလေသည်။

"တောင်ဘက်က ခြေထောက်နဲ့တူတယ် ဆရာ၊ မြောက်ဘက်ကတော့ ဦးခေါင်းပဲ၊ အရိုးတောင်ဆိုတာ ကျုပ်တို့ ကရင်လူမျိုးတွေ ဘိုးစဉ်ဘောင်ဆက်ကတည်းက ကရင်လူမျိုးတွေ အနိစ္စရောက်ကြရင် အဲဒီ သေဆုံးသွားတဲ့လူ ပိုင်ဆိုင်ခဲ့တဲ့ ရွှေငွေ၊ လက်နက်ပစ္စည်း၊ အဝတ်အစားတွေပါ မကျန်ရအောင် ကျန်ရစ်ခဲ့တဲ့ ဆွေမျိုးသားချင်းတွေက အဲဒီအရိုးတောင်ထိပ်ပေါ်မှာရှိတဲ့ ဂူပေါက်ထဲကို သွားပစ်ချပေးရတယ်"

"ဟင်"

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ လူပေါင်းများစွာတို့ ပိုင်ဆိုင်သော ပစ္စည်းများကို ပစ်ချထားသော အရိုးတောင်



www.burmeseclassic.com

www.burmeseclassic.com



ထိပ်မှ ဂူပေါက်ထဲမှာ ရတနာများ တောင်ပုံရာပုံ ရှိနေမည်ကို မြင်ယောင်နေမိတော့သည်။

"အဲဒီလို ဘာကြောင့် လုပ်ကြတာလဲဟင်"

"အဓိပ္ပာယ်ကတော့ သေဆုံးသူ ပိုင်ဆိုင်သမျှ ပစ္စည်းတွေကို နောင်ဘဝအတွက် သူကိုယ်တိုင် သုံးစွဲဖို့ ပစ္စည်းခွဲဝေပေးတာပဲ ဆရာလေး"

ဦးမွန်ထော်တို့ ကရင်လူမျိုးတို့၏ အရေးကြီးလှသော လျှို့ဝှက်ချက်ကို အခြားသူများ သိခွင့်မရှိပေ။

မပြောရပေ။ သို့သော်လည်း ဒေါက်တာမင်းထင်ကျော်က ကရင်လူမျိုးတို့၏ လေးစားခြင်း၊ ယုံကြည်စိတ်ချခြင်း ခံသောသူဖြစ်သဖြင့် ထိုအကြောင်းကို ဖွင့်ပြောပြခြင်းဖြစ်သည်။

"ဆရာလေး လှမ်းကြည့်တဲ့အခါ တောင်ရဲ့ ခြေရင်းပိုင်းနဲ့တူတဲ့ တောင်ဘက်စူးစူးက သစ်ပင်ချုံနွယ်တွေ ရှင်းတဲ့နေရာကို မြင်ရဲ့မဟုတ်လား။ အဲဒါ ကျုပ်တို့ ကရင်အမျိုးသားတွေ သေရင် မြှုပ်နှံတဲ့ သင်္ချိုင်းနေရာပဲ"

"မြင်ရပါတယ်"

"အဲဒီနေရာကို သူစိမ်းလူတွေ ဝင်တာမပြောနဲ့ ကိုယ့်ရွာက လူတွေတောင် အကြောင်းမရှိဘဲ သွားတာ လာတာ မကြိုက်ကြဘူး။ လူကြီးတွေက အဲဒီနေရာကို သွားတာမြင်ရင် အားကြီး စိတ်ဆိုးကြတယ်"

ဦးမွန်ထော်က ၎င်း၏ ဝါးမြစ်ဆုံခေါးတံထဲသို့ ကိုယ်တိုင်လိုးထားသော ဆေးမှုန့်များကိုထည့်ကာ မီးညှိပြီးဖွာနေလေသည်။





ဒေါက်တာမင်းထင်ကျော်ကတော့ လွယ်အိတ်ထဲ မြေပုံစာရွက်အဖောင်း တစ်ရွက်နှင့် အိမ်မြှောင်ခွက်ကလေးကို ထုတ်၍ မြေကြီးပေါ်သို့ ချကာ တောင်နှင့်မြောက် စနစ်တကျ ချိန်ကိုက်ပြီးသောအခါ အရိုးတောင်ရှိသော နေရာကို သိရသောအခါ မြေပုံပေါ်၌ ခဲတံအနီဖြင့် ရေးမှတ်လိုက်လေသည်။

ထို့နောက်... မှန်ပြောင်းဖြင့် ကြည့်နေလေသည်။

ဦးမွန်ထော် ပြောပြသည့်အတိုင်းပင် အရိုးတောင်၏ ပုံသဏ္ဌာန်မှာ လူတစ်ယောက် ပက်လက်လှန်ပြီး အိပ်နေသကဲ့သို့ နဖူး၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ် နေရာများပါ တူရုံမက ရင်ဘတ်နေရာ၊ ခြေထောက်နေရာ၊ လက်နေရာများပါ အားလုံးတူလေသည်။

အသေအချာ ကြည့်ပြီးသောအခါ မှန်ပြောင်း၊ အိမ်မြှောင်ဘူး၊ မြေပုံတို့ကို လွယ်အိတ်ထဲသို့ ပြန်ထည့်လိုက်ပြီး ၎င်းတို့ သယ်ဆောင်လာသော အိတ်ကို စောထီးအား အယူခိုင်း၍ အထဲမှ ကောက်ယူလာသော ကျောက်ခဲအချို့ကို အပြင်သို့ ထုတ်လိုက်လေသည်။

ထို့နောက်...

အရောင်မှာ ရွှေရောင်ကဲ့သို့ ဝင်းဝါနေပြီး အလေးချိန် နှစ်နှစ်ကာကာ ရှိလှသော အတုံးကို သံမဏိတူဖြင့် ထုခွဲပြီး အတွင်း အပြင်ပိုင်းတို့ကို အသေအချာ လေ့လာကြည့်ရှုလေသည်။

ပြီးလျှင် အတွင်းသားကို လျှာဖြင့် တို့ကြည့်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကျေနပ်လောက်အောင် စစ်ဆေးကြည့်ပြီးသော အခါမှ ဆေးတံသောက်နေသော ဦးမွန်ထော်ဘက်သို့လှည့်ပြီး–

"အဘထော်... ဒီကျောက်တုံးတွေကို အရိုင်းတောင်ရဲ့ ဘယ်နေရာက ကောက်ယူလာတယ်ဆိုတာ ကျွန်တော့်ကို ပြောပြပါဦး"

ဟု လက်ထဲမှ ကျောက်တုံးကို မြှောက်ပြရင်း မေးလိုက်သည်။

"ဒီအတုံးတွေလား... တခြားနေရာက ယူတာမှတ်လို့၊ အရိုင်းတောင်ကို ရောက်တုံးက တောင်ရဲ့အလယ်က ထိုးထွက်နေတဲ့ ကျောက်တုံးကို ဓားနှောင့်နဲ့ ထုဖဲ့ပြီး ယူလာတဲ့ဟာ တွေပါ၊ အရိုင်းတောင်တစ်ဝိုက်မှာ ဒီလိုကျောက်တုံးမျိုးတွေကတော့ အားကြီးပေါတယ် ဆရာလေး။ ဆရာလေး လိုချင်ရင် ပလိုင်းဘယ်နှစ်လုံးစာ သွားယူခဲ့ရမလဲ ပြောပါ"

ဟု အရေးမကြီးလှသောဟန်ဖြင့် ပြန်ပြောလေသည်။

"ဒီလိုမဟုတ်ပါဘူး၊ ဒီကျောက်တုံးတွေကို ခင်ဗျားတို့ ကရင်အမျိုးသားတွေ ပစ္စည်းတွေပစ်ချတဲ့ တွင်းကြီးထဲက ယူလာခဲ့တာလားလို့ မေးတာပါ"

"မဟုတ်ပါဘူး ဆရာလေး၊ ဒီတွင်းနက်ကြီးထဲကို တစ်ယောက်တည်း ဘယ်ဆင်းဝံ့မှာလည်းဗျာ၊ ဒီတွင်းကြီးက အနက်ကြီးရယ်၊ အထဲမှာလည်း မှောင်မှုန်နေပြီး အဆိပ်ပြင်းတဲ့ မြွေဆိုးတွေ အများကြီးရှိတယ်၊ ဆင်းတာနဲ့ ဘယ်သူဖြစ်ဖြစ် သေမှာပဲ"





ဦးမွန်ထော်က ဆေးတံကို မီးခိုးငွေ့များ တထောင်းထောင်း ထ,လာအောင် ဆက်ဖွာပြီးမှ ဆက်ပြောသည်။

"ဒီတွင်းထဲက ပစ္စည်းတွေကို ယူရင် သေဆုံးတဲ့လူတွေရဲ့ ဝိညာဉ်တွေက ဘယ်ကြိုက်မှာလဲ၊ ဒီကျောက်တုံးတွေက ကျောက်ဆောင်အလယ်က ထိုးထွက်နေတဲ့ ကျောက်တုံးကြီးက ဖဲ့ယူလာတာပါ။ ဘာဖြစ်လို့လဲ ဆရာလေးရဲ့၊ ဆရာလေးအတွက် အသုံးမဝင်လို့လား။ အသုံးမဝင်ရင် အလေးခံပြီး ဘယ်မနေနဲ့တော့လေ၊ တောင်အောက်ကိုသာ တစ်ခါတည်း ပစ်ချလိုက်ရုံပေါ့ဗျာ"

ဟု အရေးမကြီးသည့် လေသံဖြင့် ပြောလိုက်လေသည်။

"ဒါတွေက တကယ့်ကို အဖိုးတန်တဲ့ သတ္တုရတနာတွေ အဘထော်ရဲ့၊ ဒီအကြောင်းတွေကို တခြားလူတွေ အသိပေးလို့ မဖြစ်ဘူး၊ အထူးသဖြင့် အောက်နက်ဘက်ကလာတဲ့ လူတွေ သိလို့ လုံးဝမဖြစ်ဘူး။ အဲဒီလိုသိရင် သူတို့က အရိုင်းတောင်ကြီးကို ဖျက်ဆီးပစ်ကြလိမ့်မယ်"

ဟု ဒေါက်တာမင်းထင်ကျော်က အလေးအနက်ထားသော အမူအရာဖြင့် ပြောလိုက်သောအခါ ကျန်နှစ်ယောက်က ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေကြလေသည်။

"တကယ်တော့ ခင်ဗျားတို့ရဲ့ အရိုင်းတောင် ဆိုတာ စိတ်ဝင်စားစရာ ကောင်းလှတဲ့ ရတနာသိုက်ကြီးတစ်ခုဆိုရင်လည်း မမှားဘူး"

ထိုစကား ကြားသောအခါ စောထီးက...



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ စိတ်ဝင်စားတယ်ဆိုရင် အဲဒီနေရာကို သွားကြည့်ချင်သလား။ ဆရာ သွားမယ်ဆိုရင် ကျွန်တော်တို့ နှစ်ယောက်စလုံး လိုက်ပို့ပေးမယ်လေ"

ဟု အားတက်သရော ပြောလိုက်လေသည်။

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်က တစ်ချက် ပြုံးလိုက်လေသည်။

"ငါ့ရဲ့အပေါ်မှာ အခုလို ယုံကြည်စိတ်ချမှုရှိတာ ဝမ်းသာပါတယ်၊ ဒါပေမယ့် အရိုးတောင်ကို ငါ မသွားပါဘူးကွာ"

"ဘာဖြစ်လို့လဲ ဆရာ"

စောထီးက တအံ့တဩ ပြန်မေးလိုက်သည်။

"စည်းကမ်းဆိုတာ ဘယ်လူမျိုးမဆို အလေးထားရတယ်၊ လေးစားရတယ်၊ လိုက်နာရတယ်၊ ယုံကြည်မှု၊ ခင်မင်မှု၊ လေးစားမှုတွေကို အခွင့်ကောင်းယူပြီး စည်းမဖောက်ရပါဘူး။ လူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ် သူ့စည်း ကိုယ့်စည်း ဆိုတာ ရှိသလို လူမျိုးတစ်မျိုးနဲ့ တစ်မျိုးမှာလည်း ဓလေ့ထုံးစံနဲ့ စည်းကမ်းတွေကို လိုက်နာကြရတယ်၊ အဲဒါတွေကို စည်းမကျော်ရပါဘူး"

ဒေါက်တာမင်းထင်ကျော်က ထိုစကားကို ပြောသောအခါ ဦးမွန်ထောင်နှင့် စောထီးတို့မှာ တအံ့တဩဖြင့် နားထောင်နေကြလေသည်။

"ကျုပ်တို့ဗျာ အသက်အရွယ် ဒီလောက်ရလာခဲ့ပါပြီး တခြားလူမျိုးတွေ မဆိုထားနဲ့ ကျုပ်တို့ ကရင်လူမျိုးတွေထဲ





မှာတောင်မှ အဲဒီလို သဘော မထားနိုင်တဲ့လူတွေ ရှိပါတယ်၊ တခြားလူတွေကလည်း အရိုးတောင်တစ်ဝိုက်မှာ ရတနာပစ္စည်းတွေ ရှိမှန်းသိလို့ သွားချင်ကြတယ်၊ ဒီနားတစ်ဝိုက်မှာ နေကြတဲ့ လူတွေကလည်း ဒီအတိုင်းပါပဲ၊ ဆရာလေးနဲ့ကျမှပဲ ကျုပ်တို့က လိုက်ပို့ပေးပါ့မယ် ဆိုတာတောင် မသွားပါဘူးလို့ ပြောတယ်"

ဟု ဦးမွန်ထောင်က တအံ့တဩ ပြောနေလေသည်။

"ဒါကြောင့် ဆရာ့ကို ကျုပ်တို့ ကရင်လူမျိုးတွေက ချစ်ခင် လေးစားကြတယ်၊ ယုံကြည် အားထားနေကြတာပေါ့ အဘတော်ရယ်"

ဟု စောထီးကပါ ဝင်ပြောလိုက်လေသည်။

"ဒါကတော့ကွာ ငါကိုယ်တိုင်ကလည်း အရိုးတောင်ကို စိတ်ဝင်စားပါတယ်၊ ဒါပေမယ့် အကြောင်းကြီးငယ် မရှိဘဲနဲ့ သက်သက်မဲ့ မသွားချင်လို့ပါ၊ ဒါထက် စောထီးရေ... တို့အဖွဲ့ စခန်းချနေတဲ့ နေရာကနေ ဒီသုံးမြွာဆုံ နေရာ ရောက်အောင် ဘယ်နှစ်မိုင်လောက် ဝေးမယ်ထင်သလဲ"

"ဘာလောက် ဝေးတာမှတ်လို့ ဆရာရယ်၊ ယောက်ျားခြေနဲ့ သွားရင် ခဏလေးပါပဲ၊ အရင်က ကျွန်တော်တို့တစ်တွေ ဒီဘက်ကို မျောက်လာပစ်ရင်း မကြာခဏ ရောက်ကြတယ်၊ အလွန်ဆုံးရှိမှ ခြောက်မိုင်၊ ခုနစ်မိုင်ပေါ့"

ဒေါက်တာမင်းထင်ကျော်က မိမိတို့ စခန်းချနေထိုင်သော နေရာမှ သုံးမြွာဆုံ တောင်ကြောထိအောင် ခန့်မှန်းမိုင်



www.burmeseclassic.com

www.burmeseclassic.com



အကွာအဝေး ရေးမှတ်ပြီး သုံးမြေဆုံမှ အရိုးတောင်ရှိရာကို ခန့်မှန်း တွက်ချက်ကြည့်နေသည်။

"ဒီနေရာကနေ အရိုးတောင်ကို သွားမယ်ဆိုရင် ပောဒီ တောင်ခြေရင်းက စမ်းချောင်းကိုဖြတ်ပြီး ပရစ်တောင် တစ်တောင် ကို ကျော်လိုက်ရင် အရိုးတောင်ကို တန်းရောက်နိုင်မှာပေါ့"

"ဟုတ်တယ်"

"ဒီခရီးဆိုရင် အဝေးဆုံး ငါးမိုင်လောက်ပဲ ရှိမယ်ထင် တယ်"

"ဒီလောက်ပဲရှိမယ် ဆရာလေး၊ ကျုပ်တို့ ကရင်ခြေ မျိုးနဲ့ လျှောက်ရင် အလွန်ဆုံးသွားရ တစ်နာရီပဲ၊ ဟိုဘက် ရောက်တော့ တောင်ဆင်းခရီးချည်းပဲ၊ တောင်ဆင်းခရီးဆိုတာ သိပ်ပြီး ခရီးပေါက်တာမျိုးပဲ"

ဟု ဦးမွန်ထောင်က ပြောပြနေသည်။

ဒေါက်တာမင်းထင်ကျော်က ၎င်း၏ မှတ်စုစာအုပ်ထဲ တွင် သုံးမြေဆုံ နေရာ၏ အနေအထား၊ အရိုးတောင် ရှိနေ သော နေရာကို ခန့်မှန်းကာ မြေပုံကြမ်းတစ်ခုကို ရေးဆွဲပြီး ခရီးလမ်းညွှန်နှင့် မိုင်အကွာအဝေး ခန့်မှန်းချက်များကိုပါ ရေးထည့်ထားလိုက်လေသည်။

"အရိုးတောင်မှာ ရတနာတွေရှိမှန်းသိတော့ တခြားက လာမရှာကြဘူးလား"

"မရှာဘဲနေပါ့မလား ဆရာရယ်၊ လာကြတာပေါ့၊ ဒီနေရာကို မြစ်အနောက်ဘက်မှာနေတဲ့ လူတွေ မကြာခဏ





ရောက်လာပြီး ကျုပ်တို့ ဆွေမျိုးတွေ မြှုပ်ထားတဲ့ ရတနာ တွေကို လာရှာကြတာပေါ့"

"အဲဒီလိုရှာတော့ ရတနာပစ္စည်းတွေ ရကြရဲ့လား"

"မရကြဘူးလေ... ဆရာလေးသိအောင် ပြောရရင် ကျုပ်တို့ လူမျိုးတွေက အဲဒီပစ္စည်းတွေကို ကျိန်စာဆိုပြီးမှ ထားတာဆိုတော့ လွယ်လွယ်နဲ့ ဘယ်ရနိုင်ပါ့မလဲ"

"ဘယ်လို ကျိန်စာမျိုးတွေ ထားတာလဲဗျ"

"ကျုပ်တို့ သန့်စင်စွာထားတဲ့ ပစ္စည်းတွေကို ဖျက်ဆီးဖို့ ရောက်လာသူတွေမှန်သမျှ ဘေးအန္တရာယ်ဆိုး အမျိုးမျိုးနဲ့ တွေ့ရပြီး မပြန်လမ်းကို မြန်းရပါစေ ဆိုတဲ့ ကျိန်စာပဲ၊ ဒါကြောင့် ဒီအတွက် လာတဲ့လူတွေမှန်သမျှ အသေဆိုးနဲ့ သေကြတာ များပါတယ်"

ဒေါက်တာမင်းထင်ကျော်သည် ကျိန်စာတိုက်ထားသော လူတစ်ယောက်နှင့် တူလှသည့် အရိုးတောင်ကြီး ရှိရာသို့ တစ်ချက်လှမ်းကြည့်ပြီး သက်ပြင်းတစ်ချက် ချလိုက်သည်။

ဦးမွန်ထောင်က ဆေးတံကို တစ်ဖွာနှစ်ဖွာ ဖွာပြီး ဆက်ပြောပြသည်။

"အင်္ဂလိပ် လက်ထက်ကဆိုရင် သတ္တုတွင်းတူးတဲ့ အင်္ဂလိပ်မျက်နှာဖြူ နှစ်ယောက်၊ ကွမ်းထမ်းသမား လမ်းပြ တစ်ယောက်တို့ လာကြသေးတယ်၊ သူတို့မှာ ပါတဲ့ ဒိုင်းနမိုင်း တွေ အလိုလိုပေါက်ကွဲပြီး သုံးယောက်စလုံး သေသွားကြတယ်"

"အင်း... ပြောပြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"နောက် ပျဉ်းမနားဘက်ကဆိုလား၊ ဥစ္စာရှာဖို့လာတဲ့ လူသုံးယောက်လည်း မြွေတွင်းထဲကျပြီး သေကြတယ်၊ ကျန်ခဲ့တဲ့ လေးငါးနှစ်ကတောင် ရန်ကုန်က လူသုံးယောက် ရောက်လာကြသေးတယ်၊ နှစ်ယောက်ကတော့ တောထဲမှာ သေပြီးကျန်ခဲ့တယ်၊ တစ်ယောက်က ငှက်ဖျားရောဂါ အကြီးအကျယ်မိပြီး ပြန်သွားလေရဲ့၊ ဒါပေမယ့် ရောဂါ ဒီလောက်ဖြစ်မှဆိုရင် အသက်မရှင်နိုင်ပါဘူး"

ဟု ပြောပြလေသည်။ နောက်ဆုံး လာသွားသည်ဆိုသော လူသုံးယောက်မှာ ရန်ကုန်မှ ဦးထွန်းဖဲ လွှတ်လိုက်သော ဦးအာဟန်တို့ လူစုပင်ဖြစ်၏။

"အဲဒီနောက်ပိုင်းတော့ ကျန်တဲ့လူတွေလည်း သိပ်မလာဝံ့ကြတော့ပါဘူး၊ အရိုးတောင်ဆိုတာ ကျုပ်တို့ ကရင်လူမျိုးတွေ အလေးအမြတ် ထားတာဆိုတော့ ကျုပ်တို့ထဲက လူခံတစ်ယောက်ယောက် မပါဘဲ မသွားတာ အကောင်းဆုံးပဲ"

ဟု ပြောလေရာ ဒေါက်တာမင်းထင်ကျော်က စိတ်ဝင်စားသောကြောင့် လွယ်အိတ်အတွင်းမှ မှန်ပြောင်းကို ထုတ်ပြီး ထပ်မံကြည့်ရှုနေပြန်သည်။ ကရင်လူမျိုးတို့၏သင်္ချိုင်း သို့မဟုတ် အရိုးတောင်ကြီးမှာ အဝေးမှ လှမ်းကြည့်ရသည်ပင် စိတ်ဝင်စားဖွယ်ရာ ကောင်းလှပေသည်။

အရိုးတောင်၏ အမြင့်မှာ ပေနှစ်ထောင် ကျော်ခန့်လောက်ပင်ရှိပြီး ကျောက်တုံး ကျောက်ခဲများ၊ တောင်ထွတ်များ၊ ချုံများ၊ ဝါးတောများဖြင့် ပြည့်နှက်လျက်ရှိသည်။





မြောက်ဘက်ပိုင်းနေရာတွင် နဖူး၊ နှာခေါင်း၊ ပါးစပ်၊ မေးရိုးနှင့် မျက်လုံးနှစ်လုံး နေရာပါမကျန်အောင် လူတစ်ယောက်၏ မျက်နှာပုံစံအတိုင်း တစ်ထေရာတည်း တူလှပေသည်။

ထို့ပြင်...

လက်နေရာ၊ ခြေထောက်နေရာများလည်း သူ့နေရာနှင့်သူ ရှိနေကြပြီး တောင်ခြေမှစ၍ တောင်ထိပ်ပေါ် ရောက်သည်အထိ ခပ်ပြေပြေ တက်သွားနိုင်သော လမ်းအချို့ကိုပါ လှမ်းမြင်ရသည်။

ထိုလမ်းတို့မှာ ကရင်လူမျိုးတို့ ဥစ္စာပစ္စည်းများ သွားရောက် ပစ်ချရာ လမ်းများဖြစ်နိုင်ပေသည်။

တကယ်တော့ ကရင်လူမျိုးတို့၏ အလေးအမြတ်ထားရာ သင်္ချိုင်းနေရာဖြစ်သော အရိုးတောင်မှာ ကျိန်စာတိုက်ထားသည့် ကြောက်မက်ဖွယ်ရာ နေရာတစ်ခုပင် ဖြစ်တော့သည်။

"အဲဒါကြောင့် ဆရာကိုပြောတာပေါ့၊ ဆရာက ထူးထူးဆန်းဆန်းတွေကို စိတ်ဝင်စားတယ် မဟုတ်လား၊ ဒါကြောင့် အရိုးတောင်ကို သွားချင်တယ်ဆိုရင် ကျွန်တော်တို့က လိုက်ပို့ပေးမယ် ပြောတာပေါ့"

"ဆရာကို လိုက်ပို့ပေးရင် ရွာလူကြီးတွေကလည်း စိတ်ဆိုးမှာ မဟုတ်ပါဘူး၊ နောက်ပြီး အရိုးတောင်ကိုစောင့်တဲ့ တောပိုင်, တောင်ပိုင်တွေကလည်း အပြစ်ပေးကြမယ် မထင်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဆရာက မသမာတဲ့စိတ်မျိုးမှ မရှိတာကိုး”

ဟု စောထီးက ပြောလေသည်။

“အေးပါကွာ... နောက်တစ်ခါ အဆင်ပြေတော့လည်း သွားကြသေးတာပေါ့၊ အခုတော့ အချိန်မရှိတော့ဘူး၊ တို့တစ်တွေ ရွာကထွက်လာတာလည်း ရက်အတော်ကြာပြီဆိုတော့ ရွာကလူတွေလည်း မျှော်လှရော့မယ်၊ ပြန်ကြဦးစို့ရဲ့”

“ပြန်မယ်ဆိုရင်တော့ လမ်းမှာ အမဲတစ်ကောင်လောက်တော့ ရအောင် ပစ်သွားမှဖြစ်မယ်၊ ဘာကြောင့်လဲဆိုတော့ ကျုန်တော်တို့ ပြန်လာရင် အမဲပါလာနေကျ မဟုတ်လား။ အမဲမပါရင် အပြစ်ပြောကြလိမ့်မယ်”

“အေးပါကွာ... ဆင်သေချောင်းက ဆားကျင်းဘက်ကို ဆင်းလာတဲ့ ဆတ်ဖားတစ်ကောင်လောက်ရအောင် ပစ်သွားရင် ဖြစ်ပါတယ်၊ ကိုင်း...အချိန်ကလေးရှိတုန်း သွားလိုက်ကြစို့ရဲ့”

ဟု ပြောဆိုကာ သုံးမြေဆုံတောင်ကြောပေါ်မှ ပြန်ဆင်းခဲ့ကြလေတော့သည်။





အခန်း ( ၇ )

## သံယောဇဉ်နှသ်အလှူ

အချိန်က နေဝင်တော့မည်။

အိပ်တန်းပြန် တောတိရစ္ဆာန်တို့၏ လှုပ်ရှားမှုများက နေရာအနှံ့အပြားမှာ တွေ့နေရသည်။

ဆင်သေချောင်းဘက်ဆီမှ အိပ်တန်းတက်ရန် ပြင်ဆင်နေသော ဘုတ်ငှက်အိုးသံများကို မှန်မှန်ကြားနေရသည်။

ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက်သည် စခန်းသို့ အပြန်ခရီးတွင် ဟင်းစားအတွက် အမဲတစ်ကောင် ပစ်ခတ်ရန် စိတ်ကူးဖြင့် ဆင်သေချောင်းဘက်သို့ ဆင်းလာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းစပ်နှင့် မနီးမဝေး ရောက်သောအခါ ဦးစွာ အိပ်တန်းတက်နေသော တောကြက်များ၏ အလန့်တကြား ကတော်သံများကို ကြားရသည်။

တောအတွေ့အကြုံ ရင့်ကျက်နေပြီဖြစ်သော ဒေါက်တာမင်းထင်ကျော်က ထိုနေရာဘက်မှ လူကို အန္တရာယ်ပေးနိုင်သော တောကောင် တစ်ကောင် ရောက်နေပြီကို ခန့်မှန်းမိလိုက်သည်။

တောကြက်များ ကတော်သံနှင့် မရွေးမနှောင်းမှာပင် ရှူးရှူးဝါးဝါး အော်လိုက်သော လူအော်သံများကို မသဲမကွဲ ကြားရလေသည်။

"ဟာင်"

"လာဟေ့... ဟိုဘက်မှာတော့ လူတစ်ယောက် တောကောင်နဲ့တွေ့ပြီး ဒုက္ခရောက်နေပြီ အမြန်သွားကြစို့ရဲ့"

ဟု ပြောကာ သေနတ်ကို အဆင်သင့်ပြင်ပြီး အော်သံကြားရာဘက်သို့ ခပ်သုတ်သုတ် ထွက်ခဲ့ကြသည်။

လမ်းတစ်နေရာ ရောက်သောအခါ မြေပျော့ပေါ်မှာ လတ်လတ်ဆတ်ဆတ် နင်းလျှောက်သွားသည့် လူခြေရာနှင့် ခပ်ဆင်ဆင်တူလှသည့် ခြေရာကြီးများကို တွေ့ကြရသည်။

"အမြန်လာဟေ့ စောထီး၊ ဒီမှာ ရှေ့က လူခြေရာ နောက်မှာ ဝက်ဝံခြေရာကြီးတွေ တွေ့ရတယ်၊ ရှေ့ကလူတွေ နောက်ကို ဝက်ဝံကြီးက ခြေရာနင်းပြီး လိုက်သွားတဲ့ပုံပဲ၊ အန္တရာယ်ရှိတယ်"





ရှေ့ပိုင်း ခြေချောင်းငါးချောင်း၏ အဖုအထစ်ကလေးများမှာ မြေပျော့ပျော့ပေါ်တွင် အတိုင်းသား ထင်လျက်ကျန်နေခဲ့သည်။

ဒေါက်တာမင်းထင်ကျော်က ပခုံးမှာ လွယ်ထားသော သေနတ်ကို ဖြုတ်ယူပြီး လက်ဖြင့် အဆင်သင့် ကိုင်ကာ လတ်လတ်ဆတ်ဆတ် နင်းလျှောက်သွားသော ခြေရာနောက်သို့ ထပ်ကြပ်မကွာ လိုက်သွားလေသည်။

သူတို့တက်နေသော တောင်နှာမောင်း အလွန်နေရာသို့ ရောက်သောအခါ ဝက်ဝံအော်သံ၊ မာန်ဖီသံ၊ လူနှစ်ယောက်တို့၏ ကြောက်လန့်တကြား အော်သံတို့ကို ကြားရသဖြင့် ထိုအသံကြားရာဘက်သို့ ခပ်သုတ်သုတ် ဆင်းလိုက်ခဲ့ကြသည်။

တစ်နေရာ ရောက်သောအခါ မြင်ကွင်းက မကောင်းလှပေ။ ဓားတစ်လက်ကိုင်က ကြောက်လန့်တကြား ဟန့်တားနေသော လူတစ်ယောက်ကို လွန်စွာကြီးသော ဝက်ဝံကြီးတစ်ကောင်က ၎င်း၏ လက်သည်းကြီးများဖြင့် တရကြမ်း လိုက်လံ ကုတ်ဖဲ့နေလေသည်။

ထိုသူကိုင်ထားသော ဓားမှာ အမွေးအမျှင် ထူလှသော ဝက်ဝံကြီးကိုယ်ကို ခုတ်မိသော်လည်း ဘယ်လိုမှ အရာမထင်ဘဲ ဝက်ဝံကြီး၏ လက်သည်းချက်များကသာ တစ်ချက်ထိလျှင် ထိသည် ဆိုသလောက် ဒဏ်ရာအနာတရ ဖြစ်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခွန်အားချင်းကလည်း မတူ၊ သူ့မှာပါသော ဓားမှာလည်း ဝက်ဝံကြီးကို ဘယ်လိုမှ မဟန့်တားနိုင်သောကြောင့် ထိုလူမှာ အလူးအလဲ ခံနေရလေသည်။

ခဏကြာသော ဝက်ဝံကြီး ပုတ်ချလိုက်သောကြောင့် ထိုလူ့လက်ထဲမှ ဓားမှာ အောက်သို့ ပြုတ်ကျသွားရုံမက လူလည်း လဲကျသွားတော့သည်။

ထိုအခိုက်မှာပင် ဒေါက်တာမင်းထင်ကျော်က ဝက်ဝံကြီးနောက်သို့ ရောက်သွားသည်။

လဲကျနေသော လူကို ကုတ်သတ်ရန် ဟန်ပြင်နေသော ဝက်ဝံ၏ ကျောကို သေနတ်ဖြင့်ပစ်သည်။ ထိသည်။

သို့သော် လဲကျမသွားဘဲ နောက်ထပ် ဝင်လာသော ရန်သူသစ်ဘက်သို့ ခေါင်းလှည့်လာသည်။

ထိုအချိန်မှာ ဒေါက်တာမင်းထင်ကျော်က ကျည်အသစ်ထိုးပြီး မောင်းတင်လိုက်သည်။

ဝက်ဝံကြီးက ဒဏ်ရာရသွားပြီဖြစ်သောကြောင့် ဖြူဖွေးသော အစွယ်ကြီးများပေါ်အောင် အော်ဟစ် မာန်ဖီလျက် ဒေါက်တာမင်းထင်ကျော်ဘက်သို့ ပြေးတက်လာရာ သေကွင်းသေကွက်နေရာဖြစ်သော လည်ပင်းနေရာကို ချိန်ပြီး ပစ်ချလိုက်သည်။

ရှိုင်ဖယ်ပြောင်းဝမှ ဒိုင်းခနဲ မီးပွင့်ထွက်သွားပြီးနောက် ကြီးမားသော ဝက်ဝံကြီးမှာ နောက်ဘက်သို့ ယိုင်ခင်းသွားပြီး ဘိုင်းခနဲ လဲကျသွားလေတော့သည်။





ဒေါက်တာမင်းထင်ကျော်က ရှိုင်ဖယ်၏ မောင်းတုံးကို နတ်ကာ ကျည်အသစ် ထိုးထည့်လိုက်ပြီး မောင်းတင်ကာ မျက်လုံးကြီးပြူးကာ အသက်ငင်နေသော ဝက်ဝံကြီးအနီးသို့ လျှောက်သွားလေသည်။

ထိုအချိန်မှာပင် ဦးမွန်ထော်နှင့် စောထီးတို့ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြသည်။

"ဘယ်လိုလဲ ဆရာ မွဲသိမ်းပဲလား"

"အင်း... သိမ်းလောက်ပါတယ်၊ ဟိုမှာ လဲနေတဲ့သူကိုလည်း ကြည့်ကြပါဦးဟာ၊ အခြေအနေမှ ကောင်းသေးရဲ့လား မသိဘူး"

ဟု ပြောလိုက်သဖြင့် စောထီးက ကပျာကယာ ပြေးသွားပြီး မွေ့ထူလိုက်သည်။

လူနာမှာ ဝက်ဝံကုပ်ထားသော ဒဏ်ရာများမှ သွေးများ မြင်မကောင်းအောင် ထွက်နေသော်လည်း သေလောက်သော ဒဏ်ရာတော့ ရလိုက်ဟန်မတူပေ။

ဝက်ဝံကြီးကို စိတ်ချရပြီ ဆိုတော့မှ ထိုလူနာကို သွေးတိတ်အောင် စီးခြင်း၊ ပတ်တီးစည်းပေးခြင်း၊ ရေတိုက်ခြင်း စသည်တို့ဖြင့် ပြုစုပေးကြရသည်။

ထိုအခိုက်မှာပင် တောထဲမှ အမျိုးသမီးတစ်ယောက် ပြေးထွက်လာပြီး ဒဏ်ရာရနေသူကို ဖက်၍ ကရင်ဘာသာစကားဖြင့် ပြောကာ ငိုကြွေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဖူးတင်လိုက်တာ ဆရာကြီးရယ်၊ ကျွန်မတို့ လင်မယားနောက်ကို ဝက်ဝံကြီး နောက်ကလိုက်လို့ ပြေးရင်း မလွတ်သာတော့လို့ ကျွန်မယောက်ျားက ကျွန်မကို ပြေးခိုင်းပြီး သူက ပြန်ပြီး ခုခံနေတာပါ၊ ကျွန်မယောက်ျား အသက်မှ ရှိသေးရဲ့လားဟင်"

ဟု ကရင်သံဝဲဝဲ ငိုသံပါကြီးဖြင့် မေးနေလေသည်။

"စိတ်မပူပါနဲ့... ရွာကို အမြန်ဆုံးသယ်သွားပြီး ရွာရောက်တာနဲ့ ပျဉ်းမနားဆေးရုံကို ပို့ပေးပါမယ်"

ထိုသို့ပြောပြီး ဒေါက်တာမင်းထင်ကျော် ကိုယ်တိုင် လူနာကို ထမ်း၍ ခေါ်လာခဲ့သည်။

ငင်းတို့ရောက်နေသော နေရာနှင့် အင်ကြင်းမြောင်ရွာမှာ တစ်မိုင်ကျော်ကျော်သာ ဝေးသောကြောင့် ဝက်ဝံ ကုပ်ခံထားသော လူနာကို တစ်ယောက် တစ်လှည့်စီ ထမ်းကာ သယ်ယူခဲ့ကြလေသည်။

ဝက်ဝံလက်သည်းမှာ အဆိပ်ရှိသောကြောင့် သွေးမှုတုန်းက မသိသာသော်လည်း သွေးအေးလာသောအခါ ကိုက်ခဲ နာကျင်လာဟန်ဖြင့် လူနာမှာ တညည်းညည်း တညူညူ ဖြစ်လာသောကြောင့် သုံးယောက်သား ခြေလှမ်း သုတ်သုတ် လှမ်းကြရလေသည်။

လူနာရှင်၏ မိန်းမကတော့ နောက်မှ တရှုံ့ရှုံ့ ငိုကြွေးရင်း လိုက်ပါလာသည်။





သူတို့ အင်ကြင်းမြောင်ရွာသို့ ရောက်တော့ မှောင်စပျိုးနေပြီ ဖြစ်သောကြောင့် အိမ်တိုင်း အိမ်တိုင်း မီးအိမ်၊ မီးခွက်များ ထွန်းညှိထားကြသောကြောင့် အတန်အသင့် အလင်းရောင်များ ရနေသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ အင်ကြင်းမြောင်ရွာ လူကြီး ဦးထန်ဖုန်းရှိန် အိမ်သို့ သွားကြလေသည်။

ဦးထန်ဖုန်းရှိန်မှာ ဇောထီး၏ ဖခင်ဖြစ်သည်။

ထိုအိမ်သို့ ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်တို့ ပြန်ရောက်လာပြီ ဆိုသောသတင်း၊ ဝက်ဝံကုပ်ခံရသော လူနာတစ်ယောက် ပါလာသည် ဆိုသော သတင်းကြောင့် တစ်ဆင့်စကား တစ်ဆင့် ကြားပြီး ခဏကြာသောအခါ တစ်ရွာလုံးနီးပါး စုရုံး ရောက်လာကြလေသည်။

"ဘယ်လိုဖြစ်လာတာလဲ ဆရာလေး"

ဦးထန်ဖုန်းရှိန်က မေးသည်။

"ဝက်ဝံကုပ်ခံရတဲ့ လူနာတစ်ယောက် ပါလာတယ်၊ မျက်နှာနဲ့ လည်ပင်းတစ်ဝိုက်က အဏ်ရာတွေက များတယ်၊ သွေးထွက်များလွန်းရင် မကောင်းဘူး"

"ဘယ်လိုလုပ်ရမလဲ ဆရာလေး"

"သူ့ကို ပျဉ်းမနားဆေးရုံကို အမြန်ဆုံး ပို့ပေးဖို့ စီစဉ်ပေးပါ၊ ဆေးရုံမှာ တာဝန်ကျနေတဲ့ ဆရာဝန်က ကျွန်တော့်ရဲ့ သူငယ်ချင်းဆိုတော့ ကျွန်တော် စာရေးပေးလိုက်ရင် သူ ဂရုစိုက်ပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ… အခုပဲ ရွာသားဆယ့်ခြောက်ယောက်ကို အလှည့်ကျထမ်းပြီး ဆေးရုံ ပို့နိုင်းပါ့မယ်၊ နောက်ပြီး ဆရာလေးတို့ ပစ်ခဲ့တဲ့ ဝက်ဝံကို ညတွင်းချင်း သွားသယ်ကြဖို့ လူငယ်တွေက စီစဉ်နေကြပါပြီ၊ သူတို့လင်မယား ဆရာလေးနဲ့ အတွေ့မြန်လို့သာပဲ၊ မဟုတ်ရင် နှစ်ယောက်စလုံး သေလောက်တယ်၊ တကယ်ဆိုရင် သူတို့မှာ ဆရာလေးပေးတဲ့ အသက်ပဲ ရှိပါတော့တယ်ဗျာ"

"ဒီလောက်လည်း မဟုတ်သေးပါဘူး တောင်ပိုင်ကြီးရယ်၊ ကြုံကြိုက်လို့ ကယ်ခဲ့ရတာပါ၊ တောထဲ တောင်ထဲ လှည့်လည်သွားလာနေကြတဲ့ လူတွေဆိုတာ ထင်းခွေမကြုံ ရေခပ်ကြုံတာပါပဲ၊ တစ်ယောက်အကြောင်းရှိရင် တစ်ယောက်က ကူကြရတာပါပဲ"

"ဒါလည်း ဒါပေါ့လေ… ဒါပေမယ့် ဆရာလေးက ကျုပ်တို့နယ်ဘက်ကို ရောက်လာကတည်းက ကျုပ်တို့ ကရင်လူမျိုးတွေအတွက် ကောင်းကျိုး သိပ်ပြုတာပဲ၊ ကျုပ်တို့ကို ဒုက္ခပေးနေတဲ့ တောတိရစ္ဆာန်တွေကိုလည်း သုတ်သင်ပေးတယ်၊ ရောဂါဘယတွေ ဖြစ်ရင်လည်း မြို့က ဆေးဝါးတွေ ရအောင်မှာပြီး ကုပေးတယ်၊ တခြား လူလည် လူမိုက်တွေ လာပြီး ဗိုလ်ကျ အနိုင်ကျင့်ရင်လည်း ရှေ့ကနေ မားမားရပ်ပေးတယ်၊ မသိနားမလည်တာတွေကိုလည်း နားလည် သဘောပေါက်အောင် ပြောပြပေးတယ်၊ ကျုပ်တို့ ရွာသားတွေဆိုရင် အခုလို တစ်ခုခုဖြစ်ရင် နတ်ကိုင်တယ်ချည်းပဲ ထင်နေကြတာ၊





နေမကောင်းရင် ဆေးမကုဘဲ နတ်တင်ဖို့ပဲ စိတ်ကူးနေကြတာ၊ ဆရာလေးရောက်လာမှပဲ နေမကောင်းတာဖြစ်ရင် ဆေးကုမှ ပျောက်မယ်ဆိုတာကို နားလည် သဘောပေါက်လာကြတော့တာ၊ တကယ်တော့ ဆရာလေးကို နတ်တမန်တွေက ကျုပ်တို့ ရွာအတွက် တမင်များ လွှတ်ပေးလိုက်သလားလို့ တောင် ထင်ရပါတယ်ဗျာ"

ဟု ရွာလူကြီး ဦးထွန်းဖုန်းရှိန်က ရှည်လျားစွာ ပြောပြနေလေသည်။

"ဒီလောက်လည်း မဟုတ်သေးပါဘူး တောင်ပိုင်ကြီးရယ်၊ ဒီရွာသူရွာသားတွေရဲ့ ကျေးဇူးတွေကလည်း ကျွန်တော့်အပေါ်မှာ အများကြီးရှိတာပဲ၊ တစ်ယောက် အကြောင်းရှိရင် တစ်ယောက်က အကူအညီပေးရမှာပေါ့"

ထိုသို့ ပြောနေကြစဉ် ကညင်ဆီမီးတိုင်များကို ကိုင်ထားလျက် ထမ်းစင်တစ်ခုဖြင့် လူတစ်စုရောက်လာပြီး ဝက်ဝံကုပ်ခံရသော လူနာကို ထမ်းစင်ပေါ်တင်၍ မြစ်ဆိပ်ဘက်သို့ ထွက်သွားကြလေတော့သည်။

လူနာရှင် အမျိုးသမီးလည်း တစ်ပါတည်း လိုက်သွားလေသည်။ စောထီး ခေါင်းဆောင်သော လူငယ်တစ်စုကလည်း ဝက်ဝံသေကို သယ်ယူရန် မီးတုတ်မီးတိုင် သေနတ် ဓား လှံများယူပြီး ထွက်သွားကြလေတော့သည်။

သည်တော့မှ အခြားရွာသူရွာသားများလည်း အသျှိ အသျှိဖြင့် ပြန်သွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လူရှင်းသွားတော့မှ ဦးထန်ဖုန်းရှိန်၏ သမီးဖြစ်သူ ခင်စောမူက အနားသို့ ရောက်လာပြီး...

"အစ်ကို ရေချိုးနိုင်သေးလား၊ ထမင်းစားဖို့ ခူးခပ်ပြင်ဆင်ပြီးနေပြီ"

ဟု လာပြောလေသည်။

"ထမင်းမစားတော့ပါဘူး စောမူ၊ မောလွန်းလို့ ကော်ဖီတစ်ခွက်လောက်ပဲ သောက်ပါတော့မယ်"

"အို... မဟုတ်တာ အစ်ကိုကလည်း၊ အစ်ကိုတို့ပြန်လာမှန်းသိတာနဲ့ ကပျာကယာ ချက်ထားတာ၊ စောမူချက်ထားတာ မစားရင်တော့ ပြန်လျှော်ပေးရမှာပဲ"

ဟု နှုတ်ခမ်းစူကာ ပြောလေသည်။

"ဟုတ်ပါတယ် ဆရာလေးရယ်၊ အမိုးတို့အိမ် ရောက်ပြီးကာမှ ထမင်းလေးမှ စားမသွားရင် ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ"

ဟု ခင်စောမူ မိခင်ကြီးကပါ ဝင်ပြောတော့မှ မငြင်းသာတော့ဘဲ ခင်စောမူ ပြင်ဆင်ကျွေးမွေးသော ညစာ ထမင်းကို စားရလေသည်။ ခင်စောမူမှာ အသက်နှစ်ဆယ် ဝန်းကျင်ခန့်ရှိပြီး အလှ သွေးကြွယ်သော ကရင်တိုင်းရင်းသူတစ်ဦး ဖြစ်သည်။

သူမသည် ဒေါက်တာမင်းထင်ကျော်ကို စ,တွေ့ကတည်းက အစ်ကိုတစ်ယောက်လို ခင်မင် တွယ်တာလျက်ရှိသည်။

ဒေါက်တာမင်းထင်ကျော်မှာ အင်းကြင်းမြောင် ရွာသို့ စ,ရောက်ကတည်းက စောထီးကို အကြောင်းပြုကာ ၎င်းတို့





မိသားစုနှင့် ခင်မင်ခဲ့ရာမှ ခင်စောမူအား ညီမလေးတစ်ယောက်လို ခင်မင်နေခဲ့သည်။

သူ ထိုရွာသို့ ရောက်ကတည်းက စောထီးက သူနှင့်အတူ လာနေကာ သွားလေရာ အတူလိုက်လေသည်။

ယခုလည်း ဒေါက်တာမင်းထင်ကျော်တို့ စခန်းချနေသော နေရာမှာ တောထဲမှာဖြစ်ပြီး လူနာလိုက်ပို့ရန် ကိစ္စရှိနေသောကြောင့် အင်းကြင်းမြောင်ရွာသို့ ရောက်လာခဲ့ကြခြင်းဖြစ်၏။

ထမင်းစားသောအခါ ခင်စောမူက အနားမှာ ထိုင်ပြီး လိုလေသေးမရှိအောင် စီစဉ်ပေးလေသည်။

"ကျွန်မက အစ်ကိုတို့စခန်းကို လာလည်ချင်တာ၊ တကယ်လို့ လာရင် အစ်ကိုက မကြိုက်မှာစိုးလို့ မရောက်တာ"

"မလာပါနဲ့ စောမူရယ်၊ အစ်ကိုတို့စခန်းက တောထဲမှာ ရှိတာဆိုတော့ ပျင်းစရာကြီးပါ"

"မဟုတ်ဘူးလေ၊ စောမူလာတော့ အစ်ကို့အဝတ်အစားတွေ လျှော်ဖွပ်ပေးလို့ ရတာပေါ့"

"ရပါတယ်ကွယ်... တောထဲမှာနေတာပဲ ဖြစ်သလိုပဲပေါ့၊ ရွာထဲ လာတဲ့အခါကျတော့မှ စောမူ စေတနာရှိရင် လုပ်ပေးပေါ့၊ ဟုတ်ပြီလား"

"စောမူက အစ်ကို့အတွက်ဆိုရင် အမြဲ စေတနာရှိပါတယ်၊ တစ်သက်လုံး လုပ်ပေးဆိုရင်လည်း လုပ်ပေးမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမက သဘောရိုးဖြင့် ပြောလိုက်ဟန် ရှိသော်လည်း ဒေါက်တာမင်းထင်ကျော်ကတော့ မြို့ချမည့် ထမင်းလုပ်ပင် လည်ချောင်းထဲမှာ နင်သွားတော့သည်။

"အစ်ကို... ဘယ်လိုဖြစ်တာလဲ၊ ကျွန်မ ပြောတာကို မယုံလို့လား"

"ယုံပါတယ်ကွယ်... ယုံပါတယ်၊ စောမူတို့ရဲ့ စေတနာကို အစ်ကို ယုံပါတယ်၊ ဒီတစ်ခါ အဆင်ပြေတဲ့နေ့ဆိုရင် စောမူကို အစ်ကို့စခန်းကို အလည်ခေါ်ပါ့မယ်"

"အစ်ကို တကယ်ပြောတာနော်"

"တကယ်ပါကွယ်"

ခင်စောမူ၏ မျက်နှာပေါ်မှ ကြည်နူး ပျော်ရွှင်မှုကလေးကို မြင်လိုက်ရသောအခါ ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ သနားစိတ်ကလေး ဝင်သွားမိလေတော့သည်။

တကယ်တော့...

သံယောဇဉ်ဆိုတာ သနားခြင်းကပဲ မြစ်ဖျားခံခဲ့ကြခြင်း ဖြစ်ပေတော့သည်။

❖ ❖





အခန်း ( ၆ )

## အရိုးတောင်၏ လျှို့ဝှက်ချက်များ

ဒေါက်တာ မင်းထင်ကျော်တို့ စခန်းချ နေထိုင်သော နေရာမှာ အင်ကြင်းမြောင်ရွာနှင့် အတန်ငယ် ဝေးသော တောင်တန်း တစ်နေရာတွင် ဖြစ်သည်။

၎င်းစခန်းတွင် ဒေါက်တာမင်းထင်ကျော်၊ ဦးမွန်ထော်၊ စောထီးတို့ အပါအဝင် အခြားအလုပ်သမား လေးငါးယောက်သည်း နေထိုင်ကြသည်။

ဒေါက်တာမင်းထင်ကျော်သည် ထိုတောင်တန်းပေါ်မှ နေထိုင်ရင်း သတ္တုကြောများ၊ အရိုးတောင်ဟောင်းနေရာများ၊ သတ္တုရတနာသိုက်ရှိသော နေရာများကို ရှာဖွေ သုတေသန



www.burmeseclassic.com

ပြုခဲ့လေရာ နှစ်အတန်ကြာသောအခါ ကျောက်မျက်ရတနာများ နှင့် အဖိုးတန် သတ္တု ရတနာကြောနေရာများကို ရှာဖွေ တွေ့ရှိထားပြီး ဖြစ်သည်။

သူသည် တောထဲ တောင်ထဲမှာပင် သူ့ဘဝကို ဇာတ် မြှုပ်ထားပြီး အနီးဝန်းကျင်တစ်ဝိုက်ရှိ ကရင်ရွာများမှ ကရင် လူမျိုးတို့၏ လူမှုရေး ကျန်းမာရေးများကို ကူညီ ဆောင်ရွက် ပေးနေရာ ကရင်လူမျိုးများက ၎င်းကို ချစ်ခင် လေးစားကြ သည်။

ယုံကြည် အားကိုးကြလေသည်။

ဒေါက်တာမင်းထင်ကျော် အတွက်ဆိုလျှင် ၎င်းတို့ လျှို့ဝှက်ထားသော အရိုးတောင်ဟောင်းနေရာများနှင့် သတ္တု ရတနာကြောများကိုပင် လိုက်လံ ပြသပေးကြသည်။

အများအားဖြင့် တောထဲတောင်ထဲမှာပင် နေထိုင်သော ကရင်လူမျိုးတို့မှာ တောင်ယာစိုက်ပျိုးခြင်း၊ အမဲသားငါး ရှာဖွေစားသောက်ခြင်းမှလွဲပြီး အခြားကိစ္စများကို စိတ်ဝင်စား လေ့ မရှိကြပေ။

ရွှေငွေရတနာများကိုလည်း မက်မောခြင်း မရှိပေ။

ရတနာပစ္စည်းရှိသော နေရာများကို တွေ့လျှင် မှတ်သား ထားပြီး ၎င်းတို့ခင်မင်သော လူများကို လိုက်လံပြသပေးလေ့ သည်။

ဤနည်းဖြင့် ဒေါက်တာမင်းထင်ကျော်မှာ ရတနာပစ္စည်း ရှိသော နေရာအတော်များများကို သိရလေသည်။





သူ့အနေကလည်း ယခုလောလောဆယ် ရတနာပစ္စည်း များက အရေးမကြီးလှသေးဘဲ သူ ဝါသနာပါသော သုတေသန လုပ်ငန်းများကိုသာ သဲသဲမဲမဲ လုပ်ကိုင်လျက် ရှိလေသည်။

နောက်တစ်ချက်ကလည်း ရိုးသားလှသော ကရင် လူမျိုးတို့အပေါ်မှာ သနားခြင်းနှင့် သံယောဇဉ် ဖြစ်နေသော ကြောင့် ဖြစ်သည်။

သို့ကြောင့်လည်း အင်ကြင်းမြောင်ရွာ၊ မရမ်းတောင်ရွာ၊ ထိန်ပြောင်ရွာ၊ ဂမုန်းတောင်ရွာ၊ တောင်သုံးလုံး အစရှိသော ရွာများသို့ရောက်တိုင်း ၎င်းရွာမှ လူများ၏ လူမှုရေး၊ ကျန်းမာ ရေးတို့ကို ကူညီ ဆောင်ရွက်ပေးလေသည်။

သို့ကြောင့် ရွာသူ ရွာသားများက သူ့ကို ယုံကြည် အားကိုးကြသည်။ ခင်မင်လေးစားကြသည်။

ယခုဆိုလျှင် အင်ကြင်းမြောင်ရွာမှ ရွာလူကြီး ဦးထွန်း မှန်းရှိန်၏ သားဖြစ်သူ စောထီးနှင့် မုဆိုးကြီး ဦးမွန်ထော် တို့ပင် သူနှင့်အတူ လာရောက် နေထိုင်ကာ သွားလေရာ လိုက်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း တောထဲမှ အဖိုးတန် ရတနာပစ္စည်းများ ရလာလျှင် ပျဉ်းမနား၊ တောင်ငူ၊ ပဲခူး၊ ရန်ကုန် အစရှိသော နေရာများကို လှည့်လည် ရောင်းချပြီး ရရှိသော ငွေကြေးဖြင့် လက်နက်ခဲယမ်း၊ ဆေးဝါးပစ္စည်းနှင့် စားနပ်ရိက္ခာများကို ဝယ်ယူ စုဆောင်းလေသည်။

ထို့ပြင်...

www.burmeseclassic.com



အခြားအသုံးအဆောင် ပစ္စည်းများကိုလည်း လိုလေ
သေးမရှိအောင် ဝယ်ယူ စုဆောင်းထားလေသည်။

ထိုပစ္စည်းများကို ဝယ်ယူ စုဆောင်းထားခြင်းမှာ သူ့
အတွက်ချည်း မဟုတ်ဘဲ ကရင်ရွာများမှာ နေထိုင်ကြသော
ရွာသူ ရွာသားများအတွက်ပါ ရည်စူး၍ ဝယ်ယူထားခြင်း
ဖြစ်သည်။

တကယ်တော့ ထိုရွာများမှာ နေထိုင်ကြသူများမှာ
အခြားအသုံးအဆောင် ပစ္စည်းများထက် ကျန်းမာရေးအတွက်
အသုံးပြုသော ဆေးဝါးများသာ အရေးကြီးလှပေရာ ဆေးဝါး
ပစ္စည်းများကိုတော့ ဦးစားပေးကာ စုဆောင်းထားရသည်။

ဖျဉ်းမနားဆေးရုံတွင် တာဝန်ကျနေသော ဒေါက်တာ
အေးကျော်မှာ ဒေါက်တာမင်းထင်ကျော်နှင့် ကျောင်းနေဘက်
သူငယ်ချင်းဖြစ်သောကြောင့် ၎င်းထံမှ ဆေးဝါးပစ္စည်း အကူ
အညီများ ရပေသည်။

အများအားဖြင့် တောထဲ တောင်ထဲ နေထိုင်ကြသူ
များမှာ အသိဉာဏ် မဖွံ့ဖြိုးကြပေ။

ကျန်းမာရေးနှင့် ပတ်သက်၍ ချို့ယွင်းမှုဖြစ်လာလျှင်
နတ်တိုက်သည်၊ နတ်ကိုင်သည်၊ ရိုးရာနတ်၊ တောပိုင်,
တောင်ပိုင်တို့ နှောင့်ယှက်သည်ဟု လေ့နံ့မားထစ် ယူဆကာ
ဆေးကုဖို့ထက် နတ်တင်ဖို့လောက်သာ ဂရုစိုက်ကြသည်။

သို့ကြောင့်လည်း ရောဂါတခြား ဆေးတခြား ဖြစ်ကာ
မသေသင့်ဘဲ သေရသူ အများအပြား ရှိကြလေသည်။





ထိုအခါ ဒေါက်တာမင်းထင်ကျော်က ဆေးလည်း
ကုပေးရင်း ၎င်းတို့၏ အသိမှား၊ အယူအဆ လွဲမှားနေသည်
များကိုလည်း ပြုပြင်ပေးရလေသည်။

"နတ်ဆိုတာ ကိုးကွယ်ရမှာ မဟုတ်ပါဘူး။ ယုံကြည်
မှုနဲ့ အလေးထားရမှာ ဖြစ်ပါတယ်၊ ဒီလောက် တောတောင်
ထူထပ်ပြီး အေးတဲ့နေရာတွေမှာ နတ်မတင်လည်း ငှက်ဖျား
ရောဂါက ဖြစ်မှာပဲ၊ နတ်တင်နေရင်းနဲ့ နတ်စင်အောက်မှာ
တစ်ညလုံး ဒီအတိုင်း ထိုင်နေရင် နတ်မကိုင်ရင်လည်း
ခြင်ကိုက်တာနဲ့တင် ငှက်ဖျားရောဂါရမှာ သေချာပါတယ်၊
အဲဒီလို ရောဂါရလာရင် နတ်ကိုင်တာကြောင့် မဟုတ်ပါဘူး။
ဒါကြောင့် ရောဂါတစ်ခု ရလာရင် နတ်တင်နေတာထက်
ဆေးသောက်မှ ရောဂါ ပျောက်မှာပါ"

ဒေါက်တာမင်းထင်ကျော်က ငှက်ဖျားရောဂါ စွဲကပ်
နေသော လူနာတစ်ဦးကို ဆေးတိုက်ပေးရင်း ဤသို့ ပြောပြ
နေလေသည်။

"သက်သာရဲ့လား ဖထီး"

"ရေနွေးပူပူနဲ့ ဆေးသောက်လိုက်တော့ ချွေးတွေထွက်
လာပြီး အတော်ပေါ့သွားတယ်၊ ဆရာလေး မရောက်လာခင်
ရက်တွေက အခုလို နေထိုင်မကောင်းဖြစ်နေတာ နတ်မတင်
ရသေးလို့ ဖြစ်တာထင်ပြီး စိတ်ထဲမှာ တထင့်ထင့် ဖြစ်နေ
သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေမကောင်းဖြစ်တာ ဆေးမကုဘဲ နတ်တင်နေရုံနဲ့ ရောဂါဘယ်ပျောက်မလဲ ဖထီးရယ်၊ ကျွန်တော်ပေးတဲ့ ဆေးကို မှန်မှန်လေးသာ သောက်၊ နတ်မတင်လည်း ရောဂါပျောက်မှာပါပဲ"

ဟု ရှင်းပြလေသည်။

ဒေါက်တာမင်းထင်ကျော်က ပါးစပ်မှ ရှင်းပြရင်း လူနာအတွက် ဆေးဝါးများပေးနေစဉ် နံဘေးမှ အကူအညီပေးနေသော ခင်စောမူကပါ လိုအပ်သမျှ ဝိုင်းကူလုပ်ပေးလေသည်။

သူမသည် ဒေါက်တာမင်းထင်ကျော်နှင့်အတူ အတန်ကြာသည့်အထိ ဝိုင်းကူလုပ်ပေးသောကြောင့် ဆေးဝါး အတော်များများကို မှတ်မိနေလေပြီ။

ငှက်ဖျားရောဂါအတွက် အသုံးပြုသည့် ကလိုရိုဖော့ဆေးပြား၊ ကွီနိုင်ဆာလ်ဖိတ်ဆေးပြား၊ မီစီဒါဆေးပြား စသည်ကိုပင် ကောင်းစွာ မှတ်မိနေပြီဖြစ်၏။

"အင်္ဂလိပ်ဆေးပြားဆိုတာ ဆရာလေး ရောက်လာပြီးတိုက်မှပဲ သောက်ဖူးတာပါဗျာ၊ ကျုပ်တို့ တောထဲမှာနေတဲ့လူတွေဆိုတာ အင်္ဂလိပ်စာဆိုလို့ ဖုတ်လောက်ရေးပြရင်တောင် နှုကန်းတစ်လုံးမှ မသိတာနဲ့ အင်္ဂလိပ်ဆေးတွေကို အရမ်းမသောက်ဖူးကြပါဘူး"

"အင်္ဂလိပ်ဆေးကို နားမလည်လို့ မသောက်ဝံ့ရင် မြန်မာဆေး ကောင်းကောင်းတွေလည်း ရှိတယ်၊ ငန်းဆေး လျှာပွတ်ဆေး၊ အခိုးပွင့်ဆေး၊ ချွေးထုတ်ဆေး၊ သွေးဆေးတွေ





ဆိုရင်လည်း ငှက်ဖျားရောဂါအတွက် ကောင်းတာပဲ၊ ဘာပဲဖြစ်ဖြစ် ရောဂါတစ်ခု ဖြစ်လာရင် ကြက်ဝက်တွေ သတ်ပြီး နတ်တင်တာနဲ့စာရင် ရောဂါအတွက် သင့်မယ့် ဆေးတစ်ခွက် သောက်တာက ပိုပြီး အကျိုးရှိတာပေါ့"

"အင်း... ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ရိုးမတောထဲမှာ နေကြသူတွေဟာ ငှက်ဖျားရောဂါဆိုတာ လက်တစ်ကမ်းမှာ ရှိနေလေတော့ တကယ်လို့ ရောဂါဝင်လာရင် ဆရာလေးတို့လို သူတော်ကောင်းနဲ့တွေ့မှပဲ အသက်ချမ်းသာရာ ရကြတာပါပဲ"

"ဒါကတော့ ရောဂါဆိုတာ ကိုယ်က လက်ခံမှ သူကဝင်ခွင့်ရတာ၊ ကိုယ်က လက်မခံဘဲ ကြိုတင် ကာကွယ်ထားရင် သူက ရုတ်တရက် ဝင်လို့မရနိုင်ပါဘူး"

"ကျုပ်တို့က တစ်နေ့ လုပ်မှ တစ်နေ့စားရတဲ့ သူတွေဆိုတော့ ရောဂါမဖြစ်အောင် တကူးတက ဘယ်လိုကာကွယ်ရမလဲ ဆရာလေးရယ်"

"ဒါက တကူးတက လုပ်စရာ မလိုပါဘူး၊ သတိထားဖို့ပဲ လိုပါတယ်၊ အဓိက ငှက်ဖျားရောဂါဖြစ်စေတဲ့ အကြောင်းနှစ်ချက်ကို ရှောင်နိုင်ရင်တောင် အတော်ကလေး ဟန်ကျမှာပါ"

"အဲဒီနှစ်ချက်က ဘာတွေလဲ ဆရာလေး"

"ပထမ တစ်ချက်က ညအိပ်တဲ့ အခါမှာပဲဖြစ်ဖြစ်၊ တောထဲ တောင်ထဲ သွားတဲ့အခါမှာပဲဖြစ်ဖြစ် တောခြင်တွေ



www.burmeseclassic.com

www.burmeseclassic.com



အကိုက် မခံရအောင်နေဖို့နဲ့ တောထဲ တောင်ထဲက ရေကို ဒီအတိုင်း မသောက်မိအောင် သတိထားရင်ကိုပဲ ငှက်ဖျား ရောဂါ မဝင်နိုင်ပါဘူး"

"ဒီလောက် သိရရင်ပဲ အတော်ကလေး ဟန်ကျလှပါပြီဗျာ၊ ကျုပ်တို့တစ်တွေမှာ အဲဒီလို စိတ်ရှည်လက်ရှည် ပြောပြပေးမယ့်လူ မရှိလို့ ဘာမှ မသိကြဘူး ဖြစ်နေတာပါ။ ဆရာလေးကိုတော့ ဘယ်လိုကျေးဇူးတင်ရမှန်းကို မသိတော့ပါဘူးဗျာ"

ဟု ပြောဆိုနေလေသည်။

လူနာအခြေအနေ ကောင်းမွန်သွားသဖြင့် ဒေါက်တာမင်းထင်ရောက်တို့က နားနေကြစဉ် ရွာလူကြီးအချို့က လက်ဖက်ရည်ကြမ်းနှင့် စားဖွယ် သောက်ဖွယ်များဖြင့် ညှိခံသဖြင့် ခေတ္တစားသောက်ရင်း စကားဝိုင်း ဖွဲ့နေကြစဉ် ရွာလူကြီး ဦးဘဆောင် ဆိုသူက...

"ကျုပ်တို့ဆရာလေးက ကျုပ်တို့ ရွာသူ ရွာသားတွေရဲ့ အပေါ်မှာ စေတနာ အလွန်ထားတာဆိုတော့ ကျုပ်တို့ ဘိုးဘွားအစဉ်အဆက်က ထားခဲ့တဲ့ လျှို့ဝှက်ချက်တွေကိုလည်း ပြောပြရဦးမယ်"

ဟု အစ,ချီလေသည်။

"ပြောပြပါဦး အဘဆောင်ရဲ့"

"လူကြီးတွေ အစဉ်အဆက် ပြောခဲ့တာကတော့ ဟောဒီ တောင်တန်းကြီးတွေဟာ သိတတ်ရင်ငါးရှာတတ်ရင်မြင်တတ်ရင်





ရွှေငွေရတနာတွေနဲ့ ပြည့်စုံတဲ့ နေရာကြီးတွေကွယ့်၊ ဒါပေမယ့် ကျုပ်တို့ ကရင်လူမျိုးတွေ ဆိုတာက အေးအေး ချမ်းချမ်းပဲ နေချင်ကြတာ မဟုတ်လား။ ကိုယ့်ချွေးနည်းစာနဲ့ တောင်ယာ လုပ်ကိုင် စားသောက်ချင်ကြတာ ဆရာလေး အသိပဲလေ"

"ဟုတ်ပါတယ်"

"ကျုပ်တို့က ဥစ္စာပစ္စည်းတွေကို မမက်မောကြဘူး ဥစ္စာပစ္စည်းရတာထက် စိတ်ချမ်းသာ လက်ချမ်းသာနဲ့ အေးအေး ချမ်းချမ်း နေရတာကိုပဲ ပိုပြီး သဘောကျကြတယ်၊ တကယ်တော့ ဘယ်ဘဝမှာပဲ နေရ နေရ စိတ်ချမ်းသာဖို့သာ အရေးကြီးဆုံးပဲ မဟုတ်လား"

"မှန်ပါတယ်"

"ဒီတောင်တန်းတွေပေါ်မှာ အဖိုးတန် သတ္တုရတနာ ကြောတွေ အများကြီး ရှိပါတယ်"

"ဒီနေရာတွေကို မိုင်းဆဝ်သတ္တုဘက်က ကျွမ်းကျင်တဲ့ မျက်နှာဖြူတွေ၊ မိုင်းဆဝ်ကုမ္ပဏီက လူတွေ လာပြီး မရှာကြဘူးလား"

ဟု မေးသောအခါ ဦးဘဆောင်က ကွမ်းသွေးများ တက်နေသော သွားများကို ပေါ်အောင် ရယ်လိုက်ရင်း...

"ဘယ့်နှယ်ဗျာ... မလာဘဲနေပါ့မလား။ ငွေကုန်ကြေးကျတွေ အများကြီးခံပြီး လာရှာကြတာပေါ့၊ ဒီနယ် ရောက်တော့လည်း သူတို့က ကျုပ်တို့ ကရင်လူမျိုးတွေကို တောထဲ တောင်ထဲမှာ နေတာဆိုပြီး ရိုင်းရိုင်းစိုင်းစိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံကြတယ်လေ၊ ဒီတော့ ကျုပ်တို့ကလည်း သူတို့ကို ဂရုမစိုက်ပါဘူး။ ဘယ်လောက်လာလာ ကိုယ့်အလုပ်ပဲ ကိုယ်လုပ်နေကြတာပါပဲ၊ ဒီတော့ ကျုပ်တို့မပါဘဲနဲ့ သူတို့တစ်တွေချည်း လိုက်ရှာကြတာ အပ်တိုတစ်ချောင်းတောင် ရမသွားဘဲ နောက်ဆုံး အရှုံးပေါ်ပြီး ပြန်ပြေးကြရတာပါပဲ"

ဟု ဦးဘဆောင်က ပြောပြလေသည်။

"အရိုးတောင်နေရှာတွေကို ရောက်မလာဘူးလား"

"တောင်ဟောင်း နေရာတွေကိုတော့ သူတို့ မသိနိုင်ပါဘူး။ တောင်သစ်နေရာကိုတော့ ကျုပ်တို့က ဘယ်နည်းနဲ့မှ ခွင့်မပေးလို့ မရှာဝံ့ကြဘူး"

"အရိုးတောင်ဆိုတဲ့ ဓလေ့ကို ဘယ်လို စ,ခဲ့ကြတာလဲ ဆိုတာ တဆိတ်လောက် ပြောပြပေးပါလား ဘကြီးဆောင်"

ထိုသို့ မေးသောအခါ ဦးဘဆောင်က ကွမ်းအစ်ထဲမှ ကွမ်းတစ်ယာကို ယာ၍ ပါးစပ်ထဲ ထည့်ဝါးပြီးမှ စကား ပြန်ဆက်သည်။

"အရိုးတောင်ဆိုတာ ကျုပ်တို့ ကရင်လူမျိုးတွေ သေဆုံးသွားတဲ့အခါ သင်္ဂြိုဟ်ရောက် မြှုပ်နှံတဲ့ အလေးအမြတ်ထားတဲ့ နေရာတစ်နေရာပါပဲ၊ အဲဒီတောင်ပေါ်မှာ သဘာဝအလျောက် သွေးရိုးသားရိုးသေတဲ့ လူတွေကိုသာ မြှုပ်ခွင့်ရှိတဲ့ နေရာတစ်ခုဆိုလည်း မမှားပါဘူး။ အရိုးတောင်လို့ သတ်မှတ်တဲ့နေရာဟာ ရတနာသတ္တုကြောင်းတွေ စုဝေးတဲ့နေရာကိုမှ အရိုးတောင်လို့ သတ်မှတ်ကြပါတယ်"





"ဟုတ်ကဲ့"

"ဒါပေမယ့် အဲဒီတောင်ပေါ်မှာ သဘာဝ ရောဂါနဲ့ သေဆုံးတာ မဟုတ်ဘဲ သွေးထွက်သံယိုနဲ့သေတာ၊ အချင်းချင်း ရန်ပွဲဖြစ်လို့ သေတဲ့လူတွေကိုတော့ အရိုးတောင်ပေါ်မှာ မြှုပ်ခွင့်မရှိပါဘူး။ အဲဒီတောင်ပေါ်မှာ သွေးထွက်သံယို ဖြစ်တာတို့၊ ရန်ပွဲကြောင့် သေဆုံးတာတို့ရှိလာရင် အဲဒီတောင်ကို ပိတ်ပစ်လိုက်ရပြီး နောက်တစ်နေရာကို ရှာကြရပါတယ်"

"အဲဒါ ဘာဖြစ်လို့လဲဟင်"

"အကြောင်း အဓိပ္ပာယ်ကတော့ ကျုပ်တို့လူမျိုးတွေ အေးချမ်းသာယာစွာနဲ့ နေလိုတဲ့၊ သေလိုတဲ့ အရိုးတောင်ပေါ်မှာ မသန့်ရှင်းတဲ့ အစိမ်းသေတွေ၊ ဒဏ်ရာဒဏ်ချက်နဲ့ သေတာတွေ၊ ကျုပ်တို့လူမျိုးမဟုတ်တဲ့ လူတွေ လာသေတာတွေ ရှိလာရင် ကျုပ်တို့ အလေးအမြတ်ထားတဲ့ နေရာတစ်ခု မသန့်တော့ဘူးလို့ သတ်မှတ်ကြတယ်၊ ကျုပ်တို့ ဒေသအခေါ်ကတော့ တောင်ကန်းသွားတယ်လို့ သတ်မှတ်ကြတာပါပဲ"

ဒေါက်တာမင်းထင်ကျော်က ဦးဘဆောင် ပြောပြနေသော ကရင်လူမျိုးများ၏ အရိုးတောင်နှင့် ပတ်သက်သော လျှို့ဝှက်ချက်များကို အသေအချာ မှတ်သားထားလေသည်။

"ဆရာလေးက ကျုပ်တို့လူမျိုးတွေရဲ့အပေါ်မှာ စေတနာ အလွန်ကောင်းလေတော့ တစ်ခေါက်တစ်ခါတော့ အရိုးတောင်ဘက်ကို ခေါ်သွားပြီး လျှို့ဝှက်ချက်တွေကို ပြချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး အဘဆောင်၊ ကျွန်တော် အခုလို အကူအညီ ပေးနေတာတွေဟာ အဘဆောင်တို့ဆီက ဘာတစ်ခုမှ မျှော်လင့်ချက် မရှိပါဘူး။ အခု လောလောဆယ် ကျွန်တော် ဒီနယ်မှာ ရောက်နေခိုက် ကျွန်တော့်အတွက် လိုလေသေးမရှိအောင် ကူညီ စောင့်ရှောက်ပေးနေတာကိုပဲ ကျွန်တော်က ကျေးဇူးတင်လှပါပြီ၊ တခြား ဘာမှ မလိုချင်ပါဘူးဗျာ"

ဟု ပွင့်ပွင့်လင်းလင်း ပြောလိုက်လေသည်။

"ဆရာလေးကတော့ ကျုပ်တို့ တွေ့ဖူးသမျှ လူတွေထဲမှာတော့ လောဘအနည်းဆုံး လူတစ်ယောက်ပါပဲ၊ မိုင်းဆက်ဘက်က ဒုမှူးတွေဆိုရင် ကျုပ်တို့ဆီကို ငွေထုပ်ကြီးတွေ ပိုက်ပြီး ရောက်လာကြတယ်၊ ရတနာကြောတွေ ရှိတဲ့နေရာကို အပြနိုင်းကြတယ်၊ ဆရာလေးကျတော့လည်း ကျုပ်တို့က လိုက်ပြပါမယ် ဆိုတာတောင် လက်မခံပြန်ဘူး၊ အတော် အံ့သြစရာပါပဲ"

"ရွှေငွေ ရတနာဆိုတာ နေရာလိုက်ပြီးမှ တန်ဖိုးရှိတာ မဟုတ်လား အဘဆောင်၊ ဒီလို တောထဲ တောင်ထဲမှာတော့ သစ္စာနဲ့ ခင်မင်တွယ်တာမှုတွေက ပိုပြီး တန်ဖိုးရှိလှပါတယ်"

"ဟုတ်တော့ ဟုတ်ပါတယ်၊ အခု ကျုပ်တို့လိုက်ပြမယ် ဆိုတဲ့ နေရာတွေက ကန်းပြီး ပိတ်ပစ်လိုက်တဲ့ အရိုးတောင်ပောင်းတွေရဲ့ နေရာကိုပါ"





"ဟင်... တောင်ပောင်းတွေရဲ့ နေရာတွေ ဟုတ်လား အဘဆောင်"

"ဟုတ်တယ်၊ တောင်ပောင်းနေရာတွေပဲ၊ အဲဒီတောင်ပောင်းတွေက ကျုပ်တို့ လိုက်မပြဘဲနဲ့ ဘယ်လိုမှ ရှာမတွေ့နိုင်ဘူး။ အရိုးတောင်အဖြစ် ရွေးချယ်ထားတဲ့ နေရာတွေမှာ ရွှေကြော၊ ငွေကြောတွေ ရှိနေတယ်၊ အဲဒီတစ်နေရာကို တွေ့လိုက်လို့ကတော့ တစ်သက်မဟုတ်ဘူး၊ ဆယ်သက်စားရင်တောင် မကုန်တော့ဘူး"

"အဲဒီတောင်ပောင်း နေရာတွေကို ဘယ်လိုထားကြသလဲဟင်"

"အဲဒီလို ကန်းသွားတဲ့ တောင်တွေကို ဒီအတိုင်းပဲ ပစ်ထားလိုက်ကြတာပါပဲ၊ လေးငါးနှစ်လောက်ကြာရင် သစ်ပင်ဝါးပင်တွေ ထပ်ပေါက်ပြီး တောရိုင်းမြေတစ်ခု ဖြစ်သွားတာပါပဲ၊ ဒီလိုဖြစ်သွားရင် မူလ အရိုးတောင်ပုံသဏ္ဌာန် ပျောက်သွားပြီး သူလိုငါလို သဘာဝ တောတောင်တစ်ခုလို ဖြစ်သွားတော့တာပါပဲ"

"ဟုတ်ကဲ့"

"တချို့ကလည်း အဲဒီ တောင်ကြောတွေပေါ်မှာ တောင်ယာစိုက်ခင်းတွေ စိုက်ထားကြတယ်၊ အဲဒီ တောင်ပောင်း နေရာတွေကို အဲဒီနည်းနဲ့ ကျုပ်တို့က ဖုံးဖုံးထား လိုက်ကြတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"မသိလို့ မေးကြည့်ပါရစေဦး။ အဲဒီ တောင်ပေါင်း နေရာတွေကိုရော တခြားလူတွေ လာရှာခွင့် ရသလား"

"ကန်းသွားတဲ့ တောင်ပေါင်း နေရာတွေကိုတော့ ဘယ်သူမဆို လာရှာလို့ ရပါတယ်၊ ၄လာလောဆယ် အသုံး ပြုနေတဲ့ အရိုးတောင်အသစ်ကိုသာ ကန့်သတ်ထားပြီး တက်ခွင့် မပြုတာပါ"

"အဲဒီလို လာရှာကြတော့ တစ်ဦးတလေ တွေ့သွား တယ်လို့ မကြားမိဘူးလားဟင်"

"ဒီနေရာတွေက ကျုပ်တို့ လိုက်မပြရင် ဘယ်လိုမှ မတွေ့နိုင်ပါဘူး။ တကယ်လို့ နေရာကို တွေ့ရင်တောင်မှ ရတနာပစ္စည်းတွေကိုတော့ ဘယ်သူမှ မရနိုင်ပါဘူး။ ဘာကြောင့် လဲ ဆိုတော့ အဲဒီနေရာတွေမှာ ကြောက်စရာကောင်းတဲ့ ဝိညာဉ်တွေက စောင့်နေကြတာကိုး ဆရာလေးရဲ့"

"အတော် ဆန်းကြယ်တာပဲနော်"

"ဒါတွေကတော့ ပြောမယုံ ကြုံမှသိ ဆိုတာမျိုးပေါ့ ဆရာလေးရယ်၊ ဒါကြောင့်လည်း သတ္တုကြောရှာတဲ့ လူတွေ က သူတို့မှာပါတဲ့ ခေတ်မီကိရိယာ အမျိုးမျိုးတွေနဲ့ လိုက်ရှာ ကြလည်း အရိုးတောင်ပေါင်း နေရာတွေကို မတွေ့ကြ တာပေါ့၊ တစ်ခါတုန်းကဆို ဘယ်လောက် ဆန်းကြယ်သလဲ ဆိုရင် သတ္တုကြောရှာတဲ့ အင်္ဂလိပ်မျက်နှာဖြူတွေဟာ သတ္တု ကြောရှိတဲ့ အရိုးတောင်ပေါင်း တစ်ခုပေါ်မှာရပ်ပြီး ခေတ်မီ ကိရိယာတွေနဲ့ ရှာကြတာပဲ၊ ဒါပေမယ့် သူတို့ရဲ့ ကိရိယာ





တွေပေါ်မှာ ဘာမှ ထူးထူးခြားခြား မတွေ့ရလို့ စိတ်ပျက်ပြီး ပြန်သွားကြလေရဲ့၊ ဘယ်လောက် အံ့သြစရာ ကောင်းသလဲ"

ဟု ပြောပြလေသည်။

"အဘဆောင် ပြောပြတာကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော် စိတ်လည်းဝင်စားပါတယ်၊ ဒီတစ်ခါ အလုပ်ကလေး ဘာလေး နားရင်တော့ ဗဟုသုတရအောင် တစ်ခေါက်လောက် သွားကြည့်ကြမယ်လေ၊ မကောင်းဘူးလား"

"ကောင်းပါတယ်၊ ဆရာလေး သွားချင်တဲ့အချိန်သာ ပြောပါ၊ ကျုပ်ကိုယ်တိုင် လိုက်ပို့ပေးပါ့မယ်"

ဟု ဦးဘဆောင်က ကတိပေးလိုက်လေသည်။

ထို့နောက်...

ဒေါက်တာမင်းထင်ကျော်၊ စောထီးနှင့် ခင်စောမူတို့ သုံးယောက်မှာ ဂမုန်းတောင်ရွာမှ ပြန်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



၁

## အခန်း ( ၇ )

## တော၏မာယာ

သူတို့သုံးယောက် ဂမုန်းတောင်ရွာမှ ထွက်လာသော ညနေပိုင်းအချိန် ဖြစ်သည်။

တောင်တန်းများ၏ သဘာဝအတိုင်း မှုန်းတည့်အချိန် ရောက်သွားသည်နှင့် အပူချိန် သိပ်မရှိတော့ဘဲ တောရိပ်တောင်ရိပ်များဖြင့် အေးစ,ပြုလာလေပြီ။

ညနေပိုင်း ၃ နာရီကျော် အချိန်လောက် ရောက်သောအခါ နေရောင်ခြည်ကို မမြင်ရတော့ပေ။

တောလမ်းကလေးအတိုင်း သုံးယောက်သား လျှောက်လာကြရင်း တစ်နေရာသို့ ရောက်သောအခါ စောထီးက...





"ဆရာတို့နှစ်ယောက် ရှေ့က သွားနှင့်ကြပေတော့၊ ကျွန်တော် လျှိုဘက်မှာ ညနေပိုင်း ရေသောက်ဆင်းတဲ့ သားကောင်လေး ဘာလေး ရလိုရငြား တစ်ပတ်လှည့်ကြည့် လိုက်ဦးမယ်"

ဟု ပြောပြီး နှစ်လုံးပြူးသေနတ်ကို ထမ်းပြီး လျှိုဘက်သို့ ဆင်းသွားလေသည်။ သို့ကြောင့်...

နှစ်ယောက်သား ဆက်လျှောက်လာခဲ့ကြသည်။

ညနေပိုင်းအချိန် နေဝင်သွားသည်နှင့် တောစပ်တစ်ဝိုက်မှာ မြူနှင်းများဝေ့ဆိုင်းလာရုံမက အအေးဓာတ်များက လွှမ်းလာလေတော့သည်။ ဘော်ငွေရောင် တောက်နေသော အလင်းရောင်များက တောင်တန်းများပေါ်မှာ လွှမ်းခြုံထားလေသည်။

တကယ်တော့ ရှမ်းရိုးမ ဟုလည်းကောင်း၊

အရှေ့ရိုးမဟူ၍လည်းကောင်း နာမည်နှစ်မျိုးဖြင့် ထင်ရှားလှသော တောင်စဉ်တောင်တန်းများ၏ အလှအပကား နေဝင်ချိန် တိမ်ရောင်များဖြင့် ပို၍ ပန်းရလျက် ရှိပေတော့သည်။

"အစ်ကို"

"ဟင်"

"ဘာတွေများ ဒီလောက် တွေးလာတာလဲ၊ ငြိမ်လှချည်လား"

"ဘာမှ မတွေးပါဘူး စောမူရယ်၊ နေဝင်ကာနီး အချိန်မှာ ရှမ်းရိုးမတောင်တန်းကြီးတွေရဲ့ အလှကို ကြည့်ပြီး စိတ်ထဲမှာ ကြည်နူး သာယာမိနေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်… မဟုတ်ပါဘူး။ အစ်ကို့မျက်နှာ ကြည့်ရတာ ကြည့်နူးသာယာတဲ့ပုံမျိုး မဟုတ်ပါဘူး။ တစ်ခုခုကို လွမ်းနေတဲ့ပုံမျိုးပါ၊ အစ်ကို ကျွန်မကို အမှန်အတိုင်း ပြောပြပါလား။ အစ်ကို့မှာ လွမ်းရ, ဆွေးရမယ့်အကြောင်းတွေ ကျန်နေခဲ့တယ် မဟုတ်လားဟင်"

ဟု မေးလိုက်လေရာ ဒေါက်တာ မင်းထင်ကျော်က မချိပြုံးလေး ပြုံးကာ ခေါင်းခါပြလိုက်သည်။

"မဟုတ်ပါဘူးကွယ်… အစ်ကို့မှာ လွမ်းရ ဆွေးရတာတွေ မရှိတော့ပါဘူး"

"မရှိတော့ပါဘူး ဆိုတော့ ရှိတော့ ရှိခဲ့တယ်လို့တော့ ဝန်ခံတာပေါ့နော်"

"စောမူက တောထဲ တောင်ထဲမှာ နေတယ်သာ ဆိုရတယ် အတော့်ကို စကားတတ်တာပဲ၊ အစ်ကို့မှာ လွမ်းရ ဆွေးရတဲ့ အကြောင်းတွေ ကျန်ခဲ့တာကို စောမူ ဘယ်လိုများ သိနေတာလဲ"

ဟု တအံ့တသြ ပြန်မေးလိုက်သည်။

"သိတာပေါ့ အစ်ကိုရယ်၊ ကျွန်မက အစ်ကို့နဲ့တွေ့ရင် အစ်ကိုရဲ့ မျက်နှာကိုကြည့်ပြီး အမြဲ အကဲခတ်နေတာကိုး။ အစ်ကိုမျက်နှာ ကြည်ကြည်လင်လင်နဲ့ မြင်ရရင် ကျွန်မတို့ ပျော်ကြတယ်၊ အစ်ကို့မျက်နှာ ညှိုးနေရင် ကျွန်မတို့တစ်တွေလည်း ဘယ်စိတ်ကောင်းနိုင်ပါမလဲ"

"ဪ… စောမူရယ်" ဟု





"အစ်ကို ကျွန်မတို့ဆီမှာနေရတာ မပျော်ဘူးလားဟင်"

"ပျော်ပါတယ်ကွယ်… ဒါကြောင့်လည်း စောမူတို့ဆီမှာ အကြာချည်း နေတာပေါ့"

"ဟင်… စောမူတို့ဆီမှာ နေတာမဟုတ်ပါဘူး၊ အစ်ကို ဘာသာ တောထဲမှာ နေတာများ၊ အစ်ကိုက ဘာဖြစ်လို့ ကျွန်မတို့ရွာထဲမှာ လာမနေတာလဲဟင်၊ အစ်ကိုသာ ရွာထဲမှာ လာနေရင် ဒီထက်ပိုပြီး ပျော်စရာကောင်းမှာပဲ"

"အစ်ကို့အတွက်နဲ့ ရွာထဲကလူတွေ အလုပ်ပိုမှာစိုးလို့ပါကွယ်"

"အစ်ကို့အတွက်ဆိုရင် ဘယ်သူကမှ အဲသည်လိုထင်ကြမှာမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ တစ်ရွာလုံးက အစ်ကို့ကို ချစ်ခင်လေးစားကြတယ်၊ ပြီးတော့ အားကိုးနေကြတာ"

"အစ်ကိုကလည်း ရွာသူရွာသားတွေကို ခင်မင်ပါတယ် စောမူရယ်"

"ဒီလိုဆိုရင် အစ်ကို တောထဲ တောင်ထဲမှာ စောထီးတို့ ချက်ကျွေးတာပဲ စားနေရတော့ အစားဆင်းရဲ၊ အနေဆင်းရဲ ဖြစ်မှာပေါ့၊ ဒါကြောင့် ရွာထဲက ကျွန်မတို့အိမ်ကို ရွှေ့နေပါလား ဟင်"

ထိုစကား ကြားသောအခါ ဒေါက်တာမင်းထင်ကျော်က တစ်ချက် ပြုံးလိုက်လေသည်။

"အခုလို အစ်ကို့အပေါ်မှာ စေတနာထားတာ ကျေးဇူးတင်ပါတယ် စောမူရယ်၊ ဒါပေမယ့် အစ်ကို့အလုပ်မျိုးတွေက



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲမှာ နေတာနဲ့စာရင် တောထဲမှာနေတာ ပိုပြီး အဆင်ပြေလို့ နေတာပါ"

"ဒါထက် စောမှု မသိလို့ မေးပါရစေဦး၊ အစ်ကိုက တောထဲမှာ ဘာတွေ လုပ်နေတာလဲဟင်"

"အစ်ကိုက တောထဲမှာ သုတေသနလုပ်ငန်းတွေ လုပ်တယ်၊ အမဲပစ်တယ်၊ တောထီးတို့အဖွဲ့တွေနဲ့ ကိုယ်သွားချင်တဲ့ နေရာတွေကို သွားတယ်၊ အဲဒါပါပဲ"

ခင်စောမှုက ဒေါက်တာမင်းထင်ကျော် ပြောသော အဖြေကို သိပ်ပြီး ဘဝင်ကျဟန် မတူပေ။

"အစ်ကို့ အလုပ်တွေက ရွာထဲက သွားလုပ်လည်း ရလောက်ရဲ့သားနဲ့၊ ကိုယ့်ကိုယ်ကို ဒုက္ခရှာလို့ အစ်ကိုရယ်၊ အစ်ကို ကျွန်မတို့အိမ်မှာနေတော့ ထမင်းဟင်းတွေ ကောင်းကောင်း ချက်ကျွေးလို့ရတယ်၊ အစ်ကို့ အဝတ်အစားတွေကိုလည်း လျှော်ဖွပ်ပေးလို့ ရတာပေါ့"

ဟု ပြောလေသည်။

"အစ်ကို့အပေါ်မှာ အခုလို စေတနာထားတာ ကျေးဇူးတင်ပါတယ် စောမှုရယ်၊ အဲဒီလို စေတနာကောင်းလို့လည်း အစ်ကိုက ဒီတောင်တန်းတွေပေါ်မှာ နေရတာကို စိတ်ချမ်းသာနေတာပေါ့"

"စိတ်ချမ်းသာရင်လည်း တစ်သက်လုံးနေပေါ့ အစ်ကိုရယ်၊ အစ်ကိုသာ တစ်သက်လုံး နေမယ်ဆိုရင် ကျွန်မတို့ တစ်ရွာလုံးက ဝမ်းသာကြမှာ သိရဲ့လား"





ထိုသို့ပြောရင်း လျှောက်လာကြရာ ၎င်းတို့နှင့် မလှမ်းမကမ်းဆီမှ သေနတ်သံတစ်ချက် ပေါ်ထွက်လာသည်နှင့် ဒေါက်တာမင်းထင်ကျော်က စကားကိုရပ်ပြီး နားစွင့်လိုက်သည်။

သေနတ်သံကြောင့် အိပ်တန်းတက်ရန် နားနေသော ငှက်တစ်အုပ် အလန့်တကြား ထ,ပျံကြသည်။

မျောက်များ၏ စူးစူးဝါးဝါး အော်သံ ကြားရသည်။

ဒေါက်တာမင်းထင်ကျော်က အလန့်တကြား ထ,ပျံသော ငှက်များ၏ ဦးတည်ချက်ကို တစ်ချက် မော့ကြည့်လိုက်သည်။

ထို့နောက်... ကျောဲ့ လွယ်ထားသော သေနတ်ကို ဖြုတ်ယူပြီး ကျည်ထိုး မောင်းတင်ပြီးနောက် သစ်ပင်အကွယ်သို့ ဝင်ကပ်လိုက်သည်။

ခင်စောမှုကိုလည်း နောက်ဘက်နားတွင် နေစေသည်။

အတန်ကြာတော့ တောတိုးလာသံ ကြားရပြီး မရှေးမနှောင်းမှာပင် တောထဲမှ ခုန်ထွက်လာသော ဆတ်ဖားကြီးတစ်ကောင်ကို တွေ့ရလေသည်။

၎င်းဆတ်ဖားကြီးမှာ ဒဏ်ရာ ရလာဟန်ရှိသည်။

ခြေထောက်ကောင်းစွာ မထောက်နိုင်ဘဲ ခြေထောက်မှာ ထော့နဲ့ ထော့နဲ့ ဖြစ်နေသည်။

ဆတ်ကြီးက ထိုနေရာသို့ ရောက်သောအခါ ခေတ္တရပ်ပြီး နောက်ဘက်သို့ လှည့်ကြည့်နေလေသည်။

ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ ဒေါက်တာမင်းထင်ကျော်က သေနတ်ဖြင့် ချိန်ရွယ်ကာ ပစ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျည်ဆန်က ရှေ့လက်ပြင်ဘက်သို့ တည့်တည့် မတ်မတ် ထိမှန်ပြီး ရှေ့သို့ တစ်လှမ်းနှစ်လှမ်းသာ လျှောက်နိုင်ပြီး မြေပေါ်သို့ ဝုန်းခနဲ လဲကျသွားလေတော့သည်။

၎င်း၏စိတ်ထဲမှာ ကျေနပ်သွားလေသည်။

အဘယ်ကြောင့်ဆိုသော် အပြန်ခရီးတွင် မျှော်လင့်ထားသည့်အတိုင်း ဟင်းစားတစ်ခွက် ရသွားသောကြောင့် ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်အဖို့ အမှတ်မထင် သားကောင်တစ်ကောင်ကို ရလိုက်သော်လည်း နေရာမှ ရုတ်တရက် ထွက်မသွားသေးပေ။ အဘယ်ကြောင့် ဆိုသော်...

တစ်ခါတစ်ရံမှာ ထိုသားကောင်နောက်မှ အန္တရာယ်က ကပ်ပါလာလေ့ရှိရာ ကိုယ်က သားကောင်ဆီမှာ နောက်မှ ကပ်ပါလာသော တောကောင်၏ ရန်ပြုခြင်းကို ခံကြရတတ်သည်။

အချိန်က နေဝင်ရီတရော အချိန်လည်း ဖြစ်နေသောကြောင့် ဘယ်အရာကိုမှ ယုံကြည်စိတ်ချ၍ မရပေ။ သူ့စိတ်ထဲမှာ တစ်ခုတော့ ဖဝေဖဝါ ဖြစ်နေမိသည်။

အခြားမဟုတ်ပေ။

ယခင်က သားကောင်တစ်ကောင်ကို တစ်ချက်ထက်ပိုပစ်လေ့မရှိသော စောထီးအဖို့ ယခုအခါ အဘယ့်ကြောင့် ကျည်ဆန်တစ်တောင့်နှင့် ရအောင် မပစ်နိုင်သလဲ ဟူသော သံသယပင် ဖြစ်ပေသည်။





"အစ်ကို... ဟိုမှာ သားကောင် လဲကျသွားပြီလေ၊ ထွက်မကောက်သေးဘူးလား"

ခင်စောမူက တိုးတိုးပြောသည်။ ဒေါက်တာ မင်းထင်ကျော်က ဘာမှပြန်မပြောဘဲ လက်ကာပြလိုက်လေသည်။

ခဏကြာတော့ တောစပ်မှ လူတစ်ယောက် ထွက်လာသည်။ အသက်နှစ်ဆယ်ကျော် အရွယ်ခန့်ရှိပြီး ချောမောလှပသည့် မိန်းကလေးတစ်ယောက် ထွက်လာသည်။

သူမသည် အနက်ရောင်အင်္ကျီ၊ လုံချည်တို့ကို ဝတ်ဆင်ထားပြီး ခြေသလုံးခန့် အထိရောက်အောင် ရှည်လျားသည့် ဆံပင်တို့ကို ကျောဘက်သို့ ဖြန့်ချထားလေသည်။

ဒေါက်တာမင်းထင်ကျော်သည် ချောမော လှပသော မိန်းကလေးတစ်ယောက်ကို ယခု ဓတာနက်ထဲမှာ တစ်ယောက်တည်း တွေ့ရသဖြင့် အံ့သြနေမိလေသည်။

သို့ကြောင့်... အပြင်သို့ မထွက်တော့ဘဲ သစ်ပင်ကြီး နောက်ဘက်မှာ ကွယ်နေလိုက်လေသည်။

တောထဲမှ ထွက်လာသော မိန်းကလေးက လဲကျနေသော ဆတ်ဖားကြီးအနီးသို့ ကပ်သွားကာ...

"ဩော်... မင်းက ဒီနေရာရောက်နေတာကိုး၊ ငါက ဖြင့် ပျောက်လို့ ရှာလိုက်ရတာ၊ ဘာဖြစ်နေတာလဲ၊ ဒဏ်ရာ ရနေတာလား။ ဒါများ အလွယ်လေးပါ၊ ဟိုဘက်နားမှာ မနောမယဂမုန်းပင် ရှိတယ်၊ အဲဒီဥကို ကျောက်တုံးနဲ့ထွေးပြီး လိမ်းလိုက်ရင် မကြာခင် ပျောက်သွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု တစ်ယောက်တည်း ပြောဆိုကာ တောထဲသို့ ပြန်ဝင်သွားသည်။ ခဏကြာတော့ အရွက်ဖားဖားနှင့် သစ်ပင်တစ်ပင်ကို ယူလာပြီး ကျောက်တုံးတစ်တုံးနှင့် သွေးကာ ထွက်လာသော ဆေးရည်များကို ဆတ်ဖားကြီးကိုယ်ပေါ်မှ ဒဏ်ရာများကို သုတ်လိမ်းပေးနေလေသည်။

"လူတွေက တိရစ္ဆာန်တွေရဲ့အပေါ်မှာ အကြင်နာတရားဆိုတာ မရှိသလောက်ကို ဖြစ်သွားကြပြီ၊ ကိုယ့်ရဲ့အသားကို အပ်နဲ့ထိုးရင်တောင် နာတတ်ကြရဲ့သားနဲ့၊ ဓားနဲ့ခုတ်ရမှာလည်း ဝန်မလေးဘူး။ သေနတ်နဲ့ ပစ်ရမှာလည်း လက်မရွံ့ကြတော့ဘူး။ အသက်ဆိုတာ တိရစ္ဆာန်တစ်ကောင်ရဲ့အသက်နဲ့၊ လူတစ်ယောက်ရဲ့ အသက်က အတူတူပါပဲ၊ ကိုယ်ခန္ဓာ ဖွဲ့စည်းပုံချင်းသာ ကွာခြားကြပေမယ့် ကိုယ့်အသက်ကို ခင်တွယ်တာချင်းကတော့ အတူတူပါပဲလေ။

လူတွေမှာ မေတ္တာတရား ရှိကြရင် လောကကြီးဟာ ဒီထက် သာယာချမ်းမြေ့လာမှာ မလွဲပါဘူး"

ဟု အနက်ရောင် မိန်းကလေးက ဒဏ်ရာရနေသော ဆတ်ဖားကြီးကိုယ်ပေါ်မှ ဒဏ်ရာများကို ကြင်ကြင်နာနာဖြင့် ဆေးထည့်ပေးရင်း တတွတ်တွတ်ဖြင့် တစ်ယောက်တည်း ရေရွတ်သလို ပြောဆိုနေလေရာ တိတ်ဆိတ်ငြိမ်သက်နေသော အချိန်မို့ ဒေါက်တာမင်းထင်ကျော်တို့ ရှိနေသော နေရာမှ အတိုင်းသား ကြားနေရလေသည်။





အတန်ကြာသောအခါ ဆတ်ဖားကြီးမှာ နေရာမှ လူးလဲထ,လာလေသည်။ ဒဏ်ရာများလည်း သက်သာသွားဟန်ရှိပေသည်။

"ကဲ... ဒဏ်ရာသက်သာပြီ မဟုတ်လား။ သက်သာရင် သွားကြရအောင်၊ နောက်ကို တောထဲသွားရင် သတိနဲ့သွားလာပေတော့၊ လူတွေလက်ချက်နဲ့မိလို့ ငါနဲ့မတွေ့ရင် မင်းသေသွားလိမ့်မယ်"

ဟု ပြောဆိုကာ အနက်ရောင်မိန်းကလေးနှင့် ဆတ်ဖားကြီးတို့မှာ တောထဲသို့ ဝင်သွားကြလေတော့သည်။

"အစ်ကို ထူးဆန်းလိုက်တာနော်၊ ဟို... အနက်ရောင် အဝတ်အစားတွေ ဝတ်ထားတဲ့ မိန်းကလေးက သေနတ်ဒဏ်ရာရထားတဲ့ ဆတ်ဖားကြီးကို တောထဲပြန်ခေါ်သွားပြီ၊ တောထဲမှာ ကျွန်မတို့ကို တောခြောက်နေပြီလားဟင်"

ဟု ခင်စောမူက မေးလေသည်။

"တောထဲမှာ မြင်သမျှ၊ တွေ့သမျှ၊ ကြားသမျှ အရာတွေ မှန်သမျှ ဘာတစ်ခုမှ အမှန်တွေလို့ သတ်မှတ်လို့ မရနိုင်ဘူး။ လာ... စောမူ၊ စောစောက ဟိုမိန်းကလေး ဆေးသွေးသွားတဲ့ နေရာကို သွားကြည့်ရအောင်"

ဟု ပြောဆိုပြီး နှစ်ယောက်သား သစ်ပင်နောက်မှ ထွက်ကာ ထိုနေရာသို့ သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ဖားကြီးလဲကျနေသော နေရာမှာ သစ်ပင်သစ်ကိုင်းများ ကျိုးကြေပျက်စီးနေသော်လည်း သွေးစက် သွေးကွက်များကိုမူ မတွေ့ရပေ။

"ထူးဆန်းလိုက်တာ"

ဟု ရေရွတ်ရင်း အနက်ရောင်မိန်းကလေး ဆေးသွေးသွားသော ကျောက်တုံးကို ကြည့်လိုက်သောအခါ သွေးလက်စ ဆေးအစ,အနများကို တွေ့ရသဖြင့် ဒေါက်တာမင်းထင်ကျော်က မိမိအိတ်ထဲရှိ ဆေးဘူးတစ်ဘူးထဲမှ ဆေးများကို ထုတ်၍ ထိုဆေးရည်များကို ယူပြီး ထည့်ထားလိုက်သည်။

"အစ်ကို အဲဒါတွေ ဘာလုပ်ဖို့ ယူနေတာလဲဟင်"

"တစ်ချိန်ကျရင် သုံးရအောင်လို့ပါ"

ထိုအချိန်မှာပင် မလှမ်းမကမ်း တောထဲမှ အသံတစ်ချက် ကြားလိုက်ရသည်။

"အူ... ဝူ"

ထိုအသံကြောင့် ဒေါက်တာမင်းထင်ကျော်က ပြန်၍ အသံပေးလိုက်ရာ အတန်ကြာသောအခါ စောထီး ရောက်လာသည်။ သူ့ပခုံးပေါ်မှာ ဆတ်တစ်ကောင် ထမ်းလာသည်။

"ဆရာ စောစောက ဒီဘက်က သေနတ်သံတစ်ချက် ကြားလိုက်ရတယ်၊ ဆရာ ဘာကိုပစ်တာလဲ"

စောထီးက မေးလိုက်သောအခါ အချိန်မရှိတော့သဖြင့် ရှည်ရှည်ဝေးဝေး ရှင်းပြမနေတော့ဘဲ...





"အန္တရာယ်ပြုမယ့် တောကောင်တစ်ကောင်ကို လှန့်ထုတ်လိုက်တာပါ"

ဟု အလွယ်တကူ ပြောလိုက်သည်။

"ဒါဖြင့်လည်း ဘာမှမပူနဲ့၊ ဒီမှာ ဟင်းစားရခဲ့ပြီ၊ မမှောင်ခင် ရွာရောက်အောင် ပြန်ကြစို့ရဲ့"

ဟု ပြောဆိုကာ သုံးယောက်သား အင်ကြင်းမြောင်ရွာဘက်သို့ ပြန်ခဲ့ကြလေတော့သည်။

အမှောင်ထုက ရိုးမတောပေါ်သို့ လွှမ်းခြုံစ ပြုနေချေပြီ။

❖🐦❖



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၈ )

# အာယာဘ ရန်ငြိုး

လူနှစ်ယောက်တို့၏ဘဝကို အတူတကွ ထူထောင်ကြရာတွင် အရေးအကြီးဆုံးမှာ တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိရန်နှင့် မြတ်နိုးတွယ်တာမှု ရှိဖို့ရန် အရေးကြီးလှသည်။

အချစ်မပါဘဲနှင့် တည်ဆောက်သော အိမ်ထောင်ရေးသည် အနှစ်မရှိသောကြောင့် ခိုင်မြဲမှု မရှိနိုင်ပေ။

ဘောင်ဒရီလမ်းပေါ်တွင်ရှိသော ကျောက်စိမ်းဂေဟာဟု အမည်ပေးထားသော ခြံကျယ်ကြီးအတွင်း၌ ခံ့ညားထည်ဝါလှသည့် တိုက်ကြီးတစ်လုံး ရှိလေသည်။





ထိုခြံကျယ်ကြီးနှင့် တိုက်ကြီးမှ သူဌေးကြီး ဦးထွန်းဖေ၊ သူဌေးကတော် ဒေါ်ခင်မေတို့ ပိုင်ဆိုင်ကြလေသည်။

၎င်းတို့တွင် မြသင်းကြူနှင့် မြနှင်းဖြူ ညီအစ်မ နှစ်ယောက်ရှိပြီး အစ်မဖြစ်သူ မြသင်းကြူမှာ ပွဲစားကြီး ဦးသာညွှာ၏ သားဖြစ်သူ မောင်မောင်ဇော်နှင့် လက်ထပ်ပေးထားခဲ့သည်။

ဦးထွန်းဖေတို့မှာ ယခင်ကလောက် စီးပွားရေး မခိုင်မာတော့သဖြင့် စီးပွားရေးတောင့်တင်းသော ပွဲစားကြီး ဦးသာညွှာတို့နှင့် ရွှေလမ်းငွေလမ်း ခင်းခဲ့သော်လည်း တကယ်တမ်းမှာတော့ ဦးထွန်းဖေ မျှော်လင့်သလို မဖြစ်ခဲ့ပါချေ။

မောင်မောင်ဇော်မှာ မိဘက ချမ်းသာသဖြင့် မိဘပိုင်ဆိုင်သော ဥစ္စာပစ္စည်းများကို အသုံးချကာ ဘော်ကျော့နေတိုင်သူ တစ်ယောက် ဖြစ်ရုံမက အရက်နှင့် လောင်းကစားအပျော်အပါးများကို လွန်စွာ ခုံမင်နှစ်သက်သူ တစ်ယောက်ဖြစ်ကြောင်း တဖြည်းဖြည်းနှင့် သိလာရတော့သည်။

အိမ်ထောင်ကျပြီးကတည်းက ဦးထွန်းဖေအိမ်သို့ လိုက်နေပြီး ဘာအလုပ်မှ မယ်မယ်ရရ မလုပ်ဘဲ ငွေအသုံးလိုလျှင် မိန်းမဆီမှ တောင်းသုံးလေ့ ရှိသည်။

လက်ထပ်ပြီးကာစ,ကတော့ မြသင်းကြူ အပေါ်မှာ တကယ် နှစ်နှစ်ကာကာရှိသယောင် ဟန်ဆောင်နေခဲ့သော်လည်း အချိန်ကြာလာသည်နှင့်အမျှ ဇာတိရုပ်က တဖြည်းဖြည်း ပေါ်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်လိုလို ပျော်ပွဲစားကလပ်များ၌ အချိန်ကုန်အောင် နေပြီး အချိန်မတော်ကာမှ အရက်မူးပြီး ပြန်လာလေ့ရှိသည်။

ထိုမျှမကသေး... အိမ်မှာနေသော မြသင်းကြူကို အကြောင်းမရှိ အကြောင်းရှာပြီး အပြစ်ပြော ရန်ရှာလေ့ ရှိသည်။

ဦးထွန်းဖုံမှာလည်း ယခုအခါမှ မိမိမှားသွားပြီဖြစ်ကြောင်း ရိပ်မိသော်လည်း လွန်သွားပြီ ဖြစ်သောကြောင့် ဘယ်လိုမှ ပြင်၍မရနိုင်တော့ပေ။

မျောက်ကို အထင်ကြီးမိ၍ အိမ်ဦးခန်း တင်ထားမိသဖြင့် မီးတုတ်ကိုင်ကာ တစ်အိမ်လုံး မီးရှို့သော အပြစ်မျိုးလို ကြုံနေရသည်။

"တောက်...ငါ့မှာ သားယောက်ျားလေးမရှိလို့ သားမက် တစ်ယောက် ရှာမိပါတယ်၊ အားမကိုးရတဲ့အပြင် သူ့အတွက် ဝန်ထုပ်ဝန်ပိုးတောင် လာဖြစ်နေသေးတယ်၊ ဒုက္ခပါပဲကွာ"

ဟု တဖျစ်တောက်တောက်နှင့် ညည်းညူနေတော့သည်။

ထိုအခါ ဒေါ်ခင်မေက...

"ဒါကတော့ ဘယ်သူမပြု မိမိမှုပေါ့ ကိုဘဖုံရေ၊ ကျွန်မ တို့သားအမိတစ်တွေ အတန်တန် တားတဲ့ကြားက ရှင်ကိုယ်တိုင် သဘောကျလို့ချည့်ဆိုပြီး ဖွတ်စီစဉ်ခဲ့တာပဲ မဟုတ်လား။ အခုတော့ သားမက်ကြီး ခြံရသသက အားမကိုးရတဲ့အပြင် သူ့အတွက်တောင် ဝန်ထုပ်ဝန်ပိုး ဖြစ်နေပြီ မဟုတ်လား"

ဟု အပြစ်ပြောလေသည်။





"အခုမှတော့ အပြစ်ပြောမနေတော့ပါနဲ့ကွာ၊ ငါလည်း ကောင်းမယ်ထင်လို့ လုပ်ခဲ့မိတာပဲ၊ အခုမှ ဖွတ်မရ၊ မားမဆုံး ဆိုတဲ့အဖြစ်မျိုး ရောက်နေတော့တာ၊ ဘာတတ်နိုင်မှာလဲ"

"ကိုထွန်းဖုံရယ်... ရှင်ကတော့ ခပ်လွယ်လွယ်ပဲ ပြောလိုက်တာပဲ၊ အခုဆိုရင် ရှင့်ရဲ့ ရွှေသားမက်ကြောင့် ကျွန်မရဲ့သမီးလေး ဘယ်လောက် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေတယ်ဆိုတာ ရှင် သိရဲ့လား"

ထိုသို့ ပြောပြန်တော့လည်း ဦးထွန်းဖုံမှာ ဘာမှ ပြန်မပြောသာတော့ဘဲ မေးရိုးကြီးများ ထောင်ထလာသည် အထိ အံကိုကြိတ်ထားရင်း ခေါင်းငုံ့၍သာ နေလေတော့သည်။

တကယ်တော့ မြသင်းကြူ၏ ဘဝမှာ အပြစ်မဲ့သော မြေစာပင်ဘဝမျိုး ဖြစ်သည်။ ချစ်သောသူနှင့် ကွေကွင်းရခြင်း၊ မချစ်မနှစ်သက်သူနှင့် နေထိုင်ရခြင်း ဟူသော သောက နှစ်မျိုးကို တစ်ပြိုင်နက် ခံစားရသဖြင့် လူမှာလည်း ယခင်ကလို အလှအပမျိုး လုံးဝမရှိတော့ဘဲ အိပ်ရာပေါ်မှာ မျက်ရည်နှင့် မျက်ခွက် ဘဝမျိုးနှင့်သာ နေရတော့သည်။

ထိုသို့နေလေလေ မောင်မောင်ဇော်က အနားမကပ် လေလေ၊ အပြင်မှာ အချိန်ကုန်လေလေ ဖြစ်၏။

"တောက်... အိမ်ပြန်လာရင် တစ်ချက်ကလေးမှ စိတ်ချမ်းသာစရာ မရှိဘူး။ ယူထားတဲ့မိန်းမကလည်း အပူ သည်လို ရုပ်မျိုးနဲ့၊ ကျန်တဲ့လူတွေ ကြည့်ပြန်တော့လည်း တစ်စက်ကလေးမှ စိတ်ချမ်းသာစရာ မရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို အိမ်မကပ်တော့ အိမ်မကပ်ဘူးလို့ အပြစ်တင်ချင် ကြတယ်၊ အိမ်မှာနေတော့ရော ဘာအမိပ္ပာယ် ရှိလို့လဲ၊ ငါ့ ဘာသာ အပြင်မှာ လွတ်လွတ်လပ်လပ် နေပြန်တော့လည်း လူတွေက အပြစ်မြင်ချင်ကြသေးတယ်၊ တစ်စက်ကလေးမှ မကောင်းပါဘူးကွာ”

မောင်မောင်ဇော်က အရက်မူးလာလျှင် ထိုစကားမျိုးကို အမြဲပြောလေ့ရှိသည်။

“ကိုမောင်ဇော်... ရှင့်ဘာသာ အပြင်မှာ နေချင်သလို နေပါရှင်၊ ကျွန်မတို့ မိသားစုကိုတော့ အပြစ်မြင်သလို သဘောမျိုး မပြောပါနဲ့”

“မောင်မောင်ဇော် ဆိုတဲ့လူက အမှန်တရားကို ပြောတာ ပါကွာ၊ မင်းကို လက်ထပ်ခဲ့တာ ငါ့ဘဝမှာ ဘာတစ်ခုမှ ပျော်ရွှင်မှု မရခဲ့ဘူး”

“အဲဒါကတော့ ရှင့်ဘာသာ ရွေးချယ်ခဲ့တဲ့ လမ်းပဲ၊ ကျွန်မက ဇွတ်အတင်း ရွေးချယ်ခိုင်းခဲ့တာမှ မဟုတ်တာ၊ ကိုယ့်သဘောကျရွေးတဲ့ လမ်းဆိုတာ ကောင်းရင်လည်း စံရ တယ်၊ မကောင်းရင်လည်း ခံရတယ်ဆိုတာ ရှင် အစ,ကတည်း က သိဖို့ကောင်းခဲ့တာပေါ့”

ဟု ပြောလိုက်သော မြသင်းကြူ စကားကို ကြားရ သောအခါ မောင်မောင်ဇော်မှာ ဒေါသအပွကြီး ပွသွားလေ တော့သည်။





“အေး... မောင်မောင်ဇော်ဆိုတဲ့ လူကလည်း ပန်းတွေ့ ရင် နမ်းတတ်သလို ဆူးတွေ့ရင်လည်း ရှင်းတတ်တယ်ဆိုတာ တော့ မင်း မြဲမြဲမှတ်ထားပါ”

ဟု ပြောဆိုကာ ထွက်သွားလေသည်။

ထိုအခါ မျက်ရည်နှင့် မျက်ခွက်ဖြစ်ကာ ကျန်ရစ်ခဲ့သော မြသင်းကြူကို ကြည့်ပြီး ညီမဖြစ်သူ မြနှင်းဖြူမှာ စိတ်မကောင်း ဖြစ်ရလေသည်။

ယခုအခါ မြနှင်းဖြူမှာ ဆရာဝန်ဘွဲ့ ရရှိခဲ့ပြီး အလုပ် မဝင်သေးမီ ကာလအတွင်း အိမ်မှာရှိနေခိုက်မှာ အစ်မဖြစ်သူ မြသင်းကြူ၏ အိမ်ထောင်ရေးအကြောင်းကို ကြည့်ပြီး စိတ်မကောင်း ဖြစ်နေမိလေသည်။

“တိတ်ပါတော့ မမရယ်၊ ဒီလို လူ့အသိတရား မရှိတဲ့ လူတစ်ယောက်ကို ဖေဖေက ဘာတွေ ဘယ်လို သဘောကျပြီး ရွေးလိုက်တယ် မသိပါဘူး၊ မမကို မြင်ရတာ ကျွန်မတော့ ရင်နာလို့ မဆုံးပါဘူး”

“မမဘဝနဲ့ မမ ရှိပါစေတော့ ညီမလေးရယ်၊ ဖေဖေ တို့ကို အပြစ် ပြောမနေပါနဲ့တော့ကွယ်၊ ညီမလေးမှာ အပြစ် ဖြစ်နေပါ့မယ်”

“ညီမလေးက အပြစ်ပြောနေတာ မဟုတ်ပါဘူး၊ အမှန် တရားကို ပြောတာပါ၊ အိမ်ထောင်ရေးဆိုတာ ဘဝနဲ့ရင်းရတာ ဆိုတော့ တစ်ချက်ကလေး မှားတာနဲ့ တစ်သက်လုံး နာလန် မထူတော့ဘူး၊ အိမ်ထောင်ရေးနဲ့ ပတ်သက်လာရင် မိဘက



www.burmeseclassic.com

www.burmeseclassic.com



ရွေးတယ်ဆိုတာထက် ကိုယ့်ရဲ့ နှလုံးသားနဲ့ ဆုံးဖြတ်မှုလည်း ပါဖို့လိုတယ်။

ဘာကြောင့်လဲ ဆိုတော့ ဘယ်မိဘမဆို သားသမီးတွေအတွက် အိမ်ထောင်ဖက် ရွေးကြတဲ့နေရာမှာ အဘက်ဘက်က ပြည့်စုံတယ်ဆိုရင်တောင်မှ သူတို့ရှုထောင့်က ဘယ်တော့မှ ကြည့်လေ့မရှိတဲ့ အချက်တစ်ချက်ကတော့ အမြဲကျန်လေ့ရှိတယ်"

"အဲဒါ ဘာလဲဟင်"

"အဲဒါ လူငယ်နှစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာတရားပဲ၊ အဲဒါကို ဘာကြောင့် မကြည့်ဖြစ်သလဲဆိုတော့ လောကရဲ့ ညီမျှခြင်းကိုပဲ ရွေးချယ်နေကြလို့ပဲ ဖြစ်တယ်"

မြသင်းကြူက သက်ပြင်းတစ်ချက် ချလိုက်သည်။

"အဲဒီအချက်ကြောင့် အိမ်ထောင်ပြုပြီးတော့မှ ပျော်ရွှင်မှုတွေ ဆိတ်သုဉ်း၊ နားလည်မှုတွေလွဲပြီး ရှင်ရက်နဲ့ ဘဝသေသွားကြတဲ့လူတွေ လောကမှာ အများကြီး ရှိကြပါတယ်"

"ညီမလေးပြောတာ မှန်ပါတယ်၊ အခု မမရဲ့ဘဝဟာလည်း ရှင်ရက်နဲ့ သေနေတဲ့လူလိုပါပဲ၊ မမချစ်သူ ကိုကျော်နဲ့ လွဲခဲ့ရတဲ့ဘဝ၊ မချစ် မနှစ်သက်တဲ့လူနဲ့ ဆုံစည်းခဲ့ရတဲ့ ဘဝတွေကြောင့် လူ့ဘဝမှာ ကြာရှည်နေရတော့မယ် မထင်ပါဘူးကွယ်"

"အို... မမကလည်း ဒီလိုမပြောပါနဲ့လေ၊ ဒီလောက်လည်း စိတ်လျှော့မနေပါနဲ့၊ နောက်ပြီး မမမှာ မပေါ့မပါးကြီးနဲ့ မဟုတ်လား"





"ဟုတ်တယ်... အဲဒီကိုယ်ဝန် ရကတည်းကကို မမစိတ်ဆင်းရဲနေမိတာ၊ ဒီလူယုတ်မာရဲ့ ရင်သွေးကို လွယ်ထားရတာကိုပဲ စိတ်ထဲမှာ မသတီလှဘူးကွယ်"

"ဒီကလေးမွေးပြီးတဲ့အခါကျရင် မမစိတ်ကြိုက် ဆုံးဖြတ်ပါ၊ ကလေးကို ကိုယ်ဝန်ဆောင်ထားတဲ့ အချိန်မှာတော့ တတ်နိုင်သမျှ စိတ်ချမ်းသာအောင်နေပါ မမရယ်"

ဟု မြနှင်းဖြူက အစ်မဖြစ်သူကို ဖျောင်းဖျ ပြောဆိုနေလေသည်။

"မမ အခြေအနေကို မမပဲ သိပါတယ်၊ ဒီအတိုင်းဆိုရင် ဘယ်နည်းနဲ့မှ သက်ဆိုး မရှည်နိုင်ပါဘူး၊ တကယ်လို့ မမတိမ်းပါးသွားရင် ညီမလေး၊ ကိုကျော့်ကို တွေ့အောင်ရှာပြီး မမကိုယ်စား တောင်းပန်ပေးပါကွယ်"

"ဒါတွေ ပြောမနေပါနဲ့တော့ မမရယ်၊ ကိုယ့်ကျန်းမာရေးကိုသာ ဂရုစိုက်ပါ၊ ကံကြမ္မာဆိုတာ ဒီလိုချည်းပဲ အမြဲမနေတတ်ပါဘူး၊ တစ်နေ့ကျရင် မမဘဝအတွက် စိတ်ချမ်းမြေ့စရာ၊ ပျော်ရွှင်စရာတွေ ရှိလာဦးမှာပါ"

ထိုစကားကြောင့် မြသင်းကြူက အားနည်းစွာ တစ်ချက်ပြုံးလိုက်သည်။

"အမြစ်ခြောက်နေတဲ့ သစ်ပင်တစ်ပင်ကို စိမ်းလန်းစိုပြည်လာအောင် ရေလောင်းနေလည်း အပိုပါပဲကွယ်၊ မမရဲ့ အသည်းနှလုံးမှာ ပျော်ရွှင်မှုဆိုတာ ဘယ်တော့မှ ရောက်မလာနိုင်တော့ပါဘူး။ မောင်မောင်ဇော် နှိပ်စက်ခဲ့လို့ ပျော်ရွှင်မှုရဲ့



www.burmeseclassic.com

www.burmeseclassic.com



ရေသောက်မြစ်ဖြစ်တဲ့ မမရဲ့ အသည်းနှလုံးဟာ ခြောက်သွေ့နေခဲ့တာ ကြာပါပြီ”

ဟု တိုးညင်းသော လေသံဖြင့် ပြောလိုက်လေသည်။

“ကျွန်မ တစ်သက်မှာ အဲဒီလိုလူကို ဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူး။ ကျွန်မတို့မိသားစုရဲ့ ပျော်ရွှင်မှုတွေ၊ စိတ်ချမ်းသာမှုတွေကို ဖျက်ဆီးခဲ့တာ ဒင်းပဲ၊ သူ့ကြောင့် မမရဲ့ဘဝ ပျက်စီးခဲ့ရုံမကဘူး ကျန်တဲ့မိသားစု ဘဝတွေပါ စိတ်မချမ်းမသာ ဖြစ်ခဲ့ကြရတယ်၊ ကျွန်မတို့ရဲ့ ဝဋ်ကြွေးတွေကို တစ်နေ့ကျရင် သူ ပြန်ခံရမှ ကျေနပ်နိုင်မယ်”

ဟု သူမ၏ ဇီဇအတိုင်း ဆတ်ဆတ်ကြဲ လေသံမျိုးဖြင့် ပြောလိုက်လေသည်။

မြနှင်းဖြူမှာ အိမ်တွင် အနေနည်းပြီး ဆေးတက္ကသိုလ် တက်နေစဉ်က ကျောင်းမှာပင် အနေများခဲ့သူ ဖြစ်၏။

ယခု မြသင်းကြူ လက်ထပ်ပြီးကာမှ သူမလည်း ကျောင်းပြီးသွားသောကြောင့် အိမ်မှာ ပြန်နေသောအခါမှ မောင်မောင်ဇော်နှင့် တွေ့ဆုံရခြင်း ဖြစ်သည်။

တွေ့စ,ကတော့ ကိုယ့်မမ ယောကျ်ားမို့ အလိုက်အထိုက် ဆက်ဆံသော်လည်း ကြာလာသည်နှင့် မောင်မောင်ဇော်၏ စရိုက်မှန်ကို သိရသောအခါ မိမိဘာသာ ခပ်မှန်မှန် ခပ်တန်းတန်းသာ နေခဲ့သည်။

မောင်မောင်ဇော်မှာ မြနှင်းဖြူ၏ မဟုတ်မခံ စိတ်ကို ရိပ်မိသောကြောင့် ရှေ့မတိုးဝံ့သော်လည်း အရက်ကလေး





တွေလာသောအခါ တစ်ခွန်းစ၊ နှစ်ခွန်းစ သွေးတိုးစမ်းလေ့ရှိသည်။

“ဆရာဝန်ဆိုတာ အားလုံးရဲ့အပေါ်မှာ ကြင်နာသနားရတယ်၊ ချစ်ခင်ရတယ်၊ ဒါမှ ဖြစ်မှာပေါ့၊ အခုတော့ ကိုယ့်ညီမ ကြည့်ရတာ အမူအရာရော၊ စိတ်ပါ နည်းနည်းမာနေသလိုပဲ၊ ဟဲ...ဟဲ...ဟဲ... အစ်ကိုက စေတနာနဲ့ အကြံပေးတာပါနော်”

ဟု အာလေး လျှာလေးသံဖြင့် ပြောလေသည်။

BURMESE CLASSIC .com

“ဒီမှာ ကိုမောင်မောင်ဇော်၊ ဆရာဝန်တိုင်းဟာ သူတို့ရဲ့ လူနာတွေအပေါ်မှာတော့ အနည်းနဲ့အများ စေတနာထားကြပါတယ်၊ ဒါပေမယ့် ဘယ်ဆရာဝန်ကမှ လူနာမဟုတ်တဲ့ လူတွေအပေါ်မှာတော့ စေတနာ မထားတတ်ကြပါဘူး၊ အဲဒါဘာကြောင့်လဲ ရှင် သိသလား”

“ဟင့်အင်း... မသိဘူး”

“မသိရင်လည်း မှတ်ထားပေါ့ရှင်၊ လောကမှာ စေတနာနဲ့ မတန်တဲ့လူတွေ အများကြီးရှိတယ်၊ တချို့က အပြင်မှာ ချိုပေမယ့် အတွင်းမှာ ကောက်ကျစ် ယုတ်မာတတ်ကြတယ်လေ၊ အဲဒီလိုလူမျိုးတွေကို နည်းနည်းလောက် စေတနာထားခဲ့မိရင် များများ ဒုက္ခရောက်ရမှာပေါ့”

ထိုစကားကြောင့် မောင်မောင်ဇော် မျက်စိမျက်နှာ ပျက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ကြုံတုန်း တစ်ခုလောက် ပြောရဦးမယ် ငါးရာငါးဆယ် နိပါတ်တော်တွေထဲမှာ သူတော်ကောင်းတွေဟာ မကောင်းတဲ့ လူတွေနဲ့ တွေ့ကြုံဆက်ဆံမိလို့ ကာယ်တင်မိလို့ ဒုက္ခရောက်ခဲ့ရတဲ့ ဇာတ်တွေက အတော်များပါတယ်၊ အဲဒါကြောင့် မြတ်စွာဘုရား ဟောကြားတဲ့ မင်္ဂလသုတ်တော်ထဲမှာ "အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ"ဆိုတဲ့ လူမိုက်ကို ရှောင်ကြဉ်ရခြင်းဟာ မင်္ဂလာတစ်ပါးလို့ ဟည်ဟောခဲ့တာပေါ့"

ထိုသို့ ပြောလိုက်သောအခါ မောင်မောင်ဇော်မှာ ဆတ်ဆတ်ခါမျှ နာသွားကာ...

"မင်းက ဆရာဝန်ဘွဲ့ယူပြီး ဆေးကုဖို့ မကောင်းဘူး သီလရှင်ဝတ်ပြီး ဓမ္မကထိက စာဟောဆရာလုပ်ဖို့ ပိုပြီးကောင်းမယ်"

ဟု ဒေါသတကြီးဖြင့် ပြောဆိုကာ မြနှင်းဖြူ အနီးမှ ထွက်သွားလေတော့သည်။

ထိုအချိန်မှစ၍ မောင်မောင်ဇော်သည် မြနှင်းဖြူကို မထိပါးတော့သော်လည်း စိတ်ထဲကတော့ မကျေမနပ်ဖြင့် တစ်နေ့ အခွင့်သာလျှင် နာလန်မထူအောင် ချိုင်ထည့်လိုက်မည်ဟု အငြိုးအတေးထား၍ နေလေသည်။

❖❦❖





အခန်း ( ၉ )

# ဒေါက်တာမင်းထင်ကျော်အတွက် သိလှူနိုစ

အင်ကြင်းမြောင်ရွာ၊ ဂမုန်းတောင်ရွာတို့နှင့် မဝေးလှသော တောအတွင်း၌ တဲကြီးတစ်လုံး ရှိသည်။

ထိုတဲကြီးသည် မြေပြင်မှ ခပ်ပြေပြေ တက်သွားသော တောင်ကုန်းတစ်ခုပေါ်မှာ တည်ဆောက်ထားခြင်း ဖြစ်ပေသည်။

တောင်ကုန်း တစ်ကြောမှာတော့ ကြက်သွန်၊ ရှောက်၊ ပဲပင်၊ ရုံးပတီပင်၊ မုန်လာ၊ ဆလပ် အစရှိသော ရာသီထွက် သီးပင်စားပင်များကို စိုက်ပျိုးထားလေသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တောင်ကုန်း အလယ်မှာတော့ မျောက်ချောတိုင်နှင့် ဝါးဘိုးဝါးများကို တိုင်ထူ၍ ဝါးကြမ်းခင်း၊ ဝါးကပ် ကာရံထားကာ အမိုးကတော့ သက်ကယ်ပျစ်များကို မိုးဝသားလေသည်။

တဲကြီးမှာ ခြေတံရှည်ဖြစ်ပြီး အောက်ထပ်မှာတော့ နေ့လယ်နေ့ခင်း နေထိုင်ရာ ဝါးဖြင့် ပြုလုပ်ထားသော ကုလားထိုင်များ၊ စားပွဲများ ချထားလေသည်။

တဲကြီးအနီးမှာ တောင်ကျစမ်းချောင်းတစ်ခု ရှိသဖြင့် သောက်ရေ၊ သုံးရေအတွက် မပူရပေ။

တဲအောက်ဘက် တစ်နေရာမှာတော့ မီးပုံကြီးတစ်ပုံ ရှိပြီး ထိုမီးပုံနံဘေးမှာ လူ့ခါးစောင်း ခန့်ရှိသည့် အမဲလိုက်ခွေးကြီးများ ရှိသည်။

လူစိမ်းကပ်ဖို့ မဆိုထားနှင့် တော်ရုံ ဟောတိရစ္ဆာန် တစ်ကောင်လောက် ဆိုလျှင်ပင် ၎င်းတို့လက်ချက်ကြောင့် အသက် ထွက်သွားနိုင်လောက်သည်။

ထိုတဲကြီးတွင် ဒေါက်တာမင်းထင်ကျော်နှင့် သူ၏ အဖွဲ့သားများ နေထိုင်ကြသည်။

ဒေါက်တာ မင်းထင်ကျော်သည် ရွာထဲ၌ မနေဘဲ ထိုကဲ့သို့ တောထဲ၌ လာရောက် နေထိုင်သော ရည်ရွယ်ချက်မှာ မိမိပြုလုပ်လိုသော သုတေသနလုပ်ငန်းများနှင့် အမဲလိုက်သော အလုပ်များ လွတ်လွတ်လပ်လပ်လုပ်ရန် ရည်ရွယ်ချက် ဖြင့် ထိုကဲ့သို့ သီးသန့် လာရောက်နေထိုင်ခြင်း ဖြစ်၏။





တောထဲမှာ လာရောက်နေထိုင်စ,က အဖော်သိပ်မများလှသော်လည်း နောက်တော့ ဦးမွန်ထော်နှင့် အင်ကြင်းတောင်ရွာလူကြီး ဦးထန်ဖုန်းရှိန်၏ သားဖြစ်သူ စောထီးတို့ လာရောက် နေထိုင်ကြရာမှ အစပြုကာ ရွာထဲမှ လူငယ်လူရွယ် အချို့ပါ လာရောက် နေထိုင်ကြသဖြင့် ယခုတော့ ဆယ်ယောက်ခန့် ရှိနေလေပြီ။

ဒေါက်တာမင်းထင်ကျော်က တောတောင်များထဲမှ ရှာဖွေရသော ရွှေ၊ ငွေအချို့ကိုရောင်းချပြီး လိုအပ်သောဆေးဝါးနှင့် စားနပ်ရိက္ခာတို့ကို စုဆောင်းထားကာ အချိန်ရသည်နှင့် ဦးမွန်ထော်နှင့် စောထီးတို့ကိုပါ ခေါ်ဆောင်၍ သတ္တုကြောများကို လိုက်လံရှာဖွေကာ သုတေသန ပြုလုပ်လျက်ရှိသည်။

သတ္တုကြောများမှာ အများအားဖြင့်တော့ ကရင်လူမျိုးတို့၏ အရိုးတောင်ဟောင်းနေရာများ၌သာ ရှိကြပေရာ ရွာခံနယ်ခံများ၏ ကူညီမှုမပါဘဲနှင့် ဘယ်လိုမှ ရှာမတွေ့နိုင်သော နေရာများ ဖြစ်ပေသည်။

အမှတ်တမဲ့ကြည့်လျှင် ဖုန်းဆိုးမြေများ၊ တောတောင်ထူထပ်သော နေရာများ၊ တောင်ယာစိုက်ခင်း နေရာများ ဖြစ်ကြပေရာ တတ်သိ လူတစ်ယောက် မပါဘဲ ဘယ်လိုမှ ရှာမတွေ့နိုင်သော နေရာများ ဖြစ်ကြပေသည်။

ယခုအခါမှာတော့ ဒေါက်တာ မင်းထင်ကျော်အနေနှင့် သတ္တုရတနာကြောရှိသည့် နေရာအတော်များများကို ထိလွန်စ ရရှိထားပြီးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ကျလျှင် ထိုရတနာများကို တူးဖော်ပြီး မဖွံ့ဖြိုးသေးသော ကရင်လူမျိုးတို့၏ တိုးတက် ဖွံ့ဖြိုးရေးအတွက် အသုံးပြု ဆောင်ရွက်ရမည်ဟု စိတ်ကူးထားလေသည်။

ယခုလည်း သူတို့အဖွဲ့သည် တောင်တန်းတစ်ခုပေါ်မှ သတ္တုကြောတစ်ခုကို လေ့လာပြီး ပြန်လာရာ တောအုပ်တစ်ခုသို့ ရောက်သောအခါ မအူပင်ကြီး တစ်ပင်ပေါ်မှ မအူသီးများကို စားသောက်နေကြသော မျောက်တစ်အုပ်ကို မြင်ရလေသည်။ သစ်ပင်ပေါ်မှ မျောက်လွှဲကျော်များကို မြင်သောအခါ စောထီးက ကျောတွင်လွယ်ထားသော သေနတ်ကို ဖြုတ်ပြီး ပစ်ခတ်ရန် ပြင်လေသည်။

"ဘာလုပ်မလို့လဲ စောထီး"

"မျောက်ပစ်မယ် ဆရာ၊ ကျွန်တော်တို့ စခန်းပြန်ရောက်ရင် ဟင်းစားမရှိဘူး"

"မပစ်ပါနဲ့ကွာ၊ မျောက်လွှဲကျော်တွေက လူတွေရဲ့ စိုက်ခင်းဖျက်တဲ့ သတ္တဝါမျိုးတွေ မဟုတ်ပါဘူး၊ ဒီကောင်တွေက တောထဲ တောင်ထဲ သွားလာနေတဲ့ လူတွေအတွက် အန္တရာယ် အချက်ပေး ခေါင်းလောင်းသံတွေ ဆိုရင်တောင် မမှားပါဘူး"

"ဘယ်လိုကြောင့်လဲ ဆရာရဲ့"

"တောထဲမှာ ဆင်၊ ကျား၊ ကျားသစ်၊ ဝက်ဝံ အစရှိတဲ့ လူကို အန္တရာယ်ပေးမယ့် သတ္တဝါမျိုးတွေကို တွေ့ရင် မျောက်လွှဲကျော်တွေက သစ်ပင်ပေါ်ကနေ အော်သံပေးလေ့





ရှိတယ်၊ သူတို့အော်သံကို ကြားရင် ဘယ်နေရာမှာ အန္တရာယ်ရှိတဲ့ သတ္တဝါ ရှိတယ်ဆိုတာ သိနိုင်တာပေါ့"

ဟု ဒေါက်တာမင်းထင်ကျော်က ပြောလိုက်သောအခါ စောထီးက စိတ်ပျက်လက်ပျက် အမူအရာဖြင့် သေနတ်ကို ပြန်ချထားလိုက်သည်။

"မင်း မျောက်သားစားချင်ရင် ဒီတောအုပ်ရဲ့ အလွန် တောင်ခြေလျှောနေရာမှာ တောင်ယာစိုက်ခင်း တစ်ခင်းရှိတယ်၊ အဲဒီစိုက်ခင်းမှာ လူတွေရဲ့ စိုက်ခင်းတွေကို အမြဲလာပြီး ဖျက်ဆီးတဲ့ မျောက်နီအုပ်တွေ ရှိကြတယ်၊ အဲဒီကျမှ ပစ်ကြတာပေါ့"

ဟု ပြောလိုက်တော့မှ စောထီးလည်း စိတ်ကျေနပ်သွားဟန် ရှိလေတော့သည်။ ထို့နောက်...

သူတို့အဖွဲ့သည် ခြေသံလုံလုံ၊ စကားသံ မထွက်ကြဘဲ ခရီးဆက်ခဲ့ကြရာ တောအုပ်အစပ်သို့ ရောက်သောအခါ တောင်ယာသမားတို့ စိုက်ပျိုးထားသော ပြောင်းဖူးခင်းနှင့် ပဲရုံခင်းစပ်ဆီသို့ ရောက်ခဲ့ကြသည်။

တောင်ယာခင်း၏ အရှေ့တောင်ဘက် တောတန်းကို မှီလျက် မျောက်နီအုပ်ကြီးသည် ပြောင်းဖူးခင်းနှင့် ပဲရုံခင်းကို ခြံရှင်မရှိခိုက် စိတ်တိုင်းကျ ဝင်ရောက် ဖျက်ဆီး စားသောက်လျက် ရှိနေလေတော့သည်။

ကြို့ပင်ကြီးပေါ်ရှိ ခပ်မြင့်မြင့် ကိုင်းဖျားတစ်ခုပေါ်တွင် မျောက်နီအုပ်ကြီး၏ ခေါင်းဆောင်ဖြစ်သည့် ကြီးမားလှသော



www.burmeseclassic.com

www.burmeseclassic.com



မျောက်နီကြီး တစ်ကောင်သည် အောက်ဘက်မှ သီးနှံများကို ဖျက်ဆီး စားသောက်နေကြသည့် မျောက်နီအုပ်အား ဘေးအန္တရာယ် ကင်းစေရန် စောင့်ကြပ်ပေးနေရင်းမှ သစ်ပင်အပေါ်မှ ကွိကွိကွကွ အသံများဖြင့် လှမ်းအော်နေသည်ကို လှမ်းမြင်နေရသည်။

ယာခင်းထဲမှ မျောက်နီများကတော့ ပြောင်းဖူးပင်များကို နိုလွဲ၍ ဖင်ထိုင်ပြီး နီးစပ်ရာ ပြောင်းဖူးပင်တို့ကို ဆွဲယူပြီးလျှင် သုံးလေးချက် အခွံကို ဆုတ်ဖြဲသည်။

အတွင်းသားပေါ်လာလျှင် ပါးစပ်ဖြင့် ကိုက်ကြည့်သည်။

သဘောမတွေ့လျှင် ပြန်လွှတ်လိုက်ရာ တဖုန်းဖုန်း မြည်သံနှင့်အတူ ပြောင်းဖူးပင်တို့မှာ ခါးကျိုးကာ မြေသို့ လဲကျကုန်လေတော့သည်။

ကျန်သောအပင်မှ အသီးများမှာလည်း မျောက်ကိုက်သော ဒဏ်ရာကြောင်း အကောင်း မကျန်တော့လောက်အောင်ပင် ပျက်စီးကုန်တော့သည်။

ကျောက်ဖရုံခင်းမှ မျောက်များကလည်း ထိုအတိုင်းပင်။

ကျောက်ဖရုံသီးများကို ကိုက်ဖြတ် စားသောက်ရုံမက အချို့က အညှာမှ ကိုက်ဖြတ်ပြီး မနိုင်မနင်းဖြင့် ထမ်းယူနေကြလေသည်။

"တွေ့လား စောထီး၊ တိရစ္ဆာန်ချင်း တူတာတောင်မှ စရိုက်ချင်း မတူကြဘူး။ မျောက်လွှဲကျော်တွေက တောထဲမှာနေပြီး သူ့အစာ သူ ရှာစားတယ်၊ လူတွေရဲ့ စိုက်ခင်းတွေကို





မဖျက်ဆီးတဲ့အပြင် အန္တရာယ်တွေ့ရင်တောင် အချက်ပေးကြတယ်"

"ဟုတ်တယ် ဆရာ"

"ဒီမျောက်နီတွေ ကျတော့ လူကို ဘာမှလည်း ကောင်းကျိုး မပြုကြတဲ့အပြင် အဲဒီမှာ တွေ့လား၊ သီးနှံစိုက်ခင်းတွေကို စားသောက်ရုံမကဘူး၊ ဖျက်ဆီးပစ်နေကြတာ"

"ဟုတ်ပ... အတော်ဆိုးကြတာပဲ"

ဦးမွန်ထော်က ကျောမှ ဒူးလေးနှင့် မြားဘူးကို ထုတ်ရင်း ပြောသည်။

"တို့ဟင်းစားအတွက် ပစ်ရမှာ ဒီဝဋ္ဋဝါတွေပဲ၊ ငါက ဟိုကြို့ပင်ပေါ်က ခေါင်းဆောင် မျောက်ကြီးကို စ,ပစ်မယ်၊ မင်းတို့တစ်တွေက စိုက်ခင်းထဲက မျောက်နီတွေကို စိတ်တိုင်းကျသာ ပစ်ကြပေတော့"

"စိတ်သာချ ဆရာရေ"

ထိုသို့ ပြောပြီးနောက် ရှေးဦးစွာ ၁၂ ဘို့ နှစ်လုံးပြူး သေနတ်သံနှစ်ချက် ဆက်တိုက်ထွက်လာပြီး မရှေးမနှောင်းမှာပင် ကြို့ပင်ပေါ်မှ မျောက်နီများကို စီမံ ကွပ်ကဲနေသော မျောက်နီကြီး အောက်သို့ ပြုတ်ကျလာသည်။

မရှေးမနှောင်းမှာ သေနတ်သံ၊ ဒူးလေးပစ်သံများ ဆက်တိုက် ပေါ်ထွက်လာပြီးနောက် ပြောင်းခင်းနှင့် ဖရုံခင်းထဲမှာ မင်းမူချင်းတိုင်း မင်းမူနေသော မျောက်နီများမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



သေသည့်အကောင် သေ၊ ကျိုးသည့်အကောင် ကျိုးဖြင့် ပျက်စီးခြင်းသို့ ရောက်ကြလေသည်။

ပြောင်းခင်းထဲမှာ အလဲအကွဲ ဖြစ်နေကြသော မျောက်အချို့ကိုလည်း စောထီးနှင့် အဖော်တစ်စုက ရိုက်ပုတ်သုတ်သင်လိုက်သည်။

၎င်းတို့တစ်တွေမှာ စိုက်ခင်းကို ဝင်ရောက် ဖျက်ဆီးခြင်းဒေါသ၊ ဟင်းစားရလိုသော ဆန္ဒကြောင့် ဝါးရုံတောကို မီးလောင်သည့်အတိုင်း တဖုန်းဖုန်း တဒိုင်းဒိုင်းဖြင့် လက်တွေ့နေကြဟန် ရှိသည်။

ဒေါက်တာမင်းထင်ကျော်က သေနတ်ကို ကိုင်ပြီး မိမိပစ်လိုက်သော မျောက်ကြီးရှိရာသို့ လျှောက်သွားစဉ် စောထီးက သားငယ်တစ်ကောင်ကို ရင်ဘတ်ကြားမှာ ဝှက်ထားပြီး ဝပ်နေသော မျောက်မတစ်ကောင်ကို ရိုက်သတ်ရန် ဟန်ပြင်နေသဖြင့် ဒေါက်တာမင်းထင်ကျော်က...

"မျောက်မကြီးရဲ့ ရင်ခွင်ထဲမှာ မျောက်ကလေးရှိတယ်၊ မရိုက်နဲ့ စောထီး... မရိုက်နဲ့"

ဟု အော်ပြောလိုက်မှ စောထီးက မြှောက်ထားသော တုတ်ကို ပြန်ချလိုက်လေသည်။

"အမေဆိုတာ လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ် သူတို့ရဲ့ သားသမီးတွေအတွက် အသေခံဝံ့ကြတယ်၊ မိခင်တွေရဲ့ မေတ္တာကို လေးစားတဲ့အနေနဲ့ ဒီမျောက်မကြီးရဲ့ အသက်ကို ချမ်းသာပေးလိုက်ပါကွာ"





ထိုသို့ပြောကာ ပြောင်းခင်းထဲမှာ သေဆုံးနေသော အခြားမျောက်များကို လိုက်လံ ကောက်ယူကာ စခန်းသို့ ပြန်လာခဲ့ကြလေတော့သည်။

စခန်းရောက်သောအခါ လူနှစ်ယောက် ရောက်နေသည်ကို တွေ့ရလေသည်။

ထိုလူနှစ်ယောက်မှာ တောထဲမှာ ရိက္ခာပြတ်ပြီး ရောဂါရခဲ့ကြဟန် ရှိလေသည်။

ဒေါက်တာ မင်းထင်ကျော်တို့ ပြန်ရောက်သောအခါ ၎င်း၏ တပည့်တစ်ယောက်က...

"ဆရာ တောနက်ထဲမှာ ရိက္ခာပြတ်ပြီး လမ်းမျောက်နေတဲ့ လူနှစ်ယောက်ကို တွေ့လို့ စခန်းကို ခေါ်လာခဲ့တယ်၊ ရန်ကုန်က လာကြတာလို့ ပြောတယ်"

ဟု ဆီးပြောကြသည်။

"အေး... အေး"

ဒေါက်တာမင်းထင်ကျော်က တဲအောက်ဘက်ရှိ ကွပ်ပျစ်ပေါ်မှာ နေရာပေးထားသော လူနှစ်ယောက်ရှိရာသို့ လျှောက်သွားကာ အကဲခတ်ကြည့်လိုက်သော်လည်း ထိုလူနှစ်ယောက်ကို တွေ့ဖူး မြင်ဖူးခြင်းတော့ မရှိပေ။

"ဘယ်က လာကြတာလဲ"

"ရန်ကုန်ကပါ"

"ခင်ဗျားတို့ နှစ်ယောက်တည်းပဲလား"



www.burmeseclassic.com

www.burmeseclassic.com



“မဟုတ်ပါဘူး။ ရန်ကုန်ကလာတုန်းက လေးယောက် လာကြတာပါ၊ တောထဲရောက်မှ နှစ်ယောက် သေသွားခဲ့တာပါ။ ကျွန်တော်တို့နှစ်ယောက်တောင်မှ ဒီစခန်းက လူတွေနဲ့ တွေ့လို့ အသက်ချမ်းသာရာ ရကြတာပါ”

“ဒီရောက်မှတော့ စိတ်မပူပါနဲ့လေ၊ ဒါထက် ခင်ဗျား တို့က ဘာကိစ္စနဲ့ ဒီလောက် အန္တရာယ်များတဲ့ တောထဲကို လာကြတာလဲ”

“ကျွန်တော်တို့က အလုပ်သမားတွေပါ၊ သူဌေးက နိုင်းလို့ ဆင်သေချောင်းဖျားဘက်မှာရှိတဲ့ သတ္တုကြောရှာဖို့ လာခဲ့ကြတာပါ”

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်က သဘော ကျစွာဖြင့် တစ်ချက် ပြုံးလိုက်လေသည်။

“ဒီနယ်ဘက်တွေက အန္တရာယ်သိပ်များတယ်၊ ကျွမ်း ကျင်တဲ့ လမ်းပြတစ်ယောက် မပါဘဲနဲ့ သွားလို့မရဘူး။ ဒါထက် ခင်ဗျားတို့ကို နိုင်းတဲ့ သူဌေးက ဘယ်သူလဲ”

“ဦးထွန်းဖေပါ”

“ဟင်... ဦးထွန်းဖေဆိုတာ ဘောင်ဒရီလမ်းက ကျောက် စိမ်း ဂေဟာပိုင်ရှင် မဟုတ်လား”

“ဟုတ်ပါတယ်၊ ဆရာက သူ့ကို သိလို့လား”

“မသိပါဘူး၊ နာမည်ကြားဖူးလို့ မေးတာပါ၊ ဒါထက် အခု ခင်ဗျားတို့ ဘယ်လို ဆက်လုပ်ကြမလဲ”





“နေကောင်းတာနဲ့ ရန်ကုန်ပြန်တော့မှာပါ၊ ဒီအလုပ်ကို လည်း ဆက်မလုပ်နိုင်တော့ပါဘူး”

“ဒီလိုဖြင့် ကျွန်တော် ခင်ဗျားတို့ကို နေကောင်းအောင် လုပ်ပေးလိုက်မယ်၊ ပြီးရင် ပျဉ်းမနားရောက်အောင် လိုက်ပို့ ပေးလိုက်မယ်”

“ကျေးဇူးတင်ပါတယ် ဆရာရယ်”

“ဟုတ်ပြီ... ခင်ဗျားတို့ ကျွန်တော့်ကို ကျေးဇူးတင်ရင် ကတိတစ်ခုတော့ ပေးရမယ်”

“ဘယ်လိုကတိမျိုးလဲ ဆရာ”

“တောထဲမှာ ကျွန်တော်နဲ့ တွေ့ခဲ့တဲ့ အကြောင်းကို ခင်ဗျားတို့ရဲ့ သူဌေးကို ပြန်မပြောပါဘူးဆိုတဲ့ ကတိပါပဲ”

“စိတ်ချပါ ဆရာရယ်... မပြောပါဘူးလို့ ကတိပေး ပါမယ်”

ဟု ပြောကြလေသည်။

ထို့နောက်...

ဒေါက်တာ မင်းထင်ကျော်က ထိုလူနှစ်ယောက်ကို ကျန်းမာရေးကောင်းအောင် ကုသပေးပြီး လမ်းစရိတ်ပေးကာ ပျဉ်းမနားရောက်အောင် လိုက်ပို့နိုင်းလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၀ )

# မညီမျှသော ညီမျှခြင်း

ပျဉ်းမနားမြို့၏ ကျက်သရေဆောင် ကန်ကြီး၏ အနောက်ဘက်၌ရှိသော ဆေးရုံလမ်းအတွင်းသို့ ဂျစ်ကား တစ်စီး မောင်းဝင်လာလေသည်။

ဒေါက်တာမင်းထင်ကျော် ကိုယ်တိုင် မောင်းလာသော ဂျစ်ကားသည် ပျဉ်းမနားဆေးရုံ၌ တာဝန်ကျနေသော ဆရာဝန် နေထိုင်သော အိမ်ရှေ့သို့ ရောက်သောအခါ ခြံဝင်းအတွင်းသို့ ကားကို ချိုးကွေ့ ဝင်လိုက်လေသည်။

ကားကို အိမ်ရှေ့ဝ,တွင် ရပ်လိုက်ပြီး ဒေါက်တာမင်းထင် ကျော်က ကားပေါ်မှ ဆင်းလိုက်သောအခါ နောက်ဘက်ခန်း





တွင် လိုက်ပါလာသော စောထီးနှင့် အဖော်တစ်ယောက်တို့ လည်း ကားအောက်သို့ ဆင်းလိုက်ကြသည်။

ထို့နောက် သုံးယောက်သား အိမ်ပေါက်ဝ,သို့ လျှောက် လာကြသည်။

အိမ်ပေါက်ဝ,တွင် ပေါ်လစ်သုတ်ထားသော ကျွန်းသား ဆိုင်းဘုတ်ပေါ်တွင် "ဒေါက်တာအေးကျော်၊ အမ်ဘီဘီအက်စ် ရန်ကုန်" ဟူသော နာမည်ကို ရေးထားလေသည်။

စောထီးတို့ နှစ်ယောက်မှာ ဆေးရုံ ဆရာဝန်ကြီး တစ်ယောက်အိမ်ပေါ်သို့ တက်ရမှာ မဝံ့မရဲ ဖြစ်နေကြသည်။

"အေးကျော်... အေးကျော်ရေ"

ဒေါက်တာမင်းထင်ကျော်က အိမ်ထဲသို့ အသံပြုလိုက် သောအခါ အိမ်ထဲမှ အသက်သုံးဆယ်ဝန်းကျင် အရွယ်ခန့် ရှိသော လူတစ်ယောက် ထွက်လာပြီး ဒေါက်တာမင်းထင်ကျော် ကို မြင်သောအခါ ဝမ်းသာအားရ အမူအရာဖြင့်...

"ဟာ... မင်းထင်ကျော်ပါလား၊ အခန့်သင့်လိုက်လေ သူငယ်ချင်းရာ၊ အခုရက်ထဲမှာ ငါ မင်းကို သတိရနေတာ၊ တွေ့ချင်နေတာ၊ မင်း ရောက်လာတာနဲ့ အတော်ပဲ၊ ကဲ... ထိုင်ကြဦးကွာ၊ ငါ အဝတ်လဲလိုက်ဦးမယ်"

ဟု ပြောကာ အခန်းထဲ ပြန်ဝင်သွားရာ ဒေါက်တာ မင်းထင်ကျော်တို့ သုံးယောက်မှာ ဧည့်ခန်းတွင် ချထားသော ကုလားထိုင်များတွင် ဝင်ထိုင်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ဒေါက်တာအေးကျော် ပြန်ထွက်လာကာ ဒေါက်တာမင်းထင်ကျော် အနီးတွင် ဝင်ထိုင်လေသည်။

"မင်းအကြောင်းကိုတော့ ဒီမြို့က အရာရှိတွေက အတော်ကလေး ချီးကျူးနေကြတာကွ"

"ဘာများ ချီးကျူးစရာ ရှိလို့လဲကွာ"

"ဪ... ဒေါက်တာဘွဲ့ရထားတဲ့ ခေတ်ပညာတတ် လူရွယ်တစ်ယောက်က တောထဲတောင်ထဲမှာ အခုလို ဆင်းရဲဒုက္ခခံပြီး နေနိုင်တာကို ချီးကျူးနေကြတာကွ၊ နောက်ပြီး မင်းသွားနေတဲ့ နေရာက ကရင်တွေက တော်ရုံလူစိမ်းတွေ ဆိုရင် လက်ခံချင်ကြတာ မဟုတ်ဘူး"

"ဒါတွေထားပါတော့၊ မင်း ရန်ကုန်ကို ရောက်သေးတယ် မဟုတ်လား"

"ရောက်တာပေါ့၊ ပျဉ်းမနားပြန်ရောက်တာတောင် တစ်ရက်နှစ်ရက်ပဲ ရှိသေးတယ်"

"ငါမှာထားတာတွေ အဆင်ပြေခဲ့ရဲ့လား ပြောပါဦး"

"ပြေခဲ့ပါတယ်ကွာ၊ မင်းအတွက် ဆေးဝါးနဲ့ ကျည်ဆန်တွေကို ရအောင် လုပ်လာခဲ့ပါတယ်"

"ကောင်းကွာ... ဒီသတင်းကြားရတာ ငါ့အတွက်တော့ မင်္ဂလာပဲ၊ ဒါကြောင့် မင်းအတွက် ဆတ်သား လတ်လတ်ဆတ်ဆတ် ယူလာခဲ့တယ်၊ ကားပေါ်မှာ ပါလာတယ်"

"ကောင်းတယ်ဟေ့၊ မင်းလာမှ အခုလို အသားကောင်းကောင်း စားရတော့တာကွ၊ နောက်ပြီး မင်းပေးပြီး ဓာတ်ခွဲ





စမ်းသပ်နိုင်းလိုက်တဲ့ သတ္တုတုံးလေးကို တို့သူငယ်ချင်း ဖော်ဝင်းဆီမှာ သွားပြီး ဓာတ်ခွဲနိုင်းတယ်၊ ဟောဒီမှာ သူ့တွေ့ရှိချက်နဲ့ မှတ်တမ်းပဲ"

ဒေါက်တာအေးကျော်က ၎င်း၏ လက်ဆွဲသားရေအိတ် အတွင်းမှ သတ္တုတုံးကလေးများနှင့် စာတစ်စောင်ကို ထုတ်ပြီး စားပွဲပေါ် တင်ပေးလိုက်ရာ ဒေါက်တာမင်းထင်ကျော်က စာကို ယူ၍ ဖတ်ကြည့်လိုက်သည်။

**"စမ်းသပ်တွေ့ရှိချက်"**

"၎င်းသတ္တုမှာ ပလက်တီနံ ရွှေဖြူရာနှုန်းပြည့် ပါဝင်ကြောင်း တွေ့ရသည်။ သဘာဝ ခတိုင်း သယံဇာတအရ ဖြစ်ပေါ် ဖွဲ့စည်းနေသော ရွှေဖြူမျိုးဖြစ်ပြီး ယနေ့ ကမ္ဘာ့သတ္တုဈေးနှုန်းအရ တစ်အောင်စကို စတာလင်ပေါင် ၅၀၀၀ ခန့် တန်ဖိုးရှိကြောင်း"

ဟူ၍ အပြည့်အစုံ ရေးသားထားရာ ထိုစာကို ဖတ်မိသော ဒေါက်တာမင်းထင်ကျော်နှင့် ဒေါက်တာအေးကျော်တို့ နှစ်ယောက်မှာ ဝမ်းသာ ပျော်ရွှင်သွားကြလေသည်။

ဘေးမှ လူနှစ်ယောက် ရိပ်မိမည်စိုးသဖြင့် ဒေါက်တာ အေးကျော်က အင်္ဂလိပ်ဘာသာဖြင့်...

"မင်းတို့ ရည်ရွယ်ချက်တွေ အောင်မြင်ပြီ သူငယ်ချင်း၊ တိရစ္ဆာန်တွေရဲ့ ဘေးအန္တရာယ်၊ သဘာဝ ငှက်ဖျားပိုးတွေ ကြားမှာ စွန့်စွန့်စားစား သွားရောက် လုပ်ကိုင်ရကျိုးနပ်ပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ပလက်တီနံ ရွှေကြောကြီးကိုတွေ့ထားတဲ့ မင်းကတော့ မြန်မာပြည်မှာ အချမ်းသာဆုံး စာရင်းဝင်တစ်ယောက် ဖြစ်တော့မယ်"

ဟု အားရဝမ်းသာ ပြောလေသည်။

"ဒါက ငါတစ်ယောက်တည်း အကျိုးစီးပွားအတွက် ရှာခဲ့တာ မဟုတ်ပါဘူးကွာ၊ ဒီအကြံအစည် အောင်မြင်ခဲ့ရင် တောင်ပေါ်မှာနေကြတဲ့ မဖွံ့ဖြိုးသေးတဲ့ အရပ်ဒေသတွေကို ဖွံ့ဖြိုး တိုးတက်အောင် အရင်လုပ်ပေးရမှာကွ၊ ဒါထက် ဒီအကြောင်းတွေကို ဘယ်သူ့မှ အသိမပေးဖို့ မင်း ဖော်ဝင်းကိုရော သေသေချာချာ မှာခဲ့ရဲ့လား"

"မှာခဲ့ပါပြီ့ယ်ကွာ... ဘာကြောင့် ဒီလောက်တောင် စိုးရိမ်နေရတာလဲ ပြောပြပါဦး"

"မင်း မသိပါဘူးကွာ၊ ဒီသတင်းကိုသာ လောဘသားတွေ သိသွားရင် တစ်ဖွဲ့ပြီးတစ်ဖွဲ့ လာရှာကြတာနဲ့ ရိုးမတောကြီးကနေ စေ့စေ့ညက်ညက်ကျေပြီး ဖုန်းဆိုးမြေကြီး ဖြစ်သွားလောက်တယ်ကွ၊ သိရဲ့လား"

"ဒီလောက်တောင်ပဲလားကွာ"

"ငါပြောတာ နည်းတောင်နည်းသေးတယ်၊ လောဘသား ဆိုတာ သူတို့ချမ်းသာဖို့ဆို ဘာမဆို လုပ်ဝံ့ကြတယ်၊ လုပ်ရက်ကြတယ်"

ထိုစကား ကြားသောအခါ ဒေါက်တာအေးကျော်က ဒေါက်တာမင်းထင်ကျော်မျက်နှာကို တစ်ချက်ကြည့်ပြီး စိတ်မကောင်းသော လေသံဖြင့်...





"အေးကွာ... မင်းပြောမှပဲ ငါ သတိရတယ်၊ တခြားတော့ မဟုတ်ပါဘူး၊ မင်းရဲ့ချစ်သူ မြသင်းကြူရဲ့ သတင်းပါ၊ မြသင်းကြူကို သူ့အဖေ လောဘအိုကြီးက ပွဲစားတစ်ယောက်ရဲ့သား မောင်မောင်ဖော်ဆိုတဲ့ လူနဲ့ လက်ထပ်ပေးလိုက်တယ်"

ဟု ပြောလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ရင်ထဲမှာ မေ့ပျောက်ထားသော အကြောင်းများကို အစဖော်ပေးလိုက်သလို ရှိသဖြင့် စိတ်မကောင်း ဖြစ်မိသော်လည်း ဘာမှ ပြန်မပြောဘဲ ငြိမ်ပြီး နားထောင်နေသည်။

"တကယ်တော့ ဦးထွန်းဖေ ဆိုတဲ့လူဟာ သူတို့ဘဝ ကောင်းစားဖို့အတွက် သမီးဖြစ်သူကို ထိုးအပ်ခဲ့တာပဲ၊ ဒါပေမယ့် သူထင်သလို မဖြစ်ခဲ့ဘူး၊ မောင်မောင်ဖော်ဟာ လူရှုပ်လူပွေ တစ်ယောက်ဆိုတော့ သူ့ဆီက ဘာမှမရတဲ့အပြင် ဦးထွန်းဖေတို့ဆီက ရှိတာကို ထိုင်ဖြုန်းနေတော့ ကြားထဲက မြေစာပင်ဖြစ်ခဲ့ရတဲ့ မြသင်းကြူ တစ်ယောက် ကံဆိုးတာပေါ့ သူငယ်ချင်းတယ်"

"ဒီသတင်းကြားရတာ မြအတွက် စိတ်မကောင်းပါဘူး၊ ဒါပေမယ့် ဒီလမ်းက သူပဲ ရွေးချယ်ခဲ့တာ မဟုတ်လား"

"မင်း မြသင်းကြူကိုတော့ အထင်မမှားစေချင်ဘူး၊ သူက မိဘတွေရဲ့ ဆန္ဒကို မလွန်ဆန်နိုင်ခဲ့လို့ ဒီလိုဘဝမျိုး ရောက်ခဲ့ရတာပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် သူ မပါခဲ့ရင် မိဘတွေ ဘယ်လိုစီစဉ်စီစဉ် မရနိုင်ပါဘူး။ တကယ်ဆိုရင် သူ သတ္တိနည်းခဲ့လို့ အခုလို ဖြစ်ရတာပါ"

ထိုစကား ကြားသောအခါ ဒေါက်တာအေးကျော်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ဒါတော့ ဒါပေါ့ကွာ၊ အခု ငါသိရသလောက် ပြောရရင် မြသင်းကြူရဲ့ အခြေအနေက သိပ်မကောင်းလှဘူး။ စိတ်ထောင်း ကိုယ်ကြေဘဝနဲ့ အိပ်ရာထဲ လဲနေတဲ့အဆင့်ကို ရောက်နေပြီ သူငယ်ချင်း"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော် မျက်နှာပေါ်မှာ ဝမ်းနည်း ကြေကွဲရိပ်အချို့ သမ်းလာလေသည်။

"အခုအခြေအနေမှာ သူ့ကို ငါ ဘယ်လို အကူအညီ ပေးရမှာလဲ၊ ဘယ်လို စောင့်ရှောက်မှုမျိုး ပေးနိုင်တော့မှာလဲ အေးကျော်ရယ်၊ သူ့ရဲ့ အိမ်ထောင်ရေး ဘယ်လိုအခြေအနေမျိုးပဲရှိရှိ အခုအချိန်မှာ ငါ့အနေနဲ့ ဘယ်လိုမှ အကူအညီ မပေးနိုင်တဲ့ ဘဝမျိုးပါကွာ"

"မြသင်းကြူရဲ့ ဘဝက အတော့်ကို သနားစရာပါကွာ၊ သူနဲ့ရတဲ့ မောင်မောင်ဇော် ဆိုတဲ့လူဟာ တကယ့်ကို လူရှုပ် လူပွေ တစ်ယောက်ပဲ၊ လူပျိုဘဝတုန်းက မိဘလုပ်စာ ထိုင်စားတယ်၊ မိန်းမရတော့ ယောက္ခမမှာရှိတဲ့ ပစ္စည်းတွေကို ထိုင်ဖြုန်းတယ်၊ အခုမှ မင်းရဲ့ မတော်လိုက်ရတဲ့ ယောက္ခမ





လောင်းတွေလည်း ဆုတ်လည်း စူး၊ စားလည်းရှူး ဘဝနဲ့ နှာခေါင်းကျည်ပွေ့ တွေ့နေကြပြီလေ"

ဒေါက်တာအေးကျော်က အတွင်းသိ အစင်းသိ လူ တစ်ယောက်မို့ သူသိသမျှကို ပြောပြနေလေသည်။

"တော်ပါတော့ အေးကျော်ရယ်၊ ဒါတွေ ပြောမနေပါနဲ့တော့၊ ကဲ... ငါ ပြန်တော့မယ်၊ ငါ အကူအညီတောင်းတဲ့ ကိစ္စတွေကို အဆင်ပြေအောင် ဆောင်ရွက်လာခဲ့လို့ မင်းကို ကျေးဇူးတင်ပါတယ်၊ ဒီတစ်ခါတော့ ဝက်သားကောင်းကောင်း၊ ဆိတ်သားကောင်းကောင်းရရင် ငါ လူလွှတ်ပြီး ပို့နိုင်းလိုက်မယ် သူငယ်ချင်း"

"အေး... ကျေးဇူးပါပဲကွာ၊ လိုတဲ့ အကူအညီရှိရင်လည်း တကယ်လို့ မင်းကိုယ်တိုင် မလာနိုင်ရင် လူလွှတ်လိုက်ပေါ့၊ ငါ ပျဉ်းမနားမှာ ရှိနေသရွေ့ ဘာမှမပူနဲ့၊ လိုတဲ့ အကူအညီရှိရင် ငါ ဒီကနေ အားလုံးလုပ်ပေးမယ်"

"ကဲ... ငါပြန်တော့မယ် သူငယ်ချင်း"

ဒေါက်တာမင်းထင်ကျော်က ဒေါက်တာအေးကျော်ကို နှုတ်ဆက်ပြီး ဂျစ်ကားကို ပြန်မောင်းလာခဲ့သည်။

ဒီတစ်ခေါက် ပျဉ်းမနားကို လာရတာ ဝေဒနာနှစ်ခု ဒါမှမဟုတ် ခံစားချက်နှစ်မျိုးကို တစ်ပြိုင်နက် ခံစားရလေသည်။

သူ့ရင်ထဲမှာ ပျော်ရွှင် ဝမ်းသာမှုနှင့် ဝမ်းနည်းကြေကွဲခြင်း ဟူသော ခံစားချက် နှစ်မျိုးတို့ ရောထွေးလျက်ပါလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိ ကြိုးစား အားထုတ်ခဲ့သော လုပ်ငန်းအောင်မြင်မှု ကြောင့် ပျော်ရွှင်မှု။

မဆုံစည်းလိုက်ရသော ချစ်သူ၏ စိတ်မချမ်းမြေ့စရာ သတင်းများကြောင့် ရင်ထဲမှာ မချမ်းမြေ့မှု။

လောကသည် ပျော်ရွှင် ကြည်နူးမှုကို ပေးပြီးလျှင် ဝမ်းနည်း ကြေကွဲမှုများကိုလည်း အဆစ်ပေးတတ်ပြန်လေ၏။

❖✿❖





အခန်း ( ၁၁ )

## ရတနာ သင္ဘျှာဖွေရန် ခရီးထွက်ကြလေပြီ

ကျောက်စိမ်းဂေဟာ အိမ်ကြီးအတွင်းမှာ ဦးထွန်းဖံ၏ ဖိနှစ်သံသာလျှင် မှန်မှန်ကြီး ပေါ်ထွက်နေလေသည်။

ဧည့်ခန်းထဲမှာ ဇနီးဖြစ်သူ ဒေါ်ခင်မေ၊ မောင်မောင်ဇော်၊ မြသင်းကြူ၊ မြနှင်းကြူတို့သာမက ဦးထွန်းဖံ၏ တူတော်သူ ကျော်ဝေတို့အပြင် တလောကမှ ပျဉ်းမနားနယ်ဘက်မှ ပြန်လာသော လူနှစ်ယောက်တို့လည်း ရောက်နေကြသည်။

"ဒီမှာ ငါလွှတ်လိုက်တဲ့ လူတွေ ပြန်ရောက်လာပြီ။ ဆင်သေချောင်း အဖျားဘက်မှာ ငါတို့လိုချင်တဲ့ သင္ဘျှုရတနာ



www.burmeseclassic.com

www.burmeseclassic.com



ကြောတွေ ရှိတာ သေချာတယ်၊ ကိုင်း… ကျန်တဲ့သူတွေပါ ယုံအောင် မင်းတို့တွေ့ခဲ့သမျှ ပြောပြစမ်းပါဦး”

ထိုအခါ တောထဲမှာ ဒေါက်တာမင်းထင်ကျော်နဲ့ တွေ့ခဲ့၍ အသက်ရှင်ခဲ့သော လူတစ်ယောက်က ၎င်း၏ အတွေ့အကြုံများကို ပြောပြလေသည်။

“ကျွန်တော်တို့ သူဌေးခိုင်းလိုက်တဲ့အတိုင်း ဆင်သေချောင်းဖျားဘက် ရောက်အောင်သွားခဲ့ပါတယ်၊ အဲဒီဘက်မှာ ကရင်တွေ သေရင်မြှုပ်တဲ့ အရိုးတောင်ဆိုတာ ရှိတယ်၊ လူတစ်ယောက် သေရင် အဲဒီလူပိုင်တဲ့ ပစ္စည်းတွေကို အဲဒီတောင်မှာရှိတဲ့ တွင်းထဲကို ပစ်ချလေ့ ရှိကြတယ်”

“ဟား… ဒီလိုဆိုရင် အဲဒီတွင်းထဲမှာ ရတနာတွေ အများကြီး ရှိမှာပေါ့”

မောင်မောင်ဇော်က အသံကျယ်ကျယ်ဖြင့် ဝင်ပြောလိုက်သည်။

“ဟုတ်တယ်… အရိုးတောင်တွင်းထဲမှာ ရတနာတွေ ရှိပေမယ့် ကရင်လူမျိုးတွေက အဲဒီတွင်းနားကို ဘယ်သူလာတာမှ မကြိုက်ကြဘူး”

“ဒါဖြင့် ဘယ်လိုလုပ်ရမှာလဲ”

“သူတို့မသုံးတော့လို့ ပိတ်ထားတဲ့ တွင်းဟောင်းတွေ အများကြီးရှိတယ်၊ နောက်တစ်ချက်က သူတို့ အရိုးတောင်လုပ်တဲ့ နေရာမှန်သမျှ သတ္တုကြောတွေရှိတဲ့ နေရာချည်းပဲ”





“ဒီလိုဆိုရင် အလွယ်လေးပေါ့၊ အရိုးတောင်အသစ်နေရာကို သွားတာမကြိုက်ရင် တွင်းဟောင်းတွေ ရအောင်ရှာနိုင်ရင် သူဌေးဖြစ်ပြီပေါ့”

ဦးထွန်းဖဲက ဝင်ပြောလိုက်သည်။

“အဲဒီလို ရှာလို့ကတော့ ဘယ်လိုမှ မတွေ့နိုင်ဘူး။ သူတို့ထဲက မာတ်သိမပါဘဲနဲ့ ဘယ်လိုမှ မဖြစ်နိုင်ဘူး”

“ဒီလိုဆိုရင်လည်း လွယ်ပါတယ်၊ သူတို့ကို ငွေများများ ပေးလိုက်ပြီး လမ်းပြငှားရင် မဖြစ်ဘူးလား”

“ကရင်လူမျိုးဆိုတာ သူတို့ဘာသာ အေးအေးချမ်းချမ်းနေကြတဲ့သူတွေ၊ ရွှေငွေကိုလည်း မက်ကြတာ မဟုတ်ဘူး၊ သူတို့သဘောမကျရင် ရွှေငွေဘယ်လောက်ပေးပေး လက်ခံကြတာ မဟုတ်ဘူး။ သူတို့သဘောကျရင်လည်း ဘာမဆို အလကား လိုက်လုပ်ပေးကြတာ၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်”

“ဘာလဲ”

“အဲဒီ တစ်နယ်လုံးမှာ ကရင်တွေ လေးစားခင်မင်တဲ့ လူတစ်ယောက်တော့ ရှိတယ်”

“သူ့နာမည်က ဘယ်သူလဲ”

“နာမည်တော့ မသိခဲ့ရဘူး၊ အားလုံးကတော့ သူ့ကို ဆရာလေးလို့ ခေါ်သံ ကြားတယ်၊ အဲဒီလူကတော့ အဲဒီနယ်ဘက်မှာရှိတဲ့ သတ္တုကြောတွေကို သိထားတဲ့ပုံ ပေါ်တယ်”

“သူက ဘယ်မှာနေတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"အင်ကြင်းမြောင်ဆိုတဲ့ ကရင်ရွာနဲ့ မဝေးလှတဲ့ တောင်ကုန်း တစ်ခုပေါ်မှာ အဖော်တွေနဲ့ နေတယ်၊ သူ့ကိုတော့ ကရင်တွေက လေးစား ချစ်ခင်ကြတယ်"

"ဒီလိုဆိုရင်လည်း အလွယ်သားပေါ့၊ မင်းပြောတဲ့ လူ့ဆီကို ရောက်အောင်သွားပြီး သူနဲ့ ပူးပေါင်းလိုက်ရင် တို့လုပ်ငန်း အောင်မြင်နိုင်တာပေါ့"

ဟု ပြောဆိုကာ ဦးထွန်းဖံက ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် ဖွာကာ အကြံထုတ်နေလေသည်။

အတန်ကြာမှ အားလုံးဘက်ကို လှည့်ကာ...

"ငါကတော့ အဲဒီနေရာကို မရောက် ရောက်အောင် သွားဖို့ ဆုံးဖြတ်လိုက်ပြီ၊ ငါနဲ့ ဘယ်သူလိုက်မှာလဲ"

ထိုစကားကြောင့် အားလုံးမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မျက်လုံးပြူးသွားကြသည်။

ဧည့်ခန်းထဲတွင် ထိုင်နေသူများထဲမှာ ယောကျာ်းဆိုလို့ မောင်မောင်ဖော်နှင့် ကျော်ဝေတို့ နှစ်ယောက်ရှိရာ အရေးအကြောင်း ဖြစ်လာသောအခါ ၎င်းတို့မှာ ဦးထွန်းဖံနှင့် မျက်နှာချင်း မဆိုင်ဝံ့အောင် ဖြစ်နေကြသည်။

"ဒီနေရာနဲ့ပတ်သက်ပြီး နိုင်မာတဲ့သတင်းရတာ ဒါပါနဲ့ဆိုရင် သုံးကြိမ်ရှိပြီ၊ ပထမ ကိုဘဟန်တို့ဆီက သတင်းရတယ်၊ နောက် မင်းထင်ကျော်ဆီက ရတယ်၊ အခု ဒီလူတွေဆီက ရပြန်ပြီ ဒီအတိုင်းဆိုရင် ဆင်သေချောင်းရဲ့ အရှေ့ဘက်





မှာရှိတဲ့ ကရင်တောင်တန်းကြီးတွေရဲ့ အောက်မှ ငါတို့လိုချင်တဲ့ သတ္တုရတနာကြောတွေ ရှိမှာမုချပဲပေါ့၊ ဒီတစ်ခါတော့ သွားဖြစ်အောင်ကို သွားရမယ်ဟေ့"

ဟု စိတ်အားထက်သန်စွာ ပြောလိုက်လေသည်။

ထိုအခါ တူတော်မောင် ကျော်ဝေက ဤသို့ ဝင်ပြောလေသည်။

"ဦးလေးကို ကျွန်တော် တစ်ခုတော့ သတိပေးပါရစေ၊ ကျွန်တော် သိရသလောက်တော့ အဲဒီနယ်ဘက်တွေက တောတောင် ထူထပ်သလို သားရဲတိရစ္ဆာန်တွေကလည်း အတော်ပေါတယ်၊ နောက်ပြီး ငှက်ဖျားရောဂါကလည်း အတော် ကြောက်စရာ ကောင်းတယ်၊ ဒီတော့ ဦးလေး အသက်အရွယ်နဲ့ကတော့ ဘယ်နည်းနဲ့မှ သွားလို့မသင့်တော်ပါဘူး၊ အိမ်မှာ တခြားအားကိုးရတဲ့ လူလေး ဘာလေးရှိရင် လွှတ်လိုက်ရင် ပိုကောင်းမယ် ထင်တယ်"

ဟု စေတနာဖြင့် ဝင်ရောက်အကြံပေးမိကာမှ ဦးထွန်းဖံမှာ ယမ်းပုံမီးကျ ဒေါသအိုးကို ဆွပေးလိုက်သကဲ့သို့ ရှိလေတော့သည်။

"တော်စမ်းပါကွာ၊ အိမ်မှာရှိတဲ့လူတွေ တစ်ယောက်မှ အားမကိုးရလို့ ငါကိုယ်တိုင် သွားမယ်လို့ ပြောနေတာပေါ့၊ ရှိတဲ့လူတွေက တစ်ယောက်မှ လက်ကြောတင်းအောင် လုပ်ချင်တဲ့လူတွေ မဟုတ်ဘူးကွ၊ ဒီတော့ သေချင်လည်း သေပေစေတော့၊ ငါကိုယ်တိုင်ပဲ သွားတော့မယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းဖေက လမ်းလျှောက်ရင်း စီးကရက်ကို တွင်တွင်ဖွာကာ မောင်မောင်ဇော်ကို တစ်ချက်ငဲ့ကြည့်ရင်း ပြောလိုက်လေသည်။

မောင်မောင်ဇော်ကတော့ သူနှင့်မဆိုင်သလို တစ်ဖက်သို့ မျက်နှာလွှဲထားလေသည်။

"မင်းတို့အထဲမှာ ငါနဲ့အတူ လိုက်ဝံ့တဲ့သူ မရှိဘူးမဟုတ်လား။ သတ္တိမရှိရင် ငြိမ်ငြိမ်နေကြ၊ ကပျက်ယဖျက်စကားမျိုးတော့ ဝင်မပြောကြနဲ့"

ထိုအခါ မြနှင်းဖြူက...

"ဖေဖေသွားရင် သမီးလိုက်ခဲ့မယ်၊ ဖေဖေတစ်ယောက်တည်းကတော့ ဘယ်နည်းနဲ့မှ သမီး စိတ်မချနိုင်ဘူး၊ အခုလောလောဆယ် သမီးလည်း အလုပ်မဝင်သေးတော့ အားနေတာပဲ၊ သမီးပါတော့ ဖေဖေရဲ့ ကျန်းမာရေးရော၊ စားရေး၊ သောက်ရေးပါ စီစဉ်ပေးလို့ ရတာပေါ့"

ဟု ဝင်ပြောလိုက်ရာ ကျန်လူများက အံ့သြသွားကြလေသည်။

"ဟာ... သွားမယ့်ခရီးက တောထဲတောင်ထဲ သွားရတာဆိုတော့ သမီးလို မိန်းကလေးနဲ့ ဖြစ်မယ်မထင်ပါဘူးကွယ်"

ထိုသို့သာ ပြောရသော်လည်း ဦးထွန်းဖေ စိတ်ထဲမှာတော့ သမီးဖြစ်သူ၏ ရဲဝံ့သော စိတ်ဓာတ်ကို ကျေနပ်သွားလေသည်။

"ဖေဖေက သမီးကို အထင်သေးနေတယ် ထင်တယ်၊ သမီးက တက္ကသိုလ် တက်နေတုန်းက သူငယ်ချင်းတွေနဲ့





လေ့လာရေးခရီးတွေ တောတောင်တွေထဲကို အများကြီးသွားဖူးပါတယ်၊ သမီးပါတော့ ဖေဖေ့ကို ဂရုစိုက်လို့ရတာပေါ့"

ထိုအခါ ကျော်ဝေက...

"မြနှင်းဖြူ... နင်က မိန်းကလေးဆိုတော့ ဒီလိုခရီးမျိုးနဲ့ မသင့်ဘူးထင်တယ်၊ ဦးလေးအတွက် စိတ်မချရင် ငါလိုက်သွားလိုက်ပါ့မယ်"

ဟု ဝင်ပြောလေသည်။

"နင်လိုက်လည်း လိုက်ပေါ့၊ ငါကတော့ လိုက်မှာပဲ"

မြနှင်းဖြူစိတ်ဓာတ်ကို ရိပ်မိသော ကျော်ဝေက ဘာမှ ထပ်မပြောတော့ပေ။

"မြနှင်းဖြူ ပါမယ်ဆိုရင် ဒီခရီးက ပိုပြီး အဆင်ပြေတာပေါ့၊ သူပါတော့ စားရေး၊ သောက်ရေးအတွက် စီစဉ်ပေးလို့ရတာပေါ့၊ နောက်ပြီး သူက ဆရာဝန်တစ်ယောက် ဆိုတော့ လမ်းခရီးမှာ ကျန်းမာရေးအတွက်လည်း စိတ်ချရတာပေါ့။

အန်ကယ်သွားမယ်ဆိုရင် ကျွန်တော်ပါ လိုက်ခဲ့မှာပါ၊ ဒီအိမ်မှာ အားကိုးလောက်တဲ့ ယောက်ျားသားဆိုလို့ ကျွန်တော်ပဲရှိတာဆိုတော့ ကျွန်တော်မလိုက်လို့ ဘယ်သင့်ပါ့မလဲ"

ဟု ဝင်ပြောလိုက်သော မောင်မောင်ဇော်စကားကြောင့် ကျန်လူများမှာ တအံ့တသြ ဖြစ်သွားကြသည်။

ဒေါ်ခင်မေတာပင်...

"ဘယ်လိုဖြစ်တာလဲ မောင်မောင်ဇော်ရဲ့၊ မင်း အန်ကယ်ခရီးထွက်ဖို့ ကြံစည်နေတာ အတော်ကြာပြီ မင်းပါလိုက်မယ်လို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ ပြောသံ မကြားမိပါလား၊ အခုမှ ကောက်ခါငင်ခါ ဘယ်လိုဖြစ်ရတာလဲကွယ်”

ဟု ဝင်မေးလိုက်သည်။

“ဩော်… ဒါကတော့ ဒီလိုပါ ဒေါ်ဒေါ်၊ အခုကိစ္စက အန်ကယ်ရဲ့ အကြံအစည် အောင်မြင်ရင် ကျွန်တော်တို့ မိသားစုတစ်တွေ အားလုံး ချမ်းသာမယ့်ကိစ္စ မဟုတ်လား၊ ကျွန်တော် မလိုက်လို့ ဘယ်ဖြစ်ပါ့မလဲ”

မောင်မောင်ဇော်၏ အမူအရာကို မနှစ်မြို့သော်လည်း မြသင်းကြူကတော့ ဘာမှ ဝင်မပြောပေ။

အဘယ်ကြောင့် ဆိုသော်…

သူမအနေနှင့် မောင်မောင်ဇော် အိမ်မှာ မရှိ၍ တစ်နေ့ မတွေ့ရလျှင် တစ်နေ့ စိတ်ချမ်းသာသောကြောင့် ဖြစ်ပေသည်။

ပထမတော့ မောင်မောင်ဇော် မလိုက်တန်ဟု တွေးမိသဖြင့် မိမိလိုက်မည်ဟု ပြောလိုက်သော မြနှင်းဖြူမှာ ယခုကာမှ မောင်မောင်ဇော်က လိုက်မည်ဟု ပြောပြန်သဖြင့် စိတ်ထဲမှာ စနိုးစနောင့် ဖြစ်သွားလေသည်။

“ကဲ့… ဒီလို လူတွေ များလာရင်တော့လည်း သမီး မလိုက်တော့ပါဘူး၊ တော်ကြာ ယောကျ်ားသားတွေသွားတဲ့ ခရီးမှာ သမီးအတွက်နဲ့ အနှောင့်အယှက် ဖြစ်နေပါ့မယ်”

“အို… မြနှင်းဖြူမလိုက်လို့ ဘယ်သင့်ပါ့မလဲ၊ မြနှင်းဖြူ လိုက်မှ အန်ကယ်ရဲ့ ကျန်းမာရေးနဲ့ စားသောက်ရေး အဆင်ပြေမှာပေါ့၊ စိတ်မပူပါနဲ့ကွယ်၊ တောထဲတောင်ထဲရောက်ရင်





အစ်ကိုတို့နှစ်ယောက်က ဝိုင်းဝန်း စောင့်ရှောက်ပေးကြမှာပါ၊ အန္တရာယ် မရှိစေရပါဘူး”

ဟု အမူအရာ လွန်ကဲနေသော ရုပ်ရှင်မင်းသား တစ်ယောက်၏ ဟန်မျိုးဖြင့် ပြောလိုက်ရာ ဒေါ်ခင်မေနှင့် သမီး နှစ်ယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ မသိမသာ မျက်နှာမဲ့လိုက်ကြလေသည်။

ဦးထွန်းဖေကတော့ စီးကရက်ကို တွင်တွင်ဖွာပြီး အကြံ ထုတ်နေလေသည်။

သူသည် စီးပွားရေးအရဆိုလျှင် မည်သည့်အရာကိုပဲ လုပ်ရလုပ်ရ ဝန်မလေးတတ်သူ ဖြစ်သောကြောင့် ယခုကိစ္စ မှာလည်း အကယ်၍ မြနှင်းဖြူ ကျန်ခဲ့လျှင် မောင်မောင်ဇော် ကလည်း ဉပါယ်တံမျဉ်ဖြင့် ကျန်ခဲ့မှာကို ရိပ်မိသဖြင့်…

“ကဲ… မထူးတော့ပါဘူး သမီးရယ်၊ သမီးလိုက်လာ တော့ အဖေ့အတွက် စားရေး သောက်ရေးရော၊ ကျန်းမာရေး အတွက်ရော အဆင်ပြေတာပေါ့၊ နောက်ပြီး အဖော်လည်း ရတာပေါ့၊ ရက်လည်း သိပ်ကြာမှာမှ မဟုတ်တာ၊ လိုက်သာ လိုက်ခဲ့ပါတော့ကွယ်”

ဟု ပြောလိုက်ရာ မြနှင်းဖြူမှာ မငြင်းသာအောင် ဖြစ်သွားလေတော့သည်။

ထို့ကြောင့်… ခရီးထွက်ရန် အစီအစဉ်များကို ရက်ပိုင်း အတွင်းမှာ အပြတပြင်း စီစဉ် ဆောင်ရွက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခရီးထွက်ရာမှာ လိုအပ်သော သတ္တုရှာဖွေရန် ကိရိယာများ၊ ဆေးဝါး၊ အန္တေးထည်၊ ရိက္ခာခြောက်၊ လက်နက်ခဲယမ်း စောင်, ခြင်ထောင်နှင့် ယာယီတဲများ၊ မြေပုံကားချပ်များ အစရှိသည်တို့ကို အလုံအလောက် ယူဆောင်ပြီး လင့်ရိုး ကားတစ်စီးဖြင့် ခရီးထွက်ကြလေသည်။

သူတို့အဖွဲ့တွင် ဦးထွန်းဖုံ၊ မောင်မောင်ဇော်၊ မြနှင်းဖြူ ကျော်ဝေနှင့် ပစ္စည်းများသယ်ရန် အလုပ်သမားနှစ်ယောက်တ လိုက်ပါလာကြသည်။ ကားပေါ်မှာ မိန်းမသားဆို၍ မြနှင်းဖြူ တစ်ယောက်သာ ပါလေသည်။

မြနှင်းဖြူသည် ခရီးထွက်ရာတွင် အဆင်ပြေသော ဂျင်းဘောင်းဘီ၊ ဂျင်းအကျီတို့ကို ဝတ်ဆင်ထားသည်။

သူမသည် ကားရှေ့ခန်းတွင် ဦးထွန်းဖုံနှင့်အတူ လိုက်လာ ရင်းမှပင် အစ်မဖြစ်သူ မြသင်းကြူ မှာလိုက်သော စကားများ ကို ပြန်လည် ကြားယောင်နေမိလေသည်။

"ညီမလေး... မောင်မောင်ဇော် ဆိုတာ လူကောင်း တစ်ယောက် မဟုတ်ဘူး။ အကြံသမား လူယုတ်မာတစ်ယောက် ဆိုတာ မမ အသိဆုံးပဲ၊ သူ ဒီခရီးကိုလိုက်တာ အကြံအစည် တစ်ခုခု ရှိပုံရတယ်၊ ဒီတော့ ဘယ်အချိန်, ဘယ်နေရာမှာ သတိရှိပါနော်။

နောက်ပြီး ညီမလေးကို မမ တစ်ခုတော့ မှာလိုက်ချင် တယ်၊ မမရဲ့ချစ်သူ ကိုကျော်၊ အဲဒီရိုးမတောထဲမှာ ရှိတယ်လို့ မမ သတင်းကြားရတယ်၊ သူ့အပေါ်မှာ မမ ပေးဆပ်စရာတွေ အများကြီး ရှိနေတယ်။





တကယ်လို့ ညီမလေး ကိုကျော်နဲ့တွေ့ရင် မမကိုယ်စား သူ့ကို တောင်းပန်ပေးပါကွယ်"

ဟု မှာကြားလိုက်သော စကားများကို ပြန်လည် ကြားယောင်မိနေသည်။

တကယ်တော့ အစ်မဖြစ်သူ မြသင်းကြူ၏ ချစ်သူ မင်းထင်ကျော် ဆိုသော လူကို သူမအနေနှင့် တွေ့ဖူးမြင်ဖူး ခြင်း မရှိသောကြောင့် ကောင်းစွာ မမှတ်မိပေ။

ထိုအခါ မြသင်းကြူက တက္ကသိုလ်ကျောင်းသူဘဝက သူငယ်ချင်းများ စုရိုက်ထားသော ဓာတ်ပုံထဲမှ မင်းထင်ကျော်၏ ပုံကို ပြလိုက်လေသည်။

သို့သော်လည်း... အများနှင့် စုရိုက်ထားသောပုံမို့ ထင်ထင်ရှားရှားတော့ မရှိလှပေ။

သူမစိတ်ထဲမှာ အချစ်ကံခေခဲ့ကြသော ချစ်သူနှစ်ဦးတို့ အတွက် စိတ်မကောင်းဖြစ်မိရုံမှ အခြား ဘာမှ မတတ်နိုင် တော့ပါချေ။ တစ်ယောက်က တောထဲ တောင်ထဲမှာ ဘဝကို ဇာတ်မြှုပ်ထားခဲ့သည်။

တစ်ယောက်ကလည်း အိမ်ထောင်ရေးတစ်ခု၏ ခါးသီး သော ဒဏ်ကို နေ့စဉ် မျက်ရည်စက်လက်ဖြင့် ခါးစည်းခံနေ ရရှာသည်။

ချစ်ခြင်းမေတ္တာဖြင့် ဘဝကို ထူထောင်ရန် ကြိုးပမ်းကြ သော ချစ်သူများအတွက် ပျော်ရွှင်ကြည်နူးမှုကို ခံစားရလျှင် လည်း အတူတူ ခံစားရပြီး ပူဆွေးသောကကို ခံစားရလျှင်



www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်ယောက်တည်း မခံစားရဘဲ နှစ်ယောက်စလုံး မျှဝေခံစားကြရသည်။

ထိုအကြောင်းကို တွေးမိသောအခါ အစ်မဖြစ်သူ၏ သောက ဝေဒနာအတွက် မြနှင်းဖြူ ရင်ထဲမှာ စိတ်မကောင်း ဖြစ်မိလေသည်။ သို့ကြောင့်...

ကားရှေ့မှန်မှတစ်ဆင့် လှမ်းမြင်နေရသော ပြင်ပရှုခင်း များကို လှမ်းကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"သမီး ဘာတွေများ သက်ပြင်းချနေတာလဲ၊ ခရီး ထွက်လာရတာ စိတ်မောနေလို့လား"

"မဟုတ်ပါဘူး ဖေဖေ"

"မကြာခင် ပဲခူးရောက်တော့မှာပါ၊ ပဲခူးက ရွှေမော်ဓော ဘုရားကြီးနားမှာ ရောင်းတဲ့ ထမင်းဆိုင်တွေက ငါးချဉ်သုတ် သိပ်ကောင်းတယ်၊ အဲဒီရောက်တော့မှ မနက်စာ ထမင်းစား ကြတာပေါ့၊ မကောင်းဘူးကား"

"ကောင်း... ကောင်းပါတယ် ဖေဖေ"

ဦးထွန်းဖေ စကားကြောင့် မြနှင်းဖြူ၏ အတွေးစ,မှာ ပြတ်သွားလေတော့သည်။

ပဲခူးလမ်းမပေါ်မှာ လင့်ရှိဟာကားကလေးက ထစ်ရိုင်ရိုင် ပြေးနေဆဲပင်။





အခန်း ( ၁၂ )

## လျှို့ဝှက်သော ရင်ခုန်သံ

တောင်တန်းများအပေါ်မှ စီးဆင်းလာသော စမ်းချောင်း ကလေးသည် တောင်ကုန်းတစ်ခုကို ပတ်ခွေပြီးမှ တောင်ခြေ သို့ စီးဆင်းသွားလေသည်။

ကျောက်တုံး၊ ကျောက်ခဲဆောင်များကို တိုက်၍ ဆင်းလာ သော ရေစီးသံမှာ သံစဉ်မညီသော ဂီတသံသဖွယ် သာယာ နာပျော်ဖွယ် ရှိပေသည်။

စမ်းချောင်း ကမ်းတစ်လျှောက်မှာ ပေါက်နေသော ဝါးတောများဆီကို လေတိုးရာမှ ပေါ်ထွက်လာသော ဝါးပင် ဝါးကိုင်းချင်း ပွတ်ကြိတ်မိသံ၊ ဝါးရွက်ချင်း ခတ်သံများမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း တောတောင်၏ သဘာဝ မရိုးနိုင်သော ဂီတသံများပင် ဖြစ်၏။

စမ်းချောင်းလေး၏ အထက်ပိုင်း တောင်ကုန်းပေါ်မှာ ဒေါက်တာမင်းထင်ကျော်တို့ စခန်းချနေသော တဲကြီးရှိ၏။

ယနေ့တော့ ဦးမွန်ထော်နှင့် ကျန်လူများက တောတက်သွားကြပြီး စောထီးတို့က ရွာထဲမှ အသုံဘ တစ်လောင်းကို အရိုးတောင်သို့ ပို့ပေးရန် လိုက်သွားကြသောကြောင့် စခန်းမှာ ဒေါက်တာမင်းထင်ကျော် တစ်ယောက်သာ ကျန်ခဲ့လေသည်။ သို့ကြောင့်...

အရေးအကြောင်းရှိလျှင် အသုံးပြုရန် သေနတ်တစ်လက်နှင့် မိမိဖတ်ချင်သော စာအုပ်များကို ယူဆောင်ပြီး စမ်းချောင်းကလေး နံဘေးရှိ အရိပ်ကောင်းသော ညောင်လန်းပင်ကြီးအောက်သို့ လာခဲ့လေသည်။

သာယာလှသော သဘာဝ ပတ်ဝန်းကျင်နှင့် စိတ်ချမ်းမြေ့စရာကောင်းသော အသံကလေးများကြောင့် သူ့စိတ်ထဲမှာ တစ်ချိန်က မြတ်မြတ်နိုးနိုး ချစ်ခဲ့ရသော မြသင်းကြူကို သတိရနေမိလေသည်။

သူ့အိတ်ထဲရှိ ဒိုင်ယာရီ စာအုပ်ကလေးထဲမှာ မြသင်းကြူ၏ ကိုယ်တစ်ပိုင်းရိုက်ထားသော ဓာတ်ပုံတစ်ပုံ ပါသဖြင့် ထိုပုံကို ထုတ်၍ ကြည့်ရှုနေမိလေသည်။

ထိုဓာတ်ပုံကို ကြည့်နေရင်းမှပင် ဒေါက်တာအေးကျော် ပြောလိုက်သော စကားများကို ပြန်လည် သတိရမိသဖြင့်





အချစ်ရေးအတွက် ကံဆိုးရှာသော မြသင်းကြူအတွက် စိတ်မကောင်း ဖြစ်မိလေသည်။

သူသည် သစ်ပင်ရိပ်မှာ ပက်လက်လှန်ရင်း အတွေးကောင်းနေရာ ခဏကြာတော့ မှေးခနဲ အိပ်ပျော်သွားလေသည်။

ထိုသို့ အိပ်ပျော်သွားစဉ် အိပ်မက်ထဲမှာ သူ့အနီးသို့ မြသင်းကြူ ရောက်လာလေသည်။

မြသင်းကြူက သူ့နံဘေးမှာ ထိုင်၍ ချစ်စကားများကို တတွတ်တွတ် ပြောနေလေသည်။

သူနှင့် မြသင်းကြူတို့ နှစ်ယောက်သည် ယခင် ချစ်သူဘဝမျိုးလို လွတ်လွတ်လပ်လပ် တွေ့ဆုံနေကြခြင်း ဖြစ်သည်။

သူသည် မခံစားဖြစ်တာ ကြာပြီဖြစ်သော ချစ်သူကို လွတ်ထွက်သွားမည့်အလား တစ်အားဖက်ကာ ရင်ခွင်ထဲ ထည့်ထားလေသည်။

"အို... အစ်ကို"

ဟု ညည်းညူသံကလေးနှင့် မိမိရင်ဘတ်ကို လက်ဖြင့် တွန်းလိုက်သော အတွေ့အထိကြောင့် အိပ်မက်မှ လန့်နိုး သွားလေသည်။

ပူနွေးသော အတွေ့အထိနှင့် ကိုယ်သင်းရနံ့ တစ်ခုကြောင့် ကပျာကရာ မျက်လုံးဖွင့်ကြည့်လိုက်တော့ သူ့ရင်ခွင်ထဲမှာ ရောက်နေသော ခင်စောမူကို တွေ့ရသဖြင့် အငိုက်နဲ့ တကြားဖြစ်ကာ လွှတ်ပေးလိုက်သည်။

"အင်... စောမူ"



www.burmeseclassic.com

www.burmeseclassic.com



ခင်စောမူက ရှက်ကိုးရှက်ကန်း အမူအရာဖြင့် သူ့မျက်နှာကို မကြည့်ဝံ့သလို မျက်နှာလွှဲထားလေသည်။

"အစ်ကို သိပ်ဆိုးတာပဲ၊ ကယောင်ကတမ်းနဲ့ ဘာမှန်းလဲ မသိဘူး"

"အိပ်ပျော်သွားပြီး အိပ်မက် မက်နေလို့ပါကွယ်၊ အစ်ကို့ကို ခွင့်လွှတ်ပါနော်၊ ဒါထက် စောမူ ဘာလာလုပ်တာလဲ"

"မနက်က စောထီး ရွာကို ပြန်ရောက်လာတော့ စခန်းမှာ အစ်ကိုတစ်ယောက်တည်း ရှိတယ်လို့ သတင်းပေးတာနဲ့ အစ်ကိုစားဖို့ ကောက်ညှင်းပေါင်းနဲ့ ငါးကြော် လာပို့တာလေ"

"တောထဲကို တစ်ယောက်တည်းလာတာလား။ ဘယ်သူတွေ ပါသေးလဲ"

"လာတုန်းကတော့ အဖော်တွေနဲ့ လာတာပါ၊ တောထဲရောက်တော့ သူတို့က ဟင်းရွက်နဲ့ မျှစ်တို့၊ မှိုတို့ ရှာဖို့ သွားကြပြီလေ၊ အပြန်မှ ဝင်ခေါ်ကြလိမ့်မယ်"

ဟု ပြောဆိုကာ ခင်စောမူက သူ့မ ယူဆောင်လာသော ကောက်ညှင်းပေါင်းနှင့် ငါးကြော်ပါသော ဖက်ထုပ်ကို ဖြေပေးသည်။

"ကျေးဇူးတင်ပါတယ် စောမူရယ်"

ဟု ပြောဆိုကာ ကောက်ညှင်းပေါင်းနှင့် ငါးကြော်ကို စားရန်ပြင်တော့ ခင်စောမူက စမ်းချောင်းထဲမှ ရေကို ဝါးကျည်တောက်ဖြင့် ခပ်ယူလာသည်။





"အစ်ကို"

"ဘာလဲ စောမူ"

"စောစောက အစ်ကိုရင်ဘတ်ပေါ်မှာ တင်ထားတဲ့ စာအုပ်ကလေးထဲက ဓာတ်ပုံရှင်က ဘယ်သူလဲဟင်၊ အစ်ကို့ချစ်သူလားဟင်"

ဟု အသံလေး ကတုန်ကယင်နှင့် မေးလိုက်လေသည်။

ထိုစကားကြောင့် ခေါက်တာမင်းထင်ကျော်က ဘေးနားမှာ ကျနေသော ဒိုင်ယာရီ စာအုပ်ကလေးကို ကောက်ယူပြီး အိတ်ထဲ ပြန်ထည့်လိုက်သည်။

ထို့နောက်... တစ်မျှော်တစ်ခေါ် လှမ်းမြင်နေရသော စမ်းချောင်းကလေး ရှိရာဘက်သို့ လှမ်းကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"အစ်ကို ကျွန်မ မေးတာကို စိတ်ဆိုးသွားလားဟင်"

"မဆိုးပါဘူး စောမူရယ်၊ ဒါမေးတာ စိတ်ဆိုးစရာမှ မဟုတ်တာကွယ်"

"ဒါဖြင့် ဘာကြောင့် မျက်နှာမကောင်း ဖြစ်သွားရတာလဲဟင်"

"ဒီလိုပေါ့ စောမူရယ်၊ အစ်ကို့ဘဝရဲ့ ကံမကောင်းခဲ့တဲ့ အချစ်ရေးအကြောင်းကို ပြန်စဉ်းစားမိလို့ စိတ်မကောင်းဖြစ်မိတာပါ၊ စောမူမြင်တဲ့ ဓာတ်ပုံရှင်က တက္ကသိုလ်မှာတုန်းက အစ်ကိုနဲ့ ချစ်သူတွေ ဖြစ်ခဲ့ကြတဲ့ မိန်းကလေးပါပဲ"

"ဟင်... ဒါဖြင့် အခု သူက ဘယ်မှာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သူက ရန်ကုန်မှာ ရှိပါတယ်၊ ဒါပေမယ့် အစ်ကိုနဲ့ ဘယ်လိုမှ မသက်ဆိုင်တော့တဲ့ ဘဝကို ရောက်နေပါပြီ"

"သူက ဘယ်လိုဖြစ်သွားလို့လဲဟင်"

"အဲဒီမိန်းကလေးက လူတစ်ယောက်နဲ့ လက်ထပ်သွားခဲ့ပြီကွယ့်"

"ဟင်... ဒါဖြင့် သူ သစ္စာမဲ့တာပဲပေါ့နော်၊ ကျွန်မတို့ ကရင်လူမျိုးတွေဟာ သစ္စာကို တန်ဖိုးထားတတ်ကြတယ်၊ သစ္စာကို တန်ဖိုးထား လေးစားတဲ့ လူတွေဟာ ဘေးအန္တရာယ်ကင်းပြီး သစ္စာပျက်တဲ့ လူတွေဟာ ဘေးဒုက္ခတွေနဲ့ ကြုံရတတ်တယ်လို့ ယုံကြည်ကြတယ်"

"ဟုတ်ပါတယ်၊ စောမူ ပြောသလိုပါပဲ၊ အခုဆိုရင် သူဟာ သစ္စာတရားရဲ့ ဒဏ်ခတ်ခြင်းကို ခံနေရလို့ ဒုက္ခတွေ့နေပါပြီကွယ်"

"ဟင်... ဒီလိုဆိုရင်တော့ သနားစရာပေါ့နော်၊ ဒါပေမယ့် အစ်ကို သူ့ကိုတော့ သတိရနေတယ်မဟုတ်လား၊ ဘာကြောင့်လဲဆိုတော့ တစ်ခါတစ်ခါကျရင် အစ်ကို မှိုင်နေတာကို စောမူ သတိထားမိတယ်"

"အသည်းနှလုံးဆိုတာ အင်မတန် နူးညံ့သိမ်မွေ့တယ်၊ သူ့အပေါ်မှာ ဒဏ်ရာဒဏ်ချက်တစ်ခု ထင်မိရင် ဘယ်တော့မှ ဖျက်လို့မရတော့ဘူး။ နှလုံးသားနဲ့ မတ်သက်ပြီး ဒဏ်ရာဒဏ်ချက် ရခဲ့တဲ့သူဟာ သူ့ဘဝမှာ နောက်ထပ် ပျော်ရွှင်မှုတွေ





ဘယ်လိုပဲတွေ့ပေမယ့် အထဲက ဒဏ်ရာဟောင်းကတော့ ရှိနေမြဲ ရှိနေတာပေါ့၊ ဥပမာပြောရရင် ပန်းပုရုပ်ထု တစ်ခုကို ဓားချက်၊ ဆောက်ချက် ထိသွားမိရင် အဲဒီဒဏ်ရာ ပျောက်အောင် ဘယ်လိုပဲလုပ်လုပ်၊ သစ်စေးတွေသုတ်၊ ရွှေတွေချ လုပ်ပေမယ့် အထဲက ဒဏ်ရာကတော့ ရှိမြဲ ရှိနေတာပါပဲ၊ အချိန်တန်ရင် ပြန်ပေါ်လာတာပဲ"

ဟု ပြောပြလေရာ ခင်စောမူက မျက်လုံးကလေး အဝိုင်းသားဖြင့် အငေးသား နားထောင်နေလေသည်။

"ကျွန်မကတော့ အချစ်အကြောင်းတွေ၊ ဘာအကြောင်းတွေ အဲဒီလောက် နားမလည်ပါဘူး။ ကျွန်မသိတာ တစ်ခုပဲ ရှိတယ်၊ အစ်ကို့ကို စိတ်ချမ်းသာစေချင်တယ်၊ ပျော်ရွှင်စေချင်တယ်၊ အစ်ကို့မျက်နှာ မသာမယာ ဖြစ်နေရင် ကျွန်မ ရင်ထဲမှာ စိတ်မကောင်း ဖြစ်မိတယ်"

ဟု တောသူပီပီ ပွင့်ပွင့်လင်းလင်း အရိုးခံအတိုင်း ပြောလေရာ ဒေါက်တာမင်းထင်ကျော်မှာ ခင်စောမူ ရင်ထဲမှ ခံစားချက်ကို မြင်သာနေသဖြင့် သူမအတွက် စိတ်မကောင်း ဖြစ်မိလေသည်။

"ဪ... စောမူရယ်၊ မင်းတို့ရဲ့ စေတနာ မေတ္တာတွေကို အစ်ကို နားလည် သဘောပေါက်ပါတယ်၊ တစ်နေ့ကျရင် အဲဒီ စေတနာ မေတ္တာတွေကို တုံ့ပြန်နိုင်အောင် အစ်ကို ကြိုးစားပါ့မယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရင်ထဲရှိသည့်အတိုင်း ပြောလိုက်လေရာ ခင်စောမူ မျက်နှာပြင်ပေါ်မှာ ကျေနပ်မှု အပြုံးရိပ်ကလေးများ ယှက်သန်းသွားလေတော့သည်။

ထိုအခိုက်မှာပင် တောထဲတက်သွားသော မိန်းကလေးတစ်သိုက် ပြန်ရောက်လာသည်။

၎င်းတို့သည် ဒေါက်တာမင်းထင်ကျော်နှင့် ခင်စောမူတို့နှစ်ယောက်ကို အဓိပ္ပာယ်ပါသော အကြည့်ဖြင့် ကြည့်ကာ ပြုံးစေ့စေ့ လုပ်နေကြသည်။

ထို့နောက်...

ကရင်ဘာသာစကားဖြင့် အချင်းချင်း ပြောဆိုနေကြရာ ခင်စောမူ၏ ပါးပြင်နှစ်ဖက်မှာ ညနေပိုင်းပွင့်သော သုံးပန်လှပန်းပွင့်ကဲ့သို့ ပန်းနုရောင် သန်းနေလေတော့သည်။





အခန်း ( ၁၃ )

## အင်ကြွင်းခြောင်မှ ခလေ့ဆန်းများ

ပျဉ်းမနား မြို့တွင်းလမ်းအတိုင်း မောင်းလာသော ဂျစ်ကားတစ်စီးသည် ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ ရုံးခန်းအဝင်အဝသို့ ရောက်သောအခါ ရပ်တန့်၍ အတွင်းသို့ ဝင်ရန်အတွက် အဝင်ဝ၌ စောင့်ကြပ်နေသော လုံခြုံရေးများကို ခွင့်တောင်းနေစဉ် အတွင်းဘက်မှ လင့်ရှိဗာကားတစ်စီး မောင်းထွက်လာသည်ကို လှမ်းမြင်ရသဖြင့် လမ်းဘေးသို့ ချရပ်ပေးလိုက်သည်။

လင့်ရှိဗာကားအတွင်းမှ ကားမောင်းလာသော မောင်မောင်ဇော်က ကားကို မလွတ်မလပ် ရပ်ထားရမလားဟု



www.burmeseclassic.com

www.burmeseclassic.com



ဘုကြည့် ကြည့်လိုက်ပြီးမှ ကားကို ဆက်မောင်းသွားသည်။ ဖုန်တက်မည် စိုးသောကြောင့် ကားနံဘေး အကာများကို ချထားသောကြောင့် ကားထဲမှာ ဘယ်သူဘယ်ဝါ ပါလာသည်ကို မမြင်နိုင်သော်လည်း လွန်သွားသောအခါမှ ကားနောက်ဘက်ခန်းမှာ ထိုင်နေသော အမျိုးသမီးတစ်ယောက်ကို လှမ်းမြင်လိုက်ရသောအခါ ဂျစ်ကားပေါ်မှာ ပါလာသော ဒေါက်တာမင်းထင်ကျော်နှင့် ဒေါက်တာအေးကျော်တို့ နှစ်ယောက်စလုံး တအံ့တသြ ဖြစ်သွားကြသည်။

အမျိုးသမီး ပိုးပဝါကို ဦးခေါင်းမှ မေးဖျားထိအောင် သိုင်းစည်းထားသောကြောင့် မသဲမကွဲ လှမ်းမြင်လိုက်ရခြင်း ဖြစ်ပေသည်။

"မင်းထင်ကျော်... ဟို လင့်ရိုဗာကား နောက်ဘက်ခန်းမှာ ပါသွားတဲ့ အမျိုးသမီးက မြသင်းကြူနဲ့ အတော်တူတယ်"

ဟု ဒေါက်တာအေးကျော်က ပြောလိုက်လေသည်။

"အေး... ဟုတ်တယ်၊ ဒါပေမယ့် လူတူတာလည်း ဖြစ်မှာပါ"

ထိုသို့ပြောနေစဉ် ဂိတ်ပေါက်စောင့်သူက အထဲသို့ ဝင်ခွင့်ပြုလိုက်သောကြောင့် ကားကို ရုံးရှေ့ရောက်အောင် မောင်းဝင်ခဲ့ကြသည်။ ဒေါက်တာမင်းထင်ကျော်မှာ ကားပေါ်မှာ ထိုင်လိုက်လာရင်း ကားမောင်းလာသူနှင့် ကားနောက်ခန်းမှ အမျိုးသမီး မျက်နှာကို တစ်စွန်းတစ်စ တွေ့လိုက်ရသောကြောင့် စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်နေမိသည်။





"ဟော့ကောင်... ဘာတွေ စဉ်းစားနေတာလဲ၊ ရုံးရှေ့ရောက်နေပြီ၊ အတွင်းဝင်ကြရအောင်"

"အေး...အေး...အေး"

ဒေါက်တာအေးကျော်က သတိပေးလိုက်တော့မှ သတိရပြီး နှစ်ယောက်သား ရုံးခန်းထဲသို့ ဝင်ရောက်ခဲ့ကြသည်။

သူတို့နှစ်ယောက်ကို မြင်သောအခါ ခရိုင်တာဝန်ခံက ဖော်ရွေစွာ ဆီးကြိုလေသည်။

"ဟာ... ဒေါက်တာကိုယ်တိုင် ပါလာတာကိုး၊ လာကြဗျာ... ထိုင်ကြ"

နှစ်ယောက်သား စားပွဲရှေ့မှ ကုလားထိုင်မှာ ထိုင်မိသောအခါ ဒေါက်တာအေးကျော်က မိတ်ဆက်ပေးသည်။

"ဆရာ သူက ကျွန်တော့်ရဲ့သူငယ်ချင်း ဒေါက်တာမင်းထင်ကျော်ပါ၊ သူက ရှမ်းတောင်တန်းတွေပေါ်မှာ နေပါတယ်"

"ဩော်... တွေ့ရတာ ဝမ်းသာပါတယ်၊ ကိုမင်းထင်ကျော်ရဲ့ သတင်းကတော့ ကျွန်တော်တို့ ကြားနေတာ ကြာပါပြီ၊ ကျွန်တော့်နာမည် ကျော်စွာလို့ ခေါ်ပါတယ်၊ ဒီခရိုင်ရုံး တာဝန်ခံပါ"

"တွေ့ရတာ ဝမ်းသာပါတယ်"

နှစ်ယောက်သား လက်ဆွဲ နှုတ်ဆက်လိုက်ကြသည်။

"ကျွန်တော်က ဒီရုံးမှာ အမြဲရှိပါတယ်၊ လိုတဲ့အကူအညီ ရှိရင်လည်း အချိန်မရွေး လာတောင်းနိုင်ပါတယ်၊ အခု



www.burmeseclassic.com

www.burmeseclassic.com



ဒီရောက်လာတဲ့ ဆေးဝါးပစ္စည်းတွေကလည်း ကိုမင်းထင်ကျော်ကို မှာထားတာတွေ မဟုတ်လား"

"ဟုတ်ပါတယ်၊ အဲဒီပစ္စည်းတွေကို အခု လာယူကြတာပါ"

"ကျွန်တော်တို့အားလုံး စစ်ဆေးပြီးပါပြီ၊ သယ်ယူသွားလို့ ရပါပြီ၊ ဪ… ဒါထက် ကိုမင်းထင်ကျော်တို့ ဝင်လာတော့ လင့်ရိုဗာကားတစ်စင်း မောင်းထွက်သွားတာ မြင်လိုက်ရဲ့ မဟုတ်လား"

ခရိုင်တာဝန်ခံ ကိုကျော်စွာက မေးလိုက်သည်။

"ဟုတ်ကဲ့၊ တွေ့လိုက်ပါတယ်"

"အဲဒီလူတွေက ရန်ကုန်က ကရင်တောင်တန်းတွေပေါ်ကို ရတနာ သတ္တုကြောရှာဖွေဖို့ ဓာတ်သတ္တုဌာနက ခွင့်ပြုစာနဲ့ ရောက်လာကြတဲ့သူတွေပါ။ သူတို့ကြည့်ရတာ တစ်မျိုးပဲ၊ ဆက်ဆံရေးက မပြေပြစ်ကြဘူး။ ဒီပုံအတိုင်းသွားရင် တောင်ပေါ်ရောက်တာနဲ့ ပြဿနာတွေ တက်နိုင်တယ်၊ ဒါကြောင့် တကယ်လို့ အဲဒီလို အဖြစ်မျိုးတွေ ဖြစ်လာရင် ကိုမင်းထင်ကျော်တို့က တတ်နိုင်သမျှ ကြည့်ထိန်းပေးပါ၊ ပြဿနာရှိရင် ကျွန်တော်တို့ဆီကို အမြန်ဆုံး အကြောင်းကြားပေးဖို့ အကူအညီ တောင်းချင်တာပါ"

ကိုကျော်စွာက ရည်ရည်မွန်မွန် ပြောပြလေသည်။

"ဒီအတွက်တော့ စိတ်ချပါ၊ ကျွန်တော်နဲ့ ကြုံကြိုက်ရင် အစစ အရာရာ အဆင်ပြေအောင် အကူအညီ ပေးလိုက်ပါ့





မယ်၊ အကြောင်းကိစ္စ အရေးကြီးရင်လည်း ဒီရုံးကို အမြန်ဆုံး အကြောင်းကြားပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

"တောထဲ တောင်ထဲမှာ နေထိုင်ကြတဲ့ တောင်ပေါ်သားတွေဟာ အနေဆင်းရဲပေမယ့် စိတ်ထားကတော့ ဖြူစင်ရိုးသားကြပါတယ်၊ သူတို့နဲ့ သင့်တင့်မျှတအောင် ပေါင်းသင်းမယ်ဆိုရင် ဘာပြဿနာမှ မရှိနိုင်ပါဘူး"

"အေးဗျာ… ကျွန်တော်တို့နိုင်ငံမှာလည်း ခင်ဗျားလို ပရဟိတလုပ်ငန်းအကျိုးကို ဆောင်ရွက်ပေးနိုင်တဲ့ လူမျိုးတွေ များများပေါ်လာရင် သိပ်ကောင်းမှာပဲ၊ ဒါမှ မဖွံ့ဖြိုးသေးတဲ့ တောင်တန်းဒေသတွေ ဖွံ့ဖြိုး တိုးတက်လာမှာဗျ"

ထို့နောက်…

ဒေါက်တာမင်းထင်ကျော်တို့သည် မိမိတို့အတွက် ရန်ကုန်မှ ပို့ပေးလိုက်သော ဆေးဝါးပစ္စည်း ကိရိယာများကို ကားဖြင့် တင်ယူလာပြီး ပျဉ်းမနားမြို့တွင်းသို့ ဝင်ကာ ဈေးဘက်၌ လိုအပ်သော ပစ္စည်းများ ဝယ်ကြလေသည်။

ထိုအခိုက်မှာပင် စောစောက ရုံးရှေ့မှာ တွေ့လိုက်ရသော လင့်ရိုဗာကားကို မလှမ်းမကမ်းမှာ တွေ့ရပြန်သည်။

ဒီတစ်ခါမှာတော့ ဈေးဂိတ်အနီးမှ ဆိုက်ကားသမားတစ်စုနှင့် ပြဿနာတက်နေကြခြင်း ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့ ဂျစ်ကား ထိုနေရာရောက်သောအခါမှ မောင်းထွက်သွားကြလေသည်။

"ဘာဖြစ်တာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအေးကျော်က စပ်စပ်စုစု မေးလိုက်လေသည်။

"ဟာ... ဆရာဝန်ကြီးပါလား၊ အလကား လူတွေပါဗျာ... ဘယ်ကနေ ဘယ်လိုရောက်လာကြတယ် မသိပါဘူး။ မောက်မာလိုက်ကြတာလည်း လွန်ပါရော၊ ဒီပုံအတိုင်းသာ သွားရင်တော့ ဒီနယ်မှာ သိပ်ပြီး သက်ဆိုးရှည်လှမယ် မထင်ဘူး"

ဟု ပြောပြလေသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်တို့လည်း ဈေးမှာ လိုအပ်သော ပစ္စည်းများ ဝယ်ခြမ်းပြီး ဒေါက်တာအေးကျော်ကို ပြန်ပို့ပေးကာ အင်ကြင်းမြောင်ရွာ ရောက်အောင် ပြန်မောင်းလာခဲ့ကြသည်။

ရွာသို့ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်တို့မှာ ဆေးဝါးရိက္ခာ ပစ္စည်းများ ပါလာသည်ကို သိကြသောအခါ တစ်ရွာလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်က...

"ဒီဆေးဝါးတွေက အင်ကြင်းမြောင် ရွာသာမကဘူး။ ဒီတောင်တန်းဒေသတွေမှာ နေထိုင်ကြတဲ့ လူတွေအားလုံးအတွက် ရည်စူးပြီး ကျွန်တော် မှာယူလိုက်ပါ"

ဟု ပြောပြသည်။

"ဟင်..., ဒါဖြင့် ဆရာလေး ငွေတွေအများကြီး သုံးရမှာပေါ့၊ မဟုတ်ဘူးလား"

ဟု ရွာလူကြီး ဦးထန်ဖုန်းရှိန်က ပြောလိုက်သည်။





"ဒီ့အတွက် မပူပါနဲ့၊ ဆေးဝါးအတွက် ကုန်ကျတဲ့ ငွေတွေက ကျွန်တော့်အိတ်ထဲက စိုက်ကုန်ရတာ မဟုတ်ပါဘူး။ တောင်ပေါ်က ရှာရတဲ့ သတ္တုအတုံးအခဲတွေကို ရောင်းချပြီးတော့ အဲဒီက ရလာတဲ့ငွေနဲ့ ဝယ်တာပါ"

ဒေါက်တာမင်းထင်ကျော် စကား ကြားသောအခါ ဦးထန်ဖုန်းရှိန်က ဤသို့ပြောသည်။

"ဆရာလေးရဲ့ စေတနာကတော့ တကယ့်ကို အံ့သြစရာပဲ၊ သူများတွေဆိုရင် ကျုပ်တို့ဆီက ဘာပစ္စည်းယူရမပါ့မလဲလို့ အမြဲကြည့်ပြီး လိုချင်နေကြတာ၊ ဆရာလေးကျတော့လည်း ဘာပေးရပါ့မလဲဆိုပြီး ကြည့်နေသလိုပဗျာ"

ထိုစကား ကြားသောအခါ ဦးမွန်ထော်က...

"ဒါဆိုရင်လည်း အလွယ်လေးပါ တောင်ပိုင်ကြီးရဲ့၊ ဆရာလေးအတွက် တောင်ပိုင်ကြီးကနေ အရိုးတောင်တွင်းဟောင်း တစ်လုံးလောက် ပြပေးလိုက်ရင် ပြီးတာပဲမဟုတ်လား။ ဒီလိုဆိုရင် သူ့အတွက် တစ်သက်စာ လုံလောက်တာပေါ့၊ တောင်ပိုင်ကြီးဆီမှာ အရိုးတောင်ဟောင်းရှိတဲ့ နေရာတွေကို မှတ်တမ်းလုပ်ထားတဲ့စာရင်း ရှိရဲ့မဟုတ်လား"

ဟု မေးလိုက်သည်။

"ကျုပ်ဆီမှာတော့ ရှိပါတယ်၊ ဆရာလေးအတွက် ပြပေးမယ်ဆိုရင် တစ်ရွာလုံးက ဘယ်သူကမှ ကန့်ကွက်ကြမှာ မဟုတ်ပါဘူး၊ ဒါပေမယ့် ခင်ဗျားတို့ ဆရာလေးက ကျုပ်တို့ပြောရင် ဘယ်တော့မှ လက်မခံဘူးလေ၊ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



လက်ခံမလားလို့ မေးကြည့်လေ၊ လက်ခံမယ်ဆိုရင် အခု ချက်ချင်း လိုက်ပြပေးမှာပေါ့"

ဟု ဦးထန်ဖုန်းရှိန်က ပြောလိုက်လေသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က...

"ကျွန်တော် ဒီတောင်တန်းတွေပေါ်မှာ ဒုက္ခ ဆင်းရဲခံပြီး သတ္တုကြောတွေ ရှာဖွေနေတာ တခြားကြောင့် မဟုတ်ပါဘူး။ မြေအောက်မှာရှိတဲ့ ရတနာကြောတွေကို ရှာတွေ့ခဲ့ရင် ကျွန်တော်တို့ တိုင်းပြည်အတွက်လည်း အကျိုးရှိမယ်၊ နောက်ပြီး အဲဒီကရတဲ့ အကျိုးအမြတ်တွေကို အခုလို တောင်ပေါ်ဒေသမှာရှိတဲ့ မဖွံ့ဖြိုးသေးတဲ့ အရပ်ဒေသတွေမှာ အသုံးပြုလို့ ရတာပေါ့"

"ဆရာလေးအတွက်စာရော"

"ကျွန်တော့်အတွက်လည်း ယူသင့်သလောက် ယူမှာပါ။ ဒါပေမယ့် ကျွန်တော့်အတွက်က ဒီလောက် အရေးမကြီးလှပါဘူး"

"အင်း... ကျုပ်တို့ ကရင်တွေမှာ စကားပုံ တစ်ခုရှိတယ်၊ လောဘနည်းလေ အရများလေ၊ လောဘများလေ အရနည်းလေဆိုတဲ့ စကားအတိုင်း ဆရာလေးအတွက်ဆိုရင်တော့ လိုချင်တဲ့အချိန်သာ ပြောပေတော့၊ ကျုပ်တို့ လိုက်ပို့ပေးပါ့မယ်၊ အရိုးတောင်တစ်လုံးရဲ့ အောက်မှာရှိတဲ့ သတ္တုကြောကြီးတစ်ခုဆိုရင် ဝင်းလက်နေတာပဲ၊ မြစ်ကြီးတစ်စင်းလောက်ကို အရှည်ကြီး ရှိနေတာ"





ဟု ဦးထန်ဖုန်းရှိန်က အားရပါးရ ပြောပြလေသည်။

ထိုသို့ပြောနေစဉ် စောထီးက...

"အဖေ ကျုပ်တို့ ပျဉ်းမနားရောက်တုန်းက ဒီနယ်ဘက်ကို သတ္တုလာရှာတဲ့ အဖွဲ့တစ်ဖွဲ့ တွေ့ခဲ့ရတယ်"

ဟု သူ့ဖခင်ကို ပြောပြလေသည်။

"ဒါ အဆန်းလားကွာ၊ အရင်ကလည်း ဒီလိုပဲ သတ္တုရှာတဲ့အဖွဲ့တွေ လာနေကြတာပဲဟာ"

ဦးထန်ဖုန်းရှိန်က အရေးမကြီးသလို ပြန်ပြောလိုက်သည်။

"အခုတွေ့ခဲ့ရတဲ့ အဖွဲ့က အရင်လာတဲ့ အဖွဲ့တွေနဲ့ မတူဘူး။ စောမူတို့အရွယ်လောက် မိန်းမတစ်ယောက်လည်း ပါတယ်၊ သူတို့အဖွဲ့က အတော်ရိုင်းတယ်လို့ ပြောကြတယ်၊ တော်ကြာ ကျုပ်တို့ရွာတွေဘက် ရောက်ချင် ရောက်လာမှာ၊ အဲဒီလို ရောက်လာရင် ဘာပဲဖြစ်ဖြစ် အဖေ လက်မခံနဲ့နော်"

"ဒါကတော့ စောထီးရယ်၊ အိမ်ရှင်ဆိုတာ ဧည့်သည်တွေရဲ့အပေါ်မှာ မရိုင်းရဘူး။ သူတို့က ယဉ်ယဉ်ကျေးကျေးနဲ့ ဆက်ဆံလာရင် ကိုယ့်ဘက်က တတ်နိုင်သလောက် အကူအညီ ပေးရတယ်ကွယ့်၊ ဒါလောက်လည်း မစိုးရိမ်ရပါဘူး"

ဟု ပြောဆိုလေသည်။

ဤသို့ဖြင့် နောက်ထပ် နှစ်ရက်ခန့် ကြာသောအခါ အင်ကြင်းမြောင် ရွာအနီးသို့ ခုတ်သတ္တုရှာဖွေရန်အတွက် အဖွဲ့တစ်ဖွဲ့ ရောက်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းတို့အဖွဲ့ကို ဦးထွန်းဖံက ခေါင်းဆောင်လာပြီး မောင်မောင်ဇော်၊ ကျော်ဝေ၊ ပဥ္စမနားမြို့ခံလူကြီး ဦးဘသာ၊ ကွမ်းထမ်းသမား၊ လမ်းပြသမားများ လိုက်ပါလာကာ စုစုပေါင်း ဆယ်ယောက် ကျော်လေသည်။ ရွာတံခါးအနီးသို့ ရောက်သောအခါ ခါးတွင် ခြောက်လုံးပြူး သေနတ်တစ်လက် ချိတ်ဆွဲထားသော မောင်မောင်ဇော်က...

"တို့အဖွဲ့ ဒီမှာတည်းဖို့ အိမ်ကျယ်ကျယ် တစ်လုံးလောက် ရမှာဖြစ်မယ်၊ ဒီမှာ ရွာလူကြီး ရှိမှာပေါ့၊ သွားခေါ်စမ်းကွာ"

ဟု အထမ်းသမားကို ပြောလေရာ မြို့ခံလူကြီး ဦးဘသာက...

"မောင်ရင် ဒါ မြို့ထဲမှာလို မဟုတ်ဘူးကွယ့်၊ ဒီအရပ်၊ ဒီဒေသတွေမှာနေတဲ့ လူတွေက သူတို့ ဓလေ့ထုံးစံအတိုင်း လိုက်နာမှ ကြိုက်ကြတယ်"

ဟု ဝင်ရောက် သတိပေးလိုက်သည်။

"ဟာဗျာ... ဒါတွေက အပိုတွေပါ၊ တောထဲမှာနေတဲ့ လူတွေပဲ၊ ပိုက်ဆံပေးခိုင်းရင် ဘာမဆို ရ,ရမှာပေါ့"

"ကရင်လူမျိုးတွေဆိုတာ တောထဲတောင်ထဲမှာ သူတို့ ဘာသာ အေးအေးဆေးဆေး နေတတ်ကြတယ်၊ အဲဒီလိုမျိုး ဆက်ဆံ ရင် ကြိုက်ကြမှာမဟုတ်ဘူး"

"ကြိုက်ကြိုက်၊ မကြိုက်ကြိုက်ဗျာ၊ ဂရုစိုက်စရာ မလိုပါဘူး၊ ဟေ့... ရွာလူကြီးသွားခေါ်ကွာ၊ ဒီမှာ ရန်ကုန်က လာတဲ့ ဧည့်သည်တွေက တွေ့ချင်တယ်လို့ပြောပြီး ခေါ်လာခဲ့"





ဟု ခပ်မာမာ ပြောလိုက်ရာ အထမ်းလိုက်လာသူ တစ်ယောက်က မျက်စိပျက် မျက်နှာပျက်နှင့် ရွာထဲဝင်သွားပြီး အတန်ကြာတော့ ပြန်ရောက်လာသည်။

"တွေ့ခဲ့လား"

"တွေ့ခဲ့ပါတယ်"

"တွေ့ချင်ရင် ကရင်စကား နားလည်တဲ့ လူတစ်ယောက် ခေါ်ပြီး ရွာထဲလာခဲ့ပါလို့ မှာလိုက်တယ်"

"တောက်... ကြီးကြီးကျယ်ကျယ်နဲ့ လူပါး၀,လို့ကွာ"

မောင်မောင်ဇော်က ခါးမှာ အဆင်သင့် ထိုးထားသော သေနတ်ပေါ်သို့ လက်တင်ကာ အံကြိတ်ပြီး ပြောလိုက်သည်။

ထိုအခါ ဦးထွန်းဖံက...

"သူ့အရပ်ဒေသ ရောက်ရင် သူတို့ရဲ့ ဓလေ့စရိုက် အတိုင်း လုပ်ပေးလိုက်ပါ မောင်ဇော်၊ မင်းတို့နှစ်ယောက်နဲ့ ဦးဘသာတို့ ရွာလူကြီးကို သွားတွေ့လိုက်တာ ကောင်းပါတယ်"

ဟု ဝင်ပြောလိုက်တော့မှ မောင်မောင်ဇော်မှာ မကျေမနပ်ဖြင့် ကျော်ဝေနှင့် ဦးဘသာတို့ကို ခေါ်ကာ ရွာထဲသို့ ဝင်သွားလေတော့သည်။ ရွာလူကြီး ဦးထန်ဖုန်းရှိန် ခြံမှာ အတော်ကျယ်ဝန်းပြီး နှစ်ဆောင်ပြိုင် အထက်အောက် ဆောက်ထားသော အိမ်ကြီးမှာလည်း ကြီးမားလှသည်။

မောင်မောင်ဇော်က ထိုအိမ်ကြီးကို မြင်သောအခါ မိမိတို့ လူစုအတွက် ကောင်းစွာ တည်းခိုနိုင်လောက်သည်ကို တွေ့ရသဖြင့် များစွာ သဘောကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံဝသို့ ရောက်သောအခါ ဦးဘသာက...

"တောင်ပိုင်ကြီး ကျုပ်တို့ကို ခြံဝင်းထဲကို ဝင်ခွင့်ပြုပါ။ ညီ့သည်တွေက တွေ့ချင်တယ် ဆိုလို့ပါ"

"ကောင်းပါပြီ... ဝင်ခဲ့ကြပါ"

ဦးဘသာ စကားဆုံးသည်နှင့် အိမ်ပေါ်မှ ဦးထန်ဖုန်းရှိန် ဆင်းလာရင်း ပြန်ပြောလိုက်သဖြင့် သူတို့လူစု ခြံဝင်းထဲဝင်သွားကြသည်။ ဦးထန်ဖုန်းရှိန်က အောက်ဘက်ရှိ ကွပ်ပျစ်ပေါ်မှာ နေရာပေးလိုက်သည်။ စိတ်ထဲမှာလည်း ဧလီးတို့ ပျဉ်းမနားမှာ တွေ့ခဲ့ကြသော လူစုဖြစ်လိမ့်မည်ဟု ခန့်မှန်းမိလေသည်။

"ဘာကိစ္စ ရှိလို့ပါလဲ"

"ဒါက ရန်ကုန်ကလာကြတဲ့ သူတွေပါ၊ သူတို့က တောင်တန်းတွေပေါ်မှာ သတ္တုကြောရှာကြဖို့အတွက် လာကြတာပါ၊ အဲဒါ..."

ဦးဘသာက စကားရပ်ပြီး စဉ်းစားနေသည်။

"အဲဒါ ကျုပ်တို့ဆီမှာ ခွင့်တောင်းရမှာ မဟုတ်ပါဘူး။ မြို့နယ်အုပ်ချုပ်ရေးရုံးက တာဝန်ရှိသူတွေဆီမှာ ခွင့်တောင်းရမယ် ထင်ပါတယ်"

"အခု ကျွန်တော်တို့လာတာ အဲဒီကိစ္စ မဟုတ်ပါဘူး။ ဒီက ညီ့သည်တွေက တောင်ပိုင်ကြီးတို့ရွာထဲမှာ အိမ်တစ်အိမ်လောက် ငှားချင်လို့ လာပြောတာပါ"

"ဒီရွာထဲမှာတော့ အဲဒီလို နေရာပေးလောက်တဲ့ အိမ်မျိုး မရှိပါဘူး။ အကောင်းဆုံးက အဖွဲ့သားတွေများရင်





ရွာအပြင်ဘက်မှာ တဲထိုးနေကြတာ အကောင်းဆုံးဖြစ်မယ် ထင်ပါတယ်"

ဟု ပြန်ပြောလိုက်သောအခါ မောင်မောင်ဇော်မှာ သည်းမခံနိုင်လောက်အောင် ဖြစ်လာသဖြင့်...

"တောထဲမှာနေပြီး စကားတွေကလည်း ကြီးကျယ်လိုက်တာ၊ ကိုင်း... ခင်များတို့ရွာထဲမှာ အိမ်ငှားလို့ မရှိဘူး ဆိုရင် ရောင်းဖို့ရော ရှိသလား။ ငွေဘယ်လောက်ပေးရပေးရ ကျုပ် ဝယ်မယ်၊ ပြီးတော့မှ မီးရှို့ပစ်ခဲ့မယ်"

ဟု ဝင်ပြောလိုက်ရာ ဦးထန်ဖုန်းရှိန်က...

"မောင်ရင့်ကြည့်ရတာ ငွေရှိရင် ဘာမဆို လုပ်လို့ရမယ်လို့ တစ်ထစ်ချ ယုံနေပုံရတယ်၊ အဲဒါက တခြားနေရာတွေမှာတော့ လုပ်လို့ရချင် ရမယ်၊ ကျုပ်တို့အရပ်ဒေသတွေမှာတော့ မရနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျုပ်တို့က ငွေထက် လူကိုပဲ တန်ဖိုးထားတတ်ကြတယ်"

ဟု ပြောလိုက်သည်။ ထိုအခါ ဦးဘသာက လွန်စွာ အားနာသော လေသံဖြင့်...

"သည်းခံပါ တောင်ပိုင်ကြီး။ သူတို့က ကရင်လူမျိုးတို့ရဲ့ ဓလေ့ထုံးစံတွေကို နားမလည်လို့ အခုလို ပြောတာပါ၊ သူတို့အတွက် ကြားထဲကပဲ ကျွန်တော်က တောင်းပန်ပါရစေ"

ဟု ကရင်ဘာသာစကားဖြင့် ဝင်ရောက် တောင်းပန်လေသည်။ ထိုကဲ့သို့ ပြောလိုက်သောအခါ မောင်မောင်ဇော်က စိတ်ဆိုးမာန်ဆိုး အမူအရာဖြင့် နေရာမှ ဝုန်းခနဲ ထ,ရပ်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"သိပ်လည်း ကြီးကျယ်မနေပါနဲ့ဗျာ၊ ခင်ဗျားတို့ရဲ့ အိမ်စုတ် အိမ်ပုဲတွေက ကျုပ်တို့ရဲ့ ရန်ကုန်အိမ်က ထင်းထားတဲ့ နေရာလောက်တောင်မှ တန်ဖိုးရှိတာ မဟုတ်ဘဲနဲ့"

"တန်ဖိုးဆိုတာ ဘာကို ပြောတာလဲ၊ တောထဲမှာ ရိုကွာပြတ်နေတဲ့ လူတစ်ယောက်အတွက် ရွှေတစ်ပိဿာထက် ထမင်းတစ်ထုပ်က ပိုပြီး တန်ဖိုးရှိတာရော မောင်ရင် သိရဲ့လား"

ဟု ဦးထန်ဖုန်းရှိန်က ချက်ကျလက်ကျ ပြောလိုက်ရာ မောင်မောင်ဇော်မှာ အနာပေါ် တုတ်ကျသကဲ့သို့ ဖြစ်သွားပြီး နေရာမှ လှည့်ထွက်လိုက်ရာ ဗိနပ်၌ ရွံ့များပေနေသောကြောင့် ခြေချော်ကာ လှေကားမှ လဲကျသွားသဖြင့် ကျော်ဝေက ဆွဲထူပေးရလေသည်။

ထိုအခါ အိမ်ပေါ်မှ ဆင်းလာသော ခင်စောမူက...

"ကျွန်မတို့ ခလေ့ထုံးစံအရ လျော်ကြေးပေးရပါမယ်ရှင်"

ဟု ပြောလိုက်ရာ မောင်မောင်ဇော်ရော ကျော်ဝေပါ ခင်စောမူ၏ အလှအပကို မြင်သောအခါ တအံ့တသြ ဖြစ်သွားကြသည်။

"ချော်လဲတဲ့သူက လျော်ကြေးပေးရဦးမယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ ကရင်တွေရဲ့ ထုံးစံအရ လှေကားမှာ ချော်သည်ချော်လဲရင် အိမ်ရှင်ကို လျော်ကြေးပေးရပါမယ်"

ဟု တည်တည်ငြိမ်ငြိမ်နှင့် ပြောလိုက်ရာ မောင်မောင်ဇော်တို့မှာ ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေကြစဉ် မြနှင်းဖြူ ရောက်လာလေသည်။





မြနှင်းဖြူကို မြင်သောအခါ ခင်စောမူမှာ တအံ့တသြ ဖြစ်သွားလေသည်။

ထိုမျက်နှာမျိုးကို တစ်နေရာမှာ မြင်ဖူးသည့်အထင်နှင့် စဉ်းစားကြည့်သောခါ တလောက ဒေါက်တာမင်းထင်ကျော် ဒိုင်ယာရီထဲမှ အမှတ်မထင် တွေ့လိုက်ရသော ဓာတ်ပုံထဲမှ အမျိုးသမီးနှင့် တူသည်ကို သတိရသွားလေတော့သည်။

"ဟင်"

ထိုသို့ သတိရလိုက်မိသည်နှင့် ဘယ်လိုကြောင့်လဲ မသိပေ။ သူမရင်ထဲမှာ ဒေါက်တာမင်းထင်ကျော်အတွက် စိုးရိမ်သောကတစ်ခု ဝင်လာမိတော့သည်။

"ကျော်ဝေ... ဘာဖြစ်နေကြတာလဲ"

မြနှင်းဖြူက ၎င်း၏ မောင်ဝမ်းကွဲတော်သူ ကျော်ဝေအား မေးလိုက်ရာ ကျော်ဝေက အကျိုးအကြောင်း ပြောပြလိုက်သည်။

ထိုအခါ မြနှင်းဖြူက...

"ကျွန်မက ဆရာဝန် တစ်ယောက်ပါရှင်၊ အခုလို ဖြစ်ရတဲ့အတွက် တောင်းပန်ပါတယ်၊ ရွာခလေ့ထုံးစံအရ လျော်ကြေး ပေးဆိုရင်လည်း ပေးပါ့မယ်၊ ဘယ်လောက်ကျပါ သလဲ"

ဟု ချိုသာသောအသံဖြင့် ပြောလိုက်ရာ ဦးထန်ဖုန်းရှိန်က ဝါးဆေးတံကို တစ်ချက် နှစ်ချက် ဖွာလိုက်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ပေါ်ကို ဖိနပ်မချွတ်ဘဲ တက်လာတာရယ်၊ လှေကားပေါ်က ခြေချော်တျတာရယ်ဆိုရင် အိမ်ရှင်ကို ငွေငါးဆယ် လျော်ရပါ့မယ်"

ဟု ပြောလိုက်ရာ မြနှင်းဖြူက ဘာမှမပြောဘဲ သူမအိတ်ထဲမှ တစ်ဆယ်တန် ငါးရွက်ကို ထုတ်ပေးလိုက်သည်။

"ကျွန်မတို့က ရန်ကုန်က လာကြတာပါ၊ မိန်းမသားတစ်ယောက်အနေနဲ့ ရွာထဲမှာ တည်းခိုမှ အဆင်ပြေမှာမို့ ကျွန်မတို့အတွက် နေထိုင်စရာ တစ်ခုခုများ စီစဉ်ပေးနိုင်ရင် စီစဉ်ပေးပါရှင်"

"အင်း... ဒီလိုအခက်အခဲရှိတော့လည်း အကူအညီပေးရမှာပေါ့၊ ရွာထဲမှာ လူမနေတဲ့ အိမ်ကြီးတစ်လုံး ရှိပါတယ်၊ အဲဒီမှာ နေရာပေးပါ့မယ်"

ဟု ပြောဆိုကာ မြနှင်းဖြူတို့အား ထိုနေရာသို့ လိုက်ပို့နိုင်းလေသည်။

❖✾❖





အခန်း ( ၁၄ )

## ချော်ကြွေးပေးရခည့်သူ

မြနှင်းဖြူ၏ ကောင်းမှုကြောင့် အင်ကြင်းမြောင်ရွာထဲမှ အိမ်တစ်အိမ်မှာ တည်းခိုနေထိုင်ခွင့် ရကြသော်လည်း ၎င်းတို့ လုပ်ငန်းအတွက်ကတော့ အဆင်ပြေမှုများ မရကြသေးပေ။

၎င်းတို့တစ်တွေကို နေရာထိုင်ခင်း ပေးထားသည်မှလွဲပြီး တစ်ရွာလုံးက အဆက်အဆံ မလုပ်ကြပေ။

ဘယ်သူကမှလည်း အရေးတယူ မရှိကြဘဲ သူတို့အလုပ်ကိုသာ သူတို့ လုပ်နေကြသဖြင့် ဦးထွန်းဖကပင်...

"ဒီရွာမှာနေတဲ့ လူတွေဟာ အတော်မာနကြီးကြတာပဲ"

ဟု မှတ်ချက်ချလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူတို့အဖွဲ့နှင့်အတူ စကားပြန် သဘောမျိုး လိုက်ပါလာသော ဦးဘသာက...

"အဲဒီလိုပဲ သူဌေး... ဒါက ဒီတစ်ရွာတည်းမှာရှိတဲ့ လူတွေမှာ မာနကြီးတာ မဟုတ်ဘူး။ ဟောဒီတောင်တန်းတွေ ပေါ်မှာ ရှိကြတဲ့ ကရင်လူမျိုးတွေ အားလုံး အဲဒီလိုချည်းပဲ"

"အဲဒါ ဘာကြောင့်လဲ"

"ကရင်လူမျိုးဆိုတာ သူတို့က ခင်မင်မိပြီဆိုရင် အသား ကို လှီးပေးရရင်တောင် ဝန်မလေးတတ်ကြပေမယ့် သူတို့ စိတ်ထဲမှာ မိတ်ဆွေလို့ မသတ်မှတ်ရင်တော့ တစ်သက်လုံး ဘယ်တော့မှ လှည့်ကြည့်လေ့ မရှိကြဘူး"

"ဒါပေမယ့် ကျုပ်တို့အလုပ်က ဒီဘက်မှာရှိတဲ့ ရွာတွေ က လူခံတစ်ယောက်ယောက် မပါဘဲလုပ်ရင် အချိန်ကုန် လူပန်း ဖြစ်မယ်ဆိုတာ ကျုပ် ရိပ်မိပါတယ်၊ ဒီတော့ သူတို့နဲ့ ခင်မင်မှုရအောင် ကြိုးစားကြသေးတာပေါ့ဗျာ"

ထိုသို့ပြောပြီး အင်ကြင်းမြောင်ရွာမှာ ရှိနေခိုက်တွင် ရွာခံလူများနှင့် ခင်မင်ရင်းနှီးမှုရအောင် အမျိုးမျိုး ကြိုးစားကြ ပါသော်လည်း အချည်းနှီးပင်။

အလုပ် လုပ်ရာတွင် အင်မသန် ဖွဲကြီးလှသော ဦးထွန်းဖံပင် ကြာတော့ လက်လျှော့ရမလို ဖြစ်လာတော့ သည်။

"တောက်... အတော့်ကို လူပါးဝ,တဲ့လူတွေ၊ သူတို့ အဆင်နဲ့များ ကျုပ်တို့လိုလူတွေက အောက်ကျ နောက်ကျ





ခံပြီး ပြေလည်မှုရအောင် လုပ်နေတာတောင် တစ်ချက်ကလေး မှတောင် လှည့်ကြည့်ဖော် မရဘူး။ အတော့်ကို မကျေနပ်စရာပဲ"

ဟု မောင်မောင်ဇော်က ပြောလိုက်သောအခါ ကျော်ဝေ ကပါ...

"ဟုတ်ပါရဲ့ဗျာ... ကျွန်တော်ဆိုရင် ရွာထဲထွက်ရင် သူတို့နဲ့များ မိတ်ဆွေဖြစ်မလားလို့ ကြိုးစားကြည့်ပါတယ်၊ တစ်ယောက်ကမှ လှည့်ကြည့်ဖော်တောင် မရပါဘူး။ အဲ... ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ရွာထဲက လူတွေ ခင်မင် လေးစားတဲ့ လူတစ်ယောက်တော့ ရှိတယ်၊ ဒါပေမယ့် သူက ဒီမှာမနေဘူး။ ဟိုးတောထဲမှာ နေတာလို့ ပြောသံကြားတယ်"

"သူက ဘယ်သူလဲဗျာ"

"ငါလည်း မသိဘူး၊ အဲဒီလူက ဒီတောင်ပေါ်ရွာတွေ အတွက် ကောင်းကျိုးတွေ အတော်လုပ်ပေးတယ်လို့ ပြော ကြတယ်"

မြနှင်းဖြူက စိတ်ဝင်စားစွာ ဝင်မေးလိုက်သောကြောင့် ကျော်ဝေက ပြန်ပြောလိုက်ခြင်း ဖြစ်သည်။

"ဒီလိုဖြင့်လည်း မင်းပြောတဲ့လူကို မတွေ့ တွေ့အောင် ရှာပြီး အကူအညီ တောင်းကြည့်ရင် ကောင်းမယ်၊ သူက ဘယ်မှာနေတာလဲ"

"သူကတော့ တောင်ပေါ်မှာ နေတာပဲ၊ ဒါပေမယ့် တစ်ခါတစ်ခါတော့ ဒီရွာကို ဆင်းလာတတ်တယ်တဲ့၊ ရွာလူကြီး ကအစ ဒီတစ်ရွာလုံးက ချစ်ခင် လေးစားကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုဆိုရင်လည်း မင်းပြောတဲ့လူကို တွေ့အောင်ရှာပြီးမှ တစ်မျိုး ကြံကြသေးတာပေါ့"

ဟု ပြောဆိုနေကြသည်။

ထိုစကားများကို ကြားရသောအခါ မြနှင်းဖြူရင်ထဲမှာ ထိုလူထူးလူဆန်းအကြောင်းကို စိတ်ဝင်စားနေမိလေသည်။

၎င်းတို့သည် ရွာခံလူများ မပါစေကာမူ ရှိသောလူများနှင့်ပင် မြေပုံကားချပ်များ၊ ရတနာရှာဖွေရသော ကိရိယာများဖြင့် နေ့စဉ်လိုလို တောတောင်များသို့သွားကာ သတ္တုကြောရှိနိုင်မည့် နေရာများကို ကြိုးစားရှာဖွေကြသည်။

သို့သော်လည်း သားရဲတိရစ္ဆာန်များနှင့်တွေ့ကာ ဒုက္ခရောက်ကြခြင်း၊ မကြာခဏ လမ်းမှားခြင်း၊ အခြားအနှောင့်အယှက်များနှင့် ကြုံတွေ့ရခြင်းများကြောင့် ဒုက္ခရောက်ကြရုံမှလွဲ၍ သတ္တုကြော မဆိုထားနှင့် အတုံးအခဲ တစ်ခုလေးမှပင် မရကြပေ။ သို့ကြောင့် မောင်မောင်ဖေက...

"ဒီလိုလုပ်ရင် မကောင်းဘူးလား အန်ကယ်၊ ကရင်တွေရဲ့ လူသေတွေ မြှုပ်တဲ့တောင်မှာ ရတနာတွေ ရှိတယ်လို့ ပြောသံကြားတယ်၊ နောက်ပြီး အဲဒီသချိုင်းရိုး နေရာတွေရဲ့အောက်မှာ သတ္တုရတနာကြောတွေ ရှိတယ်လို့ သိရတယ်၊ အဲဒီနေရာတွေမှာ တက်ရှာရရင် မကောင်းဘူး ...ား"

ဟု အကြံပေးလိုက်လေသည်။

ထိုစကားကြားသောအခါ ဦးဘသာက ပြောသလိုအမူအရာဖြင့်...

ရွှေအမြင်စာပေ



"အောင်မယ်လေး... အဲဒီအကြံအစည်ကိုတော့ မလုပ်ပါနဲ့ မောင်ရင်ရယ်၊ ကျုပ်တို့တစ်တွေ ကိုယ့်သေတွင်း ကိုယ်ရှာသလို ဖြစ်ကြပါဦးမယ်"

ဟု ဝင်ရောက် ပြောလေသည်။

"ဘာဖြစ်လို့ ဒီလောက် ကြောက်နေရတာလဲဗျ"

"ဒီတောင်ပေါ်မှာ နေကြတဲ့ ကရင်လူမျိုးတွေဟာ သူတို့အနေနဲ့ အရိုးတောင်လို့ ခေါ်တဲ့ နေရာကို လွန်စွာအလေးအမြတ်ထားကြတယ်၊ လူစိမ်းတွေဆိုရင် တောင်ပေါ်တက်တာ မပြောနဲ့ အနားကပ်တာတောင် မကြိုက်ကြဘူး၊ တကယ်လို့ အဲဒီတောင်ပေါ်မှာ တစ်ခုခု လုပ်မိတယ်ဆိုရင်လည်း လုပ်မိတဲ့လူဟာ ပြန်လမ်းမရှိတဲ့ဘဝကို ရောက်တာများတယ်"

"အဲဒါ ဘာကြောင့်လဲဗျ"

"အရိုးတောင်ဆိုဟာ ကျိန်စာဆိုထားတဲ့ နေရာတွေပဲ၊ နောက်ပြီး သေဆုံးသွားပြီးတဲ့ လူတွေရဲ့ ဝိညာဉ်တွေကလည်း အရိုးတောင်မှာ စောင့်နေတယ်လို့ ယူဆကြတယ်၊ ဒါကြောင့် အရိုးတောင်ကို ...က်ပြီး ရတနာပစ္စည်းရှာတဲ့သူတွေ မှန်သမျှ ဝိညာဉ်တွေ၊ မ...ကောင်းဆိုးရွာတွေ၊ မြွေဆိုးတွေ၊ တောင်ရိုင်း တိရစ္ဆာန်တွေရဲ့ နှောင့်ယှက် ဖျက်စီးမှုကြောင့် သေကြ...ရများတယ်"

"ဒါတွေ အယုံသည်းမနေစမ်းပါနဲ့ဗျာ"

ရွှေအမြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေဟာ ကျုပ်အထင်နဲ့ ပြောနေတာ မဟုတ်ဘူး။ ဒါမှမဟုတ်ရင်လည်း ကရင်လူမျိုးတွေရဲ့ ချောင်းမြောင်းလုပ်ကြံမှုကို ခံရပြီး သေတာပဲ"

"ဒါကရော ဘာကြောက်စရာရှိလို့လဲ၊ သူတို့မှာ ဘာလက်နက် ရှိတာမှတ်လို့၊ ကျုပ်တို့သေနတ်နဲ့တွေ့ရင် ဘာခံနိုင်မှာလဲ"

မောင်မောင်ဇော်က သူ့ခါးတွင် ချိတ်ဆွဲထားသောသေနတ်ကို ဟန်ပါပါ ပုတ်ပြရင်း ပြောလိုက်သည်။

"ဆရာလေး သေနတ်ကမှ လူတစ်ယောက်ကိုပစ်ရင် 'ဒိုင်း' ခနဲ အသံမြည်သေးတယ်၊ သူတို့သုံးတဲ့ အဆိပ်လူးမြှားက ဘယ်နေရာက ထွက်လာမှန်း မသိရဘဲ သေတာ၊ နောက်ပြီး သေနတ်ကျည်ဆန်က သေလောက်တဲ့ ချက်ကောင်းနေရာကို ထိမှသေတာ၊ အဆိပ်လူးမြှားက ဘယ်နေရာထိထိ သွေးစို့ရုံနဲ့ သေတယ်"

ဦးဘသာက စေတနာဖြင့် ပြောသော်လည်း မောင်မောင်ဇော်တို့ကတော့ လက်မခံကြပေ။

"ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ရိုးရိုးသားသားနဲ့ ရတနာကြော‌တွေကို ရှာလို့ရချင်ရ၊ မရရင်တော့ သူတို့ရဲ့ အရိုးတောင်ကို တက်မွှေလိုက်ဦးမယ်၊ ပြဿနာဖြစ်ကာမှ ဖြစ်ရော"

ဟု ကြိမ်းမောင်းနေလေသည်။ ဤသို့ဖြင့်...

သူတို့အဖွဲ့သည် အင်ကြင်းမြောင်ရွာမှာ စ,တည်းချပြီးနောက် တောင်တန်းများပေါ်သို့ တက်ကာ သတ္တုရတနာ





ကြောများ ရှာဖွေကြသော်လည်း မတွေ့ရသဖြင့် ဒေါသလည်းဖြစ်၊ စိတ်ပျက်လက်ပျက်လည်း ဖြစ်နေကြသည်။

တစ်နေ့တွင် ဦးထွန်းဖေတို့ကတစ်ဖွဲ့၊ ကျော်ဝေတို့ကတစ်ဖွဲ့၊ မောင်မောင်ဇော်တို့ကတစ်ဖွဲ့ ခွဲကာ လမ်းခွဲကာ တက်ရောက်ရှာဖွေကြလေရာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ လမ်းကွဲသွားလေတော့သည်။

မောင်မောင်ဇော်နှင့်အတူ လမ်းပြတစ်ယောက်၊ အထမ်းသမားတစ်ယောက် ပါလာသည်။

သူတို့သည် တောင်သရက်ပင်ကြီးအောက်မှ ခေတ္တအမောဖြေရင်း ပါလာသော အစားအသောက်များကို စားသောက်နေကြစဉ် တောထဲမှ အသံချို့ကို ကြားလိုက်ရသဖြင့် ဘေးနားမှာ ချထားသော သေနတ်ကို ကောက်ကိုင်ပြီး အခြေအနေကို စောင့်ကြည့်နေကြသည်။

ခဏကြာတော့ တောထဲမှ မိန်းကလေး သုံးယောက်ထွက်လာသည်။ ခင်စောမူနှင့် အဖော်မိန်းကလေး နှစ်ယောက်တို့ ဖြစ်သည်။ မောင်မောင်ဇော်က ခင်စောမူကို မြင်သောအခါ တအံ့တဩ ဖြစ်သည်။

"ဩော်... မင်းတို့ပါလား"

ခင်စောမူက မောင်မောင်ဇော်တို့ကို မြင်သောအခါ ဘာမှမပြောဘဲ တောတွင်းသို့ ချာခနဲ ပြန်လှည့်ဝင်သွားလေရာ မောင်မောင်ဇော်က ဘေးနားမှာ ချထားသောသေနတ်ကို ကောက်ယူပြီး နောက်မှ ပြေးလိုက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တောတွင်း တစ်နေရာသို့ ရောက်သောအခါ နောက်မှ မီသွားလေသည်။

"ဟေ့... နေပါဦးကွ"

"နင် ဘာကိစ္စရှိလို့လဲ"

"ငါ နင်နဲ့ အေးအေးဆေးဆေး စကားပြောချင်လို့ပါ"

"နင်နဲ့ငါ စကားပြောစရာ ဘာအကြောင်းမှ မရှိဘူး"

"နင်တို့ရွာက လူတွေအားလုံးက မာန ကြီးလှချည်လား"

"တို့တစ်တွေက အေးအေးပဲ နေချင်ကြတာ၊ လူတိုင်းအပေါ်မှာ မာနမကြီးတတ်သလို၊ လူတိုင်းကိုလည်း မခင်မင်ချင်ဘူး"

ခင်စောမူ စကားကြောင့် မောင်မောင်ဇော်က မဲ့ပြုံး တစ်ချက် ပြုံးလိုက်လေသည်။

"ဒါပေမယ့် ငါ နင့်ကို မေးစရာတစ်ခု ရှိတယ်"

"ဘာမေးမှာလဲ"

"နင်တို့ ရွာသူ ရွာသားတွေကို အကူအညီပေးနေတာ ဘယ်သူလဲ၊ သူ့နာမည်က ဘယ်သူလဲ"

"အဲဒါ နင်နဲ့ ဘာဆိုင်လို့လဲ၊ ဘာကြောင့် ပြောပြရမှာလဲ"

ခင်စောမူက လေသံမာမာနှင့်ပင် ပြန်ပြောလေသည်။

"နင် မပြောလို့မရဘူး၊ ငါက သိချင်တာကို သိရမှ ကျေနပ်နိုင်မယ်"

"နင်သိချင်လည်း ငါမပြောနိုင်ဘူး၊ ဖယ်...ငါ သွားမယ်"





ခင်စောမူက ရှေ့သို့ တိုးသွားရန် ဟန်ပြင်သောအခါ မောင်မောင်ဇော်က လက်ထဲမှ သေနတ်နဲ့ ကန့်လန့်ကာ၍ ရပ်နေလေသည်။

"နင် ဒုက္ခရောက်သွားချင်သလား၊ ငါ့ရှေ့က ဖယ်လို့ ပြောနေတာ တစ်ခွန်းတည်း မရဘူးလား"

"ငါမေးတာကို ပြောပြီးမှ နင်သွားလို့ရမယ်"

ထိုအခါ ခင်စောမူက တစ်ဖက်လမ်းမှ ကွေ့သွားရန် ဟန်ပြင်လိုက်သည်နှင့် မောင်မောင်ဇော်က နောက်မှလိုက်သွားရန် ဟန်ပြင်လိုက်သည်နှင့် တောထဲမှ ဖြတ်ထွက်လာသော မြားတံတစ်ချောင်းက မောင်မောင်ဇော် ခေါင်းပေါ်မှ ဆောင်းထားသော ဦးထုပ်ကို ဖောက်ဝင်သွားကာ သစ်ပင်မှာ သွားရောက် စိုက်ဝင်နေလေသည်။

"ဝှီး"

"ဖောက်"

"ဟင်"

တောင်ဇလပ်ပင်စည်မှာ သွားရောက် စိုက်ဝင်နေသော မြားတံ၏ အမြီးက တုန်ခါနေဆဲ ရှိသေး၏။

"အသက် မသေချင်ရင် မင်းလက်ထဲက သေနတ် အောက်ကို ချထားလိုက်ပါ"

ဟု တောထဲမှ အမိန့်ပေးသံ ထွက်လာသဖြင့် မောင်မောင်ဇော်က လက်ထဲမှ သေနတ်ကို အောက်သို့အသာ ချပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တောထဲမှ လူနှစ်ယောက် ထွက်လာသည်။

ဒေါက်တာမင်းထင်ကျော်နှင့် စောထီးတို့ နှစ်ယောက် ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်လက်ထဲမှာ သေနတ်တစ်လက် ကိုင်ထားပြီး စောထီးမှာတော့ လေးနှင့် မြား ပါသည်။

"ဟင်... အစ်ကို"

ဒေါက်တာမင်းထင်ကျော်တို့ကို မြင်သောအခါ ခင်စောမူက ဝမ်းသာအားရဖြင့် အနားသို့ ပြေးသွားလေသည်။

"ကိုယ့်ကိစ္စ ကိုယ်မလုပ်ဘဲ မိန်းကလေးတွေကို ဘာကြောင့် လက်နက်အားကိုးနဲ့ အနှောင့်အယှက် ပေးချင်ရတာလဲ"

"ခင်ဗျား ဘယ်သူလဲ"

"ကျုပ် ဘယ်သူလဲဆိုတာ သိဖို့ထက်၊ ဒီအရပ်တွေကို လာရင် အရပ်ဓလေ့ ထုံးစံတွေကို သိဖို့ ပိုပြီးအရေးကြီးတယ်၊ မဟုတ်ရင် သက်ဆိုးမရှည်နိုင်ဘူး"

ထိုအခါ စောထီးက မောင်မောင်ဇော်အနီးသို့ လျှောက်သွားသည်။

"မင်းတို့ ဒီနယ်ကို ရောက်လာကတည်းက တို့တစ်ရွာလုံးက စိတ်အနှောင့်အယှက် ဖြစ်နေကြတာ၊ ဒါ ငါရဲ့နှမပဲ၊ တကယ်ဆိုရင် မင်းကို အသေပစ်သတ်လိုက်ရမှာ၊ တောထဲမှာ မိန်းကလေးတစ်ယောက်ကို စော်ကားဖို့ကြံရင် သတ်ပစ်နိုင်တယ်၊ အခု ငါ့ဆရာက တားလိုက်လို့ မင်း သက်သာတယ်





မှတ်ပါ။ ဒါပေမယ့် ငါ့နှမကို နှောင့်ယှက်တဲ့အတွက် မင်း လျော်ကြေးပေးမှ ကျေနပ်နိုင်မယ်"

"ငါက ဘယ်လို လျော်ကြေးပေးရမှာလဲ"

"မနက်ဖြန် ငါ့အဖေအိမ်ကို လာခဲ့၊ လူကြီးစုံရာရှေ့မှာ တောင်းပန်ပြီး လျော်ကြေးပေးမှ ကျေနပ်နိုင်မယ်၊ မဟုတ်ရင်တော့ မင်းတို့အားလုံးကို သတ်ပစ်မယ်"

ဟု ကြိမ်းမောင်း ပြောဆိုလေသည်။

ဒေါက်တာမင်းထင်ကျော်က မောင်မောင်ဇော် သေနတ်ကို ကောက်ယူ၍ ကျည်ဆန်များကို ထုတ်ကာ အဝေးသို့ လွှင့်ပစ်လိုက်ပြီးမှ ပြန်ချပေးလိုက်သည်။

ထို့နောက်...

ဒေါက်တာမင်းထင်ကျော်နှင့် စောထီးတို့က ခင်စောမူတို့ သုံးယောက်ကို ခေါ်ပြီး တောထဲ ပြန်ဝင်သွားကြလေသည်။

မောင်မောင်ဇော်မှာ မကျေမနပ်နှင့် ကျန်ခဲ့သော်လည်း အမြတ်တစ်ခုတော့ ရလိုက်လေသည်။

ထိုကား အခြားမဟုတ်ပေ။

သူတွေ့ချင်သော သူကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



၆

## အခန်း ( ၁၅ )

# ဆောင်းတွင်းမိုးနှင့်တူသော နောင်တ

နောက်တစ်နေ့ နေ့လယ်ပိုင်း အချိန်လောက်တွင် ရွာလူကြီး ဦးထန်ဖုန်းရှိန် နေအိမ်မှာ ရွာထဲမှ လူကြီးအချို့ရော၊ ဦးထွန်းဖဲတို့ အဖွဲ့သားများပါ ရောက်နေကြသည်။

သူတို့အဖွဲ့ကတော့ လျော်ကြေး ပေးရန်အတွက် လာရောက်ကြခြင်း ဖြစ်သည်။

ထိုအထဲမှာ မြနှင်းဖြူလည်း ပါလာလေသည်။

မြနှင်းဖြူမှာ အစ်မဖြစ်သူ၏ ယောက်ျား မောင်မောင်ဇော်အတွက်ကြောင့် စိတ်မကောင်း ဖြစ်နေမိသော်လည်း တစ်ဖက်ကလည်း ရှီးမတစ်ကြောလုံးက ယုံကြည်အားထားရ





သူပါ လာရောက်မည် ဆိုသောကြောင့် စိတ်ထဲမှာ လှုပ်ရှားလျက် ရှိနေသည်။

သူ... ဘယ်သူလဲ။

ဘာကြောင့် တစ်နယ်လုံးက ချစ်ခင် လေးစားနေကြတာလဲ။

တောထဲ တောင်ထဲမှာ ဘာကြောင့် လာနေရတာလဲ။ အစရှိသော မေးခွန်းများကို သိချင်နေသည်။

သို့ကြောင့် သူမပါ လိုက်လာခြင်း ဖြစ်သည်။

ရွာလူကြီးများ စုံသောအခါ ဦးထွန်းဖဲက...

"အခုလိုဖြစ်ရတာ စိတ်မကောင်းပါဘူး။ ကျုပ်ရဲ့လူတွေရဲ့ မှားယွင်းမှုအတွက် တောင်းပန်ပါတယ်၊ ဒီရပ်ရွာရဲ့ ဓလေ့ထုံးစံအတိုင်း လျော်ကြေးပေးပါ့မယ်။ ဘယ်လောက်ပေးရမယ်ဆိုတာသာ တဆိတ်လောက် ပြောပြပေးပါ"

လူကြီးတစ်ယောက်အနေနှင့် ပြေပြစ်သော စကားကို ဆိုသည်။ ထိုအခါ ဦးထန်ဖုန်းရှိန်က...

"ဒီကိစ္စအတွက် ခဏလေး သည်းခံပြီး စောင့်ပါ၊ မကြာခင် ဆရာလေးတို့ ရောက်လာပါလိမ့်မယ်၊ သူရောက်လာမှပဲ ကြည့်ပြီး စီစဉ်ဆုံးဖြတ်ပါလိမ့်မယ်"

ဟု ပြောလိုက်သောကြောင့် ဦးထွန်းဖဲ အပါအဝင် ကျွန်လူများက တအံ့တသြ ဖြစ်သွားကြသည်။

ကရင်လူမျိုးတို့မှာ ၎င်းတို့၏ ဓလေ့ထုံးစံကိုင် ထိုသူ၏ သဘောကျ ဆုံးဖြတ်ခွင့်ပေးထားကြလေရာ အဘယ်မျှ



www.burmeseclassic.com

www.burmeseclassic.com



အရေးပါ, အရာရောက်လှသည်၊ ယုံကြည်အားကိုးလှသည်ကို သိသာနိုင်ပေသည်။

အတန်ကြာသောအခါ ရွာထဲသို့ ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့ ရောက်လာကြလေသည်။ သူနှင့်အတူ စောထီးနှင့် ဦးမွန်ထော်တို့လည်း လိုက်လာကြသည်။

ဦးထန်ဖုန်းရှိန် အပါအဝင် ကရင်အမျိုးသား ရွာလူကြီးများက ဒေါက်တာမင်းထင်ကျော်ကို မြင်သောအခါ ဝမ်းသာအားရဖြင့် နေရာထိုင်ခင်းများ ပေးကြသည်။

ဒေါက်တာမင်းထင်ကျော်က ခေါင်းပေါ်မှာ ဆောင်းထားသော ဦးထုပ်အဝိုင်းကို ချွတ်လိုက်သောအခါ ဦးထွန်းဖုံမှာ တအံ့တသြ ဖြစ်သွားလေသည်။

"ဟင်... မောင်... မောင်ရင်"

"ကျွန်တော့်နာမည် မင်းထင်ကျော်ပါ၊ ဘူမိဗေဒဘာသာရပ်နဲ့ ဒေါက်တာဘွဲ့ ယူထားလို့ ဒေါက်တာမင်းထင်ကျော်ဆိုရင် ပိုပြီး ပြည့်စုံပါလိမ့်မယ်"

မျက်နှာပေါ်မှာ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများ အနည်းငယ်ရှိပြီး အသားအရောင် ပြောင်းသွားကာ ရင့်ကျက်မှုအသွင်ရှိနေသော်လည်း ထိုလူမှာ အစ်မဖြစ်သူ မြသင်းကြူ၏ချစ်သူ မင်းထင်ကျော် ဖြစ်မည်ကိုတော့ မြန်နှင်းဖြူ ရိပ်မိလိုက်သည်။

"မင်းကွယ်... တက္ကသိုလ်က ဒေါက်တာဘွဲ့ယူထားပြီးကာမှ အခုလို တောထဲ တောင်ထဲမှာ လာနေရတယ်လို့ အံ့သြစရာပဲ"





"သစ္စာမရှိတဲ့လူတွေ၊ ဂုဏ်ပကာသန မက်တဲ့လူတွေ၊ ဟန်ဆောင်ကောင်းတဲ့ လူတွေကြားထဲမှာ နေရတာနဲ့စာရင် တောထဲ တောင်ထဲမှာ နေရတာက ပိုပြီး စိတ်ချမ်းသာဖို့ ကောင်းပါတယ် ဦး"

ထိုစကားကြောင့် ဦးထွန်းဖုံမှာ ဘာပြန်ပြောရမှန်း မသိလောက်အောင် ဆွံ့အ,အ ဖြစ်သွားလေသည်။

ထိုအခြေအနေကို ရိပ်မိသော ဒေါက်တာ မင်းထင်ကျော်က...

"ကဲပါ... ပြီးခဲ့တာတွေကို ပြောနေလို့လည်း ဘာမှ အကျိုးထူးတော့မှာ မဟုတ်ပါဘူး။ ကျွန်တော် အခုလာတာ ဦးတို့အဖွဲ့ကို သတိပေးစရာလေး ရှိလို့ပါ"

ဟု ပြောလိုက်သည်။

"ပြောပါကွယ့်"

"တခြားတော့မဟုတ်ပါဘူး။ ဒီရိုးမတောင်တန်းကြီးတွေ၊ သစ်တောကြီးတွေကို မြန်မာနိုင်ငံက ပိုင်ဆိုင်သလို မြန်မာနိုင်ငံသားတိုင်းနဲ့လည်း သက်ဆိုင်ပါတယ်၊ သယံဇာတ ပစ္စည်းတွေ ဆိုရင်လည်း အများကြီး ရှိပါတယ်၊ ဒါတွေကိုလည်း ဘယ်သူမဆို လွတ်လပ်စွာ ရှာဖွေပိုင်ခွင့်ရှိပါတယ်၊ ဒါပေမယ့် တစ်ခုတော့ ရှိပါတယ်၊ သူ့နေရာ၊ သူ့ဓလေ့နဲ့ ထုံးတမ်းစဉ်လာတွေကိုတော့ မထိခိုက်ဖို့ အရေးကြီးပါတယ်"

"ဒါ... ဒါကတော့..."



www.burmeseclassic.com

www.burmeseclassic.com



"တစ်ကြိမ် တစ်ခါဆိုရင် မသိလို့ လုပ်မိတယ်ဆိုပြီး ခွင့်လွှတ်နိုင်ပေမယ့် အကြိမ်ကြိမ် ဆိုရင်တော့ အန္တရာယ် ရှိနိုင်ပါတယ်၊ ဦးတို့တစ်တွေလည်း လူကြီး လူကောင်းတွေ ဆိုတော့ ဒီမလေ့ ထုံးစံတွေကို လိုက်နာနိုင်ပါလိမ့်မယ်၊ အဲသည်လို ဆိုရင်တော့ ဘယ်လိုအန္တရာယ်မှ မရှိနိုင်ပါဘူး၊ အခု ကျွန်တော်လာခဲ့တာ အဲဒါ သတိပေးဖို့နဲ့ အခုဖြစ်တဲ့ ကိစ္စအတွက် လျော်ကြေးပေးစရာ မလိုပါဘူး။ ကာယကံရှင် မိန်းကလေးနဲ့ ရွာလူကြီးတွေကို ကျေနပ်အောင် တောင်းပန် လိုက်ရင် ပြီးသွားမှာပါ"

ဒေါက်တာ မင်းထင်ကျော်စကား ကြားသောအခါမှ ဦးထွန်းဖေတို့ တစ်တွေမှာ စိတ်သက်သာရာ ရသွားကြလေတော့သည်။

မြနှင်းဖြူကတော့ မိမိတို့ အခက်အခဲကို ကြားထဲမှ ဝင်ရောက် ဆောင်ရွက်ပေးသော ဒေါက်တာမင်းထင်ကျော်ကို ကျေးဇူးတင်သော မျက်လုံးများဖြင့် လှမ်းကြည့်နေလေသည်။

ထိုနေ့က ဒေါက်တာမင်းထင်ကျော်တို့ ယူလာသော ဆတ်သားနှင့် တောဝက်သားကို ချက်စေကာ တစ်ရွာလုံး ဝေမျှ စားသောက်ကြသည့်အပြင် ဦးထွန်းဖေတို့ အဖွဲ့ကိုပါ ခွဲဝေပေးလိုက်သည်။

ဒေါက်တာမင်းထင်ကျော်မှာ အင်ကြင်းမြောင်ရွာမှာ ရှိနေစဉ် ရွာသူ ရွာသားများ၏ လူမှုရေး ကျန်းမာရေးများ





အတွက် စီစဉ်ဆောင်ရွက်ပေးနေရာ မအားလပ်ရအောင် ရှိလေသည်။ ထို့ပြင်...

ခင်စောမူကလည်း တစ်ချိန်လုံး အနားမှာ ကပ်နေသော ကြောင့် မြနှင်းဖြူမှာ ဒေါက်တာမင်းထင်ကျော်ကို မေးချင်တာ မေးဖို့ရာအတွက် အခွင့်မသာနိုင်အောင် ဖြစ်နေတော့သည်။

နောက်တစ်နေ့ နံနက်ပိုင်းတွင် ၎င်းတို့ တောင်ပေါ် ပြန်သွားရန် ပြင်ဆင်နေကြစဉ်မှာ ခေတ္တ တွေ့ခွင့်ရသည်။

"မနေ့က ကိစ္စအတွက် ကျွန်မ ကိုမင်းထင်ကျော်ကို သိပ်ပြီး ကျေးဇူးတင်ပါတယ်"

"မလိုပါဘူးဗျာ၊ ကြုံကြိုက်လို့ အကူအညီပေးရတာပါ"

ဒေါက်တာ မင်းထင်ကျော်က မြနှင်းဖြူကို လှည့်မကြည့်ဘဲ ပြောလိုက်သည်။

"နောက်ပြီး ကိုမင်းထင်ကျော်ကို ပြောစရာစကား ရှိပါသေးတယ်"

"ဘာများပါလိမ့်"

"ကျွန်မ မြသင်းကြူရဲ့ ညီမ မြနှင်းဖြူပါ၊ ကိုမင်းထင် ကျော်နဲ့ တွေ့ရင် တောင်းပန်ပေးဖို့ မမက မှာလိုက်ပါတယ်"

ဒေါက်တာမင်းထင်ကျော်၏ ရီဝေနေသော မျက်လုံး များက အဝေးဆီမှာ လှမ်းမြင်နေရသော တောင်တန်းများ ဆီသို့ မျှော်ကြည့်နေလေသည်။

"ကျွန်တော်တို့ နှစ်ယောက်ရဲ့ ဘဝက ပြီးဆုံးသွားခဲ့ ပါပြီ၊ ကျွန်တော် သူ့ကို ခွင့်လွှတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ မမရဲ့ဘဝဟာ စတေးခံခဲ့ရတာပါ။ လောကရေဲလို့ ဆိုရလောက်တဲ့ အိမ်ထောင်ရေး နွံအိုင်ထဲမှာ နစ်ခဲ့ရတာပါ။ သူ့ဘဝမှာ ပျော်ရွှင် ချမ်းမြေ့စရာဆိုလို့ တစ်ချက်ကလေးမှမရခဲ့ပါဘူး၊ တစ်နေ့တစ်နေ့ မျက်ရည်ကိုပဲ အဖော်ပြုနေရတာဆိုတော့ ဘယ်မှာ စိတ်ချမ်းသာစရာ တွေ့နိုင်ပါ့မလဲရှင်"

"ဒီအကြောင်းကို ကြားရတာ ကျွန်တော် စိတ်မကောင်းပါဘူး၊ ဒါပေမယ့် ဒီလမ်းက သူကိုယ်တိုင် ရွေးချယ်ခဲ့တဲ့ လမ်းပါပဲရလေ"

"မမအပေါ်မှာ အထင်မလွဲပါနဲ့ ကိုမင်းထင်ကျော်ရယ်၊ ကျွန်မ သိရသလောက်တော့ မမရဲ့ ဘဝတစ်လျှောက်လုံးမှာ ချစ်သူဆိုလို့ ကိုမင်းထင်ကျော် တစ်ယောက်ပဲ ရှိခဲ့ပါတယ်၊ ဒါပေမယ့်..."

"တော်ပါတော့ဗျာ... ကျွန်တော် ဒီအကြောင်းတွေကို မေ့ထားခဲ့တာ ကြာခဲ့ပါပြီ၊ ကျွန်တော့်ဘဝကို သုတေသန အလုပ်တွေမှာပဲ မြှုပ်နှံထားခဲ့ပြီ၊ အချစ်ဆိုတာကို မေ့ထားခဲ့တာလည်း အတော်ကြာခဲ့ပါပြီ"

"ကျွန်မလည်း မမအတွက် စိတ်မကောင်း ဖြစ်ရပါတယ်၊ အခု ဒီလို ဓာတ်ထဲ တောင်တွဲကို လိုက်လာတာ တကယ်လို့ ကိုမင်းထင်ကျော်နဲ့တွေ့ရင် တောင်းပန်ချင်လို့ပါ"

"ကျွန်တော့်ကို တောင်ပန်းချင်လို့ ဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်မ သိရသလောက်တော့ မမဟာ သောကဝေဒနာတွေ ဖိစီးနှိပ်စက်မှုကြောင့် သက်ဆိုးရှည်နိုင်





တော့မယ် မထင်ဘူး၊ ဒါကြောင့် သူ့ဘဝမှာ သောကဝေဒနာ တစ်ခုကြောင့် ခံစားနေရတဲ့ အစွဲအလမ်းတစ်ခု လျော့သွားပါစေ"ဆိုတဲ့ စေတနာကြောင့် ကျွန်မ ကိုမင်းထင်ကျော်ကို မမရဲ့ကိုယ်စား တောင်းပန်ပေးတာပါ"

"သူ့ဘဝ ဒီလောက်တောင် ဖြစ်နေပြီလား၊ ကျွန်တော် သူ့အပေါ်မှာ အပြစ်မယူခဲ့ပါဘူး၊ အားလုံးကို ခွင့်လွှတ်ခဲ့ပါတယ်၊ သူနဲ့ ပြန်တွေ့တဲ့အခါမှာ ကျွန်တော်က အမြဲတမ်း ခွင့်လွှတ်ပါတယ်လို့သာ မြနှင်းဖြူက ပြောပြပေးပါ"

"ဒီစကားကြားရတာ ကျွန်မ ဝမ်းသာပါတယ်ရှင်"

ဟု ပြောလိုက်စဉ်မှာပင် ဒေါက်တာမင်းထင်ကျော် နေရာမှ လှည့်ထွက်ရန် ဟန်ပြင်လိုက်သည်။

"နေ... နေပါဦး ကိုမင်းထင်ကျော်"

မြနှင်းဖြူက လှမ်းခေါ်လိုက်သည်။

ဒေါက်တာမင်းထင်ကျော်က ခြေလှမ်းကိုရပ်ပြီး ပြန်လှည့်ကြည့်သည်။

"ကျွန်မ ကိုမင်းထင်ကျော်နဲ့ နောက်တစ်ကြိမ် ထပ်တွေ့ချင်ပါသေးတယ်၊ တွေ့ခွင့် ရနိုင်မလားဟင်"

"နောက်တစ်ကြိမ် တွေ့ကြရင်သာ သစ္စာကြောနဲ့ ပတ်သက်တာတွေရယ်၊ မြသင်းကြူ အကြောင်းတွေရယ်၊ မပြောတော့ဘူးဆိုရင် အခွင့်ပြေတဲ့တစ်နေ့မှာ တွေ့ကြမှာပေါ့ဗျာ"

ဟု ပြောကာ လှည့်ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေရာတွင် ရပ်လျက်သား ကျန်ရစ်ခဲ့သော မြနှင်းဖြူသည် အချစ်ရေးမှာ ကံမကောင်း အဆင်မပြေခဲ့သောကြောင့် တောထဲတောင်ထဲမှာ ဘဝကို ဖတ်မြှုပ်ထားသော ဒေါက်တာဘွဲ့ရ ပညာတတ် လူရွယ်တစ်ယောက်၏ သောက အပူကို နားလည်မိရင်း ရင်မောစွာဖြင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ဒေါက်တာမင်းထင်ကျော်တို့ ထွက်သွားပြီးသောအခါမှ ဦးထွန်းဖေက အနီးသို့ ရောက်လာလေသည်။

"သမီး... သူက သမီးအစ်မရဲ့ချစ်သူ မင်းထင်ကျော်ဆိုတဲ့သူငယ် အစစ်ပဲမဟုတ်လား"

"ဟုတ်ပါတယ်... သူက ဒီတောင်တန်းဒေသပေါ်မှာ ကရင်လူမျိုးတွေအတွက် တိုးတက်ရေးကိစ္စတွေ ဆောင်ရွက်ရင်း သတ္တုကြောတွေနဲ့ ပတ်သက်ပြီး သုတေသန လုပ်နေတာ အတော်ကြာပုံရတယ်"

"ဒီလိုဆိုရင် ဒီအနီးအနား တစ်ပိုက်က သတ္တုကြောတွေကို သူ သိနေမှာပေါ့နော်"

"အဲဒါတော့ သမီး မသိဘူး ဖေဖေ"

"ဒါထက် သူက ဘယ်မှာနေတာတဲ့လဲ"

"တောင်ပေါ်မှာ နေတာလို့ ပြောတာပဲ"

"ဒီတစ်ခါ သူနဲ့တွေ့ရင် သူ ဘယ်နေရာမှာ နေတယ်ဆိုတာ သေသေချာချာ သိရအောင် မေးထားလိုက်ပေတော့၊ သူနဲ့ ထပ်တွေ့ပြီး သူ့ရဲ့ အကူအညီရရင် ဖေဖေတို့လုပ်ငန်း





အောင်မြင်နိုင်တယ်၊ မဟုတ်ရင်တော့ စရိတ်ရှုံးပြီး ဒီအတိုင်း ပြန်ရဖို့ပဲ ရှိတော့တယ်"

"ဖေဖေက သူနဲ့ထပ်တွေ့ချင်နေတယ်၊ ဒီအကြောင်းတွေကို ကိုမောင်ဇော် သိသွားရင် ကျေနပ်မယ် မထင်ဘူး။ အခုတောင် ကိုမင်းထင်ကျော်ဟာ မမရဲ့ ချစ်သူမှန်း မသိသေးလို့ ငြိမ်နေတာ ဖြစ်မယ်"

ဟု မြနှင်းဖြူက စိတ်ပူပန်စွာ ပြောလိုက်သည်။

"အို... ဒီအတွက် မပူပါနဲ့၊ ဒီကိစ္စက သမီးနဲ့ဖေဖေတို့နှစ်ယောက်ပဲ သိတာဆိုတော့ သူတို့ မသိနိုင်ပါဘူး။ ဒီမောင်မောင်ဇော်ဆိုတဲ့ ဂျီသားမက်က အခုအချိန်မှာ ဘာမှကို အားမကိုးရလို့ ဖေက စိတ်ပျက်နေတာ"

ဦးထွန်းဖေက စီးကရက်ကို တွင်တွင်ဖွာတာ မကျေမနပ်ဖြင့် ပြောဆိုနေလေသည်။

သို့သော်လည်း မြနှင်းဖြူအနေနှင့် ထိုအချိန်မှာ ဘယ်လိုမှ မတတ်သာတော့သဖြင့် သက်ပြင်းတစ်ချက် ချလိုက်ရုံအပြင် အခြားပြောစရာစကား မရှိတော့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၆ )

# တွင်းနက်ထဲမှ အန္တရာယ်

အဝေးမှ လှမ်းကြည့်စဉ်ကပင် တောင်၏ပုံသဏ္ဌာန်က ကြောက်ရွံ့ ထိတ်လန့်ဖွယ်ရာ ကောင်းလှပေသည်။

လူတစ်ယောက် ပက်လက်လှန်နေသည်နှင့် တူလှပြီး တောင်နှင့်မြောက် သွယ်တန်းထားလေသည်။

ဦးခေါင်းက မြောက်ဘက်မှာရှိပြီး ခြေထောက်က တောင်ဘက်မှာ ရှိလေသည်။

နဖူးနေရာက မို့မောက်နေပြီး မျက်တွင်းနေရာက ချိုင့်ဝင်နေသည်။





နှာခေါင်းနေရာက မောက်နေပြီး ပါးစပ်ပေါက်နေရာကျ ပြန်တော့ နိမ့်ဆင်း ဝင်နေပြန်သည်။

ပခုံးနေရာ၊ ရင်ဘတ်နေရာ၊ ဗိုက်နေရာတို့မှာ အမို့ အမောက် အနိမ့်အမြင့်တို့ဖြင့် တည်ရှိနေသည့်အပြင် လက်မောင်းနေရာ၊ ခြေထောက် နေရာတို့မှာလည်း လူ တစ်ယောက်နှင့်မခြား သဏ္ဌာန်တူလှပေသည်။

လူနှင့် သဏ္ဌာန်တူလှသော တောင်ကြီးမှာ ကရင် လူမျိုးတို့ အလေးအမြတ်ထားရာ အရိုးတောင်ပင် ဖြစ်သည်။

အရိုးတောင်၏ တောင်ခြေတစ်နေရာမှာတော့ ကရင် လူမျိုးတို့ သေဆုံးလျှင် မြှုပ်နှံရာ သင်္ချိုင်းရှိသည်။

အရိုးတောင်ပေါ်တွင် ပါးစပ်နေရာ၌ တွင်းနက်ကြီး ရှိသည်။ ထူးဆန်းသည်က ၎င်းတွင်းနက်ကြီးသည် ပါးစပ်နေရာ တည့်တည့်၌ရှိပြီး အဝေးမှ ကြည့်လျှင် လူတစ်ယောက် ပါးစပ်ကြီး ဟ,ကာ အိပ်ပျော်နေသကဲ့သို့ တူလေသည်။

ထိုတွင်းနက်ကြီးသည် ကရင်လူမျိုး တစ်ယောက် သေလျှင် ၎င်းပိုင်ဆိုင်သော ဥစ္စာပစ္စည်း၊ လက်နက်နှင့် အခြား အသုံးအဆောင်ပစ္စည်း ပစ်ချရာ ဥစ္စာတွင်းကြီးပင် ဖြစ်သည်။

လူတစ်ယောက် သေဆုံးလေတိုင်း ၎င်းပိုင်ဆိုင်သော ရွှေငွေ ရတနာ ဥစ္စာပစ္စည်းတို့ကို ပစ်ချကြလေရာ ထိုတွင်းနက် ကြီးအတွင်းမှာ ရတနာပစ္စည်းများ ဘယ်ရွေ့ဘယ်မျှ ရှိနေ မည်ကို ဘယ်သူမှ မခန့်မှန်းနိုင်ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့စေကာမူ... ထိုတွင်းထဲသို့ ဆင်းဝံ့ဖို့ဝေးစွ...

ဘယ်သူမှ အနားမကပ်ဝံ့ကြပေ။

အဘယ်ကြောင့်ဆိုသော်...

ထိုတွင်းထဲသို့ ဆင်းမိပါက ပြန်လမ်းမရှိသော ဘဝသို့ ရောက်ရသည်ဟု စွဲလမ်း ယုံကြည် ထားကြသောကြောင့် ဖြစ်သည်။ ကရင်လူမျိုးတို့ကလည်း ထိုနေရာသို့ အကြောင်းမရှိဘဲ သွားတာကို မကြိုက်ကြပေ။

သို့ကြောင့်...

သချိုင်းမြေသို့ အလောင်းပို့လျှင်သာ ရွာသူရွာသား ဆွေမျိုးများ လိုက်ခွင့်ရှိပြီး အရိုးတောင်ပေါ်တက်၍ ဥစ္စာပစ္စည်းများ သွားရောက် ပစ်ချရာမှာတော့ အခြားသူများ လိုက်ခွင့်မရှိပေ။

ဆွေမျိုးသားချင်းများနှင့် ရွာလူကြီးအချို့သာ တက်ရောက်ခွင့် ရကြလေသည်။ တစ်နေ့သ၌ ထိုတောင်ပေါ်သို့ လူလေးယောက် တက်လာကြသည်။

ထိုလေးယောက်မှာ မောင်မောင်ဇော်၊ ကျော်ဝေနှင့် အထမ်းသမား နှစ်ယောက်တို့ ဖြစ်သည်။

သူတို့တက်လာသော အချိန်မှာ ညနေစောင်းအချိန် ဖြစ်သည်။

ထိုအချိန်တွင် တောင်ပေါ်တက်သူများ ပြန်သွားကြပြီ ဖြစ်သောကြောင့် တောင်ကြောပေါ်မှာ လူအသွားအလာ ရှင်းသွားခဲ့ပေပြီ။





သူတို့လေးယောက်သည် ထိုအချိန်ကိုမှ တမင်ရွေးကာ တက်လာခဲ့ကြခြင်း ဖြစ်၏။

သူတို့လေးယောက် ရွာမှ ထွက်လာစဉ်က နေရောင်ခြည် ရှိနေသေးသော်လည်း တောင်ခြေရှိ သချိုင်းနေရာသို့ ရောက်သောအခါ အမှောင်ရိပ်က သမ်းလာချေပြီ။

နေရောင်ခြည်က ရှိနေသေးသော်လည်း တောင်တန်းများ၊ သစ်တောများနှင့် ကွယ်သွားသောကြောင့် မှောင်သွားခြင်းဖြစ်၏။ သူတို့သည် တောင်ခြေရှိ သချိုင်းနေရာသို့ ရောက်သောအခါ ရပ်လိုက်ကြသည်။

"ကဲ... ပြောပြစမ်းပါဦး။ သူတို့ ရတနာပစ္စည်းတွေ ပစ်ချတဲ့တွင်းက ဘယ်မှာရှိတာလဲ"

မောင်မောင်ဇော်က မေးလိုက်သည်။

"ဆရာခိုင်းလို့ ကျွန်တော်တို့နှစ်ယောက် ကရင်တွေ မသာချတဲ့ဆီကို လိုက်ချောင်းကြည့်ကြတယ်၊ သူတို့က တောင်ခြေက သချိုင်းနေရာမှာ အလောင်းကို မြှုပ်တယ်၊ နောက်ပြီး ရွာလူကြီးနဲ့ ဆွေမျိုးတွေက လူမျက်နှာနဲ့တူတဲ့ တောင်ပေါ် တက်သွားကြတာ မြင်လိုက်ရတယ်၊ ပစ္စည်းတွေ ချတဲ့တွင်းက ဘယ်နေရာမှာလဲတော့ အသေအချာ မသိရဘူး ဆရာ"

တစ်ယောက်က ပြောပြသည်။

"ဘာကြောင့် နေရာသိအောင် လိုက်မကြည့်ခဲ့တာလဲ၊ အတော်ညံ့ကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဝေက အမြစ်တင်သော လေသံဖြင့် ပြောလိုက်သည်။

“ကျွန်တော်တို့ ညှံ့တာမဟုတ်ပါဘူး။ သူတို့က အဲဒီတောင်ပေါ်တက်ဖို့မပြောနဲ့ အနားကပ်တာတောင် ကြောက်ကြတာ မဟုတ်ဘူး ဆရာရဲ့”

“တောင်ပေါ်မှာရော အစောင့်တွေဘာတွေ ရှိသလား”

“အဲသည်လိုတော့ ရှိတဲ့ပုံ မပေါ်ဘူး”

“ဒီလိုဆိုရင် ကိစ္စမရှိဘူး။ နည်းနည်းမှောင်တာနဲ့ တို့လေးယောက် တောင်ပေါ် တက်ကြမယ်”

ဟု ပြေဆို တိုင်ပင်ကာ တောင်ခြေရှိ ကရင်သချိုင်းရှိသော နေရာနှင့် မလှမ်းမကမ်းမှာ စောင့်ဆိုင်းနေကြလေသည်။

နွေနှောင်းရာသီ ဖြစ်သောကြောင့် နေရောင်ခြည် မရှိတော့သည်နှင့် အလင်းရောင် ပျောက်သွားကာ တောင်ခြေတစ်ဝိုက်မှာ အမှောင်ရိပ်များက လွှမ်းစ ပြုလာလေသည်။

မြူများက ဝေ့ဆိုင်းလာသောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက် မှုန်မှုန်မှိုင်းမှိုင်း ရှိနေသည်။

ထိုအခိုက်မှာပင် သချိုင်းရှိရာ တောင်ကုန်းနေရာတစ်ဝိုက်မှာ ဖြူဖြူသဏ္ဍာန်များ လှုပ်ရှား သွားလာနေသည်ကို မသဲမကွဲ မြင်ကြရသည်။

“သချိုင်းကုန်းပေါ်မှာ လူတွေလား”

အရက်အနည်းငယ် တွေ့နေသော မောင်မောင်ဇော်က ဇဝေဇဝါဖြင့် မေးလိုက်သည်။





“လူတော့ ဟုတ်မယ် မထင်ပါဘူး။ မြူရိပ်တွေ သမ်းနေတာ ဖြစ်ပါလိမ့်မယ်”

“မြူဖြစ်ဖြစ်... လူဖြစ်ဖြစ်ကွာ၊ မျက်စိနောက်အောင် လုပ်လာရင်တော့ သေနတ်စာ အမိပဲ”

ဟု ကြိမ်းဝါးလိုက်သည်။

အတန်ကြာသောအခါ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ် သမ်းနေလေသည်။

ထိုအခါ လေးယောက်သား သချိုင်း တောင်ကုန်းရှိရာသို့ တက်လာကြသည်။

သချိုင်းမြေ တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်လျက်ရှိနေသည်။ တောင်ကုန်းတစ်ဝိုက်မှာ ရှင်းလင်းနေသော်လည်း ပတ်ဝန်းကျင်ရှိ တောရိပ်များကြောင့် အမှောင်ရိပ်များက လွှမ်းနေသည်။

တောင်ကုန်းနေရာ တစ်ဝိုက်မှာ မြေပုံများ၊ မှတ်တိုင်များ တွေ့ရပြီး ညီစိုစို ပုပ်အက်အက် အနံ့များကလည်း ပတ်ဝန်းကျင်တစ်ဝိုက် ပျံ့နှံ့နေသည်။

တစ်နေရာ ရောက်သောအခါ တောင်ခြေမှ တောင်ပေါ် တက်သော လမ်းကို တွေ့ရသည်။

သဘာဝ ကျောက်တုံးများကို လှေကားထစ်သဏ္ဍာန် ပြုလုပ်ထားခြင်း ဖြစ်သည်။

လေးယောက်သား ထိုလှေကားထစ်များအတိုင်း တောင်ပေါ်သို့ တက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလမ်းတစ်လျှောက်မှာ သစ်ပင် ဝါးပင်များ မရှိဘဲ ရှင်းလင်းနေသောကြောင့် အခက်အခဲမရှိ တက်လာနိုင်သော်လည်း တောင်၏ အမြင့်ပိုင်းနေရာများတွင် မြူနှင်းများက ဝိုမှိုင့်ဆိုင်းနေသောကြောင့် လမ်းတစ်လျှောက်လုံး ဝိုးတဝါး ဖြစ်နေလေသည်။ ထိုအခိုက်မှာပင် သူတို့ ရောက်နေသော နေရာအပေါ်ဘက်ဆီမှ ရယ်သံလိုလို စကားပြောသံလိုလို အသံများကို စတင်ကြားကြရသည်။

"ဟင်"

စကားပြောသံ... ရယ်သံများမှာ ပထမ ဝိုးတဝါးမျှသာ ကြားရသော်လည်း အပေါ်ဘက်သို့ ရောက်လာသောအခါ ပို၍ ပီပီပြင်ပြင် ကြားရသဖြင့် လေးယောက်သား ခြေလှမ်းများကို ရပ်တန့်လိုက်ကြသည်။

"မင်းတို့ ပြောတော့ တောင်ပေါ်မှာ လူမရှိဘူးဆို၊ အခုတော့ လူသံတွေ ကြားနေရပါလား"

"ကျွန်တော်တို့ သိရသလောက်တော့ ဒီတောင်ပေါ်မှာ ဘယ်သူမှ မရှိဘူးဆရာ၊ ဘယ်သူမှလည်း မနေဝံ့ကြဘူး"

"ဒါဖြင့် ဒီလူသံတွေက ဘယ်က ကြားနေရတာလဲ"

"အဲဒါတော့ ကျွန်တော်တို့လည်း မသိဘူး။ တက်ကြည့်ပြီး အပေါ်ရောက်မှပဲ သိရမှာပဲ"

မောင်မောင်ဇော်နှင့် ကျော်ဝေတို့ နှစ်ယောက်မှာ ခေါင်းချင်းဆိုင်၍ တိုင်ပင်ကြပြီး တောင်ပေါ်သို့ ဆက်တက်ရန်သာ ဆုံးဖြတ်လိုက်ကြသည်။





"ကဲ... မထူးတော့ဘူး။ ဒီနေရာရောက်မှတော့ လှည့်မပြန်တော့ဘူး။ ဆက်တက်ကြမယ်၊ ဗိုက်မှာ သေနတ်တွေ ပါတာပဲ၊ ဘာမှ ကြောက်စရာမရှိပါဘူး။ တောင်ပေါ် ရောက်တော့မှ တွေ့တဲ့လူဟာ မိတ်ဆွေဆိုတော့လည်း ပူးပေါင်းလိုက်တာပေါ့၊ ရန်သူဆိုတော့လည်း သေနတ်နဲ့ ရှင်းလိုက်ကြတာပေါ့"

ဟု ပြောဆိုကာ အပေါ်သို့ ဆက်တက်ခဲ့ကြသည်။

တောင်အလယ်လောက် ရောက်သောအခါ ရှေ့မှတက်သွားသော ခြေသံများကို ကြားနေရသလို သူတို့နောက်မှ တက်လိုက်လာသော ခြေသံများကိုလည်း ကြားလာရသည်။

"ဟော့... ထိုနောက်က ခြေသံတွေ ကြားရပြန်ပြီ"

စိတ်ထဲမှာ မသင်္ကာသဖြင့် လေးယောက်စလုံး ရပ်တန့်ကာ နားထောင်လိုက်ပြန်တော့ ခြေသံများက မကြားရပြန်တော့ပေ။

"တိတ်ဆိတ်နေတဲ့ အချိန်ဆိုတော့ ကျုပ်တို့ခြေသံတွေ ပဲ့တင်ထပ်နေတာလည်း ဖြစ်မှာပါ"

ကျော်ဝေက စိတ်သက်သာရာ သက်သာကြောင်း ပြောလိုက်သည်။ ထိုအခိုက်မှာပင် အပေါ်ဘက်မှ ကြားနေရသော ခြေသံများက နီးလာလိုက် ဝေးလာလိုက် ရှိနေရာမှ အပေါ်ဘက်မှ လူတစ်ယောက် နှင်းလျှောက်သွားဖြင့် ကျောက်တုံး ကျောက်ခဲကလေးများ ပြိုကျလာလေသည်။

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



"သေချာပြီဟေ့... တောင်ကုန်းပေါ်မှာ တို့အရင် တက်သွားတဲ့ လူတစ်ယောက်ယောက် ရှိနေတယ်၊ အမြန် လိုက်ကြည့်ကြရအောင်"

ဟု ပြောဆိုကာ သေနတ်များကို အဆင်သင့်ပြင်ကာ ခြေလှမ်းခပ်သွက်သွက်ဖြင့် တက်လိုက်ခဲ့ကြလေတော့သည်။

ထိုအခိုက်မှာပင် နောက်ဘက်မှ...

"လိုက်ဟေ့...လိုက်ဟ၊ လိုက်ဟေ့... လိုက်ဟ"

အသံများ ကြားလိုက်ရပြီး မီးရောင်များကို လှမ်းမြင်ရသည်။

"ဟာ... ကိုမောင်မောင်ဇော်၊ ကျွန်တော်တို့နောက်က လူတွေ လိုက်လာပြီဗျ။ ဘယ်လိုလုပ်ကြမလဲ"

"ဘယ်မှာလဲ"

မောင်မောင်ဇော်က ဇဝေဇဝါ မေးလိုက်သည်။

"ဟင့်အင်း... မကြားပါဘူး"

"မီးရောင်တွေရော... မမြင်ဘူးလား"

"မတွေ့မိပါဘူး"

မောင်မောင်ဇော် စကားကြောင့် ကျော်ဝေက ဇဝေဇဝါ ဖြင့် နောက်လှည့်ကြည့်တော့ စောစောက ကြားရသောအသံ များ မကြားရသလို မီးတောက်များကိုလည်း မတွေ့ရတော့ပေ။

"ဟင်"

"မင်းကြည့်ရတာ စိတ်ထဲမှာ ချောက်ချားနေပုံရတယ်၊ ဒါမှမဟုတ် ညနေပိုင်းက ရဲဆေးတင်ရင်း သောက်တာ များသွားတယ် ထင်တယ်"





ဟု ရယ်ကျဲကျဲ အမူအရာဖြင့် လှမ်းပြောလိုက်သည်။

ကျော်ဝေ့ စိတ်ထဲမှာတော့ စောစောက တွေ့လိုက်၊ မြင်လိုက်ရသော လူသံများနှင့် မီးရောင်များ ဘယ်နေရာ ရောက်သွားပြီလဲဟု ဇဝေဇဝါ တွေးနေလေသည်။

"နောက်ဘက်မှာ မီးရောင်လည်း မတွေ့ရဘူး။ လူသံ လည်း မကြားရဘူး၊ တကယ်ရှိတာက ဟိုတောင်ပေါ်မှာ၊ တို့ရှေ့က တက်သွားတဲ့ လူကို မီအောင် လိုက်ကြရမှာ"

ဟု ပြောဆိုရင်း ရှေ့သို့ ဆက်တက်ခဲ့ကြရာ တောင် တစ်ဝက်ခန့် ရောက်သောအခါ မိမိတို့ရှေ့ အပေါ်ဘက်မှ တရွေ့ရွေ့ တက်သွားသော လူတစ်ယောက်၏ ပုံရိပ်ကို လှမ်းမြင်ရလေသည်။

"ငါထင်တဲ့ အတိုင်းပဲ... ဟိုမှာ မြင်ရဲ့မဟုတ်လား၊ တို့ရှေ့မှာ လူတစ်ယောက် တက်သွားနေတာ"

မောင်မောင်ဇော်က ပြောသဖြင့် ကျန်သုံးယောက်က လှမ်းကြည့်လိုက်တော့ မိမိတို့ရှေ့မှ တရွေ့တွေ့ တက်သွား နေသော ကရင်အဘိုးကြီး တစ်ယောက်ကို မသဲမကွဲ လှမ်းမြင်ရသည်။

ညဦးပိုင်းအချိန် အမှောင်ဖုံးနေသော်လည်း လရောင် အနည်းငယ် ရှိနေသောကြောင့် ဝေဝေဝါးဝါး မြင်နိုင်လေသည်။

တောင်ကုန်းပေါ်မှာလည်း မြူနှင်းများက ဝေ့ဝိုင်းလျက် ရှိသည်။ သူတို့ရှေ့မှ ကရင်အဘိုးကြီး တရွေ့ရွေ့တက်သွား နေသည်ကိုတော့ အားလုံး မြင်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်တက်ခရီးမို့ တရွေ့ရွေ့ တက်သွားသော အဘိုး အိုမှာ နေးကွေးနေသော်လည်း သူတို့ လှုငယ်လှုရွယ်ခြေများ ဖြင့် လိုက်၍ မမီနိုင်အောင် ဖြစ်နေတော့သည်။

"ဘယ်လိုလဲ... ရှေ့က အဘိုးကြီး တက်သွားတာ ဒီလောက် မြန်တာလည်းမဟုတ်ဘဲနဲ့ တို့ နောက်ကလိုက်တာ မမီနိုင်ဘူး ဖြစ်နေပါလား"

မောင်မောင်ဇော် ပြောသည့်အတိုင်းပင် ရှေ့မှ တလှုပ် လှုပ် တက်သွားနေသော အဘိုးအိုကို နီးလာလိုက်, ဝေးသွား လိုက် ဖြစ်နေလေသည်။

တစ်ကြိမ်တွင် သူတို့နှင့် လှမ်းကြည့်၍ မြင်နိုင်သော နေရာသို့ ရောက်သောအခါ မောင်မောင်ဇော်က လှမ်းအော် လိုက်သည်။

"ဟေး... ခင်ဗျား ဘယ်သူလဲဗျ ခဏနေပါဦး"

ထိုသို့ အော်လိုက်သောအခါ ရှေ့မှ တက်သွားသော အဘိုးအိုက နောက်သို့ တစ်ချက် လှည့်ကြည့်လိုက်သည်။

"ဟာ"

"ဟင်"

လေးယောက်သား တအံ့တသြ ဖြစ်သွားကာ လှမ်းနေ သော ခြေလှမ်းများပင် ရပ်တန့်သွားကြလေသည်။

အဘယ်ကြောင့်ဆိုသော်...

၎င်းတို့အား ပြန်လှည့်ကြည့်လိုက်သော အဘိုးအို၏ မျက်နှာမှာ မျက်စိ၊ နှာခေါင်း၊ ပါးစပ် စသည်တို့ မပါဘဲ





သားရေပြား အုပ်ထားသကဲ့သို့ ပြောင်ချောကြီး ဖြစ်နေသည်ကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။

မောင်မောင်ဇော်က လက်ထဲမှ သေနတ်ဖြင့် ပစ်ရန် ပြင်လိုက်စဉ်မှာပင် အဘိုးအိုက မြူနှင်းများကြားသို့ ဝင်ရောက် ပျောက်ကွယ် သွားလေတော့သည်။ မောင်မောင်ဇော်တို့ အဖွဲ့မှာလည်း နေရာမှာရပ်ရင်း ရှေ့မတိုးသာ နောက်မဆုတ် သာဖြစ်အောင် ထိတ်လန့် တုန်လှုပ်နေကြလေသည်။

"ဘယ်လိုလုပ်ကြမလဲ ကိုမောင်ဇော်"

"အခုမှတော့ မထူးတော့ဘူး၊ အပေါ်ရောက်အောင် ဆက်တက်ကြမယ်"

"ဖြစ်ပါ့မလား... တော်ကြာ..."

"ဖြစ်ပါတယ်၊ ဝိညာဉ်တွေဟာ လူနဲ့တွေ့ရင် မခံနိုင် ပါဘူး"

ဟု ပြောကာ သေနတ်များကို အဆင်သင့်ပြင်ပြီး တောင်ပေါ်သို့ ဆက်တက်ခဲ့ကြသည်။

တောင်ထိပ်ပေါ်မှာ မြူနှင်းများ ဝေဆိုင်းနေသော်လည်း အလင်းရောင် အနည်းငယ် ရှိနေလေသည်။

အဝေးမှ လှမ်းကြည့်စဉ်က လူမျက်နှာနှင့် တူသော တောင်ကုန်းမှာ တကယ်တမ်း တောင်ပေါ်ရောက်သောအခါ တောင်တမှုများ၊ ချိုင့်ဝှမ်းများကိုသာ တွေ့ကြရသည်။

တောင်ကြောမှာ အတော်ရှည်လျားပြီး ကျယ်ဝန်းလှ သည်။ မျက်လုံး၊ ပါးစပ်နေရာများမှာ ချိုင့်များ တွင်းကြီးများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီး နဖူးနေရာနှင့် နှာခေါင်းနေရာမှာ တောင်ကုန်းတောင်တန်းများ ဖြစ်နေသည်။

တောင်ကုန်းပေါ်မှာ တွင်းနက်ကြီး သုံးတွင်းရှိသည်။

မျက်လုံးပေါက်နေရာမှာ နှစ်တွင်းနှင့် ပါးစပ်ပေါက်နေရာမှာ တစ်တွင်း ဖြစ်သည်။

ထိုသုံးတွင်းအနက် ပါးစပ်ပေါက် နေရာမှ တွင်းမှာ အကျယ်ဆုံးနှင့် အနက်ဆုံး ဖြစ်ဟန်ရှိသည်။

တောင်မျက်နှာပြင်ပေါ်မှာ အခြားနေရာမှာတော့ တွင်းများ မရှိတော့ပေ။

"တခြားနေရာမှာတော့ တွင်းမရှိတော့ဘူး။ ဒီတောင်ပေါ်မှာ ဒီတွင်းက အကျယ်ဆုံးနဲ့ အနက်ဆုံးပဲ၊ သူတို့ ရတနာပစ္စည်းတွေ ဖစ်ချတာ ဒီတွင်းဖြစ်မယ် ထင်တယ်"

ဟု မှတ်ချက်ချကာ လေးယောက်သား တွင်းနှုတ်ခမ်းဝမှ ရစ်ကာ တွင်းထဲသို့ ငုံ့ကြည့်ကြသည်။

တွင်းဝ,မှာ အတော်ကျယ်ဝန်းသော်လည်း အတွင်းမှာတော့ မှောင်နေသည်။

အတွင်းမှ လေလိုက်တက်နေသောကြောင့် အညှီနံ့လိုလို အနံ့များက တွင်းနှုတ်ခမ်းဝ,အထိ ပြန့်တက်နေသည်။

မောင်မောင်ဇော်က လက်နှိပ်ဓာတ်မီးဖြင့် တွင်းထဲသို့ ထိုးကြည့်လေသည်။

တွင်းမှာ အတော်နက်သဖြင့် အောက်ခြေရောက်အောင် မမြင်ရပေ။ သို့သော်...





မှောင်နေသော နေရာမှာတော့ အနီရောင် အလင်းစက်များကို တစ်စွန်းတစ်စ လှမ်းမြင်ရသည်။

"ဒီတွင်းထဲမှာ ရတနာတွေရှိတယ်၊ တစ်ယောက် ဆင်းကြည့်ရင် ကောင်းမယ်"

အရိုးတောင်တွင်းထဲကို ဆင်းရန် ကြောက်ရွံ့နေကြသည်။

အဘယ်ကြောင့် ဆိုသော်...

ထိုတွင်းထဲသို့ ဆင်းသူတိုင်း မပြန်လာမ်းသို့ မြန်းကြရသည်ကို သိထားသောကြောင့် ဖြစ်သည်။

"ဟေ့... ငါပြောနေတာ ကြားလား"

"ကျွန်... ကျွန်တော်တို့ အောက်ကို မဆင်းဝံ့ကြဘူး"

"ဘာ... ဘာပြောတယ်၊ မင်းတို့ နှစ်ယောက်ကို တွင်းထဲဆင်းဖို့ ခေါ်လာတာ၊ ဆင်းမလား... မဆင်းဘူးလား ပြော၊ ငါခိုင်းတဲ့အတိုင်း မလုပ်ရင် သေနတ်နဲ့ ပစ်သတ်ပြီး တွင်းထဲကို ကန်ချပစ်မယ်"

မောင်မောင်ဇော်က သေနတ်ကို မောင်းတင်ပြီး ကြိမ်းမောင်း ပြောဆိုတော့မှ တစ်ယောက်က အောက်သို့ဆင်းရန် ပြင်လေသည်။

သူတို့တွင် ကြိုးခွေများ ပါလာသောကြောင့် ကြိုးတစ်စကို သစ်ပင်ငုတ် တစ်ခုမှာ ချည်ပြီး ကျန်တစ်စကို တွင်းထဲ လျှောချလိုက်သည်။ တွင်းထဲဆင်းမည့်သူက ဓားတစ်လက်နှင့် လက်နှိပ်မီးကို ယူပြီး တွင်းထဲသို့ ဆင်းသွားသည်။

မောင်မောင်ဇော်တို့က အပေါ်မှ စောင့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တွင်းထဲသို့ ဆင်းသွားပြီး အတန်ကြာသောအခါ လျှော့နေသော ကြိုးမှာ တဖြည်းဖြည်း ငြိမ်ကျသွားသည်။

မသက်ာ၍ ဆွဲတင်ကြည့်တော့ ကြိုးစ,ပဲပါလာပြီး လူကတော့ ပါမလာတော့ပေ။ သို့ကြောင့်...

မောင်မောင်ဇော်က ကျန်တစ်ယောက်ကို ဆင်းခိုင်းပြန်သဖြင့် မျက်စိမျက်နှာ ပျက်စွာဖြင့် တွင်းထဲသို့ ဆင်းရလေသည်။

ကြိုးစကို လက်နှစ်ဖက်ဖြင့် ကိုင်ကာ နံရံကို ခြေဖြင့်ကန်ဆင်းသွားသော လူမှာ တွင်းတစ်ဝက်လောက် ရောက်သောအခါ စိတ်ထဲမှာ မသက်ာသဖြင့် ခါးကြားမှာ ထိုးထားသော လက်နှိပ်မီးကို ထုတ်ပြီး ထိုးကြည့်သောအခါ အပေါ်ဘက်ရှိ ကြိုးမှ တွယ်ဆင်းလာသော မြွေတစ်ကောင်ကို တွေ့ရလေသည်။

"ဟင်"

သို့ကြောင့်... အောက်သို့ရောက်အောင် ကပျာကယာ လျှောဆင်းရလေသည်။

ရှင်းတို့ယူလာသော ကြိုးခွေမှာ အတော် ရှည်လျားလှသော်လည်း ကြိုးစ,အဖျား ဆုံးသွားသော်လည်း တွင်းအောက်ခြေသို့ မရောက်သေးတဲ့ တွဲလောင်းကြီး ဖြစ်နေသည်။

သို့ကြောင့်...

အောက်ဘက်သို့ လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်သောအခါ တွင်း၏ အောက်ခြေကို မမြင်ရသေးဘဲ နက်ရှိုင်းသော အမှောင်ထုကိုသာ မြင်နေရဆဲပင်။





"ဟင်... အောက်မှာလည်း ချောက်ကြီး၊ အပေါ်မှာလည်း မြွေက ဆင်းလာနေပြီ၊ ဘယ်လိုလုပ်ရပါ့မလဲ"

အပေါ်မှ ကြိုးစကို ပတ်ဆင်းလာသော မြွေက အတော်ကြီးသည်။ မီးရောင်ဖြင့် ထိလိုက်သော မျက်လုံးနှစ်လုံးမှာ ဟသ်ာပြဒါးခဲကဲ့သို့ ရဲရဲနီလျက် ရှိလေသည်။

မြွေက တဖြည်းဖြည်း နီးလာချေပြီ။

နောက်ဆုံး ကြံရာမရတော့သဖြင့် ထိုလူမှာ ကြိုးစကို ကိုင်ထားသော လက်ကို လွှတ်ချလိုက်လေတော့သည်။

"အား"

ဟူသော အော်သံသည် တစ်စတစ်စနှင့် ဝေး၍ ပျောက်ကွယ်သွားလေတော့သည်။

ထိုအဖြစ်အပျက်ကိုတော့ အပေါ်မှာ ကျန်နေခဲ့သော မောင်မောင်ဇော်နှင့် ကျော်ဝေတို့နှစ်ယောက်က မသိလိုက်ကြတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၇ )

## ရင်အစူးဆို ဘယ်သူသိနိုင်မှာ

ပြဿနာက တစ်စတစ်စနှင့် ကြီးထွားလာခဲ့လေပြီ။

အရိုးတောင်ပေါ်သို့ တက်ခဲ့ရာမှ လူနှစ်ယောက် သေဆုံးသော ကိစ္စအတွက် အင်ကြင်းမြောင် တစ်ရွာလုံး သိရှိကြပြီးနောက် ဒေါသအိုး ပေါက်ကွဲကြလေတော့သည်။

ကရင်လူမျိုးတို့သည် အရိုးတောင်နေရာကို အလေးအမြတ် ထားကြပြီး ပြင်ပလူစိမ်းများ တက်ရောက်ခြင်းကို ခွင့်မပြုကြပေ။

တကယ်လို့ မသိအောင် တက်ခဲ့လျှင်လည်း မနှစ်သက်ပေ။





ထို့ထက်ပို၍ဆိုးသည်က အရိုးတောင်ပေါ်မှာ သွေးထွက်သံယို အန္တရာယ်တစ်ခုခုနှင့် သူစိမ်းတရံစာ တစ်ယောက် သေဆုံးသွားလျှင် အရိုးတောင်ကန်းသည်ဟု ယူဆသောကြောင့် ပြဿနာက ပိုမိုကြီးထွားလာခဲ့ခြင်း ဖြစ်၏။

ရွာသူရွာသားများက ဦးထွန်းဖေတို့ တစ်ဖွဲ့လုံးကို စေ့စေ့ညက်ညက်ကြေအောင် ပြုလုပ်ချင်နေကြသည်။

အချို့ကလည်း နည်းအမျိုးမျိုးနှင့် ခြောင်းမြောင်း သတ်ဖြတ်ရန် ကြံစည် စိတ်ကူးနေကြသဖြင့် ရွာလူကြီး ဦးထန်ဖုန်းရှိန် ကိုယ်တိုင် ထိန်းပေးနေရလေသည်။

"ခင်ဗျားတို့လုပ်တာ သိပ်ကို တရားလွန်တယ်၊ ဒီလိုလုပ်တာ ကျုပ်တို့ တစ်ရွာလုံးကသာ မကဘူး။ ဒီနယ်တစ်နယ်လုံးမှာရှိတဲ့ ကရင်လူမျိုးတွေကို ရန်သူအဖြစ် သတ်မှတ်လိုက်တာပါပဲ"

ဦးထန်ဖုန်းရှိန်က ဆေးတံကြီးကို မီးခိုး တထောင်းထောင်း ထ,သည့်အထိ ဖွာရင်း ဒေါသ သံဖြင့် ပြောလိုက်သည်။

"ကျုပ်တို့လူတွေ နားမလည်ကြလို့ ဖြစ်ရတာ စိတ်မကောင်းပါဘူး။ ဒီအတွက် ကျုပ် တောင်းပန်ပါတယ်"

"ဒါက တောင်းပန်လို့မရဘူးဗျ။ လျော်ကြေး ပေးရတော့မှာ"

"ဗျာ... လျော်ကြေးပေးရမယ် ဟုတ်လား ဘယ်လောက်များ ပေးရမှာလဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ရွာသူ ရွာသားတွေက ခင်ဗျားတို့အပေါ်မှာ အတော့်ကို စိတ်ဆိုးနေကြတယ်၊ အခုအချိန်မှာ ခင်ဗျားတို့ဆီက လျော်ကြေး ယူမယ်ဆိုရင် တခြားယူချင်မှာ မဟုတ်ဘူး။ ခင်ဗျားတို့ရဲ့ အသက်ကိုပဲ သူတို့ လိုချင်ကြတာ"

"ဗျာ... အသက်... ဟုတ်လား တောင်ပိုင်ကြီး"

ဦးထန်ဖုန်းရှိန် စကားကြောင့် ဦးထွန်းဖဲမှာ အထိတ် တလန့် ဖြစ်သွားလေသည်။

"ဟုတ်တယ်၊ တစ်ရွာလုံးက ခင်ဗျားတို့ကို သတ်ချင် နေကြတယ်၊ ဒီတော့ ခင်ဗျားတို့ ဒီရက်ထဲမှာ သတိ, စိရိယနဲ့ နေကြပါ။ ဖြစ်နိုင်ရင် အပြင်ကို သိပ်မထွက်ကြပါနဲ့၊ ကျုပ် အကောင်းဆုံးဖြစ်အောင် ညှိနှိုင်း ကြည့်ပါဦးမယ်"

ဟု ဦးထန်ဖုန်းရှိန်ပြောပြီး ပြန်သွားသောအခါ ဦးထွန်းဖဲ တို့ တစ်တွေမှာ ခေါင်းချင်းဆိုင်၍ တိုင်ပင်ကြရလေတော့သည်။

"သိပ်လည်း စိုးရိမ်မနေပါနဲ့ အန်ကယ်ရာ၊ ကျွန်တော် တို့မှာ သေနတ် နှစ်လက်တောင် ပါတာပဲ၊ သူတို့က ရန်မူ လာရင် ကျွန်တော်တို့ကလည်း ပြန်ချရုံ ရှိတာပေါ့။ ဒီလူတွေ သိပ်တရားလွန်တယ်"

ဟု မောင်မောင်ဇော်က ဒေါသ သံဖြင့် ပြောလိုက်လေ သည်။

"မင်း ဒီလိုမပြောသင့်ဘူး။ အခုကိစ္စက မင်းတို့က တရားလွန်တာ၊ သူတို့ကနတ်သတ်ထားတဲ့ နေရာကို သွားတာ ဆိုတော့ ဘာပဲဖြစ်ဖြစ် မင်းတို့မှာ တာဝန်ရှိတယ်၊ စကားပုံ





တောင် ရှိသေးတယ်၊ သူများရွာကိုသွားရင် သူများတွေရဲ့ ဓလေ့ထုံးစံကို လိုက်နာရတယ်ကွ"

"ဒါကတော့ အန်ကယ်ရယ် ကျွန်တော်တို့လည်း အဆင်ပြေမလားလို့ ကြိုးစားကြည့်တာပဲ၊ ဘာတတ်နိုင်မှာလဲ၊ အခုပဲ တွက်ကြည့်လေ၊ ကျွန်တော်တို့ ဒီကိုရောက်နေတာ အတော်ကြာပြီ၊ သတ္တုကြောမဆိုထားနဲ့ သံတုံးတစ်တုံးတောင် ရှာမတွေ့ကြသေးဘူး။ ကြာရင် စရိတ်ပြတ်ပြီး ပြန်ကြရတော့ မှာ၊ ဘယ်လိုလုပ်ကြမလဲ"

"သတ္တုကြော တွေ့တာ, မတွေ့တာ အသာထားဦး၊ အခု ကျွန်တော်တို့ဘဝက ကရင်တွေရဲ့ အကျဉ်းသားဘဝ ရောက်နေကြတာကိုလည်း သတိရကြဦး၊ တကယ်လို့ သူတို့ ပြောသလို လျော်ကြေးပေးရမယ်ဆိုရင် ဘယ်လိုလုပ်ကြမယ် ဆိုတာက ပိုအရေးကြီးတယ်"

ဟု ကျော်ဝေက စိုးရိမ်သော လေသံဖြင့် ပြောလိုက်သည်။

"ဒီလောက်လည်း စိုးရိမ်မနေပါနဲ့ကွာ၊ သူတို့ဘက်က သိပ်တရားလွန်လာရင် သေနတ်နဲ့ ရှင်းတန် ရှင်းရမှာပေါ့"

မောင်မောင်ဇော်က စီးကရက်တစ်လိပ်ကို ဖွာရင်း အရေးမကြီးသလို ပြောလိုက်ရာ စကားပြန်အဖြစ် လိုက်လာ သော ဦးအသာက...

"အခုဆိုရင် သူတို့ အိမ်တံခါးတွေ၊ ရွာစည်းရိုးတံခါး တွေကို အားလုံး ပိတ်ထားလိုက်ကြပြီ၊ အဲဒါကို တောင်ပိတ် တယ်လို့ ခေါ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝင်ပြောပြသည်။

"တောင်ပိတ်တယ် ဆိုတာ ဘာလဲဗျ"

"တောင်ပိတ်တယ်ဆိုတာ ခင်ဗျားတို့တစ်တွေကို ရန်သူလို့ သတ်မှတ်လိုက်တာပဲ၊ အခုလောက်ဆိုရင် ခင်ဗျားတို့ စည်းဖောက်တဲ့ သတင်းက တခြား ကရင်ရွာတွေကို ရောက်သွားလောက်ပြီ၊ ကရင်လူမျိုးတွေဆိုတာ အချင်းချင်း သိပ်ပြီး စည်းလုံးညီညွတ်ကြတယ်၊ အကြောင်းကိစ္စ အရေးကြီးလာရင် မြေပြန့် ဆက်သားတွေလွှတ်ပြီး တစ်ရွာနဲ့တစ်ရွာ သတင်းပို့တာ သိပ်မြန်ကြတယ်"

ဦးဘသာ စကားကြောင့် စောစောက မြောက်ကြွမြောက်ကြွ ဖြစ်နေသော မောင်မောင်ဇော်မှာ အနည်းငယ် ငြိမ်ကျသွားလေသည်။

"မောင်ရင်က သေနတ်နှစ်လက် ပါလာလို့ သေနတ်နဲ့ ပစ်မယ်လို့ ပြောတယ်၊ ကရင်ရွာတိုင်းမှာ သေနတ်မျိုးစုံ ရှိကြတယ်၊ တကယ်လို့ သေနတ်ချင်း ယှဉ်ပစ်ရင်တော့ သူတို့ကို လုံးဝမနိုင် နိုင်ဘူး၊ ကျုပ်တို့အားလုံး သေမှာမုချပဲ"

ထိုစကားကြားသောအခါမှ အားလုံး ထိတ်လန့်တုန်လှုပ်သွားလေတော့သည်။

"ဒါ... ဒါဖြင့် ဘယ်လိုလုပ်ရမလဲ ကိုဘသာရယ်၊ တဆိတ်လောက် အကြံဉာဏ်လေး ပေးပါဦးဗျာ"

"နောက်တစ်ချက်က သူတို့ဆီမှာ တစ်ခွေ့ခုနှ် ထိသေ အဆိပ်လူးထားတဲ့ မြားတွေရှိတယ်၊ အဲဒီမြားတွေနဲ့ ချောင်း





ပစ်ရင် ထိတာနဲ့ သေတာပဲ၊ ကျုပ်သဘော ပြောရရင်တော့ ဒီနယ်မှာ လေးစားတဲ့ လူတစ်ယောက်တော့ ရှိတယ်၊ သူ့ကို တွေ့ပြီး အကူအညီ တောင်းကြည့်ရင်တော့ အဆိုးထဲက အကောင်းတစ်ခုတော့ ဖြစ်လာနိုင်တယ်"

ဟု အကြံပေးသည်။

"အဲဒီလူက ဘယ်သူလဲ"

"မင်းထင်ကျော် ဆိုတဲ့ လူပါ၊ သူက တောင်ပေါ်မှာ နေတယ်၊ သူ့စကားကိုတော့ တစ်ရွာလုံးက နားထောင်ကြတယ်"

"သူနဲ့ ဘယ်လို တွေ့လို့ရမလဲ၊ ကျုပ်တို့ကိုတောင် ဒီအိမ်ထဲမှာ အကျယ်ချုပ် သဘောမျိုးနဲ့ နေရတာ"

"တကယ်လို့ သူနဲ့တွေ့ချင်ရင်တော့ ကျုပ် စီစဉ်ပေးပါ့မယ်၊ ဒါထက် ခင်ဗျားတို့အုပ်စုထဲက ဘယ်သူလိုက်မှာလဲ"

ဟု မေးလိုက်သောအခါ ဘယ်သူမှ မလိုက်ဝံ့တော့ပေ။

ဦးထွန်းဖဲက သူ့အကြောင်းနှင့်သူမို့ ဒေါက်တာမင်းထင်ကျော်နှင့် မတွေ့ဝံ့သလို ကျန်နှစ်ယောက်ကလည်း မတွေ့ချင်ကြပေ။

"ကျွန်မ လိုက်ခဲ့ပါ့မယ်"

မြနှင်းဖြူက ရဲရဲဝံ့ဝံ့ ဝင်ပြောလိုက်ရာ အားလုံးက တအံ့တသြ ဖြစ်သွားကြသည်။

"ဟင်... သမီးလိုက်သွားမယ် ဟုတ်လား ဖြစ်ပါ့မလား သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းဖံက စိုးရိမ်တကြီး ဝင်ပြောလိုက်သည်။

"ဖြစ်ပါတယ် ဖေဖေ၊ သမီး သူနဲ့ တစ်ကြိမ်တွေ့ပြီး ပါပြီ၊ ဒေါက်တာမင်းထင်ကျော် ဆိုတဲ့လူဟာ ဒီလောက် ဆိုးဝါးတဲ့ လူတစ်ယောက် မဟုတ်ပါဘူး။ သမီး လိုက်သွားလိုက် ပါ့မယ်"

ဟု ပြောသောအခါ ဦးထွန်းဖံမှာ မတားသာတော့ပေ။

ထို့နောက်...

ဦးဘသာ ကိုယ်တိုင် ဦးထန်ဖုန်းရှိန်အား အကျိုး အကြောင်း ခွင့်ပန်ပြီးနောက် သူကိုယ်တိုင် ဒေါက်တာမင်းထင် ကျော်တို့ စခန်းရှိရာသို့ လိုက်ပို့ပေးလေသည်။

စခန်းသို့ ရောက်သောအခါ ဒေါက်တာမင်းထင်ကျော် တို့ တစ်တွေ တောင်ပေါ်တက်သွားသောကြောင့် မတွေ့ရပေ။

သို့ကြောင့်... စခန်းကနေ စောင့်ကြရသည်။

ထိုစခန်းမှာရှိသော လူရွယ်တစ်ယောက်က...

"အစ်မလေးတို့က ချည့်သည့်ထင်ပါရဲ့၊ အပေါ်ထပ် တက်ပြီး နားနေနိုင်ပါတယ်"

ဟု ပြောသဖြင့် ဦးဘသာကို အောက်ထပ်မှာ နေရစ် ခဲ့ပြီး မြနှင်းဖြူ တစ်ယောက်တည်း အပေါ်ထပ်သို့ တက်လာ ခဲ့သည်။

တဲကြီးမှာ တောင်ထန်းရွက်များ မိုး၍ ဝါးကပ်များ ကာရံထားပြီး ကြမ်းပြင်ကိုလည်း ဝါးဘိုးဝါးများခွဲ၍ ခင်းထား သော်လည်း အတော်ကလေးတော့ သပ်သပ်ရပ်ရပ် ရှိလှသည်။





အပေါ်ထပ်မှာ ဒေါက်တာမင်းထင်ကျော်နေသော နေရာ ဖြစ်ပြီး တဲနံရံတွင် ကျားခေါင်း၊ ကျားသစ်ခေါင်း၊ ပြောင်နှင့် ဓိုင်ချိုများ၊ ကျားသားရေ၊ ကျားသစ်သားရေ၊ ဝံသားရေ များကို လှပစွာ ချိတ်ဆွဲထားသည်။ ထို့ပြင် ရစ်အမြီး၊ ဒေါင်း အမြီး၊ တောင်ပေါ်ငှက်ကြီးတို့၏ အမွေးအတောင်များကိုလည်း သူ့နေရာနှင့်သူ လှပ,အောင် ချိတ်ဆွဲထားသည်။

တဲ၏ တောင်ဘက် ထရံအနီးမှာတော့ သေနတ်များ တင်ရန် စင်တစ်စင်ရှိပြီး ပြောင်းတို၊ ပြောင်းရှည် သေနတ် များကို သူ့နေရာနှင့်သူ စနစ်တကျ ထားသည်ကို တွေ့ရ သဖြင့် အနည်းငယ် အံ့ဩသွားသည်။

ခေါင်းရင်းဘက်မှာတော့ သစ်သားဖြင့် အကြမ်းရိုက် ထားသော စာအုပ်စင် တစ်စင်ရှိပြီး စင်ပေါ်မှာ အင်္ဂလိပ်၊ မြန်မာ စာအုပ်စာတမ်းများနှင့် ဘူမိဗေဒ ဘာသာရပ်နှင့် သက်ဆိုင်သော သုတေသန မှတ်တမ်းများကို အင်္ဂလိပ်ဘာသာ ဖြင့် ရေးမှတ်ထားသည်ကိုလည်း တွေ့ရလေသည်။

မြနှင်းဖြူက စင်ပေါ်မှ အနက်ရောင် သားရေအဖုံးနှင့် စာအုပ်တစ်အုပ်ကို တွေ့သဖြင့် လှမ်းယူလိုက်ရာ အတွင်းမှ ဓာတ်ပုံတစ်ပုံ ထွက်ကျလာသည်။

ကောက်ယူ ကြည့်လိုက်သောအခါ ဝက္ကသိုလ်ကျောင်း ရှေ့တွင် ရိုက်ထားသော ဓာတ်ပုံဖြစ်ပြီး ဓာတ်ပုံထဲမှာ သူ့အစ်မ မြသင်းကြူနှင့် ဒေါက်တာ မင်းထင်ကျော်တို့၏ ပုံကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဓာတ်ပုံမျိုးက သူ့အစ်မ မြသင်းကြူထံမှာ တစ်ပုံ ရှိလေသည်။

ထိုအချိန်မှာ အောက်ဘက်မှ လူသံများ ကြားရသောကြောင့် ဓာတ်ပုံကို စာအုပ်ထဲပြန်ထည့်၍ စာအုပ်စင်ပေါ် ပြန်တင်ကာ ဟန်မပျက် ထိုင်နေလိုက်သည်။

ခဏကြာတော့ အပေါ်သို့ လူတစ်ယောက် တက်လာသည်။

ဒေါက်တာမင်းထင်ကျော် ဖြစ်သည်။

သူက မြနှင်းဖြူကို မြင်တော့ ပြုံး၍ နှုတ်ဆက်သည်။

"ရောက်နေတာ အတော်ကြာပြီလား"

"သိပ်တော့ မကြာသေးပါဘူးရှင်"

"အေးဗျာ... ဒီနေ့မှ တောထဲမှာ သတ္တုကြောရှိတဲ့နေရာကို သုတေသနလုပ်ရင်း ကောက်ကာငင်ကာ ဆိုသလို နေမကောင်းဖြစ်လာလို့ အပြန် နည်းနည်း နောက်ကျသွားတယ်"

"တော်တော် နေမကောင်း ဖြစ်နေလားဟင်"

"အအေးပတ်ပြီး အဖျားဝင်ချင်တာနဲ့ တူပါတယ်၊ ဒီရက်ထဲမှာ နည်းနည်းပင်ပန်းတာလည်း ပါ,ပါတယ်"

ဒေါက်တာမင်းထင်ကျော်က သိပ်အရေးမကြီးဟန်ဖြင့် ပခုံးတွင် လွယ်ထားသော သေနတ်နှင့် ကျောပိုးအိတ်ကို သူ့နေရာတွင် နေသားတကျ ပြန်ထားရင်း မြနှင်းဖြူအနီးသို့ လျှောက်လာပြီး ထိုင်သည်။





"ကျွန်မက ဆရာဝန်တစ်ယောက်ပါ၊ ကိုမင်းထင်ကျော်ကို နည်းနည်းလောက် ကြည့်ပေးလို့ရမလား"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ခဏနေရင် ဆေးတစ်ခွက်လောက် သောက်လိုက်ရင် ပျောက်သွားမယ် ထင်ပါတယ်"

"ဒီလို ဆေးသောက်ရုံနဲ့ မပျောက်တဲ့ ရောဂါမျိုးဆိုရင် စနစ်တကျ ကုသမှ ရမှာပါ၊ ဒီလို တောထဲ တောင်ထဲမှာ ရောဂါတစ်ခု အစ,ပြုလာရင် အမြန်ဆုံးကုသမှ ကောင်းပါတယ်၊ အားမနာပါနဲ့ရှင်... အခုလို ကြုံကြိုက်တုန်း ကျွန်မ ကြည့်ပေးပါရစေ"

ဟု ခွင့်တောင်းသဖြင့် ဒေါက်တာမင်းထင်ကျော်က ၎င်း၏ ဆေးသေတ္တာကို ယူပေးလိုက်သည်။

ဆေးသေတ္တာထဲမှာ ဆေးဝါးအစုံအလင် ရှိနေသည်။ အပြင် နားကြပ်၊ သွေးပေါင်ချိန် ကိရိယာ၊ အပူချိန်တိုင်း ကိရိယာ၊ ဆေးထိုးအပ်၊ ခွဲစိတ်ကိရိယာများပါ အစုံအလင် တွေ့ရသောကြောင့် မြနှင်းဖြူမှာ အံ့သြသွားလေသည်။

"ဒီပစ္စည်းတွေက ကျွန်တော့်သူငယ်ချင်း ဒေါက်တာ တစ်ယောက်ဆီက ယူထားတာပါ၊ တောထဲ တောင်ထဲမှာ ဆိုတော့ ဆရာဝန် မရှိဘူးလေ၊ ကိုယ်ပဲဖြစ်ဖြစ်၊ ကိုယ့်အဖွဲ့ သားတွေပဲဖြစ်ဖြစ် ဒီလိုပဲ ကုသပေးရတာပဲ"

ဟု ပြောပြလေသည်။ ထို့နောက်...

မြနှင်းဖြူက ဒေါက်တာမင်းထင်ကျော်ကို စမ်းသပ် စစ်ဆေးပြီး ဆေးတစ်လုံး ထိုးပေးလိုက်သည်။



www.burmeseclassic.com

"ကျေးဇူးပါပဲဗျာ... ဒါထက် မြနှင်းဖြူတို့က ကျွန်တော့်ဆီကို တကူးတကလာတာ ဘာကိစ္စများ ရှိလို့ပါလဲ"

"ကျွန်မ ဒီကိုလာတာ တခြားတော့ မဟုတ်ပါဘူး။ ကိုမင်းထင်ကျော်ဆီက အကူအညီ တစ်ခုလောက် လိုချင်လို့ပါပဲ"

"ဘယ်လို အကူအညီများပါလိမ့်"

မြနှင်းဖြူက မောင်မောင်ဇော်နှင့် ကျော်ဝေတို့နှစ်ယောက် အရိုးတောင်ပေါ် တက်ကြပြီး လူနှစ်ယောက် သေဆုံးခဲ့ခြင်းနှင့် ပတ်သက်၍ အင်ကြင်းမြောင် ရွာသားများနှင့် ပြဿနာဖြစ်ကာ ယခုအခါ မိမိတို့အား ရွာတွင်းမှ ထွက်ခွင့်မပေးဘဲ အကျယ်ချုပ်နှင့်ထားပြီး လျော်ကြေးတောင်းရန် စီစဉ်နေကြောင်း ပြောပြလိုက်သည်။

"အဲဒါ ကိုမင်းထင်ကျော်အနေနဲ့ ကျွန်မတို့ကို တဆိတ်လောက် အကူအညီပေးနိုင်ရန် ပေးဖို့ ကျွန်မ လာခဲ့တာပါရှင်"

"အေးဗျာ... ကရင်လူမျိုးတွေဆိုတာ သူတို့ရဲ့ ယုံကြည်မှုနဲ့ ပတ်သက်ပြီး အဓော့ကို အစွဲအလမ်း ကြီးကြတယ်၊ သူတို့က တစ်ခုခုကို ယုံကြည်မိရင် ဘယ်လို အရာမျိုးနဲ့မှ မလဲတတ်ကြဘူး။ အရိုးတောင်ဆိုတာ သူတို့လူမျိုးတွေရဲ့ အလေးအမြတ်ထားရာ နေရာပဲ၊ အဲဒီနေရာနဲ့ ပတ်သက်လာရင် သည်းခံလေ့ မရှိကြဘူး"

"ကျွန်မတို့လည်း အဲဒါကြောင့် အခက်တွေ့နေတာပေါ့။ အခုဆိုရင် ရွာထဲကနေ အပြင်ကို ထွက်ခွင့်မပေးတော့ဘူး။





အဲဒါ ဘယ်လိုလုပ်ရင် ကောင်းမလဲလို့ ကိုမင်းထင်ကျော် အနေနဲ့ အကူအညီပေးနိုင်ရင် ပေးပါရှင်"

ဟု မြနှင်းဖြူက ငိုမဲ့မဲ့ မျက်နှာလေးနှင့် ပြောနေရာ ဒေါက်တာမင်းထင်ကျော်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ကျွန်တော် တတ်နိုင်သမျှ အကူအညီ ပေးပါ့မယ်၊ မြနှင်းဖြူတို့ကို ရွာထဲက ထွက်ခွင့်ရအောင် ကျွန်တော် လုပ်ပေးပါ့မယ်၊ ဒါပေမယ့် ရွာထဲက ထွက်ပြီးတာနဲ့ သင်္ချိုင်းကြောတွေကို ဆက်မရှာဘဲ အမြန်ဆုံး မြို့ပြန်ရောက်အောင်လုပ်မှ ဖြစ်မယ်၊ ဒီနယ်မှာဆက်နေရင်တော့ အန္တရာယ်က တစ်နေ့မဟုတ် တစ်နေ့ ရောက်လာမှာပဲ"

"ဒီလောက် အကူအညီပေးတာ ကျေးဇူးတင်ပါတယ် ကိုမင်းထင်ကျော်ရယ်၊ ကျွန်မ မေမေ့ကို ပြောပြီး ဒီကနေ အမြန်ဆုံး ပြန်နိုင်အောင် စီစဉ်ပါ့မယ်"

"ဒီလိုဆိုရင် ဒီကနေ့တော့ အချိန်မရှိတော့ဘူး၊ နောက်တစ်နေ့ရောက်ရင် ကျွန်တော်ကိုယ်တိုင် အင်ကြင်းမြောင်ရွာကို လိုက်ခဲ့ပါမယ်။ ဘာမှ စိတ်မပူပါနဲ့"

"ကျေးဇူးတင်လိုက်တာ ကိုမင်းထင်ကျော်ရယ်"

ထိုနေ့ညပိုင်းက ဒေါက်တာမင်းထင်ကျော်တို့ အိမ်မှ ချက်ပြုတ်ကျွေးမွေးသော ညစာကို စားသောက်ကြပြီးသောအခါ မြနှင်းဖြူပါ ထိုစခန်းမှာ အိပ်ကြရလေသည်။

www.burmeseclassic.com



ညဦးပိုင်းအချိန် ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်က ၎င်း၏ ပစ္စည်းအချို့ကို ယူပြီး အောက်သို့ဆင်းရန်ပြင်နေသည်ကို မြင်သဖြင့် မြနှင်းဖြူက…

"ကိုမင်းထင်ကျော် ဘယ်ကို သွားမလို့လဲ"

"ကျွန်တော် အောက်ထပ်ကို ဆင်းအိပ်ပါ့မယ်၊ မြနှင်းဖြူ အပေါ်မှ လွတ်လွတ်လပ်လပ် အိပ်ပါ"

"မဟုတ်တာရှင်… ရှင်က နေမကောင်းတဲ့လူ၊ ဆင်းခြင်းဆင်းရင် ကျွန်မပဲ အောက်ဆင်းအိပ်ပါ့မယ်"

"မိန်းမသားတစ်ယောက်တည်း အောက်ထပ်မှာ အိပ်လို့ မသင့်လျော်လို့ပါ၊ အပေါ်မှာပဲ အိပ်ပါ"

"ဒီလိုဆိုရင် ရှင်လည်း မဆင်းနဲ့တော့၊ ဒါမှ ညဘက်ရောဂါ အခြေအနေ တစ်ခုခု ထူးခြားရင် ကျွန်မ ပြုစုပေးလို့ရမှာပေါ့"

မြနှင်းဖြူက ဖွင့်ပြောလိုက်သောအခါမှ ဒေါက်တာမင်းထင်ကျော်ကလည်း လက်ထဲမှ ပစ္စည်းများကို ပြန်ချထားလိုက်သည်။ ထို့နောက်…

မြနှင်းဖြူအတွက် စောင်၊ ခြင်ထောင်၊ ခေါင်းအုံးများကို ပေးကာ သူကတော့ စာအုပ်စင်ရှေ့မှာ မြက်ဖျာတစ်ချပ်ခင်းကာ သက္ကလပ်စောင် တစ်ထည်ကို ခေါင်းမြီးခြုံကာ သွားအိပ်လေတော့သည်။

မြနှင်းဖြူမှာ ရိုးသားပွင့်လင်းသော ဒေါက်တာမင်းထင်ကျော်၏ စိတ်သဘောထားကို အနီးကပ် တွေ့ရသောအခါ





အစ်မဖြစ်သူ မြသင်းကြူအတွက် စိတ်မကောင်း ဖြစ်မိလေသည်။

မြသင်းကြူမှာ အားကိုးထိုက်သော ယောကျာ်း တစ်ယောက်၏ ကြင်နာမှုကို မရခဲ့ဘဲ အကြင်နာကင်းမဲ့သော ယောကျာ်းတစ်ယောက်၏ နှိပ်စက်မှုကိုသာ ရခဲ့သဖြင့် ဘဝမှာ နာလန်မထူနိုင်အောင် ဖြစ်သွားခဲ့ရရှာသည်။

ထိုကဲ့သို့ ဖြစ်ခဲ့ရသဖြင့် သူမတစ်ယောက်တည်း ခံရသည်မဟုတ်ဘဲ ကိုမင်းထင်ကျော်လို ပညာတတ် လူတော် လူကောင်း တစ်ယောက်၏ ဘဝပါ ပျက်စီး ဆုံးရှုံးခဲ့ရပေသည်။

ထိုညက မြနှင်းဖြူအတွက် အတွေးများဖြင့် လုံးထွေးကာ တော်တော်နှင့် အိပ်မပျော်နိုင်အောင် ဖြစ်ရလေသည်။

တဲကယ်တော့…

သောက အပူဆိုသည်မှာ ကာယကံရှင်များထက် ဘေးမှလူကိုပါ ကူးစက်တတ်သော သဘော ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၈ )

# သိဒ္ဓိပေါက်အောင် ရေသောက်နည်း

မေ့ခန် အိပ်ပျော်သွားစဉ် နားထဲမှာ ညည်းညူသံလိုလို ကြားလိုက်ရသဖြင့် ပြန်နိုးလာသည်။

အသေအချာ နားထောင်ကြည့်တော့ စာအုပ်စင်ရှေ့မှာ အိပ်နေသော ဒေါက်တာမင်းထင်ကျော်ထံမှ တအင်းအင်းနှင့် ညည်းသံဖြစ်မှန်း သိသဖြင့် နေရာမှ ထ,လိုက်သည်။

"ဒီလူတော့ အပူတွေတက်ပြီး ဖျားနေပြီနဲ့ တူတယ်"

ဟု တွေးကာ ထိုနေရာသို့ အသာ လျှောက်သွားသည်။

အနားရောက်၍ ငုံ့ကြည့်လိုက်တော့ တအင်းအင်း တအဲအဲနှင့် ညည်းညူကာ အဖျားတက်နေသည်ကို တွေ့ရ





သဖြင့် ဆေးသေတ္တာကိုယူ၍ ဓာတ်ဘူးထဲမှ ရေနွေးကို အသုံးပြုပြီး ဆေးတစ်လုံး တိုက်ပေးလိုက်သည်။

ထိုသို့ ဆေးတိုက်ပေးလိုက်စဉ် ဒေါက်တာမင်းထင်ကျော် လက်တစ်ဖက်က သူမလက်ကို လှမ်းရောက် ဆုပ်ကိုင်ထား လေသည်။

"အို... သူ့လက်တွေ ခြစ်ခြစ်တောက် ပူနေပါလား။ သူတော့ မသက်သာဘူးနဲ့ တူတယ်"

ဟု တွေးကာ မိမိအတွက် ပေးထားသော စောင်နှင့် ခြင်ထောင်များကို ဖြုတ်ယူလာပြီး ဒေါက်တာမင်းထင်ကျော် ကိုယ်ပေါ်သို့ ခြုံပေးလိုက်သည်။

ဒေါက်တာမင်းထင်ကျော်က သူမ လက်တစ်ဖက်ကို မလွှတ်တမ်း ဆုပ်ကိုင်ထားရင်း ပါးစပ်မှလည်း ကယောင် ကတမ်း ပြောဆိုနေလေသည်။

"မြ... သိပ်ရက်စက်တယ်၊ မြ... သိပ်ရက်စက်တယ်၊ ကိုယ့်ဘဝ ကိုယ့်တစ်သက်မှာ မြ တစ်ယောက်တည်းကိုသာ အချစ်ဆုံးဆိုတာ သိရက်နဲ့ကွယ်... ခုတော့ ရက်ရက်စက်စက် လုပ်ရက်တယ်"

ဟူသော စကားများကို မသဲမကွဲ ကြားနေရသဖြင့် စိတ်မကောင်း ဖြစ်မိလေသည်။ တောထဲ တောင်ထဲမှာ စိတ်ကြမ်း၊ လူကြမ်း၊ ဘဝ ကြမ်းကြမ်းဖြင့် နေထိုင်သော လူတစ်ယောက်၏ ရင်ထဲမှာ နူနယ်သိမ်မွေ့သော ခံစားမှုများ ရှိနေသည်ကို သိခွင့်ရသဖြင့် စိတ်မကောင်း ဖြစ်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းထင်ကျော်ရယ်... ရှင့်ရင်ထဲမှာ ဘယ်လောက် ခံစားနေရတယ် ဆိုတာ သိရတော့ ကျွန်မ စိတ်မကောင်းပါဘူး။ ရှင်ခံစားနေရသလို ရှင့်ရဲ့ချစ်သူ မြသင်းကြူ တစ်ယောက် မှာလည်း ဘဝပျက်လောက်အောင် ခံစားနေရပါတယ်၊ ရှင်တို့ ချစ်သူနှစ်ယောက်ရဲ့ ဘဝကို ကျွန်မ စာနာ သနားမိပါတယ်"

ဟု တိုးတိုးလေး ရေရွတ်နေလေသည်။ ထိုညက တစ်ညလုံးလိုလို ဒေါက်တာမင်းထင်ကျော် အနားမှာ ထိုင်ပြီး ပြုစုနေရသဖြင့် မြနှင်းဖြူ တစ်ယောက် တစ်ညလုံး မအိပ် လိုက်ရပေ။

နောက်တစ်နေ့ နံနက်လင်းမှ ဦးမွန်ထော်က...

"ညက ဆရာလေး အတော် နေမကောင်းဖြစ်တာပဲ၊ တစ်ညလုံးကို ညည်းညူနေတော့တာပဲ၊ ဒီမိန်းကလေးက လည်း တစ်ညလုံးမအိပ်ဘဲ ပြုစုပေးရတယ် ထင်ပါရဲ့၊ ကျုပ် စိတ်မချလို့ အပေါ်တက်ကြည့်တိုင်း ဆရာလေးအနားမှာ ထိုင်စောင့်နေတာကိုပဲ တွေ့ရတယ်"

ဟု ပြောပြတော့မှ ဒေါက်တာမင်းထင်ကျော်မှာ မြနှင်း ဖြူအတွက် အားတုံ့အားနာ ဖြစ်သွားလေတော့သည်။

"အေးဗျာ... မြနှင်းဖြူ ရောက်တဲ့ အခိုက်ကျမှ ကျွန်တော်ကလည်း တိုက်တိုက်ဆိုင်ဆိုင် နေမကောင်းဖြစ်နေ တယ်၊ အားနာစရာ ကောင်းလိုက်တာ"

"ရပါတယ် ကိုမင်းထင်ကျော်ရယ်... ဒါတွေကို စိတ် ထဲမှာ မထားပါနဲ့၊ နေကောင်းအောင်သာ ကြိုးစားပါ"





"ဒီပုံအတိုင်းဆိုရင် ကျွန်တော်ကတော့ အင်ကြင်း မြောင်ရွာအထိ လိုက်နိုင်မယ် မထင်ဘူး။ ဒီတော့ ကျွန်တော် စာရေးပြီး အဘထော်ကို ထည့်ပေးလိုက်ပါ့မယ်၊ မြနှင်းဖြူတို့ ပြန်ချင်ပြန်ကြပါ"

ဟု ပြောသောအခါ မြနှင်းဖြူက–

"ကျွန်မ မပြန်သေးပါဘူး၊ ကိုမင်းထင်ကျော် နေကောင်း မှပဲ ပြန်ပါတော့မယ်"

ဟု ပြောလိုက်သောအခါ ဒေါက်တာ မင်းထင်ကျော် တအံ့တသြ ဖြစ်သွားလေသည်။

"ဟင်... ဖြစ်ပါ့မလား၊ တော်ကြာ ဟိုမှာကျန်နေတဲ့ လူတွေက စိတ်ပူနေကြလိမ့်မယ်"

"ကျွန်မ ဦးဘသာကို ပြန်လွှတ်ပြီး အကျိုးအကြောင်း ပြောခိုင်းလိုက်ရင် ရပါတယ်၊ ကိုမင်းထင်ကျော် ရောဂါအခြေ အနေက ဂရုတစိုက်မကုရင် မဖြစ်နိုင်ဘူး"

"ကျေးဇူးတင်ပါတယ် မြနှင်းဖြူရယ်၊ အရင်ကလည်း ဒီလိုဖြစ်ရင် ဖြစ်သလိုပဲ ကိုယ့်ဘာသာ ကုရတာပါပဲ"

"ဆရာဝန်တစ်ယောက်ရဲ့ ရှုထောင့်ကပြောရရင် ကိုမင်း ထင်ကျော် ရောဂါက ပေါ့ပေါ့ကုရင် အမြစ်တွယ်သွားနိုင်တယ်၊ ငှက်ဖျားရောဂါဆိုတာ နားလည် ကျွမ်းကျင်တဲ့ ဆရာဝန် တစ်ယောက်နဲ့ ကုသတာ ပိုကောင်းပါတယ်၊ နောက်ပြီး ကိုမင်းထင်ကျော် မပါဘဲနဲ့တော့ ကျွန်မ အင်ကြင်းမြောင်ရွာ ကို မပြန်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဟင်"

"အဲဒီရွာက လူတွေကို ကြောက်တယ်"

ထိုစကား ကြားသောအခါ ဒေါက်တာမင်းထင်ကျော်မှာ မြနှင်းဖြူကို ကြည့်ပြီး သနားသွားလေသည်။

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့ မြနှင်းဖြူ၊ မြနှင်းဖြူတို့ မွဲတစ်ပေါက် မစွန်းရအောင် ကာကွယ် စောင့်ရှောက်ပေးပါ့မယ်လို့ ကျွန်တော် ကတိပေးပါတယ်"

"ကျွန်မ ဝမ်းသာလိုက်တာ ကိုမင်းထင်ကျော်ရယ်"

မြနှင်းဖြူက အသံကလေး ကတုန်ကယင်ဖြင့် ပြောလိုက်လေသည်။ သို့စကာမူ နောက်ထပ် တစ်ရက် နှစ်ရက်လောက်ကြာသည်အထိ ဒေါက်တာမင်းထင်ကျော် အခြေအနေမှာ သိပ်မကောင်းလှသေးသောကြောင့် မြနှင်းဖြူမှာ မပြန်နိုင်သေးဘဲ ဦးဘသာ တစ်ယောက်သာ ပြန်သွားလေတော့သည်။

အင်ကြင်းမြောင် ရွာသူ ရွာသားများကလည်း ဒေါက်တာမင်းထင်ကျော် ကိုယ်တိုင် လာရောက် ဆုံးဖြတ်ပေးမည် ဆိုသောကြောင့် ဦးထွန်းဖေတို့အား မည်သို့မှ မလုပ်ကြသေးပေ။

သို့သော်လည်း ရွာထဲကတော့ ထွက်သွားခွင့် မပြုသေးပေ။ ဦးထွန်းဖေကတော့ သမီးဖြစ်သူ တစ်ယောက်တည်း တောထဲ တောင်ထဲမှာ သူစိမ်းယောကျ်ားများဆီ ရောက်နေသည် ဆိုသော်လည်း မတော်လိုက်ရသော သားမက်ဆီသို့ ရောက်နေသည် ဆိုသောကြောင့် အနည်းငယ် စိတ်သက်သာရာ ရနေလေသည်။





ယခုအခြေအနေသည် သူတို့အားလုံး၏ ကံကြမ္မာသည် ဒေါက်တာမင်းထင်ကျော် လက်ထဲမှာရှိသောကြောင့် အကယ်၍ သမီးဖြစ်သူနှင့် ငြိစွန်းသွားခဲ့လျှင်တောင်မှ သူ့အနေနှင့် သည်တစ်ကြိမ်မှာ ငြင်းပယ်တော့မည် မဟုတ်ပေ။

ထိုရက်အတွင်း၌ မြနှင်းဖြူသည် ဒေါက်တာမင်းထင်ကျော်တို့ စခန်းတွင် ရောက်နေခိုက် ၎င်းအား ပြုစုကုသပေးရင်းမှပင် ရင်းနှီးခင်မင်မှု ရသွားကြလေသည်။

"ကျွန်မက ဆရာဝန်တစ်ယောက် ဆိုတော့ ကျွန်မအမြင်နဲ့ ပြောရရင်တော့ ကိုမင်းထင်ကျော်တို့နေတဲ့ ရိုးမတောထဲမှာ ရောဂါဖြစ်နိုင်စရာ အကြောင်းအချက်တွေ အများကြီးတွေ့ရတယ်၊ အဲဒီမှာမှ အဓိက အကျဆုံးက ရေပဲလေ"

"ရေက ဘာဖြစ်လို့လဲ မြနှင်းဖြူ"

"အများအားဖြင့်တော့ ရေက သုံးရေပဲဖြစ်ဖြစ်၊ သောက်ရေပဲဖြစ်ဖြစ် ရောဂါပိုးကို အများဆုံးဖြစ်နိုင်တယ်လေ၊ တောထဲက ရေမှာ ရောဂါပိုးတွေ အများကြီး ပါတာပေါ့"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က တစ်ချက်ပြုံးလိုက်ပြီး...

"တောထဲက ရေပဲဖြစ်ဖြစ်၊ မြို့ကရေပဲဖြစ်ဖြစ် ရေကို သုံးတတ်ရင် ဆေးဖြစ်ပြီး မသုံးတတ်ရင်တော့ ဘယ်ရေပဲသုံးသုံး ဘေးဖြစ်နိုင်ပါတယ်"

ဟု ပြောလိုက်သောအခါ မြနှင်းဖြူမှာ အံ့ဩသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘယ်လို အဓိပ္ပာယ်လဲဟင်"

"ရေဆိုတာ မရှိမဖြစ် လိုအပ်တဲ့ပစ္စည်း ဖြစ်ပေမယ့် မသုံးတတ်ရင် ဘေးဖြစ်ပြီး သုံးတတ်ရင် ဆေးဖြစ်ပါတယ်၊ ရေချိုးလို့ ကြည်လင် လန်းဆန်းမှု ဖြစ်နိုင်သလို ရေချိုးမှား လို့လည်း သေနိုင်ပါတယ်"

"ဟင်..."

"ရေမသောက်တတ်ရင် ဘေးဖြစ်ပြီး သောက်တတ်ရင် ဆေးဖြစ်ရုံမကဘူး၊ သိဒ္ဓိပေါက်လမ်းစဉ်အထိ ရောက်နိုင်ပါတယ်"

"အဲဒီလောက်တော့ ကျွန်မ မသိတော့ဘူး၊ ကိုမင်းထင်ကျော် နည်းနည်းလောက် ရှင်းပြပေးပါလား"

"ဂျပန်နိုင်ငံမှာ ရောဂါ ကင်းရှင်းရေး အသင်းကြီးက ရေသောက်နည်းဆိုတဲ့ စာအုပ်တစ်အုပ် ထုတ်ဝေထားတာ ရှိပါတယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဂျပန်ဘာသာနဲ့ ထုတ်ဝေထားတာပါ၊ အဲဒီစာအုပ်ထဲမှာ ရေကို စနစ်တကျ သောက်ရုံနဲ့ ပျောက်ကင်းနိုင်တဲ့ ရောဂါတွေကို ဖော်ပြထား ပါတယ်"

"ပြောပြပါဦး"

"ရေသောက်ခြင်းကြောင့် သွေးဖိအားတိုး ရောဂါ၊ သွေးအားနည်းခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ခါးကိုက်ခြင်း၊ အကြောအချဉ်၊ အရိုး,အဆစ်,အမြစ် ကိုက်ခဲခြင်း၊ လေရောဂါအမျိုးမျိုး၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်





အောက်သို့လျောခြင်း၊ ဝမ်းပျက်ခြင်း၊ ဝမ်းဖောဝမ်းရောင် ဖြစ်ခြင်း၊ ဝမ်းချုပ်ခြင်း စတဲ့ ဝေဒနာတွေကို ပျောက်စေနိုင် ပါတယ်"

"အများကြီးပါလား"

"ကျန်ပါသေးတယ်၊ အသည်းရောဂါ၊ ကျောက်ကပ် ရောဂါ၊ ဆီးကျောက်တည်ခြင်း၊ ဆီးချိုရောဂါ၊ လေဖြတ်ခြင်း၊ ကိုယ်တစ်ခြမ်းသေခြင်း၊ ဝလွန်းခြင်း၊ ပိန်လွန်းခြင်း၊ နှလုံး တုန်ခြင်း၊ မောပန်းခြင်း၊ ခြေလက်ချည့်နဲ့ခြင်း၊ ချောင်းဆိုး ပန်းနာ ရင်ကျပ်ရောဂါ၊ လည်ချောင်းနာ၊ အဆုပ်ရောဂါ၊ ဦးနှောက်ရောဂါ၊ နာခေါင်းရောဂါ၊ အသက်ရှူကျပ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ မျက်[illegible]ခြင်း၊ မျက်လုံးအားနည်းခြင်း၊ မျက်လုံးနီခြင်း၊ မျက်လုံးမှသွေးထွက်ခြင်း၊ နားအူခြင်း၊ ဓမ်းယပ် မမှန်ခြင်း၊ သားအိမ်ကင်ဆာ၊ သားမြတ်ကင်ဆာ စတဲ့ ရောဂါ တွေကို ရေတစ်မယ်တည်း စနစ်တကျ သောက်ရုံနဲ့ ပျောက် ကင်းတယ်လို့ ဖော်ပြထားပါတယ်"

"အံ့သြစရာပဲ"

"အသက် ၆၈ နှစ်ရှိတဲ့ ဂျပန် အဘိုးကြီးတစ်ယောက် ရဲ့ ပြောပြချက်အရ သူ့အသက် ၂၀ လောက်က အစာအိမ် ရောဂါ စ,ဖြစ်တာ အသက် ၃၀ ကျော်လောက်အထိ မပျောက် ဘူး၊ ဆရာဝန် ငါးဦးလောက်နဲ့ အမျိုးမျိုး ပြသခဲ့မယ် ကုပေမယ့် ရောဂါက မပျောက်ခဲ့ဘူး၊ နောက်တော့ ခင်မင်တဲ့ ဆရာဝန်ကြီးတစ်ယောက်က ခင်ဗျားရောဂါနဲ့ သင့်တဲ့ နည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးတော့ရှိတယ် စမ်းကြည့်ပါလို့ ပြောပြီး ရေတစ်မယ်တည်းကိုပဲ သောက်ရမယ့်နည်းတွေကို ပြောပြတယ်"

"ဟုတ်ကဲ့"

"သူလည်း ဆရာဝန်ကြီး ညွှန်ကြားတဲ့အတိုင်း ပြုလုပ်တဲ့အခါ ပထမနေ့မှာ တစ်နာရီအတွင်း ဆီးသုံးကြိမ်သွားတယ်၊ ဒုတိယနေ့ရောက်တော့ ဝမ်းသွားတဲ့အခါ အစာအိမ်ထဲက ရောဂါအညစ်အကြေးတွေ ပါလာပြီး ရှင်းသွားတယ်၊ အစားအသောက်လည်း စားသောက်နိုင်တယ်၊ အဲဒီအချိန်ကစပြီး ရောဂါအားလုံး ပျောက်သွားခဲ့ပြီး အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်နီးပါးအထိ ဘာရောဂါမှ မဖြစ်တော့ဘူးလို့ ရေးသားတယ်"

"ဒါပေမယ့် ရေကို စနစ်တကျ သောက်တတ်ဖို့တော့ လိုမယ်ထင်တယ်"

"ဟုတ်ပါတယ်... သောက်ရမယ့်နည်းတွေတော့ ရှိပါတယ်၊ သွေးဖိအားတိုးရောဂါဆိုရင် တစ်လ၊ အစာအိမ်ကျ ရောဂါဆိုရင် သုံးရက်၊ ဝမ်းချုပ်, သွေးဝမ်းသွားတဲ့ ရောဂါကို တစ်ရက်၊ ဆီးလွန် ဓာတ်လွန် ရောဂါဆိုရင် ဘစ်ပတ်၊ ကင်ဆာရောဂါဆိုရင် တစ်လ၊ လေဖြတ်ခြင်းနဲ့ အရေပြားပေါ်မှာဖြစ်တဲ့ ရောဂါတွေအတွက် တစ်လ၊ အဖုအကြိတ်ဆိုရင် နှစ်လ၊ လေဖြတ်ရောဂါကို နှစ်လ၊ ဦးနှောက်သွေးတိုးရောဂါဆိုရင် သုံးလသောက်ရင် ပျောက်တယ်လို့ ရေးသားထားပါတယ်"





"ရေတစ်မယ်တည်းနဲ့ အစွမ်းထက်လှချည်လား"

"ရေသောက်တတ်ရင် သွေးဝမ်းသွားတာကို တစ်ရက်နဲ့ ပျောက်နိုင်ပြီး ကင်ဆာရောဂါလောက်ကို တစ်လလောက်နဲ့ ပျောက်ပါတယ်၊ ဂျပန်ရွှေပေလွှာတစ်ခုမှာ ရေ ရဲ့ ကျပ်သားခန့်ကို နံနက် အိပ်ရာထပြီး မျက်နှာမသစ်မီ၊ သွားမတိုက်ခင် သောက်ရမယ်လို့ ရေးသားထားပါတယ်"

"ဗဟုသုတ ရ စရာပါပဲ ကိုမင်းထင်ကျော်"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ရေနှင့်ပတ်သက်သော အကျိုး အပြစ်များကို အောက်ပါအတိုင်း ဆက်ပြော ပြမြန်သည်။ ရေဟူသော်လည်း အမျိုးမျိုးရှိပေသည်။

တောင်ကျရေ ဖက်စွတ်ရေ ချောင်းရေ မြစ်ရေ စိမ့်စမ်းရေ ကန်ရေ တွင်းရေ ကျောက်တွင်းရေ၊ သဲချောင်းရေ အင်းအိုင်ရေ ကျုံးရေ လယ်ကွက်ရေ ကျောက်စက်ရေ ကျောက်ခွက်တင်ရေ သစ်ခေါင်းတင်ရေ မိုးရေ...

အစရှိသည်တို့ ဖြစ်သည်။

ဆေးကျမ်းများ၌ မြစ်ရေကိုပင် အနောက်သို့ စီးသော ရေ အရှေ့သို့စီးသောရေဟု အကျိုးအပြစ် ခွဲခြားပြလေသည်။ အရှေ့သို့စီးသောရေမှာ ကြေခဲသည်။ လေးသည်ဟု ဖွင့်ပြသည်။ တောင်သို့စီးသောရေမှာ ဒေါသသုံးပါးတို့ကို မျှစွာ မပျက်စီးစေတတ်ဟု ဆိုသည်။

အနောက်သို့ စီးသောရေမှာ ကြေလွယ်စေသည်ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ကျရေများကိုမူ မည်သည့်တောင်မှ ကျသော ရေသည် မည်သို့မည်ပုံ အကျိုးအပြစ် ရှိစေနိုင်သည်ကိုလည်း ဖော်ပြထားပေသည်။ ဝသန္တ ဥတုနှင့် မိုးအခါ ဖက်စွတ်ရေကျ သော အချိန်အခါ၌ မြစ်ရေကို မသောက်ကောင်းပေ။

ကျောက်တွင်းရေကမူ ဝမ်းမီး တောက်စေတတ်သည်။ ကြေလွယ်သည်၊ သလိပ်သည်းခြေကို နိုင်သည်၊ နှုတ်မြိန် စေသည်ဟု ပြသည်။

အင်းအိုင် ရေကတော့ ကြေလွယ်သည်၊ နှုတ်မြိန်စေ သည်၊ အားကိုဖြစ်စေသည်၊ ဆီးဝမ်းချုပ်စေသည်ဟု ပြသည်။ ကန်ရေသည် လေပျက်စေသည်၊ ဆီးဝမ်း ချုပ်စေသည်၊ သွေး၊ သည်းခြေ၊ သလိပ်တို့ကို နိုင်စေသည်။

ကျိုးရေမှာမူ အကယ်၍ နေ့လျှင် သည်းခြေပျက်တတ် သည်။ လေသလိပ်ကို နိုင်သည်ဟု လည်းကောင်း။

အချိုဓာတ်ပိုမူ သလိပ်ပျက်တတ်သည်၊ လေသည်းခြေ ကို နိုင်သည်ဟု ရေးသားထားသည်။

တွင်းရေကမူ နေ့လျှင် လေ,သလိပ်ကိုနိုင်၏။ သည်းခြေ ပျက်စေ၏။ ဝမ်းမီး တောက်စေ၏ဟု ဆိုသည်။

ချိုလျှင် ဒေါသသုံးပါးစလုံးကို နိုင်စေ၏၊ ကြေလွယ်၏၊ သင့်မြတ်၏။ ဖော်ပြထားသော်လည်း အရသာပေါ့သော တွင်းရေကိုမူ အကျိုးအပြစ် မပြပေ။

သဲတွင်းရေကား ကြေလွယ်၏။ သည်းခြေကို နိုင်၏၊ အရသာငန်လျှင် သည်းခြေ ပျက်စေတတ်၏။





လယ်ကွက်၌တင်သော ရေကား အကြောကို လေးလံ စေ၏၊ ကြေခဲ၏။ ဒေါသသုံးပါးကို ပျက်စေတတ်၏။

ကျောက်စက်ရေကား အဆီဩဇာမရှိ အေး၏၊ အမှောင့် ပယောဂကို နိုင်၏၊ အဖျားရောဂါကို နိုင်၏၊ မူလောင်ခြင်း၊ အဆိပ်သင့်ခြင်းကို နိုင်စေတတ်သည်။

ကျောက်ခွက်တင်ရေ သစ်ခေါင်းတင်ရေတို့ကား အထူး ထူးသော ဆေးဘက်တို့တွင် အသုံးဝင်၏၊ ဆေးကြိတ်ရာ၌ အသုံးပြုကြလေ၏။ မိုရေကား မြေသို့ ရောက်သောနေ၌ မသောက်အပ်ပေ၊ သုံးရက်ကျော်မှ သောက်အပ်ပေ၏။

ငုင်းမိုးရေမှာပင် လေငြိမ်သက်၍ မြူတိမ် ကင်းစင်သော အချိန်၌ ရွာသော မိုးရေကား ပို၍အကျိုးရှိပေ၏။

ဟေမန္တ ဥတု–တန်ဆောင်မုန်း၊ နတ်တော်။

သိသိရဥတု–ပြာသို၊ တပို့တွဲလတို့တွင် အင်းအိုင်ရေ တစ်ဖက်ဆည်ကန် ရေတို့မှာ အသုံးပြုသင့်သည်။

ဝသန္တ ဥတု–တပေါင်း၊ တန်ခူး။

ဂိမန္တ ဥတု–ကဆုန်၊ နယုန်လများတွင် ကျောက်အုတ်စီ သော တွင်းရေ ကန်ရေ ကျိုးရေ စိမ့်စမ်းရေများ သင့်မြတ် လှကြောင်း၊ ထိုရာသီ၌ မြစ်ရေမှာ မသင့်ကြောင်း။

ဝသန္တ ဥတု–ဝါဆို ဝါခေါင် နှစ်လ၌ မြေမှမတော် အလိုလိုထွက်သည့် တွင်းရေး မိုးရေများ သင့်ကြောင်း။

သရဒဥတု–တော်သလင်း၊ သီတင်းကျွတ် နှစ်လ၌မူ မြစ်ရေမှာ သုံးရန်သင့်ကြောင်း ဖော်ပြထားသည်။



www.burmeseclassic.com

www.burmeseclassic.com



လပိုင်းဖြင့် အသုံးပြုရန် သင့်မြတ်သောရေတို့မှာ–

၁။ တန်ခူးလ၌ တောတွင်းရှိ အလိုအလျောက်ဖြစ်သော ကျောက်ကြိုကြားတွင်းမှရေ။

၂။ ကဆုန်လ၌ စိမ့်စမ်းရေ၊ ရေတံခွန်။

၃။ နယုန်လ၌ မြေမှ အလိုအလျောက် ထွက်သောရေ။

၄။ ဝါဆိုလ၌ ကျောက်စီ၊ အုတ်စီ၊ တွင်းရေ။

၅။ ဝါခေါင်လ၌ မိုးရေ။

၆။ တော်သလင်းလ၌ ကျောက်စီအုတ်၊ တွင်းရေ။

၇။ သီတင်းကျွတ်လ၌ တောတွင်းရှိ အလိုအလျောက် ဖြစ်သော ကျောက်ကြို ကျောက်ကြားမှရေ။

၈။ တန်ဆောင်မုန်းလနှင့် နတ်တော်လ၌ ကြည်လင် သန့်ရှင်းသော ရေဖျော့သမျှ။

၉။ ပြာသိုလ၌ အင်းအိုင်ရေ။

၁၀။ တပို့တွဲလ၌ တစ်ဖက်ဆည်ကန်ရေ။

၁၁။ တပေါင်းလ၌ ကျောက်စီ၊ အုတ်စီတွင်းရေ

စသည်တို့ ဖြစ်ကြပေသည်။

"ကိုမင်းထင်ကျော်နဲ့ တွေ့မှပဲ ကျွန်မ မသိသေးတဲ့ ဗဟုသုတ အတော်များများကို သိခွင့်ရတော့တယ်၊ အခုလို ပြောပြတော့ ကျေးဇူးတင်ပါတယ်"

"ဒါက သဘောလောက်ပဲ ရှိပါသေးတယ်၊ နောက် အဆင်ပြေတဲ့အခါ ရေနဲ့ပတ်သက်ပြီး ဒီထက်ဆန်းကြယ်တဲ့ ဗဟုသုတတွေကို ပြောပြပါဦးမယ် မြနှင်းဖြူ"





"စောစောက ကိုမင်းထင်ကျော် ပြောတဲ့ စကားထဲမှာ ရေသောက်ပြီး သိဒ္ဓိပေါက်တဲ့အထိ လုပ်လို့ရတယ် ဆိုတာ ဘယ်လိုမျိုးလဲဟင်"

"ရေကို အန္တရာယ်ကင်းအောင် သောက်တဲ့ နည်း ကတော့ မနက်အိပ်ရာက ထ,လာ လာချင်း ရေတစ်ခွက် သောက်တဲ့အခါမှာ ဂုဏ်တော်တစ်ခုခု၊ ဒါမှမဟုတ် ဂါထာ တစ်ခုခု၊ ပရိတ်တော်၊ ဒေသနာတော်တွေကို အာရုံပြု ရွတ်ဆိုပြီး သောက်ရင်း အန္တရာယ်ကင်းပါတယ်"

"ဟုတ်ကဲ့"

"မိမိ နေ့စဉ်သောက်မယ့် သောက်ရေအိုးကို ဂါထာ မန္တာန်ကို ရွတ်ဆိုထားရင် ဆေးဖြစ်သလို ဘေးလည်းကင်းပါ တယ်၊ သမ္ဗုဒ္ဓေဂါထာတော်ကို ရေသောက်တိုင်း ကိုးခေါက် ရွတ်ဆို သောက်နိုင်ရင် ဘေးအန္တရာယ်မှန်သမျှ မကပ်ရောက် နိုင်ပါဘူး"

"ဟုတ်ကဲ့"

"ရတနာသုံးပါးနဲ့စပ်လျဉ်း၍ သိဒ္ဓိပေါက် ရေသောက် နည်း တစ်နည်း ရှိပါတယ်၊ ဦးစွာ အဋ္ဌသန္တိ ယျာတန သရဏဂုံ ဆောက်တည်ပြီးတော့ ငါးပါးသီလ၊ ရှစ်ပါးသီလ တို့ကို ခံယူထားရပါမယ်၊ ပြီးရင် သန့်ရှင်းတဲ့ အိုးသစ်နဲ့ ထည့်ထားတဲ့ ရေအိုးကို ကပ်လှူပြီး အစီအရင်အတိုင်း အဓိဋ္ဌာန် ဂါထာတော်ကို ရွတ်ဆိုရပါတယ်–

အဋ္ဌသန္တိ ယျာတန သရဏဂုံမှာ–



www.burmeseclassic.com

www.burmeseclassic.com



အဇ္ဇာဒိ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓသာ နိယျာတေမိ၊
အဇ္ဇာဒိ ကတွာ အဟံ အတ္တာနံ ဓမ္မသာ နိယျာတေမိ၊
အဇ္ဇာဒိ ကတွာ အဟံ အတ္တာနံ သံဃသာ နိယျာတေမိ။

အဲဒီဂါထာတော်ကို ရွတ်ဆိုပြီး ဣတိပိသော ဂါထာကို ရေအိုးမှာ အာရုံပြုပြီး ဘုရားရှေ့မှာ ၁၀၀၀ ပြည့်အောင် ရွတ်ဆိုရပါတယ်”

“ဟုတ်ကဲ့”

“အဲဒီလို ရွတ်ဆိုတဲ့ရေကို သုံးရက်လောက် အသစ်လဲပြီး နောက်ထက် ဆက်သောက်၊ အဲဒီလို ၄၉ ရက် သက်သတ်လွတ်ရှောင်၊ ဥပုသ်သီလ စောင့်ထိန်းပြီး သောက်ရင် ၄၉ ရက်အတွင်းမှာပဲ လိုချင်တဲ့ အကျိုးထူးနဲ့ သိဒ္ဓိများကို ရစေနိုင်ပါတယ် မြနှင်းဖြူ”

ဟု ဒေါက်တာမင်းထင်ကျော်က ရှင်းပြလေသည်။

မှတ်ချက်။ ။ သိဒ္ဓိပေါက်အောင် ရေသောက်နည်း အပြည့်အစုံနှင့် ရေကို လူတိုင်းသိပြီး လူတိုင်း မသိသေးသော ရေအကြောင်းများကို နောက်ထပ်ရေးသားသော စာအုပ်များ၌ ဆက်လက်ဖော်ပြပေးပါမည်။ (စာရေးသူ)

ထိုနေ့က ဆရာဝန်ဘွဲ့ ယူထားသော မြနှင်းဖြူ တစ်ယောက် မြန်မာတို့၏ ဝိဇ္ဇာဓရ ရေသောက်နည်း အချို့ကို သိရသောအခါ ဒေါက်တာမင်းထင်ကျော် အပေါ်တွင် များစွာ အထင်ကြီး လေးစားသွားလေတော့သည်။





အခန်း ( ၁၉ )

# အရိုးတောင်ကျိန်စာ

ဒေါက်တာမင်းထင်ကျော် ကျန်းမာရေး အခြေအနေ ကောင်းသွားပြီးနောက် မြနှင်းဖြူနှင့်အတူ အင်ကြင်းမြောင်ရွာသို့ လိုက်သွားသောအခါ အခြေအနေက အတော်ဆိုးဝါးပေပြီ။

အင်ကြင်းမြောင်ရွာတွင် အကျယ်ချုပ်တဖြင့် နေရသော မောင်မောင်ဇော်မှာ အကယ်၍ ရွာသူ ရွာသားများနှင့် ညှိနှိုင်း၍ အဆင်မပြေပါက မိမိတို့အသတ်ခံရမည်ဟု ထင်နေသောကြောင့် အခြေအနေကို စောင့်ဆိုင်းနေပြီး အခွင့်သာသောအခါ ဦးထန်ဖုန်းရှိန်၏သမီး ခင်စောမူအား တားတခံပြုလုပ်၍ အရိုးတောင်ရှိရာသို့ ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်အတူ ကွမ်းထမ်းသမားနှင့် လမ်းပြများပါသွားပြီး ဦးထွန်းဖဲ၊ ကျော်ဧနှင့် ဦးဘသာတို့ သုံးယောက်ကတော့ ကျန်ရစ်ခဲ့ကြသည်။

"ဘယ်လိုဖြစ်ကြတာလဲ ဖေဖေ"

"ဟို… လူမိုက် မောင်မောင်ဇော်ပေါ့… ဒီရွာက ကလေးမ တစ်ယောက်ကို ဓားစာခံလုပ်ပြီး အရိုးတောင်ကို သွားကြပြီ၊ ကလေးမရဲ့အသက်ကို မသေစေချင်ရင် အရိုးတောင်တွင်းထဲက ရတနာပစ္စည်းတွေကို ဆင်းယူပေးရမယ်လို့ ပြောသွားတယ်"

ဦးထွန်းဖဲက မျက်စိပျက် မျက်နှာပျက်ဖြင့် ရှင်းပြလေသည်။

"အဲဒါဖြင့် ဘယ်လိုလုပ်ကြမလဲ ဖေဖေ"

"ဖေဖေလည်း ဘယ်လိုလုပ်ရမှန်း မသိအောင်ပါပဲကွယ်၊ ဒီလို လူမိုက်ကိုမှ ယုံစား အားကိုးမိခဲ့တာ ငါ့ရဲ့အမှားပါပဲ၊ တစ်ရွာလုံးကလည်း သတ်မယ်၊ ဖြတ်မယ်ဆိုပြီး အတော်ကို ဒေါသ ဖြစ်နေကြတယ်၊ ငါတော့ ခေါင်းမီးတောက်နေပြီ၊ သမီးတို့သာ ကောင်းသလို ကြည့်ပြီး စီစဉ်ကြပါတော့ကွယ်"

ဦးထွန်းဖဲက မြနှင်းဖြူနှင့် အတူ လိုက်လာသော ဒေါက်တာမင်းထင်ကျော် မျက်နှာကို စေ့စေ့ မကြည့်ဝံ့သဖြင့် မျက်နှာလွှဲကာ ပြောလိုက်လေသည်။

မြနှင်းဖြူက ဒေါက်တာမင်းထင်ကျော်၏ မျက်နှာကို တစ်ချက်ကြည့်လိုက်သည်။ ဘယ်လိုလုပ်ရင် ကောင်းမလဲ ဟူသော သဘောမျိုး ဖြစ်သည်။





"ဒီလောက်လည်း စိတ်ပူမနေကြပါနဲ့၊ ကျွန်တော် ကိုယ်တိုင် တောင်ပေါ်ကို လိုက်သွားပါ့မယ်"

"အို… ဖြစ်ပါ့မလား ကိုမင်းထင်ကျော်ရဲ့၊ ကျန်းမာရေးက သိပ်ကောင်းသေးတာမှ မဟုတ်တာ"

"ဟုတ်တယ် မောင်ရင်… မောင်မောင်ဇော်ဆီမှာ သေနတ်အပြင် အန္တရာယ် သိပ်များတဲ့ ဒိုင်းနမိုက်တွေပါ ပါသွားတယ်"

"ကိစ္စမရှိပါဘူး…ဒီရွာက အပြစ်မဲ့တဲ့မိန်းကလေး ပါသွားတယ်ဆိုတော့ ကျွန်တော်တို့ မလိုက်သွားလို့ မဖြစ်ဘူး ဦး…"

"သတိ ဝီရိယတော့ ထားပါနော်"

မြနှင်းဖြူက ပူပန် သောက ရောက်နေသော မျက်နှာလေးဖြင့် ပြောလိုက်ရာ ဒေါက်တာမင်းထင်ကျော်က အသာ ခေါင်းညိတ်ပြပြီး စောထီးတို့နှင့်အတူ အရိုးတောင်ဘက်သို့ အနီးဆုံးမှ ရောက်နိုင်သောလမ်းမှ လိုက်သွားကြလေသည်။

မောင်မောင်ဇော်က ရွာလူကြီးသမီး ခင်စောမူကို ဓားစာခံလုပ်ပြီး ခေါ်သွားသောသတင်းကို အင်ကြင်းမြောင်ရွာသာမက အနီးဝန်းကျင်ရွာများမှ လူများကပါ သိကြပြီး လက်နက်များ ယူဆောင်ကာ အရိုးတောင်ရှိရာသို့ လျှို့ဝှက်စွာ လိုက်သွားကြလေသည်။ သို့သော်လည်း သူတို့သည် မောင်မောင်ဇော်အား အရမ်းမလုပ်ဝံ့ကြပေ။

ခင်စောမူ ပါနေသည်ကတစ်ကြောင်း၊ မောင်မောင်ဇော်ထံမှာ ဒိုင်းနမိုက်များပါ ပါသောကြောင့် မလှမ်းမကမ်းမှပင် အခြေအနေကြည့်ပြီး လိုက်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းရောက်သောအခါ မောင်မောင်ဇော်က ခင်စောမူ လက်နှစ်ဖက်ကို ကြိုးဖြင့်တုပ်ကာ ခေါ်ဆောင်သွားသည်။

"လူယုတ်မာ... ငါ့ကို အခု လွှတ်ပေးစမ်း၊ အခုလို လုပ်တာ နင့်ကို တို့တစ်ရွာလုံးက ဒီအတိုင်း ကြည့်နေမယ် ထင်သလား"

"အေး... သူတို့ လိုက်လာရင်လည်း ငါက ဂရုမစိုက်ဘူး၊ ဒီမှာတွေ့လား ဒိုင်းနမိုက်တွေ၊ ငါသေရင် နင်ပါသေပြီ လို့သာ မှတ်ပေတော့၊ နင့်လူတွေကို အော်ပြောလိုက်စမ်း၊ ဆက်မလိုက်လာနဲ့လို့၊ ဆက်လိုက်လာရင် နင့်ကို သတ်ပစ်မယ်လို့ အော်ပြောလိုက်စမ်း"

ထိုအခါ ခင်စောမူက ကရင်ဘာသာဖြင့်...

"ဟေး...ငါ့နောက်ကို လိုက်ခဲ့ကြ၊ ဒီကောင် မူးလည်း မူးပြီး ကြောက်နေတယ်၊ ငါ သေချင် သေပါစေ၊ ဒီကောင်ကို ရအောင် သတ်ကြပေတော့" ဟု လှမ်းအော်ပြောလေသည်။

မောင်မောင်ဇော်က ခင်စောမူကို အရိုးတောင်ထိပ်သို့ ရောက်အောင် တဖြည်းဖြည်း ခေါ်သွားလေသည်။

ထိုနေရာသို့ ရောက်သောအခါ နောက်မှ လိုက်လာကြသူများက တောင်ပေါ်သို့ ဆက်လိုက်လို့ မရတော့ပေ။

တောင်တက်လမ်းမှာ တစ်လမ်းသာရှိပြီး ထိုနေရာမှ တက်သွားလျှင် မောင်မောင်ဇော်က လှမ်းမြင်ပြီး သေနတ်ဖြင့် လှမ်းပစ်မှာမို့ တောင်ခြေတစ်ပိုက်မှာသာ အခြေအနေ ကြည့်ရင်း စောင့်ဆိုင်းနေကြလေသည်။





အချို့ကလည်း လမ်းမရှိသောဘက်မှ ခက်ခက်ခဲခဲ အပေါ်သို့ တက်ရန် ကြိုးစားနေကြလေသည်။

"ကိုင်း... ခင်ဗျားတို့အထဲက တွင်းထဲကို ဆင်းဝံ့တဲ့ လူတစ်ယောက် အပေါ်ကိုတက်ခဲ့ပါ၊ လက်နက်တွေ ဘာတွေ ယူမလာခဲ့နဲ့နော်၊ တွင်းထဲဆင်းရင် ယူဖို့ လက်နှိပ်မီးတစ်လက်၊ ကြိုးရှည်တစ်ချောင်းနဲ့ ရတနာတွေထည့်ဖို့ အိတ်တစ်လုံးပဲ ယူလာခဲ့၊ အချိန်မရဘူး၊ ကျုပ် နာရီဝက် အချိန်ပေးမယ်၊ နာရီဝက်အတွင်း တစ်ယောက်မှ တက်မလာရင် သူ့ကို သတ်ပြီး တွင်းထဲကို ပစ်ချလိုက်မယ်"

ဟု အော်ဟစ် ပြောဆိုနေလေသည်။

ပတ်ဝန်းကျင်တစ်ပိုက်မှာ တိတ်ဆိတ် ငြိမ်သက်နေလေသည်။ နေ့လယ်ပိုင်းအချိန် ဖြစ်သော်လည်း နေရောင်ခြည် မမြင်ရဘဲ မြူနှင်းများ ဝေဆိုင်းကာ မှုန်မှုန်မှိုင်းမှိုင်း၊ ဝေ့ဝေ့ ဝါးဝါး ဖြစ်နေလေသည်။ ဆယ်မိနစ်လောက်ကြာတော့ တောင်တက်လမ်းအတိုင်း လူတစ်ယောက် တက်လာလေသည်။

ဒေါက်တာမင်းထင်ကျော် ဖြစ်သည်။

တောင်ပေါ် ရောက်လာသောအခါ မောင်မောင်ဇော်က–

"ဩော်... ဘယ်သူလဲ မှတ်တယ်၊ တကယ့်ကို သူရဲကောင်းကြီး ကိုယ်တိုင် တက်လာတာကိုး၊ အေး... မင်း ကိုယ်တိုင် လာတော့လည်း ပိုကောင်းတာပေါ့ကွာ"

ဟု အော်ပြောလိုက်သည်။

"ငါ ဘာလုပ်ပေးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း လုပ်ပေးရမှာက တွင်းထဲမှာရှိတဲ့ ရတနာပစ္စည်းတွေကို ယူပြီး ငါ့ကို ပေးရမှာ"

"ဒီလိုယူပေးရင် မင်း သူ့ကို ပြန်လွှတ်ပေးမှာလား"

"ရတနာတွေရရင် ငါ သူ့ကို ခဏ ဓားစာခံခေါ်သွားပြီး ပြန်လွှတ်ပေးမယ်"

"မင်း ကတိ တည်ပါစေ"

ဒေါက်တာမင်းထင်ကျော်က ယူလာသော ကြိုးခွေနှင့် လက်နှိပ်မီးကို မြင်သောအခါ ခင်စောမူက–

"အစ်ကို... ကျွန်မ သေချင်သေပါစေ၊ ကျွန်မအတွက်နဲ့တော့ တွင်းထဲကို မဆင်းပါနဲ့"

ဒေါက်တာမင်းထင်ကျော်က ခင်စောမူကို စိတ်မပူစေရန် တစ်ချက်ပြုံးပြပြီး တွင်းနက်ကြီး နှုတ်ခမ်းဝသို့ လျှောက်သွားလေသည်။ သူသည် တွင်းနှုတ်ခမ်းဝသို့ ရောက်သောအခါ သစ္စာမိန့်ခွန်းတစ်ခု ပြုလိုက်လေသည်။

"ကျွန်ုပ်သည် ဤတွင်းထဲမှာရှိသော ရတနာပစ္စည်းများကို မက်မောတပ်မက်ခြင်း မရှိပါ၊ ကိုယ်ကျိုးအတွက် ယူရန်အတွက်လည်း မဟုတ်ပါ၊ ဤသစ္စာမှန်ပါက ဘေးအန္တရာယ်ဆိုးမှ လွတ်မြောက်ပါစေသား"

ဟု သစ္စာတိုင်တည်ကာ ကြိုးကို ကိုင်ပြီး တွင်းနက်ကြီးအတွင်းသို့ ဆင်းသွားလေသည်။ အတွင်းရောက်သောအခါ အမှောင်ရိပ်များက တဖြည်းဖြည်းများလာသောကြောင့် လက်နှိပ်မီးရောင်ကို အသုံးပြုပြီး တဖြည်းဖြည်း ဆင်းရလေသည်။





တွင်းနံရံ တစ်လျှောက်မှာ တွင်းပေါက်များ ရှိနေပြီး ထိုတွင်းပေါက်များအထဲမှာ မြွေများ ရှိနေကြသည်။

သူ ဆင်းသွားသောအခါ ထိုမြွေများက အပြင်သို့ ထွက်မလာဘဲ အထဲသို့ တိုးဝင်သွားကြလေသည်။

အတန်ကြာအောင် ဆင်းခဲ့သည်အထိ မည်သည့် အန္တရာယ် အနှောင့်အယှက်မှ မတွေ့ရဘဲ အပေါ်မှ အလင်းရောင်ပင် ပျောက်သွားလေပြီ။

တွင်းထိပ်ပေါက်ဝ,ကို မြင်နေရသေးသော်လည်း စကောဝိုင်း သာသာမျှသာ တွေ့နိုင်တော့သည်။

ကြိုးစ,ဆုံးအောင် ဆင်းသွားသော်လည်း လေကောင်းလေသန့်များကို ကောင်းစွာ ရနေလေသည်။

တကယ်တော့ ဒေါက်တာမင်းထင်ကျော်မှာ နေမကောင်းပြီးကာစမို့ အားသိပ်မရှိသေးသော်လည်း တွင်း၏အောက်ခြေရောက်အောင် ကြိုးစား၍ ဆင်းလာခဲ့ရာ နောက်ဆုံး ကြိုးစဆုံးသွားပြီး အောက်သို့ မမီသေးပေ။

ငုံ့ကြည့်လိုက်တော့ မိမိ ခြေထောက်အောက် မလှမ်းမကမ်းမှာ မည်းမည်းသဏ္ဌာန်များကို မသဲမကွဲ လှမ်းမြင်ရသဖြင့် ဖြစ်ချင်ရာဖြစ် ဟူသော သဘောဖြင့် ခုန်ချလိုက်သည်။

မြေပေါ်သို့ ရောက်သွားသောအခါ အောက်သို့ လက်နှိပ်မီးဖြင့် ထိုးကြည့်လိုက်တော့ လူအရိုးစုများ၊ လေးမြား၊ ဓားလှံလက်နက်များ၊ ရွှေတုံး၊ ငွေတုံး၊ သတ္တုခဲများ၊ လက်ဝတ်ရတနာများကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အရိုးစုတွေက တလောက ဒီတွင်းထဲ ကျသေတဲ့ အရိုးစုတွေ ဖြစ်နိုင်တယ်၊ ဒီရက်ပိုင်းလောက်နဲ့ အရိုးကျသွားတာတော့ အံ့ဩစရာပဲ"

ဟု "တွေးကာ ပတ်ဝန်းကျင်သို့ လက်နှိပ်မီးဖြင့် ထိုးကြည့်လိုက်တော့ မိမိမျက်စိကိုပင် မယုံနိုင်လောက်အောင် တုန်လှုပ်သွားသည်။ မြင်ကွင်းက အခြားမဟုတ်ပေ။

သူရှိနေရာနှင့် မလှမ်းမကမ်း အမှောင်ထဲမှာ လူတစ်ယောက် မတ်တတ်ရပ်ပြီး သူ့ကို ကြည့်နေလေသည်။

ကရင်သင်တိုင်း အဝတ်အစားဖြင့် အသက်အရွယ်ကြီးလှပြီဖြစ်သော ကရင်လူမျိုး အဘိုးအိုတစ်ဦး ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က မိမိ ကယောင်ကတမ်းဖြင့် မျက်စိအမြင် မှားလေရော့သလားဟု သံသယရှိသဖြင့် မျက်လုံးကို မှတ်ပြီးမှ ပြန်ကြည့်လိုက်တော့လည်း ရပ်မြဲ ရပ်နေသည်။

ထိုအခါ အရဲစွန့်ပြီး...

"ကျွန်တော် ဒီအထဲက ရတနာတွေကို ကိုယ်ကျိုးအတွက် လာယူတာ မဟုတ်ပါဘူး။ ကိစ္စပြီးရင် ကျွန်တော်ကိုယ်တိုင် ဒီတွင်းထဲရောက်အောင် ပြန်ထည့်ပေးပါ့မယ်လို့ ကတိပေးပါတယ်"

ဟု ပြောလိုက်သည်။ သူ ပြောလိုက်သော စကားသံမှာ တိတ်ဆိတ်နေသော လိုဏ်ခေါင်းတွင်းမှာ ဟိန်းထွက်သွားသည်။

ထိုသို့ ပြောလိုက်သောအခါ အဘိုးအိုက ဘာမှ မပြောဘဲ သူ့လက်ထဲမှာ ကိုင်ထားသော အထုပ်တစ်ထုပ်ကို





လှမ်းပေးသဖြင့် သွားယူပြီး လက်နှိပ်မီးဖြင့် ထိုးကြည့်လိုက်သောအခါ အထဲမှာ ရွှေငွေ ရတနာ ပစ္စည်းများကို တွေ့ရလေသည်။

"ကျွန်တော် ဒီပစ္စည်းတွေကို ခဏ ယူသွားပါရစေ"

အဘိုးအိုက ခေါင်းညိတ်ပြသည်။ သို့ကြောင့်...

ရတနာထုပ်ကို ခါးမှချိတ်၍ ကြိုးစ,ကို လှမ်းဆွဲပြီးလျှင် တွင်းအပေါ်သို့ ပြန်တက်ခဲ့လေသည်။ အတန်ကြာအောင် ကြိုးစားတက်တော့မှ အပေါ်သို့ ပြန်ရောက်လာသည်။

ဒေါက်တာမင်းထင်ကျော် တွင်းတဲ ဆင်းသွားကတည်းက ရင်တမ,မ,ဖြင့် လှမ်းကြည့်နေသော ခင်စောမူမှာ အပေါ်သို့ ပြန်ရောက်လာသည်ကို တွေ့လိုက်ရမှ စိတ်သက်သာရာ ရသွားလေတော့သည်။

"ဘယ်လိုလဲ ရတနာတွေ ရခဲ့ပြီလား"

ဒေါက်တာမင်းထင်ကျော်က ဘာမှပြန်မပြောဘဲ လက်ထဲမှ ရတနာပစ္စည်းထုပ်ကို ကမ်းပေးလိုက်သောအခါ မောင်မောင်ဇော်က လောဘဇောနှင့် ဖွင့်ကာ ငုံ့ကြည့်လိုက်သည်။

"ဗြိုး..."

"အား..."

"ဟင်..."

မိမိ တွင်းထဲမှာ ကြည့်စဉ်က ရတနာပစ္စည်းများသာ တွေ့ရသော်လည်း ယခု မောင်မောင်ဇော် အိတ်ကို ဖွင့်ကြည့်လိုက်သောအခါမှာ အိတ်ထဲမှ မြွေဟောက်ကြီး တစ်ကောင်



www.burmeseclassic.com

ဖြင့် ခေါင်း ထိုးထွက်လာပြီး မောင်မောင်ဇော် မျက်နှာကို ခဲထားလေတော့သည်။

မြွေဟောက်နက်မှာ အဆိပ်ပြင်းလှသည်ဖြစ်ရာ မျက်နှာကို အကိုက်ခံလိုက်ရသော မောင်မောင်ဇော်မှာ ချာချာလည်ပြီး တွင်းပေါက်ထဲသို့ ပြုတ်ကျသွားလေတော့သည်။ ထိုအခါ ၎င်းကိုယ်ပေါ်တွင် ပါသွားသော ဒိုင်းနမိုက်များမှာ အချင်းချင်း ထိခတ်ပြီး ပေါက်ကွဲထွက်လေတော့သည်။ တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် ဆက်တိုက် ပေါက်ကွဲသံများနှင့်အတူ အရိုးတောင်တစ်ခုလုံး သိမ့်သိမ့်တုန် တက်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်သည် ကြောင်၍ ရပ်နေသော ခင်စောမူအား ပြေးဖက်ပြီး တောင်အောက်သို့ လိမ့်ချလိုက်လေတော့သည်။

ဒိုင်းနမိုက်များ ပေါက်ကွဲမှုကြောင့် ကျောက်တုံး ကျောက်ခဲများ တဝေါဝေါနှင့် ပြိုကျလာရာ တောင်ခြေမှ အခြေအနေ စောင့်ကြည့်နေသူများလည်း ဘေးလွတ်ရာသို့ ပြေးလွှား ရှောင်တိမ်း ကြရလေတော့သည်။

တောင်အောက်သို့ ပြိုကျလာသော ကျောက်တုံး ကျောက်ခဲများနှင့် ဦးထွန်းဖေတို့တစ်တွေ အားကြိုးမာန်တက် လာရှာကြသော ဝင်းလက်နေသော အဖိုးတန် သတ္တုရတနာများကို ဖွေးဖွေးလှုပ်မျှ တွေ့ကြရလေတော့သည်။





အခန်း ( ၂၀ )

## မေ့သွားဆုံ့ကြာဇာနဲ့ပွဲ

နားထဲမှာ ခေါ်သံသဲ့သဲ့ကို ကြားရသဖြင့် သတိမေ့မြောနေရာမှ တဖြည်းဖြည်း ပြန်သတိရလာသည်။

မျက်လုံးကို အားယူကာ ဖွင့်ကြည့်တော့ ဦးစွာ ဖြူဖွေးနေသော ခြင်ထောင်အမိုးကို အရင်တွေ့ရသည်။ သူ့ဘေးနားမှာတော့ ဒေါက်တာအေးကျော်နှင့် မြနှင်းဖြူတို့ကို တွေ့ရသည်။

"သတိရပြီလား သူငယ်ချင်း"

"ငါ ဘယ်ကို ရောက်နေတာလဲ"

"မင်း ပျဉ်းမနားဆေးရုံကို ရောက်နေတာလေ၊ ကျောက်တုံးတွေအောက်ကို ရောက်သွားပြီး သတိမေ့နေတာ နှစ်ရက်သုံးရက် ရှိပြီ"

www.burmeseclassic.com



"ဟင်... ဒါ... ဒါဖြင့် ခင်စောမူရောဟင်"

"ဟို...မင်းနဲ့အတူ ကျောက်တုံးပိတ်တဲ့ ကရင်မလေးလား။ သူက ကံကောင်းပါတယ်၊ နည်းနည်းပါးပါး ထိခိုက် ဒဏ်ရာလောက်ပဲရပါတယ်၊ ကဲ... အခုတော့ စိုးရိမ်စရာ မရှိတော့ပါဘူး၊ ငါ ဂျူတီဝင်စရာရှိလို့ သွားလိုက်ဦးမယ် သူငယ်ချင်း"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်တော့ ဒေါက်တာအေးကျော်က မြနှင်းဖြူကို တစ်ချက်ကြည့်ပြီး အပြင်သို့ ထွက်သွားလေသည်။

"မြနှင်းဖြူတို့ရော ဘာဖြစ်ကြသေးလဲ"

"ကျွန်မတို့က တောင်အောက်မှာ ဆိုတော့ ဘာမှ မဖြစ်ပါဘူး။ တစ်ရွာလုံးကတော့ ကိုမင်းထင်ကျော်ရဲ့ စွန့်စားမှုကို အံ့သြချီးကျူးနေကြတယ်၊ အရိုးတောင်တွင်းနက်ထဲကို ဆင်းဝံ့တဲ့ သတ္တိရော၊ နောက်ပြီး ဒီတွင်းထဲကို ဆင်းသွားပြီးမှ အသက်မသေဘဲ ပြန်တက်လာနိုင်တာ ကိုမင်းထင်ကျော် တစ်ယောက်ပဲ ရှိသေးတယ်တဲ့"

"အဲဒီအကြောင်းတွေ ဘယ်သူက ပြောတာလဲ"

"ခင်စောမူက ပြောပြလို့ သိရတာပေါ့"

"အခု သူရော ဘယ်မှာလဲဟင်"

"သူ ရွာပြန်သွားပြီ၊ ကိုမင်းထင်ကျော် သတိရလာရင် ပေးဖို့ စာတစ်စောင် ပေးထားခဲ့တယ်၊ ဒီမှာ..."

ဟု ပြောကာ မြနှင်းဖြူက စာတစ်စောင် ထုတ်ပေးလေသည်။ ဒေါက်တာမင်းထင်ကျော်က ဖောက်ဖတ်လိုက်သည်။





အစ်ကို...

ကျွန်မရဲ့အသက်ကို အသက်နဲ့လဲပြီး ကူညီစောင့်ရှောက် ကယ်တင်ပေးခဲ့တဲ့ အစ်ကိုရဲ့ကျေးဇူးကို ကျွန်မရဲ့တစ်သက် ဘယ်တော့မှ မမေ့တော့ပါဘူး။ အစ်ကို မမတို့နဲ့ မြို့ကိုပြန်လိုက်သွားတော့မှာ မဟုတ်လား၊ ကျွန်မ ဝမ်းသာပါတယ် အစ်ကိုရယ်...

တကယ်တော့ အစ်ကိုရဲ့ဘဝက တောထဲ တောင်ထဲမှာချည်းပဲ တစ်သက်လုံး နေလို့ ဘယ်တော်ပါ့မလဲ...

အခုဆိုရင် အစ်ကိုရဲ့ ရည်ရွယ်ချက်တွေလည်း ပြည့်စုံပြီဆိုတော့ မြို့ကို ပြန်သင့်ပြီပေါ့...

ကျွန်မကတော့ အစ်ကိုကို အဲဒီလို အခြေအနေ မျိုးနဲ့ မြင်ရတာ ဝမ်းသာမိပါတယ်၊ အခု ရောက်နေ တဲ့ ဆရာဝန်မမက ဓာတ်ပုံထဲမှာ တွေ့ရတဲ့ အစ်ကိုရဲ့ ချစ်သူနော်...

အစ်ကိုတို့နှစ်ယောက်က နေနဲ့လ၊ ရွှေနဲ့မြလို သိပ်ပြီးလိုက်ဖက်တာပဲ၊ ကျွန်မ အစ်ကို့အပေါ်မှာ ဘယ် လောက်ပဲချစ်ချစ်၊ ဘယ်လောက်ပဲ သံယောဇဉ်ရှိနေနေ အစ်ကိုလို လူတစ်ယောက်ကို တောထဲ တောင်ထဲမှာ တစ်သက်လုံး ခေါ်မထားရက်ပါဘူး အစ်ကိုရယ်...

ကျွန်မ အစ်ကို့ကို နှုတ်ဆက်ခဲ့ပါတယ်။

အစ်ကို သတိပြန်ရလာအောင် စောင့်နေချင် ပေမယ့် အစ်ကို သတိရလာရင် ကျွန်မ ဟန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှာ မဟုတ်လို့ အခုလို ပြန်သွားရတာကို နားလည်
ခွင့်လွှတ်ပေးပါနော်...

အစ်ကိုတို့နှစ်ယောက်ရဲ့ဘဝ သာယာ ချမ်းမြေ့
ပါစေလို့ ဆုတောင်းပေးခဲ့ပါတယ်။

အစ်ကို့ကို သိပ်ချစ်တဲ့...

ခင်စောမူ

တကာ သိပ်မရှည်လှသော်လည်း ဒေါက်တာ မင်းထင်ကျော် ရင်ထဲမှ ခံစားမှုကတော့ ရှည်လျားလှပေသည်။

ခင်စောမူ၏ ရင်ထဲမှ သံယောဇဉ်ကို မြင်သာသောကြောင့်လည်း စိတ်မကောင်း ဖြစ်မိလေသည်။

သို့သော် မတတ်သာတော့ပေ...။

"သူက ငါ့ကို မြနှင်းဖြူနဲ့ အထင်လွဲသွားတာကိုး" ဟုသာ တွေးနေမိလေသည်။

"မောင်မောင်ဇော် ကိုယ်ပေါ်က ဒိုင်းနမိုက်တွေ ပေါက်ကွဲတော့ အရိုးတောင်ကြီးတစ်ခုလုံး ပွင့်ထွက်သွားပြီး ရတနာသတ္တုတွေ အများကြီး ထွက်လာတယ်၊ အဲဒီသတ္တုတွေကို အားလုံးစုပြီးတော့ အချိုးကျ ခွဲဝေကြမယ်လို့ ပြောတယ်၊ အဲဒီအထဲမှာ ကိုမင်းထင်ကျော် အတွက်လည်း ပါတယ်"

မြနှင်းဖြူက ပြောပြသည်။

"ကျွန်တော် အဲဒါတွေကို ဘာမှ မမက်မောပါဘူး မြနှင်းဖြူရယ်၊ ဘဝမှာ အေးအေးချမ်းချမ်းနေချင်တာ တစ်ခုပဲ





ရှိပါတယ်၊ ဒါထက် ဦးတို့ကဘယ်မှာလဲ၊ သူတို့ရော အန္တရာယ်ကင်းကြရဲ့လား"

"အားလုံး အန္တရာယ် ကင်းကြပါတယ်၊ ဖေဖေကဆို ကိုမင်းထင်ကျော်ရဲ့ စိတ်ဓာတ်ကိုချီးကျူးပြီး သိပ်ကို ကျေးဇူး တင်နေတာ၊ အခုတော့ သူလိုချင်တာတွေလည်း ရသင့်သလောက် ရပြီဆိုတော့ အကျေနပ်ကြီး ကျေနပ်ပြီး ရန်ကုန်ကို ပြန်သွားနှင့်ကြပြီ၊ ကျွန်မကိုတော့ ကိုမင်းထင်ကျော် သတိရလာရင် ရန်ကုန်ကို တစ်ခါတည်းပြန်ခေါ်လာဖို့ မှာထား ခဲ့တယ်၊ ကိုမင်းထင်ကျော် လိုက်ခဲ့မယ် မဟုတ်လားဟင်"

"ဖြစ်မယ် မထင်ပါဘူးဗျာ"

"ဘာကြောင့် မဖြစ်ရမှာလဲ၊ ဖေဖေကိုယ်တိုင်က ကျေနပ် သဘောကျလို့ ခွင့်ပြုထားပြီပဲ၊ ကိုမင်းထင်ကျော် မလိုက်ရင် တော့ ကျွန်မလည်း မပြန်တော့ဘူး"

"ဟင်... ဘယ်သူနဲ့ နေမှာလဲဟင်"

"ကာယကံရှင်က လက်ခံချင်သည်ဖြစ်စေ၊ လက်မခံ ချင်သည်ဘဲဖြစ်စေ ဖြစ်သလို နေရမှာပေါ့"

"ကဲ... လိုက်ဆိုရင်လည်း လိုက်ခဲ့ပါ့မယ်ဗျာ၊ ဒီလို တော့ အကြွပ်မကိုင်ပါနဲ့၊ ဒါထက် မြသင်းကြူရဲ့ အမျိုးသား ဆုံးသွားတာ သူ့အတွက် စိတ်မကောင်းစရာပဲ"

"ဒီအတွက် မမ ခမျာ ဝမ်းတောင်သာနေဦးမှာ၊ ယခု သူ့ဘဝ ဝင့်ကျွတ်သွားတာလေ၊ ဒီလိုသာဆိုရင်တော့ ယောကျ်ား ဘဝနဲ့ ရိပ်သာဝင်တော့မှာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် ကိုယ်က ဟိုရောက်ရင် ဘယ်သူ့မျက်နှာနဲ့ နေရမှာလဲ"

"ကိုယ်က ဘယ်သူ့မျက်နှာနဲ့ နေချင်လို့လဲ"

မြနှင်းဖြူက ပြုံးစစ အမူအရာဖြင့် ပြန်မေးလိုက်သည်။

"ကိုယ့်ချစ်သူ မရှိတော့လည်း ရှိတဲ့လူနဲ့ပဲ နေရတော့မှာပေါ့ဗျာ"

"တော်တော့်ကိုလည်တဲ့ လူပါလား"

ဟု ပြောဆိုကာ မြနှင်းဖြူက မျက်စောင်းကလေး တစ်ချက် ထိုးလိုက်စဉ် ဒေါက်တာမင်းထင်ကျော်က မြနှင်းဖြူ လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်သည်။

မြနှင်းဖြူကလည်း ဒေါက်တာ မင်းထင်ကျော်၏ လက်ကို ခပ်တင်းတင်းကလေး ပြန်လည်ဆုပ်ကိုင် ထားလိုက်သည့်တွင် ကျွန်ုပ်ရေးသားသော "အရိုးတောင်ကျိန်စာ" အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်သည်လည်း ဤနေရာတွင် နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။ ။

**အနိစ္စယောဂေဟာတု သုခီအတ္တာနံ ပရိဟာရတု။**

ကြီးစက္ကူ

စာပြီးချိန် ။ ၂၀၀၆–ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်၊
တနင်္ဂနွေနေ့၊ ည (၁၀း၄၅)နာရီ

ရွှေသမင်စာပေ